
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဓကြာအာရု

## စွယ်နက်ရှင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၄၄၀၁၀၈
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၂၇၀၅၀၈
ထုတ်ဝေသူ - ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အတွင်းပုံနှိပ် - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်) အမှတ် (၂၂၅)၊ (၃၂) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အဖုံးပုံနှိပ် - ဦးကျော်စိန် (၀၂၉၀၉) (ကျောက်စိမ်းပုံနှိပ်တိုက်) အမှတ် (၁၇၁)၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသည့်လ - ၂၀၀၈ ခုနှစ် - ဇူလိုင်လ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
စီစဉ်သူ - ဦးအောင်စိုး (မော်လမြိုင်)
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ ၁၇၅-ဘီ၊ ၃၁ လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။ ဖုန်း - ၃၈၉၄၄၀

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- လျှို့ဝှက်ရောက်ရှိလာသူများ – ၅
- စွယ်နက်ရှင် – ၂၅
- အမုန်းအသချေ – ၅၃
- နှောင်းမီရဲ့ဂျေနော် – ၇၅
- မနောအလှပန်း – ၉၉
- ထူးခြားသောဆင်ပြိုင်ပွဲ – ၁၁၁
- လပြည့်အောင်ပွဲ – ၁၃၉
- အချစ်ဟောဝန် – ၁၇၃
- သွေးစွန်းတိုက်ပွဲ – ၁၈၉
- ကြေကွဲနိဂုံး – ၂၁၁
- မရဏရှာပုံတော် – ၂၁၉
- လျှို့ဝှက်ဂူနှင့်လျှို့ဝှက်လူ – ၂၂၇
- မိစ္ဆာသဲလွန်စ – ၂၃၇
- ရန်းမလွတ်သော – ၂၄၇
- ငြိမ်းချမ်းမြေ – ၂၅၅


BURMESE CLASSIC

## ❖ လျှို့ဝှက်ရောက်ရှိလာသူများ ❖

တစ်နေ့သ၌ မြန်မာပြည်မြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်း ဒေသရှိ လွန်စွာ နက်ရှိုင်းလှသော သစ်တောကြီးအတွင်းသို့ အမြင့်ကိုးပေခန့်ရှိသည့် စွယ်စုံဆင်ကြီးတစ်ကောင်မှာ တစ်လှမ်းချင်းလှမ်းကာ ဝင်ရောက်လာလျက်ရှိလေသည်။

လသာညမို့ ငွေလရောင်က သစ်တောကြီးအတွင်းရှိ သစ်ရွက်သစ်ခက် အကြိုအကြားမှ ပြောက်တိပြောက်ကြား ထွင်းဖောက်ကျရောက်လျက်ရှိရာ ယင်းလရောင်လှို့လဲ့ကို

www.burmeseclassic.com

www.burmeseclassic.com



အားပြုလျက် စွယ်စုံဆင်ကြီးမှာ တောလမ်းခရီးကိုနှင်လျက် ရှိလေ၏။

ဒီဇင်ဘာလလယ်သမယမို့ ဆီးနှင်းတို့က ထူထပ်စွာ ကျရောက်လျက်ရှိသော်လည်း လေကမူ ငြိမ်လျက်ရှိပြီး တောကလည်း တိတ်ဆိတ်လျက်ရှိချေ၏။

ဟိုအဝေး ပတ်ကွိုင်တောင်တန်းကြီးဘက်မှ မျောက်မောင်းမအော်သံ၊ ဝံပုလွေနှင့် တောခွေးတို့၏အူသံ၊ ကျားဟိန်းသံ သဲ့သဲ့တို့သာ သည်မှာဘက်သို့ လွင့်ပျံ့ကျရောက်လာပြီး နှင်းကမ္ဗလာကြီးခြုံထားသည့် ဟူးကောင်းချိုင့်ဝှမ်းမှ သစ်တောကြီးအတွင်းဝယ် ဆီးနှင်းတို့ မိုးရွာသည့်နှယ် တပေါက်ပေါက် တဖြောဖြော ကျသံသာ လွှမ်းမိုးလျက်ရှိလေ၏။

စွယ်စုံဆင်ကြီးသည် ခင်တန်းတစ်ခုရှိ ဝါးဖယောင်းတောကို ဖြတ်ထွက်လိုက်သည့်တွင် လရောင်ဖြာကျနေသည့် မြေကွက်လပ်တစ်ခုသို့ ရောက်ရှိသွားလေ၏။

ယင်းမြေကွက်ဝယ် မြက်ပင်တို့ အပြိုင်းအရိုင်း ပေါက်နေလျက် ကိုင်းညွတ်နေသည့် မြက်အဖျားတို့၌ နှင်းတို့ သီးခဲလျက်ရှိလေ၏။

ကိုက်နှစ်ဆယ်ခန့်ကျယ်ဝန်းသော မြေကွက်လပ်၏ တစ်ဘက်တွင် ဆယ်ပေ ဆယ့်ငါးပေခန့်မြင့်သည့် ငှက်ပျောရိုင်းတောကြီးကို တွေ့ရလေ၏။



စွယ်စုံဆင်ကြီးသည် မြေကွက်လပ်ကိုမဖြတ်မီ သူ၏ နှာမောင်းကြီးကို လေထဲသို့ မြှောက်ကာ အနံ့ခံခြင်းပြုလေ၏။ သူ၏ကြီးမားသော နားရွက်ကြီးများကို တဖျပ်ဖျပ်လှုပ်ကာ နားစွင့်ခြင်းပြုလေ၏။

ယင်းအချိန်မှာပင် ငှက်ပျောရိုင်းတောကြီးအတွင်းမှ ဆင်အော်သံတစ်ချက် ထွက်ပေါ်လာပြီး ငှက်ပျောခိုင်တို့ကို တဖြုံးဖြုံးဆွဲယူသံ၊ မြေကိုပင် အတန်ငယ် တုန်ခါစေသော ဆင်တို့၏ ခြေနင်းသံတို့ကို ကြားလိုက်ရရာ တောဆင်ရိုင်း တစ်အုပ်သည် သူတို့ကြိုက်နှစ်သက်လှသည့် တောငှက်ပျောအူတို့ကို ယင်းငှက်ပျောရိုင်းတောထဲဝယ် စိတ်ကြိုက် ဆွတ်ယူစားသုံးလျက်ရှိနေကြောင်း ခန့်မှန်းသိရှိနိုင်ချေ၏။

သည်ခဏမှာပင် စွယ်စုံဆင်ကြီးသည် လရောင်ဖြန်းဖြာ လျက်ရှိသော မြေကွက်လပ်ကို စတင်ဖြတ်ကျော်လေတော့၏။

ထိုရောအခါ သစ်တောရိပ်မှ လွတ်သွားသော စွယ်စုံဆင်ကြီး၏ ခန္ဓာကိုယ်ပေါ်သို့ ဘော်ငွေရောင်သည့် လွတ်လွတ်ကျွတ်ကျွတ် ကျရောက်လာတော့ရာ လရောင်ဖွေးဖွေးကြောင့်

www.burmeseclassic.com



စွယ်စုံဆင်ကြီး၏ ကျောပေါ်ဝယ် လူသားနှစ်ဦး တိတ်ဆိတ်ငြိမ်သက် လျှို့ဝှက်စွာ လိုက်ပါလာကြောင်း သတိပြုမိမည်ဖြစ်လေ၏။

ဆင်ကျောကုန်း၏ရှေ့ပိုင်း ဦးကင်းအနီးဝယ် ပျဝပ်စွာ လိုက်ပါလာသော ဆင်ဦးစီးလူငယ်မှာ အသက်ဆယ့်ခြောက်နှစ်ခန့်သာ ရှိသေးပြီး ကချင်ရိုးရာ အကျီနှင့် ဘောင်းဘီတိုကို ဝတ်ထားကာ ပေးငါးဆယ်ခန့်ရှည်လျားသည့် ပိန်လျှော်ကြိုးကို ခွေလျက် ပခုံးတွင် သိုင်းလွယ်ထားလေ၏။

ဆင်ကျောကုန်းနောက်ပိုင်းမှ ပျဝပ်စွာ လိုက်ပါလာသော ဆင်နောက်လိုက်လူငယ်မှာလည်း အသက်ဆယ့်လေးနှစ်ကျော်ခန့် ရှိသေးပုံရပြီး သူ၏ခါးဝယ် တောလိုက်ဓားမြှောင်တစ်လက်ကို ဓားအိမ်နှင့်တကွ ချိတ်ဆွဲထားကာ သူ၏လက်တစ်ဖက်ထဲ၌ တောလိုက်ဓာတ်မီးကို ကိုင်ဆွဲထားလေ၏။

ယင်းလူငယ်နှစ်ဦးမှာ ဟူးကောင်းဒေသ အခေါ်အားဖြင့် 'မဂွေဂျစ်'ဟု ခေါ်ဆိုသော ဆင်ရိုင်းများကို ကြိုးဖြင့် ပစ်ဖမ်းသည့် ဆင်ဖမ်းသမား လူငယ်များပင်ဖြစ်ချေ၏။

ဆင်ဦးစီးလူငယ်မှာ အသားလတ်ပြီး ဆံပင်အနည်းငယ် ရှည်လျက် ထွားကျိုင်းကြံ့ခိုင်သော ကချင်လူငယ်တစ်ဦးဖြစ်ကာ



သူ၏အမည်က ဂျေနော်ဖြစ်လေသည်။

ဆင်နောက်လိုက်လူငယ်မှာမူ ခေါင်းတုံးဆံပင်နှင့် ပုပုဝင်တိုတို ကျစ်လစ်သန်စွမ်းသော ခန္ဓာကိုယ်ရှိသူ ကချင်ဂျိန်ဖော့ကလေး တူးခေါင်ပင်ဖြစ်လေ၏။

သူတို့နှစ်ဦးသည် သူငယ်ချင်းများဖြစ်သလို ဆင်ဝိုင်းတစ်ဝိုင်းတည်းမှ ဆင်ဖမ်းသမားလေးများ ဖြစ်ချေ၏။

ဂျေနော်၏ ဖခင်မှာ ဆင်ဦးစီးတစ်ဦးဖြစ်ပြီး ဆင်ဦးစီးသုပ်သက် နှစ်ပေါင်းလေးဆယ်ခန့်ရှိပြီမို့ ဆင်ဦးစီးအဖြစ်မှ အနားယူကာ သူ၏သားကြီး ဂျေနော်အား အသက်ကိုးနှစ်ခန့်မှစ၍ ဆင်နှင့်ပတ်သက်ပြီး အစစ သင်ပြခဲ့ရာ ဂျေနော်မှာ အသက်ဆယ့်နှစ်နှစ်သားအရွယ်ကတည်းက သစ်လုပ်ငန်းအခေါ်အရ F.G (FULL GROWN) (ခေါ်) လုပ်ငန်းခွင်သုံး သစ်ဆွဲဆင်ကြီးများကိုပင် ဦးစီးလာနိုင်ခဲ့သူဖြစ်သည်သာမက ဖခင်ဖြစ်သူဦးမဂေါင်နော်က 'မဂွေဂျစ်'နည်းဖြင့် ဆင်ဖမ်းထွက်ရာတွင် ဆင်နောက်လိုက်အဖြစ် လေးငါးခါလောက် လိုက်ဖူးသူလေးဖြစ်ချေ၏။

ယခုတော့ သူသည် အရွယ်လေး အတော်အသင့်ရလာပြီး ဆင်ဖမ်းအတွေ့အကြုံလည်း အတော်လေး ကြွယ်ဝ

www.burmeseclassic.com

www.burmeseclassic.com



လာပြီဟု သူ့ကိုယ်သူ အထင်ရှိလာသဖြင့် ကိုယ်ပိုင်ဆင်တစ်ကောင်ရအောင် ဖမ်းကြည့်ချင်သောဆန္ဒ ပြင်းပြစွာဖြစ်ပေါ်လာရာ သူ၏သူငယ်ချင်းဖြစ်သူ တူးခေါင်နှင့် တိုင်ပင်ပြီး လူကြီးများမသိအောင် သူတို့နှစ်ဦးသည် ဆင်ဖမ်းထွက်လာခြင်းပင်။

ဂျေနော်မှာ ငယ်စဉ်ကပင် ဆင်များကို ချစ်တတ်သူဖြစ်ရာ သူသည် တစ်နေ့သောအခါဝယ် ဆင်ဦးစီးကောင်းတစ်ယောက် ဖြစ်ရန် တောဆင်ရိုင်းများကို ကိုယ်တိုင်ဖမ်းကာပိုင်ဆိုင်နိုင်သည့် ဆင်ပိုင်ရှင်ကြီးတစ်ဦး (လော်ပန်)ဖြစ်ရန် ဆန္ဒပြင်းပြ ရည်ရွယ်ချက်ကြီးမားသူလေး ဖြစ်၏။

ဂျေနော်၏ဖခင် ဦးမဂေါင်နော်မှာ ဆင်ဦးစီးကောင်းတစ်ယောက်၊ ဆင်ဖမ်းသမားကောင်းတစ်ယောက် ဖြစ်ခဲ့သော်လည်း လောင်းကစားဝါသနာကြီးလွန်းသဖြင့် ဆင်ဦးစီးလုပ်သက် အနှစ်လေးဆယ်ခန့်ဝယ် 'ဟူးကောင်း'မြို့စွန်ရှိ အိမ်ငယ်လေးတစ်လုံးသာ ဝယ်နိုင်ခဲ့ပြီး ဆင်တစ်ကောင်မျှပိုင်ဆိုင်နိုင်ခြင်း မရှိတော့ချေ။

မှတ်ချက် ။ ။ ဟူးကောင်းမြို့ဟု ခေါ်တွင်ခြင်းမှာ ဟူးကောင်းချိုင့်ဝှမ်းဒေသကို အစွဲပြုခေါ်ခြင်းဖြစ်၏



မိုးကောင်းအနွယ်ဝင် ရှမ်းလူမျိုးတို့ ယင်းချိုင့်ဝှမ်းဒေသသို့ ပြောင်းရွှေ့အခြေပြုလာရာမှ ဟူးကောင်းချိုင့်ဝှမ်းဒေသဟု ခေါ်ဆိုလာခြင်းဖြစ်၏။ ဟူးကောင်းဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး 'ဟူး'သည် ဦးခေါင်းဖြစ်ကာ 'ကောင်း'သည် စည်တော်ဟု အဓိပ္ပာယ်ရလေ၏၊ ထို့ကြောင့် ဟူးကောင်းဟူသည်မှာ 'စည်တော်ဦးခေါင်းပြုရာအရပ်'ဟု အနက်အဓိပ္ပာယ်ရှိလေ၏။ ဟူးကောင်းမြို့ကို (၁၉၇၇)ခုနှစ်တွင်မှ တနိုင်းမြို့ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်မှာ ယခုတိုင်ဖြစ်၏။ မြို့လေး၏အနီးမှ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ဖျားပိုင်း တနိုင်းခမြစ်ကို အစွဲပြုလျက် တနိုင်းမြို့ဟု ခေါ်တွင်ခြင်းဖြစ်လေ၏။

စာရေးသူ

ဦးမဂေါင်နော် ပိုင်ဆိုင်ဖူးသော ဆင်များမှာလည်း လောင်းကစားပိုင်းမှ ကြွေးမြီကြောင့် အခြားဆင်ပိုင်ရှင်များ ဆင်စခန်းပိုင်ရှင် လော်ပန်ကြီးများလက်သို့ ရရာဈေးဖြင့် ရောင်းချခဲ့ရသည်ချည်း ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားဝါသနာအိုးဖြစ်သူ ဦးမဂေါင်နော်မှာ ယခုအထိ လက်ထဲဝယ် ငွေကြေးကလေး ရှင်လာပါက အနယ်နယ်အရပ်ရပ်မှ လူပေါင်းစုံရောက်ရှိရာအရပ်ဖြစ်သော တနိုင်းခမြစ်ကမ်းနံဘေးမှ ရွှေကျင်သားဟို့ထံ သွားရောက်ကာ လေးကောင်ဂျင်၊ အနီထောင် စသည့် လောင်းကစားပွဲတို့ဝယ် ဝင်ရောက်လောင်းကစားပြီး ရှိသမျှကုန်မှသာ ယင်းရွှေကျင်တဲများ ရှိရာ အရပ်မှ ပြန်လာလေ့ရှိသူဖြစ်၏။

သို့ကြောင့်လည်း ဦးမဂေါင်နော်မှာ ဆင်ဦးစီးလုပ်သက် နှစ်ပေါင်းလေးဆယ်ခန့်ဝယ် အိမ်လေးတစ်လုံးနှင့် ဇနီးဖြစ်သူ အယ်ဂျာဝါး၊ သားဖြစ်သူ ဂျေနော်၊ သမီးဖြစ်သူ အယ်မရန်း တို့သာ အဖတ်တင်သည်ဟု ဆိုရမည်ဖြစ်လေ၏။

တူးခေါင်မှာမူ ဆင်ဦးစီးတစ်ဦး၏ သားဖြစ်သော်လည်း သူ၏ဖခင်မှာ သူကိုင်သောဆင် မုန်ယိုပြီး နင်းသတ်သဖြင့် တူးခေါင် ဆယ်နှစ်သားခန့်ကပင် အသက်စွန့်သွားရလေ၏။

ယနေ့ညနေက ညစာစားသောက်ပြီးနောက် မုဆိုး ဆိုင်လီတို့နှင့် အမဲပစ်လိုက်ဦးမည်ဟု မိခင်ကြီးအားပြောကာ ဟူးကောင်းမြို့စွန်ရှိ အိမ်ငယ်လေးမှ ဂျေနော် ထွက်လာခဲ့လေ၏။

သူက တူးခေါင်းနေထိုင်ရာ လိမ္မော်ခြံမှ အစောင့် ဘဲအိမ်သို့ သွားရောက်ခဲ့ပြီး တူးခေါင်နှင့်သူ အတူကျစ်ထားသည့် ဝီလောပီနံ ဈေ့ာ်ကြီးခွေကိုယူကာ တူးခေါင်ကိုခေါ်လျက် ဆင်စခန်းရှိရာ တောထဲသို့ တိုးဝင်ခဲ့လေ၏။

သူတို့သည် လက်နှိပ်မီးနှင့် လရောင်ကိုအားပြုပြီး သစ်တောကြီးထဲ တိုးဝင်ခဲ့ရာ ဖြတ်လမ်းမှ သုံးမိုင်ခန့် ခရီး ပေါက်ခဲ့သည်တွင် တောတွင်းဆင်စခန်းနှင့် နီးလာလေတော့၏။ သူတို့ ဆင်စခန်း၏ပိုင်ရှင် လော်ပန်ကြီးမှာ ဦးခမ်းဝဏ္ဏဖြစ်ကာ ဦးခမ်းဝဏ္ဏတို့ မိသားစုမှာ ဆင်စခန်းမှာပင် ပျဉ်ထောင်သွပ်မိုး ခြေတံရှည်အိမ်ကြီးဆောက်ပြီး ဆင်လုပ်သားမိသားစုအချို့နှင့် အတူ နေထိုင်လေ၏။

ဆင်စခန်းဝယ် ဆင်တင်းကုတ်ကြီးများ ရှိသော်လည်း ခမ်းဆီးရမိထားသော ဆင်ရိုင်းများနှင့် ယဉ်ပါးအောင် လုပ်ငန်းခွင်သုံး အသုံးချနိုင်အောင် လေ့ကျင့်ပေးနေရသော ဆင်တို့ကိုသာ ထူးခတ်ကာ ယင်းဆင်တင်းကုတ်များတွင် ညသိပ်ထားရှိလေ၏။ လုပ်ငန်းခွင်သုံး ဆင်ယဉ်များကိုမူ ညနေစောင်း၌ လုပ်ငန်းသိမ်းပြီးနောက် ဆင်စခန်းအနီးမှ ချောင်းစွန်စမ်းဘက် ခေါ်သွားကာ ရေချပေး၊ ရေချိုးပေးပြီးသည်နှင့် တောထဲသို့ ထူးကြိုးမပါဘဲ သည်အတိုင်း လွှတ်ကြောင်းမြဲ





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေ၏။

ယင်းတောထဲ တစ်ညလုံး လွှတ်ထားသော ဆင်တို့ကို နံနက်လင်းမှသာ ဆင်ဦးစီးတို့က ဆင်၏လည်ပြင်းမှ ခလောက်သံကို နားစွင့်ကာ ပြန်လိုက်ကောက်ရလေ၏။

တနိုင်းခမြစ်ကမ်းခြေတလျှောက်ဝယ် ဆင်များကြိုက်နှစ်သက်လှသည့် ငှက်ပျောရိုင်းတောများ၊ မျှစ်ကဲ့သို့ ဝါးနုနုများပေါများသည့် ဝါးတောကြီးများ၊ ဆားနက်တွင်းများရှိရာ တောထဲသို့ လွှတ်ကြောင်းထားသည့် ဆင်များမှာ တစ်ညလုံး သူတို့အတွက် အာဟာရများကို စိတ်ကြိုက် တောလည်ကာ စားသုံးနေလေ့ရှိလေ၏။

ယင်းသို့ တောထဲဝယ် လွှတ်ကြောင်းထားသော ဆင်တို့အနက်မှ ဂျေနော် ကိုင်နေကျ ဆင်ကြီးမိုးယံကို သူတို့သူငယ်ချင်းနှစ်ဦးမှာ အတန်ကြာ ရှာဖွေပြီးနောက် ညဦးသန်းခေါင်ယံခန့်ဝယ် မိုးယံကို တွေ့ရှိသဖြင့် မိုးယံ၏ လည်ပင်းမှ ခလောက်ကိုဖြုတ်ကာ တက်စီးကြပြီး ယခုကဲ့သို့ တောဆင်ရိုင်းဖမ်းရန် ထွက်လာကြခြင်းဖြစ်လေ၏။

မိုးယံသည် လရောင်ပက်ဖြန်းလျက်ရှိသော မြေကွက်လပ်ငယ်ကို ဖြတ်လာပြီးနောက် ဆင်ရိုင်းအုပ်ရှိရာ ငှက်ပျောရိုင်း





တောကြီးထဲ စတင်တိုးဝင်တော့၏။

ဂျေနော်က မိုးယံ၏နားရွက်နားကပ်ကာ

"အာစတေး အာစတေး . . . အဂစ် အဂစ်"

ဟူ၍ ဟူးကောင်းဒေသမှ ဆင်များ နားလည်သည့် အာသံစကားဖြင့် ခပ်တိုးတိုး သတိပေးလိုက်လေ၏။ အာစတေးမှာ ဖြေးဖြေးဟု အဓိပ္ပာယ်ရပြီး အဂစ်ဆိုသည်မှာ သွား သွားဟု အဓိပ္ပာယ်ရလေ၏။

ဂျေနော်က မိုးယံနားလည်သည့် အာသံစကားဖြင့် ဖြည်းဖြည်းသွားရန် ခပ်တိုးတိုး သတိပေးလိုက်ရာ ဆင်ကြီးမိုးယံကလည်း နားလည်သိတတ်စွာဖြင့် နှင်းမှုံများကြားမှ ငှက်ပျောရိုင်းတောထဲ ခြေလှမ်းမှန်မှန်ဖြင့် ခပ်ဖြည်းဖြည်း တိုးဝင်လေတော့၏။

ဂျေနော်တို့သည် မကြာမီမှာပင် ငှက်ပျောဖီးတို့ကို စိတ်ကြိုက်ဆွတ်ယူ စားသုံးနေသော ဆင်ရိုင်းအုပ်စုရှိရာသို့ ရောက်ရှိသွားလေ၏။

ဆင်ရိုင်းအုပ်စုဝယ် စွယ်စုံဆင်ကြီးများ၊ အစွယ်လုံးဝမရှိသော ဟိုင်းဆင်ကြီးများ၊ ဆင်မများနှင့် ဆင်ပေါက်ဆင်ငယ်လေးများ ပါဝင်ကာ စုစုပေါင်း အကောင်နှစ်ဆယ်ခန့်

www.burmeseclassic.com



ရှိသောင်း။

သူတို့ ရောက်ရှိနေရာအရပ်မှာ ဆင်စခန်းမှ ငါးမိုင်ခန့် အကွာရှိ တနိုင်းခမြစ်ဖျားပိုင်း လွန်စွာနက်ရှိုင်းသည့် အမြဲစိမ်းသစ်တောကြီးအတွင်းဖြစ်ရာ တောဆင်ရိုင်းတို့မှာ လူသူဝေးရာအရပ်ဖြစ်သဖြင့်တစ်ကြောင်း၊ ညကြီးမင်းကြီး သန်းခေါင်ယံကျော်သမယဖြစ်ခြင်းကြောင့်တစ်ကြောင်း ဤအရပ်ဒေသသို့ သူတို့အား အန္တရာယ်ပြုမည့် လူသားတို့ ရောက်ရှိလာခြင်း မရှိနိုင်ဟု ယူဆထားဟန်တူ၏။ သူတို့သည် သူတို့ဆင်ရိုင်းအုပ်စုထဲသို့ မသိမသာ တိုးဝင်လာသည့် ဆင်ယဉ်ကြီးမိုးယံ၏ ကျောပေါ်မှ ဂျေနော်တို့သူငယ်ချင်းနှစ်ဦးကို လုံးဝ သတိမူမိခြင်း မရှိချေ။

မျက်စေ့မွဲသော တိရစ္ဆာန်များဖြစ်သောကြောင့်လည်း မိုးယံ၏ကျောပေါ်ဝယ် ပြားကပ်နေအောင် လျှို့ဝှက်စွာ လိုက်ပါလာသည့် လူသားငယ်နှစ်ဦးကို အမှောင်လွှမ်းနေသော ညဥ့်ဝန်းကျင်၌ သူတို့ တွေ့မြင်ရိပ်မိခြင်းမရှိချေ။

ဆီးနှင်းလွှာကလည်း ငှက်ပျောရိုင်းတောထဲ ဖုံးလွှမ်းနေကာ ဖားဖားဝေနေသည့် ငှက်ပျောရွက်တို့က ပိန်းပိန်းပိတ်ယှက်ဖြာအုပ်မိုးထားသဖြင့် နတ်တော်လ၏ လပြည့်ဝန်းလရောင်က မိုးယံ၏ကိုယ်ပေါ် မကျရောက်နိုင်ရကား ဆင်ဖမ်း





သမားနှစ်ဦး ဆင်အုပ်ကြီးထဲ ရောနှောရောက်ရှိနေသည်ကို တောဆင်ရိုင်းတို့ သတိမမူမိချေ။

လေကလည်း ငြိမ်လျက်ရှိရာ လူနံ့ကိုလည်း သူတို့ မရကြသဖြင့် သူတို့အာရုံရောက်ရာဖြစ်သော စားသောက်ခြင်းအမှု၌သာ တောဆင်ရိုင်းတို့ လုံးပမ်းမျောပါလျက်ရှိစဉ် မဂ္ဂေဂျစ်ဖြစ်သည့် ဂျေနော်က သူ ကြိုးကွင်းပစ်ဖမ်းရမည့် ဆင်ရိုင်းကို ငြိမ်သက်စွာ ကြည့်ရှုရွေးချယ်လျက်ရှိလေ၏။

"အင်း ငါ မဂ္ဂေဂျစ်အဖြစ် ပထမဦးဆုံး ဖမ်းရမယ့်ပွဲမှာ အလွဲအချော်မရှိ အောင်မြင်ဖို့လိုတယ် . . . ဒီတော့ ဖမ်းရခက်တဲ့ စွယ်စုံဆင်ကြီးတွေနဲ့ ဟိုင်းဆင်ကြီးတွေကို လက်ရှောင်မှဖြစ်မယ်"

"ဆင်မကြီးတွေကလည်း အလုံးအထည်ကြီးလွန်းတယ်၊ သူတို့လည်း ဖမ်းရခက်မှာပဲ"

"ဒီတော့ သေချာအောင် ဟောဟို ဆင်ပေါက်လေးကိုပဲ ဖမ်းမှ ဆင်လေးက အလုံးအရပ်လှပြီး အသက်ဆယ့်သုံးလေးနှစ်လောက်ရှိမယ် . . . သူ့ကိုဖမ်းပြီး မွေးမြူနိုင်ရင် နောက်နှစ်နှစ်လောက်ဆို ငါ့အတွက် လက်ကိုင်ဆင်ကောင်းတစ်စီး ရမှာသေချာတယ်"

မိုးယံ၏ ဦးကင်းနောက်ဝယ် ပြားနေအောင်ဇော်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ စဉ်းစားတွေးတောမိသည့် ဂျေနော်မှာ သူ၏နောက်ပါးမှ တူးခေါင်အား ခြေမဖြင့်တို့ပြီး အချက်ပေးလိုက်ကာ မိုးယံ၏ နားရွက်နောက်နားကိုလည်း လက်ဖဝါးဖြင့်ပွတ်ကာ အချက်ပြ လိုက်လေ၏။

ထို့နောက် ပခုံးဝယ် စလွယ်သိုင်းထားသော ပီနံကြိုး ခွေကို အသာဖြုတ်ယူလိုက်ကာ သူဖမ်းရန် ရည်ရွယ်ထားသည့် ဆင်ကလေး၏ ဦးခေါင်းပေါ်သို့ ကြိုးကွင်းကို ပစ်လိုက်လေ တော့၏။

ငှက်ပျောတစ်ဖီးကို နှာမောင်းဖြင့် ဆွဲဖြတ်နေသော ဆင်ကလေးမှာ သူ၏ခေါင်းပေါ်သို့ ဘုတ်ခနဲ ကြိုးကွင်းကျလာ သည်ကို သိလိုက်သဖြင့် ခေါင်းကို ခါလှုပ်လိုက်ပြီး သူ၏ နှာမောင်းကို ဆင်တို့၏ ထုံးစံအတိုင်း ခွေလိုက်ရာ ကြိုးကွင်းမှာ အလိုအလျောက်ပင် နှာမောင်းအခွေပေါ် လျှောသွားကာ လည်ပင်းအောက်သို့ ရောက်သွားလေ၏။

ယင်းအချိန်ဝယ် ဂျေနော်က မငွေဂျစ်ကြိုးကို ဖြောင်းခနဲ တင်းအောင်ဆွဲလိုက်သလို ဆင်ကြီးမိုးယံကလည်း တစ်ဘက် ဆင်ရိုင်းကို မိပြီမှန်းသိသဖြင့် မငွေဂျစ်ကြိုးကို နှာမောင်းဖြင့် ကူဆွဲလိုက်လေ၏။





ထိုအခါ ကြိုးကွင်းပစ်အစွပ်ခံရသော ဆင်ကလေးမှာ ...သန့်ပြီး ကြောက်အားလန့်အားဖြင့် ဝူးခနဲ ငယ်သံပါအောင် ...အော်လျက် ရုန်းကန်ပြေးတော့၏။

ကျန်သော တောဆင်ရိုင်းတို့မှာလည်း မထင်မှတ်ဘဲ ...အနီးကပ်ရန်သူရှိနေပြီမှန်း ရိပ်စားမိသဖြင့် ကြောက်အားလန့်အား ...အော်ဟစ်ကြကာ တောနက်ထဲသို့ ထောင်းလမောင်းကြဲအောင် ...ဆော်ရုတ်သဲသဲ ထွက်ပြေးကြလေတော့၏။

သို့ဖြင့် စောစောက နှင်းမှုံအောက်ဝယ် လရိပ်ကို ...ခိုလှုံရင်း ဆိတ်ဆိတ်ငြိမ်နေခဲ့သည့် အမြဲစိမ်းတောကြီး တစ်တော ...လုံးမှာ တဝူးဝူး တကျည်ကျည် အော်ဟစ်လျက်ရှိသော ...ဆင်အော်သံများ၊ တဖြောင်းဖြောင်း တဘုံးဘုံးနှင့် မြေကြီး ...တုန်ဟီးကာ ပြေးလွှားအော်ဟစ်သံများ ဆူညံသွားသည်မှာ ...သောင်းပြို တောပျက်သည့်အလားပင်။

ကြိုးကွင်းတန်းလန်းနှင့် ဆင်ကလေးမှာမူ ခြေဦး ...တည့်ရာသို့ စွတ်ပြေးရာ မိုးယံက နောက်မှမျှောကာ ပြေးလိုက် ...ရလေ၏။

ဆင်ကလေးမှာ ကြိမ်တော ဆူးတောတို့ထဲ အတင်း ...ပြေးဝင်ရာ မိုးယံထက်မှ ဂျေနော်နှင့် တူးခေါင်တို့မှာ ကြိမ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆူးတို့ မခြစ်မိအောင် မိုးယံ၏ နားရွက်အောက်ဝယ် ပုန်းခို၍ လည်းကောင်း၊ မငွေဂျစ်ကြီးကို မြဲမြဲစွဲကိုင်လျက် မိုးယံ၏ ဝမ်းဗိုက်အောက်တွင် ခို၍လည်းကောင်း လိုက်ပါသွားရလေ၏။

ကြီးမားသော သစ်ကိုင်းသစ်ခက် ပင်စည်တို့နှင့် အရှိန် ပြင်းစွာ ရိုက်မိပါက တစ်ကိုယ်လုံး စိစိညက်ညက်ကြေကာ အသက်ဆုံးရှုံးရမည့်ဘေးမှ သတိကြီးစွာထားကာ ရှောင်တိမ်း လိုက်ပါရသလို ဆင်လိမ္မာကြီး မိုးယံကလည်း သူ၏ ဆင်ဦးစီး များကို မထိခိုက်မိစေရန် အချို့သစ်ကိုင်းသစ်ခက်ကြီးများကို နှာမောင်းဖြင့် ပြေးရင်း ရိုက်ဖယ်သွားလေ၏။ /

သို့ဖြင့် တောဆင်ရိုင်းကလေးမှာ နှစ်ဖာလုံခန့် ကမ္ ရှုးတိုးပြေးပြီးနောက် မောပန်းလာကာ တဖြည်းဖြည်း အားလျော့ လာတော့၏။

ယင်းအခါကျမှ ဂျေနော်မှာ ဆင်နှစ်ကောင်အကြား၌ ကြိုးကို တဖြည်းဖြည်း အလိုက်သင့် စုစည်းရစ်ခွေကာ ဆင်နှစ်ကောင်ကို နီးအောင် ကြိုးစားရလေ၏။

မကြာမီမှာပင် မိုးယံမှာ တောဆင်ရိုင်းကလေးနှင့် နံဘေးချင်း ယှဉ်မိလာရာ ဆင်ရိုင်းကလေးကိုတွဲကာ တောနက် ထဲမှ ခေါ်ထုတ်လာရတော့၏။





ထိုအခါ တူးခေါင်က သူ၏ခါး၌ ချိတ်ဆွဲထားသော ဆာလိုက်မားမြွှာင်ကို ဂျေနော်အား ကမ်းပေးလိုက်လေ၏။

ဂျေနော်လည်း ဆင်ဖမ်းသမားတို့၏ ထုံးစံအတိုင်း တောဆင်ရိုင်းကလေး၏ နားရွက်ကို ဓားသွားဖြင့် သွေးထွက် အောင် လှီးလိုက်တော့၏။

ဆင်၏ခန္ဓာကိုယ်ဝယ် နူးညံ့သောနေရာဖြစ်သည့် နားရွက်ကို ဓားဖြင့် အလှီးခံလိုက်ရရာ တောဆင်ရိုင်းကလေးမှာ နာကျင်ကြောက်ရွံ့သွားပြီး လွန်စွာထိတ်လန့်ကာ အသာတကြည် လိုက်ပါရလေတော့၏။

ဂျေနော်တို့သည် တောဆင်ရိုင်းကလေးကို ဆင်စခန်း ရှိရာသို့ တွဲပြီးခေါ်လာရာ နံနက်မိုးသောက်လုလုဝယ် ဆင်စခန်း အနီးသို့ ရောက်ရှိလာလေ၏။

ထိုရောအခါ ညဦးက တောထဲသို့ လွှတ်ကြောင်း ထားသော လုပ်ငန်းသုံးဆင်ကြီးများကို ပြန်လည်ကောက်ရန် ဆင်စခန်းမှ ထွက်ခွာလာသည့် ဆင်သမားတို့နှင့် ဆုံလေ သည်တွင် ဆင်သမားတို့မှာ မငွေဂျစ်နည်းဖြင့် တောဆင်ရိုင်း ကလေးကို အောင်မြင်စွာဖမ်းလာသည့် ဂျေနော်အား အားရ ဝမ်းသာ ဝိုင်းဝန်းချီးကျူးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကျေနော် . . . မင်းတော့ မငွေဂျစ်စစ်စစ်ဖြစ်ပြီကွ"

"ဟုတ်တယ် ကျေနော် . . . မင်းကတော့ ဈေးဦးပေါက်သွားပြီကွ . . . ငါတို့ဆင်စခန်းမှာ ဆင်ဖမ်းသမားကောင်းတစ်ယောက်တိုးတာ ဝမ်းသာဂုဏ်ယူတယ်ကွာ"

စသည်ဖြင့် ဝါရင့်ဆင်ဦးစီးများ၊ ဆင်ဖမ်းသမားကြီးများက ဝိုင်းဝန်းချီးကျူးပေးရာ ကျေနော်မှာ ပင်ပန်းခဲ့သမျှအမောပြေလျက် ပျော်တပြုံးပြုံး တစ်ကိုယ်လုံး ပီတိဖုံးနေကာ သူ၏အနာဂတ်အတွက် အားတက်ရှင်လန်း စိတ်အားတက်ကြွလျက် ရှိလေ၏။

"ကျေနော် ဒီဆင်ကလေးကို မင်းရဲ့အိမ်ဆီ ခေါ်သွားမှာလား . . . စခန်းမှာပဲထားမှာလား"

ဟု ဘူးခေါင်းကမေးလိုက်ရာ

ကျေနော်က ဆင်ကလေးကို ကြည့်မဝရှုမဝနိုင်စွာဖြင့် တစ်ချက်ဝေ့ကြည့်လိုက်ရင်း

"ငါ့အိမ် မခေါ်သွားသေးဘူးကွ . . . ငါ့အိမ်မှာလည်း ဆင်တင်းကုတ်မရှိသေးဘူးကွ . . . လော်ပန်ကြီးကို ခွင့်တောင်းပြီး ဒီဆင်စခန်းမှာပဲ ထားရမယ် . . . ဒီမှာပဲ လေ့ကျင့်ပေးရမယ်ကွ"





ဟု ပြောကာ မိုးယံကို ဆင်စခန်းမှ ဆင်တင်းကုတ်တစ်ခုဆီသို့ ဦးတည်သွားစေပြီး ဆင်ကလေးကို တွဲခေါ်ခဲ့လေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ စွယ်နက်ရှင် ❖

ကြိမ်ကုလားထိုင်ကြီးပေါ်ဝယ် အကျအနထိုင်ရင်း ဆေးတံကြီးကို ရှိုက်ဖွာနေသည့် လော်ပန်ကြီး ဦးခမ်းဝဏ္ဏမှာ သူ့ရှေ့၌ ရှိရှိကျိုးကျိုးရပ်ကာ တောင်းပန်စကားဆိုနေသည့် ဂျေနော်ကို သဘောကျစွာ ပြုံးကြည့်နေလေ၏။

ဂျေနော်က သူ့ဆင်ရိုင်းတစ်ကောင်ကို ကိုယ်တိုင် ပြုချင်သောဆန္ဒ ပြင်းပြနေသဖြင့် ဦးခမ်းဝဏ္ဏပိုင် ဆင်ကြီး သံကို ညက ဆင်ရိုင်းဖမ်းရာတွင် ဦးခမ်းဝဏ္ဏ၏ ခွင့်ပြုချက်



www.burmeseclassic.com

www.burmeseclassic.com



မရဘဲ ခေါ်ယူအသုံးချမိခြင်းအတွက် ခွင့်လွှတ်ပါရန် တောင်းပန်နေခြင်း ဖြစ်လေ၏။

ဦးခမ်းဝဏ္ဏက နှုတ်ခမ်းမှ ဝါးဆေးတံကြီးကို ချွတ်လိုက်ကာ

"အေးပါကွာ . . . ငါ ခွင့်လွှတ်ပါတယ် ကျေနော်ရဲ့ မိုးယံဆိုတာလည်း မင်းကိုင်နေတဲ့ဆင်ပဲ မဟုတ်လား . . . မင်း ဦးစီးနေတဲ့ ဆင်ကို မင်းခေါ်သွားတာပဲ . . . မိုးယံအတွက် အန္တရာယ်မရှိနိုင်ပါဘူး"

"ပြီးတော့ မင်းက လက်စွမ်းပြပြီး ဆင်ရိုင်းတစ်ကောင် ဖမ်းပြချင်တဲ့ဆန္ဒ ပြင်းပြနေတယ် . . . ငါ့ဆီ ခွင့်တောင်းရင်လည်း မင်းကို ငယ်သေးလို့ အန္တရာယ်ကြီးမားလှတဲ့ ဆင်ဖမ်းတာကို မလုပ်ဖို့၊ လုပ်ချင်ရင်လည်း ဝါရင့်ဆင်ဖမ်းသမား မင်္ဂလာ ကျစ်ကြီး တစ်ဦးဦးကို ခေါ်သွားဖို့ ပြောမှာစိုးလို့ မင်း ငါ့ဆီ ခွင့်မတောင်းဘဲ မိုးယံကို ငါမသိအောင် ခေါ်သွားတာမဟုတ်လား"

"အေး အန္တရာယ်ရှိတဲ့အလုပ်ကို လူကြီးတွေမသိအောင် လုပ်တာတော့ မကောင်းဘူးပေါ့ကွာ . . . ဒါပေမဲ့ မင်းလည်း ခုတော့ လူကြီးတစ်ယောက် ဖြစ်လာပါပြီ . . . မင်္ဂလာ ကျစ် တစ်ယောက်၊ ဆင်ဦးစီးလူစွမ်းကောင်းတစ်ယောက် ဖြစ်လာပါပြီ





မင်းရဲ့စွမ်းဆောင်ရည်အတွက် ငါ ဂုဏ်ယူချီးကျူးပါတယ် ကျေနော်"

လော်ပန်ကြီး၏ ခွင့်လွှတ်စကားနှင့် ချီးကျူးစကားကို ကြားရသဖြင့် ကျေနော်မှာ စိတ်လက်ပေါ့ပါး ဝမ်းသာသွား၏။

လော်ပန်ကြီး၏ ခွင့်ပြုချက်မရဘဲ ဆင်ဖမ်းရာတွင် မိုးယံကို အသုံးချမိခြင်းအတွက် စည်ကမ်းကြီးလှသော လော်ပန်ကြီးက သူ့ကို ကြိမ်းသေ ဆူလိမ့်မည်ဟု မျှော်လင့်ထားရာ ယခုလို မမျှော်လင့်ဘဲ ခွင့်လွှတ်စကားကြားရရုံမက ချီးကျူးထောပနာပြုမှုပါ ခံရရာ ကျေနော်မှာ အတိုင်းထက်အလွန် ဝမ်းသာသွားသလို လော်ပန်ကြီးကို များစွာလည်း ကျေးဇူးတင် လေးစားသွားလေ၏။

"ကျေး ကျေးဇူးတင်ပါတယ် လော်ပန်ကြီးခင်ဗျာ၊ နောင်ကို လော်ပန်ကြီးဆီ ခွင့်မတောင်းဘဲ ဒီလိုအလုပ်မျိုး မလုပ်တော့ပါဘူး . . . ဒီတစ်ခါတော့ ခွင့်လွှတ်ပါခင်ဗျာ"

"အေးပါ အေးပါ . . . ငါ ခွင့်လွှတ်ပါတယ် . . . ဒါထက် မင်းဖမ်းမိလာတဲ့ ဆင်ကလေးကို ပြန်ရောင်းမှာ မဟုတ်လား . . . ငါ ဈေးကောင်းပေးပြီး ဝယ်ပါ့မယ် . . . တခြားသူတော့ သွားမရောင်းနဲ့ကွာ"



www.burmeseclassic.com

ဟု လော်ပန်ကြီး ဦးခမ်းဝဏ္ဏက ပြောလိုက်ရာ ဂျေနော်မှာ ပျာပျာသလဲ လက်ကာရင်း

"ဟာ မဟုတ်ပါဘူးခင်ဗျ . . . အဲဒီဆင်ကလေးဟာ ပြန်ရောင်းဖို့မဟုတ်ပါဘူး . . . ကျွန်တော့်ကိုယ်ပိုင်ဆင်အဖြစ် မွေးမလို့ပါ လော်ပန်ကြီး"

ဟု ပြောလိုက်ပြီးနောက်

"အဲ အဲဒီဆင်ကလေးကို လောလောဆယ် မွေးထားပြီး ကျင့်ပေးဖို့ ကျွန်တော့်ရဲ့အိမ်မှာ ဆင်တင်းကုတ်မရှိသေးပါဘူး လော်ပန်ကြီး . . . ဒီ ဒီတော့ ကျွန်တော့်ရဲ့ဆင်ကလေးကို လော်ပန်ကြီးရဲ့ ဆင်စခန်းမှာပဲ ထားခွင့်ပြုပါခင်ဗျာ"

ဟု မဝံ့မရဲ ခွင့်တောင်းစကားဆိုလိုက်ရာ လော်ပန်ကြီးက ပြုံးလိုက်ပြန်ပြီး

"ကောင်းပါပြီ ဂျေနော် ထားပါ . . . ဒီမှာဆို ပိုအဆင် ပြေတာပေါ့ . . . ဒါပေမဲ့ ဆင်ကလေးကို ဒီမှာထားပြီး ငါ့ရဲ့ စခန်းမှာ ညအိပ်ညနေ နေမှ ဖြစ်မှာနော်"

ဟု ပြောလိုက်ရာ ဂျေနော်မှာ ဆင်ကလေးအား မွေးမြူ ဖို့ရန်ကိစ္စအတွက် ရင်အေးသွားရပြီး လော်ပန်ကြီးကိုလည်း ထပ်ဆင့် ကျေးဇူးတင်သွားရတော့၏။





"ဟုတ်ကဲ့ ကျွန်တော် ဒီစခန်းမှာပဲ နေမှာပါခင်ဗျ၊ နေ့ဘက်မှာ လုပ်ငန်းခွင်ဝင်ရင်း ညဘက်မှာ မိုးယံကိုပါ စောင့်ရှောက်ပေးပါ့မယ်"

"အေးပါကွာ အေးပါ . . . ကဲ ကဲ မင်းလည်း လုပ်စရာရှိတာ သွားလုပ်ချေ . . . ငါလည်း မင်းရဲ့ဆင်ကလေးကို လာကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ ကျွန်တော်သွားပါဦးမယ်ခင်ဗျ"

လော်ပန်ကြီးကို နှုတ်ဆက်ပြီးနောက် ဂျေနော် တစ်ယောက် ခြေတံရှည်အိမ်ကြီးပေါ်မှ ဆင်းလာရာ အိမ်အောက် လှေကားခုံဝယ် လော်ပန်ကြီး၏သမီး နှောင်းမိနှင့် ရင်ဆိုင် တွေ့တော့၏။ နှောင်းမိမှာ ဂျေနော်နှင့် ငယ်ငယ်ကတည်းက ခင်မင်ရင်းနှီးခဲ့သော ငယ်သူငယ်ချင်းတစ်ဦးဖြစ်ကာ လော်ပန် ကြီး၏ သမီးမို့ မြစ်ကြီးနားမြို့မှ အင်္ဂလိပ်ကျောင်းဝယ် ကျောင်းအိပ်ကျောင်းစား တက်နေသူလေးဖြစ်သဖြင့် ဘော့ဟဲယား ဆံပင်ပုံစံထားပြီး အင်္ဂလိပ်မနွယ် ဂါဝန်လှလှလေး ဝတ်ထားရာ ထူးခြားခေတ်မီစွာ လှပရွှန်းလက်လျက်ရှိလေ၏။

"ဟဲ့ ဂျေနော် . . . နင် ညက ဆင်ရိုင်းတစ်ကောင် ဖမ်းလာတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ဟု နှောင်းမိက သူငယ်ချင်းဖြစ်သူ ကျောနော့်အတွက် ဝမ်းသာဂုဏ်ယူသံလေးဖြင့် မေးလိုက်ရာ ကျော်နော်က ပြုံးလိုက်ပြီး

"ဟုတ်တယ် နှောင်းမိ . . . ဆင်ပေါက်ကလေးပါ။ ဆယ်လေးနှစ်သားလောက်ရှိမယ် . . . ငါ နှစ်နှစ်လောက် လေ့ကျင့်ပေးလိုက်ရင် TC ကောင်းတစ်ကောင် ဖြစ်လာမှာပါ"

မှတ်ချက် ။ ။ သစ်လုပ်ငန်းအခေါ်အရ TC (TRAIN CALL) မှာ ဝန်တင်ဆင်ဖြစ်ပြီး ယင်းဆင်များမှာ ဆင်အိုကြီးများနှင့် အသက်(၁၅)နှစ် (၁၆)နှစ်အရွယ် ဆင်ရွယ်များဖြစ်လေ၏။ သူတို့ကို လုပ်ငန်းခွင်၌ မသုံးနိုင်သော်လည်း ခရီးသွားရာ ဝန်စည်စလွယ် သယ်ဆောင်ရာတွင် အသုံးချ၍ရလေ၏။

စာရေးသူ

"အဲဒီဆင်ကလေးကို နင့်အဖေကဝယ်တာ . . . ငါမရောင်းပါဘူး . . . ငါ ဆင်တွေကို ထပ်ဖမ်းပြီး နင့်အဖေလို လော်ပန်ကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားမယ် နှောင်းမိ"

ဟု စိတ်ဓာတ်တက်ကြွစွာ ပြောလိုက်ရာ နှောင်းမိက





အားပါးတရ ပြုံးလိုက်ပြီး

"အေး နင်တော့ ဆင်နဲ့ဖက်ပြီး ကြီးလာတဲ့ကောင် ဆိုတော့ ဆင်ဖမ်းသမား၊ ပြီးတော့ ဆင်ပိုင်ရှင်လော်ပန်ကြီး ဖြစ်လာမှာပါ . . . ဒါပေမဲ့ နင့်အဖေလိုတော့ အနီတောင်ဝိုင်း သွားမိစေနဲ့နော်"

ဟု လက်ညှိုးလေးတစ်ချောင်းထောင်ကာ သတိပေးသလို ချစ်စဖွယ်ပြောလိုက်ရာ

ကျောင်းပိတ်သည့် တစ်နှစ်တစ်ခါ ပြန်လာတိုင်း ပို၍ပို၍ သွားကာ၊ လှလှလာသည့် သူငယ်ချင်း မလေး နှောင်းမိကို ငေးကြည့်လိုက်မိရင်းမှ

"စိတ်ချပါ နှောင်းမိ . . . ငါတို့မိသားစု ဆင်းရဲတွင်း နက်နေရတာဟာ ငါ့အဖေရဲ့ အရိုးစွဲအောင် ဝါသနာကြီးတဲ့ လောင်းကစားကြောင့်ပါ . . . ငါ့အဖေဟာ တစ်သက်လုံး အသက်နဲ့ရင်းပြီး ဆင်သမားလုပ်ခဲ့ပေမယ့် လောက်လောက် လားလား ဘာမှ အဖတ်တင် မကျန်ရစ်တာဟာ လေးကောင်ချိုင်း၊ အနီတောင်ဝိုင်းတွေမှာ ပျော်မွေ့ခဲ့လို့ပါ . . . ငါ့အလှည့်ကျ အဲဒလိုမဖြစ်စေရဘူး နှောင်းမိ"

ဟု ဆုံးဖြတ်ချက်ခိုင်မာသောဟန်ဖြင့် မာန်ပါပါ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ နောင်းမိက ဂျေနော်၏ လန်းဆန်းသည့် တက်ကြွသော လုလင်ပျိုဟန်ပန်ကို သဘောကျစွာ ပြုံးကြည့် လိုက်ရင်း

"အေးပါ နင့်ကိုတော့ ငါယုံပါတယ် ဂျေနော် . . . ဒါထက် နင့်ရဲ့ဆင်ကလေးကို ငါ လိုက်ကြည့်ချင်တယ်ဟာ"

ဟု တောင်းဆိုသလိုပြောလိုက်ရာ ဂျေနော် ခေါင်းညိတ် လိုက်ပြီး

"လိုက်ကြည့်လေဟာ . . . သူ့ကို ခုတော့ ကြိုးတုပ်ပြီး တူးခေါင်ကို စောင့်ခိုင်းထားရတယ်"

ဟု ပြောလိုက်ကာ ဆင်တင်းကုတ်များရှိရာသို့ ထွက်ခဲ့ရာ ဂျေနော်၏နံဘေးမှ နောင်းမိ လိုက်ပါလာတော့၏

သူတို့သည် လော်ပန်ကြီးတို့အိမ်ရှိရာ တောင်ကုန်းမြင့် ပေါ်မှ ဆင်ခြေလျှောအတိုင်း ဆင်းလာပြီး ဆင်သမားမိသားစုများ နေထိုင်ရာ တဲအိမ်တန်းရှေ့မှ ဖြတ်လာစဉ်

"ဟဲ့ ဂျေနော် . . . နင့်ရဲ့ဆင်ကလေးကို နာမည် ပေးပြီးပြီလား"

ဟု နောင်းမိက မေးလိုက်လေ၏။

"အေး သူ့ကို နတ်တော်လပြည့်နေ့ညမှာ ဖမ်းမိတာ



ပြည့်လို့ နာမည်ပေးထားတယ် . . . ဘယ့်နှယ်လဲ ကြိုက်လား"

ဟု ဂျေနော်က သမင်လည်ပြန်လှည့်ကြည့်ရင်း လိုက်ရာ နောင်းမိက ချစ်စဖွယ်ပြုံးလိုက်ရင်း

"အေး ကြိုက်တယ် . . . လပြည့်ဆိုတဲ့ နာမည်လေးက ယ် . . . နင့်ရဲ့ဆင်ကလေးက ဝဝပြည့်ပြည့်လေးဆိုရင် ပြည့်ဆိုတဲ့ နာမည်လေးနဲ့ လိုက်မယ်"

ဟု ပြောလိုက်လေ၏။

သူတို့သည် တကျီကျီ အော်မြည်လျက်ရှိသော ဆင်အော်သံများ၊ ထူးကြိုးတို့၏ တချွင်ချွင် တဂျောက်ဂျောက် သံများ၊ ဆင်တင်းကုတ်မှ သစ်သားတိုင်ကြီးများကို နှာမောင်းတို့ဖြင့် တဘုတ်ဘုတ် ရိုက်ခတ်သံများ၊ ဆင်ခြေ သံ တဘုံးဘုံးတို့ကို ကြားရပြီးခဏဝယ် ကြခတ်ဝါးရုံကြီး၏ နှန်၌ ဆင်တင်းကုတ်များကို တန်းစီပြီး တွေ့ရလေ၏။

အစွန်ဆုံးရှိ ဆင်တင်းကုတ်ထဲဝယ် ဂျေနော်၏ အလေးလပြည့် ရှိနေလေ၏။ လပြည့်မှာ အရပ်အမြင့် ခန့်ရှိပြီး ဝဝဖီးဖီးလေးနှင့် ချစ်စဖွယ်ဆင်ကလေးဖြစ်ကြောင်း မိ တွေ့ရလေ၏။



ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လပြည့်၏ ရှေ့ခြေနှစ်ချောင်းကိုလည်းကောင်း နောက်ခြေနှစ်ချောင်းကိုလည်းကောင်း ပိန်ကြိုးကြီးတို့ဖြင့် ပူးချည်ထားကာ ယင်းကြိုး၏ အစရှည်တစ်ဘက်ကို ဆင်တင်ကုတ်မှ သစ်သားတိုင်ကြီးဝယ် ချည်တုပ်ထားရာ ဆင်ကလေး လပြည့်မှာ ဒေါသကြီးစွာ အော်လိုက် ရုန်းလိုက် ဖြစ်နေတော့၏

"လပြည့် လပြည့် ညီလေးလပြည့် ဒေါသမကြီးပါနဲ့ကွာ ရော့ ရော့ စား စား"

ဟု ဂျေနော်က လပြည့်ကို ချော့မော့ပြောရင်း လပြည့်၏ ရှေ့မြေပြင်ပေါ်ဝယ် ငှက်ပျောဖက်ခင်းကာ ငှက်ပျောတုံးအလယ် အသားဖြူဖြူနုနုလေးများနှင့် ဆားတို့ကို ပုံပေးလိုက်လေ၏ ဆင်များ လွန်စွာကြိုက်နှစ်သက်သည့် အစားအစာများ ဖြစ်သော်လည်း လပြည့်မှာ အစာစားရန် ငြင်းပယ်ပြီး တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် ဒေါသကြီး စိတ်ကျဉ်းကျပ်စွာ ရုန်းကန်လျက်သာ ရှိလေ၏။

"ဂျေနော် မင်းရဲ့လပြည့်က ဒေါသတော်တော်ကြီးတယ်ကွ . . . သူရုန်းလွန်းလို့ ရှေ့ခြေနဲ့လည်ပင်းတွေမှာ ကြိုးနဲ့ပွန်းပြီး ဒဏ်ရာတွေရနေပြီ"

ဟု တူးခေါင်က စိတ်ပျက်စွာပြောလိုက်ရာ





"ဟုတ်တယ် ဂျေနော် . . . နင့်ဆင်ကလေးက အတော်ရိုင်းသေးတယ်ဟ . . . ဒေါသလည်း တအားကြီးပုံရတယ်၊ သူ့အဲလို ဆက်တိုက်ရုန်းကန်နေရင် ဒဏ်ရာကြီးကြီးကျယ်ကျယ်တွေ ရကုန်လိမ့်မယ် . . . နင် သူ့ကို ရအောင်ချော့မှဖြစ်မယ် ဂျေနော်"

ဟု နှောင်းမိကပြောလိုက်ပြီး

"မင္ဂလာကျစ်ကောင်းတစ်ယောက်ဆိုတာ တောထဲက ဆင်ရိုင်းကို ဖမ်းနိုင်ရုံတင်မကဘူး ဖမ်းမိတဲ့ဆင်ရိုင်းကို ဆင်ယဉ် ဖြစ်အောင် လုပ်နိုင်ရတယ်တဲ့ ဂျေနော် . . . ငါ့အဖေ ဆင်သမားတွေကို ပြောတာ ငါကြားဖူးတယ် . . . နင် မင္ဂလာကျစ်ကောင်း တစ်ယောက်ဖြစ်ချင်ရင် လပြည့်ကို ရအောင်ချော့ပေတော့"

ဟု နှောင်းမိက တိုက်တွန်းပြောကြားလိုက်ရာ ဂျေနော်က၊ နှောင်းမိကို လှည့်ကြည့်လိုက်ကာ

"ကောင်းပြီ နှောင်းမိ . . . ငါဟာ မင္ဂလာကျစ်ကောင်း တစ်ယောက် ဟုတ်မဟုတ် နင်တွေ့စေရမယ်"

ဟု ပြောလိုက်ပြီးနောက် ကြိုးများဖြင့် တုပ်နှောင် ထားခြင်း ခံနေရသော ဆင်ကလေးလပြည့်၏ရှေ့ဝယ် မြေကြီး ပေါ် ဖင်ချထိုင်လိုက်ကာ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်အေးသမှ



www.burmeseclassic.com

www.burmeseclassic.com



ဝါရင့်ဆင်ဖမ်းသမားကြီးများ၏ လက်သုံးဆင်ချော့တေးကို ရင်ထဲမှလာသော အသံဖြင့် လှိုက်လှိုက်လှဲလှဲ ဆွဲဆွဲငင်ငင် စတင်သီဆိုလိုက်လေ၏။

တောကြီးမျက်မည်းအတွင်းရှိ ဆင်စခန်းမှ ဆွတ်ပျံ့ဖွယ်သော ဆင်ချော့တေးသံမှာ ထူးခြားသည့် ဂီတသံစဉ်တစ်ခုအဖြစ် ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်လာရာ ယင်းတေးသီချင်းမှ ကရုဏာသံသည် ဝန်းကျင်အနှံ့သို့ လွင့်ပျံ့ရိုက်ခတ်သွားလေ၏။

"ဂျော်ဘိုင် ဂျော်ဘိုင် ××× မိုင်အေး ××× ဂျော်ဘိုင်
ဂျော်ဘိုင်လေး ××× မိုင်အေး ××× ဂျော်ဘိုင် ×××
ဂျော်ဘိုင် ××× ဂျော်ဘိုင် ××× ဘာဘူ ××× ဂျော်ဘိုင်
ဂျော်ဘိုင်လေး ××× ဘာဘူ ××× ဂျော်ဘိုင်လေး ×××
အေးဂယ် ××× အေးနိုင်း ××× ဂျုတ်ဂမ်ကဲနဆယ်
ဂျုတ်ဂမ်းကဲနဆယ် ××× မိုင်အေး ××× ဂျော်ဘိုင်×××
အာဂရစ်ဂျာအေး ××× အာဂရစ်ဂျာလေး ××× အာဂရစ်
ဂျာလေး ××× အာဂရစ် ××× အာစတေး ×××
အာစတေး ××× "

အာသံဘာသာစကား ဆင်ချော့တေးကို ဂျေနော်က



ဆွဲဆွဲငင်ငင် သီဆိုလိုက်ရာ ဝုန်းဒိုင်းကြဲကာ ဒေါသူပုန်ထနေသော ဆင်ကလေးလပြည့်မှာ ငြိမ်ကျသွားပြီး ဂျေနော်၏ နှုတ်ဖျားမှ ထွက်လာသည့် တေးသံကို နားစွင့်နေလေ၏။

ကရုဏာရသသံပါသော ဆင်ချော့တေးသံကြောင့် လပြည့်၏ ရင်ဝယ် မုန်တိုင်းထန်နေသော ဒေါသမာန်တို့က တဖြည်းဖြည်း လျော့ကျလာကာ စောစောကလို ရုန်းကန်ခြင်းမပြုတော့ဘဲ ငြိမ်ကျသွားတော့၏။

ဂျေနော်က ဆင်ချော့တေးကို အခေါက်ခေါက်အခါခါ သီဆိုပြီးနောက် ထိုင်ရာမှထကာ လပြည့်၏အနီးသို့ တိုးကပ်သွားပြီး

"လပြည့် ညီလေး ဂျော်ဘိုင် အာစတေး အာစတေး၊ ဒေါသကို ဖြည်းဖြည်းလျှော့ပါကွာ . . . ဒေါသလျှော့ပြီး ငှက်ပျောသားနုနုလေးကို စားနော် . . . စား ညီလေး စား"

ဟု ချော့ပြောလေရာ လပြည့်မှာ သူ၏နှာမောင်းကို တရမ်းရမ်း၊ နားရွက်တွေ တလှုပ်လှုပ် လုပ်နေရာမှ ကျိုးခနဲ အော်ချက်အော်လိုက်ပြီးနော် သူ၏ရှေ့ မြေကြီးပေါ်ရှိ ငှက်ပျောဖက်ပေါ်မှ ငှက်ပျောတုံးအလယ်သား ဖြူဖြူနုနုကို နှာမောင်းဖြင့် ကောက်စားစ ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တိုအခါ ဂျေနော်က နှောင်းမီအား လှည့်ကြည့်လိုက်ပြီး

"ကဲ နှောင်းမီ ဆင်ရိုင်းကိုယဉ်အောင် လုပ်နိုင်ခဲ့ပြီ ပါဟာ မင်္ဂလာဂျစ်ကောင်းတစ်ယောက် ဟုတ်ပါတယ်နော်"

ဟု ခပ်ပြုံးပြုံးမေးလိုက်ရာ နှောင်းမီက မျက်စောင်းလေး ခဲလိုက်ပြီး

"ဟုတ်ပါတယ်တဲ့ရှင် . . . ရှင်ဟာ မင်္ဂလာဂျစ်ကောင်း တစ်ယောက်ပီသမှန်း နှောင်းမီ သိပါပြီတဲ့ ကဲ"

ဟု ပြုံးမှုမှုလေး ပြောလိုက်လျက်မှ

"နင့်ကိုတော့ ငါ တကယ့်ကို ချီးကျူးမိပါရဲ့ ဂျေနော်ရယ်"

ဟု ခါးနွဲ့နွဲ့ကို လက်ကလေးနှစ်ဖက်ထောက်ရင်း ခေါင်းလေးငဲ့ကာ ပြောနေစဉ် ဇော်လှဆိုသော လူငယ်ထွားထွား တစ်ဦးက မဲ့ပြုံးပြုံးလျက် သူတို့၏အနီးသို့ ရောက်ရှိလာလေ၏။

ဇော်လှမှာ လော်ပန်ကြီးတစ်ဦး၏ သားဖြစ်ပြီး သူ့ဖခင် လော်ပန်ကြီး ဦးခမ်းဇော်ပိုင် ဆင်စခန်းမှာ ဟူးကောင်းမြို့နှင့် နယ်မြေတစ်ကြောတည်းမှာရှိသည့် မိုင်းခွန်းရွာကြီးအနီးမှ သစ်တောအုပ်ထဲတွင် ရှိလေ၏။

လော်ပန်ကြီး ဦးခမ်းဇော်နှင့် လော်ပန်ကြီး ဦးခမ်းဝဏ္ဏ





တို့မှာ စီးပွားပြိုင်ဘက်များ ဖြစ်သော်လည်း ချမ်းသာသော လော်ပန်အချင်းချင်းမို့ တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပဏ္ဏာ ဆက်ကာ မိတ်ဖွဲ့ထားကြရာ ဦးခမ်းဇော်၏သား ဇော်လှမှာ ဦးခမ်းဇော်ပေးလိုက်သော လက်ဆောင်ပစ္စည်းတို့နှင့်အတူ ဆင်တစ်စီးဖြင့် ဟူးကောင်းမြို့သို့ ရောက်ရောက်လာတတ်ပြီး ဦးခမ်းဝဏ္ဏ၏ တောထဲမှ ဆင်စခန်းအထိ လာရောက် လည်ပတ်ကာ သူ့ဖခင်၏ လက်ဆောင်ပဏ္ဏာတို့ကို ဦးခမ်းဝဏ္ဏထံ ပေးအပ်လျက် ဦးခမ်းဝဏ္ဏ၏ အထူးဧည့်သည်တော်အဖြစ် တစ်ပတ်ဆယ်ရက် စသည်ဖြင့် နေလေ့ရှိလေ၏။

ဇော်လှမှာ အသက်အားဖြင့် ဆယ့်ကိုးနှစ်ဆယ်ခန့် ရှိပြီး ထွားကျိုင်းသန်မာသူတစ်ဦးဖြစ်ကာ သူသည်လည်း သူတို့ ဆင်စခန်း၏ ဆင်ဦးစီးကောင်း မင်္ဂလာဂျစ်ကောင်းတစ်ဦးဖြစ်လေ၏။

သူသည် ဤဆင်စခန်းသို့ သုံးလေးခေါက် ရောက်ဖူး သဖြင့် ဤဆင်စခန်းမှ ဆင်ဦးစီးများ ဆင်လုပ်သားများနှင့် ရင်းနှီးကျွမ်းဝင်လျက်ရှိပြီး ဖြစ်ပေ၏။

ဇော်လှသည် အပျိုဖော်ဝင်စဖြစ်ကာ သွေးသား ပြောင်းလဲလျက် အလှသွေးကြွယ်နေပြီဖြစ်သော နှောင်းမီလေးကို မြင်လိုသဖြင့် နှောင်းမီ ကျောင်းရက်ရှည်ပိတ်သည့် ကာလဝယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပစ္စည်း တစ်ပွေ့တစ်ပိုက်ဖြင့် အရောက်လာခဲ့ခြင်း ဖြစ်ပါ၏။

သို့သော် နှောင်းမီမှာ ရွှေညှော်သည်ဖြစ်သော သူ… ဂရုမစိုက်ဘဲ ဘာမဟုတ်သည့် ဆင်းရဲသား ဆင်သမားလေး ဂျေနော်အား အလေးဂရုပြုနေသည်ကို နှောင်းမီတို့၏ အိမ်ပေါ်ထပ် ဝရန်တာမှ လှမ်းတွေ့သဖြင့် ကွဲမြီးတိုကာ နောက်… လိုက်လာပြီး ဂျေနော်အား နှောင်းမီက ချီးကျူးစကား ဆို… သည်ကို မနာလို မရှုစိမ့် အဖြစ်ကြီးဖြစ်ကာ နေလေ၏။

သို့ကြောင့် ဖော်လူသည် သရော်ပြုံး ပြုံးလိုက်ကာ ရယ်သွမ်းသွေးလိုက်ပြီးမှ

"ဟင်း ဟင်း ဟင်း နို့နံ့တောင်မစင်သေး… အမိနောက်လိုက် ဆင်ကလေးတစ်ကောင်ကို ဖမ်းမိလာရုံ… ဂျေနော့်ကို အထင်ကြီးမနေစမ်းပါနဲ့ နှောင်းမီ"

"တို့ရဲ့ မိုင်းခွန်းဆင်စခန်းမှာ တို့ဖမ်းထားတဲ့ ဆင်ကြီး… သုံးကောင်တိတိရှိတယ် . . . အားလုံး စွယ်စုံဆင်နဲ့ ဟိုင်းဆ… ကြီးတွေချည်းပဲ . . . နှောင်းမီ အလည်အပတ်အဖြစ် လိုက်ကြ… ပါလား . . . တို့ကတော့ ခြင်ဖမ်းသလို ဖမ်းရတာသိပ်လွယ်… ဆင်ပေါက်စနလေးတွေ ဖမ်းတာမျိုးတော့ ဝါသနာမပါဘူး





နှောင်းမီရေ ဟင်း ဟင်း ဟင်း"

ဟု လှောင်ပြောင်ရယ်မောရင်းမှ ဂျေနော်အား စောင်းမြောင်းနှိမ်ချ ပြောဆိုလိုက်ရာ ဂျေနော်က ဖော်လူကို တစ်ချက်သာလှည့်ကြည့်ပြီး ဘာမှမပြောသော်လည်း တူးခေါင်က လပြည့်သောက်ရန် ရေထည့်ထားသည့် သစ်သားစည်ပြွတ်ကို လပြည့်၏ရှေ့ဝယ် ချပေးရင်းမှ

"ဆင်ဖမ်းတယ်ဆိုတာ ဘယ်လိုတောဆင်ရိုင်းကိုပဲ ဖမ်းဖမ်း ခြင်ဖမ်းသလောက်တော့ မလွယ်ဘူး ကိုဖော်လူ၊ ကျုပ်တို့က ဆင်ပေါက်ကလေး ဖမ်းတယ်ဆိုပေမယ့် တောဆင်ရိုင်းအုပ်ထဲ ဝင်ဖမ်းခဲ့တာပါ . . . နောက်ပြီး ဂျေနော် ကလည်း စွယ်စုံဆင်ကြီးတွေ ဟိုင်းဆင်တွေကို ဆက်ပြီး ဖမ်းပြဦးမှာပါဗျ"

ဟု ဂျေနော့်ဘက်မှ မခံချင်သံဖြင့် ပြောလိုက်ရာ ဖော်လူက တဟားဟား အော်ရယ်လိုက်ပြီး

"ဟား ဟား ဟား ကြိုးစားလိုက်ပါဦးကွာ ကြိုးစား လိုက်ပါဦး နောက်ဆယ်နှစ်လောက်"

"ဟော ဟိုမှာကြည့်စမ်း ငါ့ရဲ့လက်စွဲတော် စွယ်နက်၊ ဂျေနော် မင်း ငါ့ရဲ့စွယ်နက်ကို ယှဉ်နိုင်တဲ့ဆင်မျိုး ရှာထား



www.burmeseclassic.com

www.burmeseclassic.com



ကြားလား . . . ငါက မင်းတို့ဟူးကောင်းဆင်ပြိုင်ပွဲမှာ စွယ်နက်နဲ့ လာပြိုင်မှာ . . . မင်းတို့ ဟူးကောင်းကဆင်တွေ ငါ့စွယ်နက်ကို မယှဉ်နိုင်စေရဘူး ဟား ဟား ဟား''

ဟု အော်ရယ်လိုက်ပြီးနောက်

''စွယ်နက် စွယ်နက်''ဟု သူ့ဆင်ကြီးကို လှမ်းခေါ် လိုက်ရာ စွယ်စုံဆင်ကြီး စွယ်နက်မှာ ဆင်တင်းကုတ်တို့၏ရှေ့မှ ခပ်တွေတွေရပ်လျက်ရှိရာမှ သူ့သခင်ရှိရာသို့ ခပ်သွက်သွက် လှမ်းလာလေ၏။

စွယ်နက်မှာ စွယ်စုံဆင်ပျိုတစ်ကောင်ဖြစ်ပြီး အရပ် အမြင့် ရှစ်ပေခန့်ရှိရာ သူ့၏အသက်အရွယ်နှင့်စာလျှင် ထွားကျိုင်း မြင့်မားသော အာရှဆင်တစ်ကောင်ဟု ဆိုရမည်ဖြစ်၏။ အားအင် ခွန်အားပြည့်ဖြိုးလျက် ပေါ့ပါးသွက်လက်ကာ လန်းဆန်းတက်ကြွ နေဟန်ရှိသော စွယ်နက်၏ဟန်ပန်က ငှက်အသွင် ပျံကြွ မတတ်သော်(ဝ်)ဟု တင်စားရမလို နတ်မြင်းပျံနှယ် မြူးကြွားကြွား အသွင်ဆောင်နေ၏။

ငါးပေစီခန့် ရှည်လျားကော့ပျံလျက်ရှိသော လုံးသည့် အစွယ်နှစ်ချောင်းကလည်း စွယ်နက်ကို မာန်တက်စေသည်ထင့်။ ဖြူသောအဆင်းရှိသည့် အစွယ်တို့ဝယ် ဝါရွှေရောင်ပါးပါးစွက်ပြီး





ဆင်စွယ်ရောင်စစ်စစ် တောက်လက်နေကာ ထူးထူးခြားခြားပင် အစွယ်တို့၏အရင်း၌ တစ်မိုက်ခန့် အနက်ရောင်အရစ် ပါရှိလေ သဖြင့် စွယ်နက်ဟု အမည်ကမ္ပည်းတွင်ခြင်း ဖြစ်ချိမ့်မည်။

ဟူးကောင်းဒေသမှ ဆင်ယဉ်တို့၏ ထုံးစံအတိုင်း ထူးကြိုးခတ်ထားခြင်း မရှိရာ စွယ်နက်က သူ၏ တုတ်ခိုင် သန်စွမ်းလှသည့် ခြေထောက်တို့ကို လွှတ်လပ်ပေါ့ပါးစွာ လှုပ်ရှားရင်း သခင်ဖြစ်သူ ဖော်လူ၏အနီးသို့ ရောက်ရှိလာ လေ၏။

ဖော်လူက ဟူးကောင်းဆင်များ နားလည်သည့် အာသံ တောဖြင့်

''ဘတ်ဆမ်း ဘတ်ဆမ်း (ဝပ်ပါ ဝပ်ပါ)''ဟု အမိန့် ပေးလိုက်ရာ စွယ်နက်က သခင်၏နံဘေးဝယ် ဒူးများညွှတ်ကာ ဝပ်လိုက်လေ၏။

ထိုအခါ ဖော်လူက စွယ်နက်၏ကျောပေါ်သို့ ပေါ့ပါးစွာ တက်လိုက်ပြီး

''မိုင်း မိုင်း မိုင်း (ထ ရပ် ရပ်)''ဟု အမိန့်ပေးလိုက်ရာ စွယ်နက်က ဝပ်နေရာမှ ထလိုက်တော့၏။

စွယ်နက်၏ ဦးကင်းနောက်ဝယ် အကျအန



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီးနောက် ဇော်လူသည် ဂျေနော်အား ခပ်ပြုံးပြုံး လှည့်ကြည့်လိုက်ရာမှ

"ဟေ့ ဂျေနော် ငါ့ရဲ့စွယ်နက်က မိုင်းခွန်းတစ်ဝိုက်မှာတော့ ယှဉ်နိုင်တဲ့ဆင် မရှိသလောက် ဖြစ်နေပြီနော် . . . လာမယ့်နှစ်ဆို မင်းတို့ဟူးကောင်းအထိပါ စွယ်နက်က နယ်ပယ်ချဲ့ထွင် စိုးမိုးတော့မှာကွ သိလား . . . မင်းနဲ့ မင်းရဲ့ဆင်ပါမွှား ငါတို့ကိုမှီဖို့ ကြိုးစားထား ကြားလား"

ဟု ရိသဲ့လှောင်ပြောင်စကားကို ပြောဖြစ်အောင် ပြောလိုက်ပြီး နောင်းမီဘက်သို့ အကြည့်ကိုရွှေ့ကာ လက်တစ်ဖက် မြှောက်ပြလိုက်ရင်း

"နောင်းမီ စွယ်နက်နဲ့ သစ်ဆွဲစရာရှိသေးလို့ မိုင်းခွန်းကို ပြန်ဦးမယ် . . . နောက်တစ်ခါလာမှ နောင်းမီဖို့ သစ်ခွပန်း လှလှလေးတွေ တောနက်ထဲက ခူးလာခဲ့မယ် သိလား . . . သွားပြီ နောင်းမီလေးရေ"

ဟု ပြီတီတီမျက်နှာဖြင့် နှုတ်ဆက်စကားဆိုလိုက်ရာ နောင်းမီက မျက်စောင်းလေးထိုးကာ နှုတ်ခမ်းလှလှလေး မဲ့ပြလိုက်လေ၏။ နောင်းမီ၏ ကလေးဆန်သော အမူအရာကို ကြည့်ကာ ဇော်လူမှာ တဟင်းဟင်းရယ်လျက်မှ





"အဂစ် အဂစ် (သွား သွားတော့)"ဟု သူ၏ဆင်ကြီး စွယ်နက်အား အမိန့်ပေးကာ လော်ပန်ကြီး၏အိမ်ရှိရာ တောင်ကုန်းပေါ် တက်သွားတော့၏။

"ဟွန်း သိပ်မုန်းဖို့ကောင်းတာပဲ . . . သူ့ကိုယ်သူ အတ်လိုက်ကျနေတာပဲ . . . ဂျေနော့်ကိုလည်း နှိမ်လိုက်တာ"

ဟု နှုတ်ခမ်းလေးစူ ခါးလေးထောက်ပြီး နောင်းမီက ဇော်လူကို မကျေမချမ်း ပွစိပွစိ ပြောနေရာ ဂျေနော်က ပြုံးလိုက်ပြီး

"သူ့ဘာသာ ပြောချင်ရာပြောပါစေ နောင်းမီရယ်၊ ဘာပဲဖြစ်ဖြစ် သူက နင့်အဖေရဲ့ အထူးညွှန်သည် မဟုတ်လား၊ ပြီးတော့ မိုင်းခွန်းနယ်မှာ လော်ပန်ကြီးဖြစ်လာမယ့်သူ၊ သူ့ကို နင် ကောင်းကောင်းမွန်မွန် ဆက်ဆံသင့်တယ် နောင်းမီ၊ သူနှုတ်ဆက်သွားတာကို ကောင်းကောင်းမွန်မွန် ပြန်နှုတ်ဆက်သင့်တယ်"

ဟု လူကြီးသူမဟန်ပန်မျိုးဖြင့် ဂျေနော်က ဖျောင်းဖျ ပြောဆိုလိုက်ရာ နောင်းမီက မျက်မှောင်ကို အတွန့်ချိုးထားရင်း ဂျေနော့်ကိုပါ မျက်စောင်းခဲလိုက်ကာ

"အောင်မာ ငါ့ ဘာဖြစ်လို့ သူ့ကို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



မွန်မွန် နှုတ်ဆက်ရမှာလဲ . . . အလကားလူ သူ့ကိုယ်သူ သိပ်အထင်ကြီးနေတဲ့သူ . . . သူ့ကိုယ်သူ လော်ပန်ကြီးရဲ့သား ဆိုပြီး အခြောက်တိုင် ဘဝင်မြင့်နေတာ . . . သူ အဖေ့ကို ပြောနေတဲ့စကားတွေ ကြားရကတည်းက ငါက သူ့ကို အမြင်ကပ်နေတာဟ သိလား"

ဟု မဲ့ရွဲ့ပြောလိုက်ရာ ဂျေနော်က နှောင်းမိ၏ ဒေါပွနေဟန်လေးကို သဘောကျစွာ ပြုံးကြည့်နေရင်းမှ

"သူက ဘာတွေများ ပြောလို့ နင်က အမြင်ကပ်ရတာလဲဟ"

ဟု စကားထောက်ပြီး မေးလိုက်ရာ နှောင်းမိက သူမ၏ ဘော့ဟဲယား ဆံပင်လေးကို ခါယမ်းလိုက်ရင်း

"ဘုံဘေဘားမား သစ်ကုမ္ပဏီက သူတို့ဆင်စခန်းက သွင်းတဲ့ သစ်တွေကို သိပ်သဘောကျတာပဲတဲ့လေ . . . ကျွန်းတွေ ပျဉ်းကတိုးတွေအပြင် သစ်မွှေးတွေပါ သွင်းနိုင်လို့ သစ်တော အရေးပိုင်ကတောင် ချီးကျူးသတဲ့လေ . . . နောက်ဆို သစ်တော ဌာနက ဆင်ဖမ်းလိုင်စင်ရှိမှ ဆင်ဖမ်းခွင့်ပေးတော့မှာတဲ့၊ သူ့အဖေ လော်ပန်ကြီး ထောက်ခံတဲ့သူမှ ဆင်ဖမ်းခွင့်ရှိမှာတဲ့လေ"

"ဒါကြောင့် ငါ့အဖေက ဗြိတိသျှအရာရှိကြီးတွေနဲ့ ပလဲနံ့ပသင့်တဲ့ သူ့ရဲ့အဖေနဲ့ သင့်အောင်ပေါင်းထားသင့်တယ် ဘာညာနဲ့ စုံနေတာပဲ . . . သူပြောတဲ့စကားမှန်သမျှဟာ သူတို့သားအဖ ဘယ်လောက်တော်ကြောင်း၊ ဗြိတိသျှအရာရှိ ကြီးကြီးက စတာတွေကို ဘယ်လိုပိုင်ကြောင်း၊ သူတို့ကိုယ် သူတို့ အမွှန်းတင်ပြီး ငါ့အဖေကိုရော အဖေ့ရဲ့ ဆင်စခန်းကိုရော နှိမ်ချသလိုလို စော်ကားသလိုလို ပြောတာဟ . . . ဒါကြောင့် ငါ အမြင်ကပ်တာ"

ဟု နှောင်းမိက ဒေါမာန်ပါပါလေးဖြင့် ပြောရာ ဗျူးခေါင်က လပြည့်စားဖို့ ငှက်ပျောဖက်ပေါ်သို့ ငှက်ပျောတုံး အလယ်သားနုနုလေးများ ထပ်ထည့်ပေးရင်းမှ

"သူက အဲဒီလို သူတို့ကိုယ်သူတို့ ဆန်းတင်ပြီးပြောတော့ နင့်အဖေ လော်ပန်ကြီးက ဘာမှပြန်မပြောဘူးလား"

ဟု မခံချင်သံဖြင့် မေးလိုက်လေ၏။

"အဖေက ဘာမှမပြောဘူး . . . သူ့ဆေးတံကြီး ဖွာပြီး အဲဒီလူပြောသမျှ ငြိမ်နားထောင်နေတာ . . . အဖေက အခါကတော့ ငါ့ကိုပြောဖူးပါတယ် . . . ခမ်းဇော်တို့ သားအဖက ညံ့တယ်တဲ့ . . . မျက်နှာဖြူအရာရှိတွေရဲ့ အကြိုက်ကိုလိုက်ပြီး ဆက်ဆံတတ်တယ်တဲ့ . . . ဒါကြောင့် လုပ်ငန်းရှင်ချင်း





ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လော်ပန်ချင်းယှဉ်ရင် ဗြိတိသျှတွေက ဦးခမ်းဇော်ကို ဦးစားပေးလေ့ရှိတယ်တဲ့ . . . ဦးခမ်းဇော်က သူနဲ့မတည့်တဲ့သူဆို ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်နေတဲ့အဖွဲ့တွေနဲ့ ပူးပေါင်းတဲ့သူ သူလျှိုဆိုပြီး ဗြိတိသျှအရာရှိတွေဆီ လက်တို့သတင်းပေးတတ်တယ်တဲ့ . . . ဒါကြောင့် အဖေက မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ဦးခမ်းဇော်တို့နဲ့ အလိုက်အထိုက် ပေါင်းနေရတာတဲ့ . . . ပြောဖူးတယ်''

ဟု ရှင်းပြလိုက်ရာ တူးခေါင်က သူ့နဖူး သူ့လက်ဖဝါးဖြင့် ရိုက်ရင်း

''ဟာ ဒါဆို ငါတို့ရဲ့ လော်ပန်ကြီးကိုယ်တိုင်က ဇော်လှူတို့သားအဖကို ကြောက်နေရသလိုပါပဲလား . . . ဒီအတိုင်းဆို ဇော်လှူတို့သားအဖဟာ မိုင်းခွန်းတင်မကဘဲ ငါတို့ ဟူးကောင်းဒေသ တစ်ခွင်လုံးကိုပါ လွှမ်းမိုးဗိုလ်ကျတော့မှာပါလား''

ဟု မခံချိမခံသာ အသံကြီးဖြင့် ပြောလိုက်ပြီးနောက်

''ဒါကြောင့် ဇော်လှူက လူပါးဝစကားတွေ ပြောနေတာကိုးကွ . . . တောက် ငါတို့ရဲ့ ဟူးကောင်းဆင်စခန်းကို ညှဉ်းသည်လာလုပ်ပြီး အိမ်ရှင်တွေကို စော်ကားသွားရတယ်လို့ကွာ''





ဟု စိတ်ဆတ်သူပီပီ ဒေါသသံဖြင့် တဗျစ်တောက်တောက် ပြောနေရာ ဂျေနော်က ပြုံးလိုက်ပြီး

''တူးခေါင် နေစမ်းပါကွာ . . . သူ ဘယ်လောက်အထိ ဆက်မထောင်နိုင်ပြီး လူပါးဝနိုင်မလဲ စောင့်ကြည့်လိုက်စမ်းပါကွာ၊ ဒီက သူတို့လို မျက်နှာဖြူအရာရှိကြီးတွေအနား ကပ်ပြီး နေနိုင်ဘူး . . . သူတို့လိုလည်း ပိုက်ဆံမရှိဘူး . . . ဒါပေမဲ့ ငါ့ရဲ့ သတ္တိစွမ်းရည်နဲ့ တစ်နေ့မှာ ဇော်လှူကို ယှဉ်ပြိုင်အနိုင်ယူပြမယ် တူးခေါင် . . . ဟောဒီ လပြည့်ကို အားကောင်းမောင်းသန် ဆင်ပျိုတစ်ကောင်ဖြစ်လာအောင် သေချာမွေးမြူပြီး ငါ ဇော်လှူကို ယှဉ်ပြိုင်အနိုင်ယူပြမယ်''

ဟု အားမာန်အပြည့်ဖြင့် ပြောလိုက်ရာ တူးခေါင်က အားရသဘောကျလှစွာဖြင့် ဂျေနော်၏ပခုံးကို လက်ဖဝါးတစ်ဖက်ဖြင့် ဖြန်းခနဲရိုက်လိုက်ပြီး

''ဒါမှ ဂျေနော်ကွ . . . မင်း အစွမ်းကုန် ကြိုးစားထိုက်စမ်းပါ ဂျေနော် . . . ငါလည်း တတ်နိုင်သလောက် ဆင်ကို ဝိုင်းကူပါ့မယ် . . . ငါတို့ ဟူးကောင်းဒေသကို ဇော်လှူသာပြီး လွှမ်းမိုးစော်ကားတာတော့ ငါ မခံချင်လို့ပါကွာ''

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နှောင်းမီကလည်း ဂျေနော်၏ လက်မောင်းတစ်ဖက်
အုပ် ဖော့ဖယောင်းနှယ် နူးညံ့လှပ သွယ်ပျောင်းသေ
လက်ကလေးတစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး

"ဟုတ်တယ် ဂျေနော် . . . နင့်မှာ ပိုက်ဆံမရှိပေမ
အစွမ်းအစနဲ့ သတ္တိရှိပါတယ်ဟာ . . . နင် တစ်နေ့ ဖော်လှ
ယှဉ်ပြိုင်ပြီး နိုင်အောင်လုပ်စမ်းပါ . . . ငါသာ ယောက်ျားလေ
ကျားကုပ်ကျားခဲ ကြိုးစားပြီး ဖော်လှကို ဦးချိုးပစ်မှာပဲ . .
ခုတော့ မိန်းကလေးဖြစ်နေလို့ ငါ့ရဲ့သူငယ်ချင်းဖြစ်တဲ့ နင့်ကို
အားပေးနေရတာဟာ . . . နင့်မှာ အကူအညီလိုရင်လည်
ပြော သိလား . . . ငါ ကူညီနိုင်သရွေ့ ကူညီမယ် ဂျေနော်

ဟု လှိုက်လှိုက်လှဲလှဲပြောကာ အားပေးလိုက်
ဂျေနော်က နှောင်းမီ၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး

"နှောင်းမီ နင့်အဖေ လော်ပန်ကြီးကို ပြောပေး
ပါဟာ၊ သစ်တောဌာနက ဆင်ဖမ်းလိုင်စင်ရှိသူမှ ဆင်ဖမ်းခွ
ပေးတော့မယ်ဆိုရင် ငါ လိုင်စင်ရအောင် လုပ်ပေးပါလို့ နင့်အဖ
လော်ပန်ကြီးကို ပြောပေးပါဟာ"

ဟု တောင်းပန်သလိုပြောလိုက်ရာ နှောင်းမီက အား
တရ ပြုံးလိုက်ကာ





"ဟာ အဲဒါကတော့ စိတ်ချ . . . နင် ဆင်ဖမ်းလိုင်စင်
ရအောင် ငါ အဖေ့ကို ပြောပေးမယ် . . . နင်ဟာ ဒီ
ဘူးကောင်းဆင်စခန်းရဲ့ အတော်ဆုံး ဆင်ဖမ်းသမား မဖြစ်ဖြစ်
အောင်ဖြစ်စေရမယ်"

ဟု လှိုက်လှဲအားပါစွာ ပြောလိုက်ရာ ဂျေနော်က
နှောင်းမီ၏ မျက်နှာလှလှလေးကို ကျေးဇူးတင်စွာ ရွှန်းရွှန်းစားစား
ကြည့်လိုက်ကာ

"ကျေးဇူးတင်လိုက်တာ နှောင်းမီ . . . ငါတော့ နင့်လို
သူငယ်ချင်းမျိုး ရထားတာ သိပ်ကံကောင်းတာပဲ . . . ငါ
နင်တို့ ဖြစ်စေချင်သလို ဖြစ်အောင် ဒီနေ့ကစပြီး အားခွန်
အပြည့်နဲ့ ကြိုးစားတော့မယ်ဟာ"

ဟု အားတက်ရွှင်လန်းစွာ ပြောလိုက်ပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ အမှုန်းအသချေ ❖

ဂျေနော်မှာ နေ့ဘက်၌ ဆင်ကြီးမိုးယံကို ဦးစီးပြီး အခြားသော သစ်ဆွဲဆင်များနှင့်အတူ တောင်ကြော၏တစ်ဘက်ရှိ သစ်ခုတ်ကွက်မှ ခုတ်လှဲထားပြီးသား သစ်လုံးကြီးများကို သစ်လှောင်စခန်းအရောက် တစ်နေ့ကုန် သစ်ဆွဲရလေ၏။

ညဘက်အရောက်ဝယ် ဂျေနော်မှာ ဆင်ဓခါင်းကြီးဖြစ်သူ ဦးတာလုံ၏အိမ်မှာ ညလိုက်အိပ်ရလေ၏။ တူးခေါင်၏ ဘကြီးတော်သူ ဆင်ခေါင်းကြီး ဦးတာလုံကလည်း ဂျေနော်ကို ရှုသား



www.burmeseclassic.com

www.burmeseclassic.com



အရင်းကဲ့သို့ ခင်မင်နေသူဖြစ်၏။

ဦးတာလုံမှာ ဆင်သမားလုပ်သက် အနှစ်လေးဆယ် ကျော်ပြီဖြစ်ကာ သူ့ဝယ် သားမရှိဘဲ သမီးနှစ်ယောက်သာ ရှိလေ၏။ သူ၏သမီးများမှာ အရွယ်ရောက်ပြီး ဟူးကောင်းမြို့ ပေါ်မှ ခြံသမားများနှင့် အိမ်ထောင်ရက်သားကျကာ မြို့ပေါ်မှာပင် နေသဖြင့် ဆင်စခန်းမှ သူတို့၏ သစ်လုံးအိမ်လေးဝယ် ဇနီး ဒေါ်မူးဆီနှင့် နှစ်ဦးတည်း အေးချမ်းစွာ နေထိုင်နေသူဖြစ်လေ၏။

တစ်ညသ၌ သစ်လုံးအိမ်လေးထဲတွင် မီးလင်းဖိုဝယ် မီးလှုံရင်း ဆင်ခေါင်းကြီး ဦးတာလုံမှာ အိမ်တိုင်တစ်တိုင်ကို မှီကာ ဝါးဆေးတံကြီးကို ဖွာနေရာမှ

"ဂျေနော် မင်းရဲ့ဆင်ကလေး အတော် ယဉ်လာပြီ လားကွ"

ဟု မေးလိုက်လေ၏။

ဂျေနော်က ဒေါ်မူးဆီ နှမ်းဆီဆမ်းပေးထားသော ဆတ်သားခြောက်ဖုတ်ကို ဝါးနေရင်းမှ

"ကျွန်တော် ဆင်ချော့တေးကို မနက်တိုင်းရော ညနေတိုင်းပါ ဆိုဆိုပေးပြီး ချော့ချော့ပေးလို့ ခုဆို အတော် ယဉ်နေပြီ ဦးလေးလုံ . . . သူ့ရဲ့ဒဏ်ရာတွေကိုလည်း ဆေးရည်





သိမ်းပေးလို့ သက်သာပျောက်ကင်းသွားပြီး ကျွန်တော့်ကိုလည်း အတော် ခင်လာပုံရတယ် . . . ဒါပေမဲ့ သိပ်စိတ်မချရသေးလို့ ရှေ့ခြေနှစ်ချောင်းကိုတော့ ကြိုးတုပ်ထားတုန်းပဲ"

ဟု ပြောလိုက်လေ၏။

လပြည့်မှာ သူ့ကို ဖမ်းမိစဉ်မှစ၍ ဆင်တင်းကုတ်ထဲဝယ် ကြိုးတုပ်ထားရစဉ် အရိုင်းစိတ်ဖြင့် ဒေါသတကြီး ရုန်းကန်ခဲ့ရာ သူ၏ ရှေ့ခြေနှစ်ချောင်းနှင့် လည်ပင်းအောက်တို့ဝယ် ကြိုးပွန်း ဒဏ်ရာ ပြင်းစွာရရှိခဲ့ရှာ၏။

သို့ကြောင့် ဆင်ဆေးရည်ဖြင့် လပြည့်၏ ဒဏ်ရာများကို ဂျေနော်က တယုတယ လိမ်းပေးကာ ဂရုတစိုက် ကုသခဲ့ရ လေ၏။

ဆင်ဆေးရည်မှာ ဆေးဖက်ဝင် သစ်ခေါက်များနှင့် သစ်မွှေးခေါက်များပေါင်းပြီး မြေအိုးကြီးတစ်လုံးဖြင့် ကျိုထားခြင်း ဖြစ်၏။ မီးမြွှင်းမြွှင်းဖြင့် ကျိုထားသော ယင်းနီညိုရောင် ဆေးရည်မှာ ဆင်တို့၌ရရှိသော ထိခိုက်ဒဏ်ရာတို့ကို လျင်မြန်စွာ ပျောက်ကင်းစေသည့် သဘာဝ ဒဏ်ရာကျက်ဆေးပင်ဖြစ်ချေ၏။

ဒဏ်ရာရထားသော ဆင်ရိုင်းတို့ကို ယင်းဆေးရည်ဖြင့် သုတ်လိမ်းကုသပေးပါက ဆင်ရိုင်းသည် သူ့အား ဧေနာမှ



www.burmeseclassic.com

www.burmeseclassic.com



သက်သာပျောက်ကင်းအောင် တယုတယ ကုသပေးသောလူကို ခင်မင်ပြီး ရိုင်းရုံမှ ယဉ်ပါးလာလေ့ရှိမြဲဖြစ်၏။ လူနှင့် ယဉ်ပါးသွားပြီဆိုက ယင်းဆင်ကို စီးနိုင်ခိုင်းနိုင်အောင် တစ်ဆင့်တက် လေ့ကျင့်ပေးရန်သာရှိတော့သည်။

"အေး ငါတို့ဆင်စခန်းမှာ ဆင်တစ်ကောင် တိုးလာတာတော့ ဝမ်းသာစရာပါပဲကွာ . . . ငါတို့ဒေသမှာ မော်တော်ကားလမ်း ကောင်းကောင်းမရှိသေးတော့ ခြေလျင်ခရီးကိုပဲ အားကိုးနေရတာ မဟုတ်လားကွ . . . ဒီတော့ ငါတို့ဒေသမှာ ပေါများတဲ့ ဆင်တွေကိုပဲ အားပြုပြီး ခရီးဝေးသွားလာနေရတာ၊ ငါတို့ဒေသခံလူတွေအတွက် ဆင်ဟာ မရှိမဖြစ်တဲ့ ယာဉ်ယန္တရားတစ်မျိုးပဲဟေ့"

ဟု ပြောလိုက်ပြီးနောက် ဆင်ခေါင်းကြီး ဦးတာလုံက မြေခရားထဲမှ ရေနွေးတစ်ခွက် ငှဲ့ကာ ရှူးခနဲ သောက်လိုက်လေ၏။

ညဉ့်သည် တိတ်ဆိတ်အေးမြလျက်ရှိသည်။ သစ်လုံးအိမ်လေးထဲဝယ် မီးလင်းဖိုမှ ထင်းတို့၏ တဖြောက်ဖြောက် မီးပေါက်သံနှင့် အတွင်းခန်းထဲမှ အကြီး ဒေါ်မူးဆီ၏ အချက်ကျကျ ဟောက်သံတို့သာ တိုးတိုးလျလျ ထွက်ပေါ်လျက်





ရှိလေ၏။

"ဒါထက် ဦးလေးလုံ့ သစ်တောဌာနက ဆင်ဖမ်းလိုင်စင်ထုတ်ပေးတော့မယ်ဆို . . . နောက်ဆို ဆင်ဖမ်းလိုင်စင်ရှိသူမှ ဆင်ဖမ်းရမယ်လို့ ပြောသံကြားရတယ်ဗျ"

ဟု ဂျေနော်က ပြောလိုက်ရာ အိမ်တိုင်ကို ပြန်မှီပြီး ငါးဆေးတံကြီးကို ခပ်မှုန်းမှုန်း ဖွာနေရာမှ

"အေး ငါလည်းကြားတယ် . . . ဆင်တွေကို မတရားခမ်းဆီးသတ်ဖြတ်ပြီး ဆင်စွယ်ဖြတ်ယူတဲ့ စည်းကမ်းမဲ့ ဆင်မုဆိုးတွေကြောင့် လိုင်စင်ရှိမှ ဆင်ဖမ်းခွင့်ရှိမယ်ဆိုတဲ့ ပညတ်ချက်ပေါ်လာတာဖြစ်မယ်"

ဟု ဦးတာလုံက ပြောလိုက်ရာ ဂျေနော်၏မျက်နှာဝယ် ထင်းမာမှုအရိပ်အယောင်များ ပေါ်လာပြီး

"ဆင်စွယ်လိုချင်လို့ ဆင်ကိုသတ်ပြီး ယူတာတော့ ရိုင်းလွန်းပါတယ်ဗျာ . . . ကျွန်တော်သာ အဲဒီလိုလူမျိုး တွေ့လို့ကတော့ တောလိုက်ဓားနဲ့ အထိုးပဲ"

ဟု အသံခပ်ပြတ်ပြတ်ဖြင့် ပြောလိုက်ရာ ဦးတာလုံက ခပ်ပြုံးပြုံးဖြင့် လှည့်ကြည့်ရင်း

"အေး မင်းတို့ ငါတို့လို ဆင်တွေကို လုပ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဖက်လို မိသားစုဝင်လို ရဲဘော်ရဲဘက်လို သဘောထားသူ ဆင်သမားတွေကတော့ မတော်လောဘနဲ့ ဆင်ကို ရက်ရက် စက်စက် သတ်ပြီး ဆင်စွယ်ယူသူတွေကို မုန်းတာပေါ့ကွာ။ ဆင်တွေဟာ ငါတို့ရဲ့ မဟာမိတ်တွေဖြစ်သလို ထမင်းရှင်တွေ ဆိုလည်း မမှားဘူးမဟုတ်လားကွာ''

''တကယ်တော့ ဆင်ဟာ ရှေးမြန်မာမင်းတွေ လက်ထက်ကတည်းက ရတနာတစ်ပါးဖြစ်ခဲ့တာ မဟုတ်လားကွ၊ ဆင်ဟာ ရာဇာဌာနီမင်းတို့အတွက် စစ်သုံးလက်နက်တော်ကြီး တွေလည်း ဖြစ်ခဲ့တယ်ကွ . . . မင်းတို့ဆောင်အပ်တဲ့ ရတနာ ခုနစ်ပါးမှာ တစ်ပါးအပါအဝင်ပဲလေ''

''ဆင်ဟာ ငါတို့အတွက် အထွဋ်အမြတ် အသည်းနှလုံး ဖြစ်ပေမယ့် လောဘသား ဆင်မုဆိုး သောနုတ္တရတို့လို လူမျိုးတွေအတွက်တော့ ဆင်တွေဟာ လောဘရဲ့သားကောင်တွေ ဖြစ်နေရတယ်ကွ . . . တချို့ ဆင်မုဆိုးတွေဆို ဘယ်လောက် စည်းကမ်းမဲ့သလဲဆိုရင် တောထဲမှာ လွှတ်ကြောင်းထားတဲ့ ပိုင်ရှင်ရှိ လုပ်ငန်းသုံး ဆင်တွေကိုတောင် အလွတ်မပေးဘူးကွ''

''ဆင်ရဲ့လည်ပင်းမှာ ခလောက်ဆွဲထားတာ တွေ့ပါ ရက်နဲ့ သေနတ်နဲ့ပစ်ဖမ်းပြီး အစွယ်ကို ဖြတ်ယူကြတယ်ကွ''





ဟု ရှည်လျားစွာ ပြောလိုက်ပြီးနော် ဆတ်သားခြောက် ...ဖတ်ကို ကောက်ဝါးလိုက်ကာ ပါးစောင်ဝယ် မြုံ့နေလိုက် ...၏။ ဂျေနော်လည်း အကြွမ်းခွက်ကို မော့လိုက်ရင်း

''အဲဒီ ဆင်မုဆိုးတွေက ဆင်တွေကို ကျွန်တော်တို့လို ...ရှင်ဖမ်းတာ မဟုတ်ဘူးလား ဦးလေးလုံ''

ဟု မေးလိုက်ရာ ဦးတာလုံက ရေနွေးကြမ်းတစ်ခွက် ...သောက်လိုက်ပြီး

''ဆင်ကို သူတို့က ဘယ်အရှင်ဖမ်းမလဲကွ . . . ဆင် ...ကိုယ်လုံးမှာ သူတို့လိုချင်တာ အစွယ်ဆိုတော့ အလုပ်ရှုပ် ...ပြီး အရှင်မဖမ်းဘူး . . . တစ်ခါတည်း အမဲပစ်သေနတ်နဲ့ ...သတ်ပြီး ဆင်စွယ်ကို ယူတော့တာပဲ . . . တစ်ခါတစ်လေ ...ဆင်ဟာ အတွင်းကလီစာကို ကျည်သင့်ပြီး မြေပြင်ပေါ် ...ဘုန်းလဲနေရာက အသက်ငင်နေတုန်းမှာပဲ ဆင်မုဆိုးတွေက ...စောင့်နိုင်တော့ဘဲ ဆင်စွယ်ကို လွှနဲ့ အတင်းတိုက်ဖြတ် ...တာကွ''

ဟု ပြောလိုက်ရာ ဂျေနော်မှာ မျက်လုံးဝိုင်းသွားပြီး

''ဟာ ဆင် မသေသေးခင် အစွယ်ကို ဖြတ်ယူတာ ...တ်လား ဦးလေးလုံ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မယုံနိုင်စွာ မေးလိုက်လေ၏။

"ဟုတ်တယ် ဂျေနော် ... သင်းတို့ရဲ့ ရက်စက်မှုကတော့ ကမ်းကုန်အောင်ပါပဲကွာ ... ဆင်ခများ သေနတ်ကျည်ဒဏ်ရာကြောင့် သွေးသံရဲရဲနဲ့ သေလုမျောပါး ဝေဒနာ ခံစားနေရတုန်း အစွယ်တွေကို အရှင်လတ်လတ် အဖြတ်ခံရတော့ အသည်းခိုက်မတတ် နာကျင်မှုဝေဒနာ ခံစားရတော့တာပေါ့ကွာ"

ဟု လေသံခပ်အေးအေးဖြင့် ပြောလိုက်ရာ ဂျေနော်မှာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကြိတ်လိုက်ရာမှ

"တောက် ဆင်မုဆိုးဆိုတဲ့ကောင်တွေဟာ ဒီလောက်ပဲ ရက်စက်ရသလား ... ကျွန်တော် အဲဒီကောင်တွေကို သိပ်မုန်းတယ်ဗျာ ... ကျွန်တော်သာ အဲဒီကောင်တွေနဲ့ တွေ့ရင်တော့ အရေခွံဆုတ်ပစ်မိမှာပဲ"

ဟု ဒေါသတကြီး ပြောလေရာ ဆင်များအပေါ်ဝယ် ဂျေနော် သံယောဇဉ်ကြီးကြောင်း သိသည့် ဦးတာလုံမှာ ဂျေနော်၏ပခုံးကို လက်တစ်ဖက်ဖြင့် လှမ်းပုတ်လိုက်ပြီး

"သိပ်လည်း ဒေါသမကြီးပါနဲ့ကွာ ... ခုလည်း ဆင်တွေကို အရမ်းမပစ်ဖို့ ဥပဒေ စည်းကမ်း သတ်မှတ်တော့မှာပဲ ... ဥပဒေက အဲဒီကောင်တွေကို အရေးယူသွားပါလိမ့်မယ်ကွာ ... ကဲ ညဉ့်နက်ပြီ အိပ်တော့ အိပ်တော့"

ဟု ပြောကာ မီးလင်းဖိုမှမီးကို လျှော့ပြီးနောက် အတွင်းခန်းသို့ ဝင်သွားတော့၏။ ဂျေနော်သည်သာ ဆင်မုဆိုးတို့၏ အကြောင်းကိုတွေးရင်း ငုတ်တုတ်ကျန်ရစ်ခဲ့တော့၏။

✧ ✧ ✧

လပြည့်ကို ယဉ်ပါးအောင် ချော့မြူကျွေးမွေး ပြုစုခဲ့သည်မှာ ရက်သတ္တသုံးပတ်ခန့် ရှိပြီမို့ လပြည့်မှာ လူနှင့်ရောနေနိုင်ပါ အတော် ယဉ်ပါးလျက်ရှိလေပြီ။

ဂျေနော်သည် သစ်ဆွဲရန် အလုပ်မရှိသည့် နေ့ရက်များဝယ် လပြည့်၏ ဆင်တင်းကုတ်မှာသာ တစ်နေ့လုံးနေပြီး လပြည့်၏ တစ်ကိုယ်လုံးကို လက်ဖြင့် နေရာလပ်မကျန်အောင် ပွတ်သပ်ပေးလေ၏။







www.burmeseclassic.com

www.burmeseclassic.com



သူခင် ဆင်ရိုင်းများ ဖမ်းပြီး ယဉ်အောင်ပြုလုပ်ပုံ
တွေ့မြင်ထားပြီးဖြစ်သဖြင့် ဆင်ကို ယဉ်ပါးအောင် တစ်ဆင့်ပြီး
တစ်ဆင့်တက်ကာ မည်သို့ပြုလုပ်ရမည်ကို ဂျေနော် သိထေ
သည်။

တောဆင်ရိုင်းတို့သည် လူနှင့်ထိမိပါက ယားယံတတ်ပြီ
အထိမခံကာ ခါထုတ်ပစ်လေ့ရှိ၏။ သို့ကြောင့် လူ၏ထိတွေ့မှုနှ
မစိမ်းအောင် ယဉ်ပါးအောင် လပြည့်၏ နှာမောင်း၊ ဦးကင်း
ကျော၊ နံဘေး၊ ဝမ်းဗိုက်၊ နားရွက်၊ ခြေလက် စသည်
နေရာလပ်မကျန်အောင် လက်ဖြင့် ပုတ်ပေးပွတ်ပေးရ၏။

ယင်းသို့ပြုလုပ်တိုင်း ဆင်တို့၏ အရိုင်းစိတ်ေ
ပယ်ပျောက်ညွတ်နူးစေရန် ဆင်ချော့တေးကို ခပ်တိုးတိုးညည်းရင်
ပွတ်သပ်ချော့မြူမှု ပြုလေရာ လပြည့်မှာ ဂျေနော်၏ ထိတွေ့မှ
ကိုယ်နံ့၊ အသံတို့ကိုပါ ယဉ်ပါးမှတ်သားမိလာကာ ယုံကြည်
စိတ်ချရသော သခင်အဖြစ် အသိအမှတ်ပြုလာလေ၏။

လပြည့်က သူ့ကို အရှင်သခင်အဖြစ် အသိအမှတ်ပြု
ဖြစ်ကြောင်း မျက်လုံးအကြည့် ဟန်ပန်အမူအရာတို့ကို အကဲခတ်
မိပြီဆိုမှ ဂျေနော်သည် လပြည့်၏ ခြေမှ ထူးကြိုးကိုဖြုတ်ကာ
ဆင်တင်းကုတ်ထဲမှ ထုတ်ယူလာလေ၏။





အချုပ်အနှောင်မှ လွတ်လာသည်ဆိုသည်နှင့် လပြည့်၏
အသွင်က မြူးကြွလန်းဆန်းနေတော့၏။ ဂျေနော့်ကိုလည်း သူ၏
အရှင်သခင်အဖြစ် ရိုကျိုးစွာ အသိအမှတ်ပြုကာ ဂျေနော်
ခိုင်းစေသမျှ လျှောလျှောရှူရှူ ပြုလုပ်လေ၏။

ဂျေနော်က "ဘတ်ဆမ်း ဘတ်ဆမ်း (ဝပ်ပါ ဝပ်ပါ)"ဟု
ဆိုလျှင် လပြည့်က ဝပ်၏။

ဂျေနော်က "မိုင်း မိုင်း မိုင်း (ထပါ ထပါ)"ဟု
ဆိုလျှင် လပြည့်က ထ၏။

"ဗရွှး ဗရွှး (နောက်ဆုတ် နောက်ဆုတ်)"ဟု ဆိုလျှင်
ဆုတ်လေ၏။

ဂျေနော်က သစ်ကိုင်းခြောက်တစ်ခုကို လပြည့်၏ ရှေ့သို့
ပစ်ချလိုက်ပြီး "လော လော (ကောက် ကောက်)"ဟု ပြောလျှင်
သစ်ကိုင်းခြောက်ကို နှာမောင်းနှင့် ကောက်ယူပေးလေ၏။

ထိုရော့အခါ ဂျေနော်က "ဟွဲနှဆယ် ဟွဲနှဆယ်
(ဟုတ်ပြီ ဟုတ်ပြီ)"ဟု ချီးကျူးပြောဆိုလျှင် လပြည့်သည်
သဘောကျစွာဖြင့် ခေါင်းတလှုပ်လှုပ် နားရွက်တလှုပ်လှုပ် ပြုရင်း
နှာမောင်းကို အပေါ်သို့ လိမ်ထောင်ကာ 'ဂူး'ခနဲ ဝမ်းသာ
ကြည်နူးစွာ အော်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကား ဆင်ရိုင်းမှ ဆင်ယဉ် ဖြစ်လာခဲ့ချေပြီတည်း ဂျေနော်က လပြည့်၏ကျောပေါ်သို့ တက်ပြီး ဆင်ဦးစီးနေရာ ယူကာ ရေတံခွန်စမ်းချောင်းရှိရာသို့ ဦးတည်စေလျက်

"အဂစ် အဂစ် (သွား သွား)"

"အာစတေး အာစတေး (ဖြည်းဖြည်း ဖြည်းဖြည်း)"

ဟု ဆိုလျှင် လပြည့်သည် စမ်းချောင်းရှိရာ လျှိုထဲသို့ တစ်လှမ်းချင်း ခပ်ဖြည်းဖြည်း လှမ်းဆင်းလေ၏။

တောင်ကျစမ်းချောင်းကား ဆင်စခန်းအနီးတွင်ရှိပြီး စခန်းမှဆင်တို့ကို ဆင်ဦးစီးတို့က ရေချပေးလျက်ရှိလေ၏။

ဆင်တို့၏ကိုယ်ကို စမ်းရေဝယ်စိမ်ကာ ပွတ်တိုက် ဆေးကြောပေးနေရာမှ ဆင်ဦးစီးတို့မှာ လပြည့်ကိုစီးနင်းလာသော ဂျေနော့်ကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာစွာ နှုတ်ဆက်ချီးကျူးခြင်း ပြုကြလေ၏။

"ဝေး ဂျေနော် မင်းရဲ့ဆင်ကလေးကို ရေချပေး မလို့လားကွ . . . ခုတော့လည်း မင်းရဲ့ဒေါသကုမ္ပာရလေး အိမ်မွေးကြောင်ကလေးလို သိမ်မွေ့လို့ပါလား . . . မင်းတော့ ခုမှ တကယ့် မဟွတ်ဂျစ်ကောင်းဖြစ်ပြီဟော့"

ဟူ၍လည်းကောင်း





"ဂျေနော် မင်းက ဆင်တစ်စီးတောင် ပိုင်သွားပြီပဲ၊ မင်းတော့ လော်ပန်ကြီးဖြစ်တော့မယ်"

ဟူ၍လည်းကောင်း

"ဟာ ဂျေနော် မင်းရဲ့ဆင်ကလေးယဉ်တာ မြန်လှ ချေလား . . . မှုလက အတော်ရိုင်းတဲ့ ဆင်ကလေးကွ . . . ခုတော့ တကယ့်ဆင်ယဉ်လေး ဖြစ်နေပြီပဲ . . . တော်ပါပေရဲ့ကွာ"

ဟူ၍လည်းကောင်း ဝိုင်းဝန်းချီးကျူးကြသလို စခန်းမှ ဆင်တို့ကလည်း သူတို့၏ နှာမောင်းများကို မြှောက်လျက် 'ဂူး'ခနဲအော်ကာ ဆင်အသစ်ကလေး လပြည့်ကို ရင်းနှီးစွာ နှုတ်ဆက်လိုက်ကြလေ၏။

လပြည့်သည်လည်း ကြည်လင်အေးမြလှသော ရေတံခွန် စမ်းချောင်းထဲဝယ် တပျော်တပါး ရေချိုးနေကြသော ဆင်များကို တွေ့ရရာ သူ၏စိတ်သည်လည်း လွတ်လပ်ပေါ့ပါး မြူးပျော် သွားကာ နှာမောင်းကိုမြှောက်လျက် 'ဂူးခနဲ' ဝမ်းမြောက်စွာ အော်လိုက်လေ၏။

စခန်းပေါက် ဆင်ငယ်လေးတချို့မှာ စမ်းချောင်း ရေတိမ်ပိုင်းဝယ် မြူးတူးပျော်ပါး ပြေးလွှားနေကြလျက် တစ်ကောင်ကိုတစ်ကောင် နှာမောင်းဖြင့် ရေစုပ်ကာ ပက်ဖြန်းစား



www.burmeseclassic.com

www.burmeseclassic.com



နေကြလေရာ ယင်းဆင်ငယ်လေးတို့ကိုကြည့်ကာ လပြည့်မှာ ပိုမိုမြူးပျော်လျက်ရှိလေ၏။

အေးမြသော စမ်းရေကြည်ကြည်ထဲသို့ လပြည့်ကို ဆင်းစေပြီးနောက် လပြည့်၏ တစ်ကိုယ်လုံးကို ဂျေနော်က ရေဖြင့်ပက်ကာ ဒိုးနွယ်ဆူးရစ်နွယ်တို့နှင့် ကိုယ်ရေပြားအ သန့်စင်အောင် ပွတ်တိုက်ဆေးကြောပေးလေ၏။

ထွက်ပြူစ အစွယ်ငုတ်တိုလေးတို့၏ အရင်းပိုင် အကြိုအကြားမှ ချေးညှော်များကိုလည်း ပွတ်တိုက်ဆေးကြေ ပေးလေ၏။

✧ ✧ ✧

ဂျေနော်အဖို့ လပြည့်ကို ဂရုစိုက်နေရခြင်း၊ ဆင် မိုးယံကို ဦးစီးပြီး သစ်ဆွဲနေရခြင်းတို့ဖြင့် နေ့စဉ်လိုလို မိုးလင် မှိုးချုပ်သည့်တိုင် အလုပ်နှင့်လက် ပြတ်လပ်သည်ဟူ၍ မ ဟူးကောင်းမြို့ပေါ်သို့ မရောက်ဖြစ်သည်မှာ ကြာပြီဖြစ်၏

ဆင်စခန်းနှင့် သစ်လုပ်ငန်းခွင်ထဲမှာသာ တစ် တစ်နေ့ အချိန်ကုန်နေရသဖြင့် မိဘနှင့် ညီမငယ်ရှိရာ ဟူးကော





မြို့မှ အိမ်ဆီသို့ တစ်လတစ်ခါပင် မပြန်ဖြစ်ဘဲ လော်ပန်ကြီး ထံမှ လစဉ် လကုန်ရက်တိုင်း ရရှိသည့် လစာငွေနှင့် အပိုဆောင်း ဆုကြေးငွေတို့ကို မိဘများထံ ပို့လိုပါက ဟူကောင်းမြို့အနီးမှ သိမ္မော်ခြံတွင်နေထိုင်သော တူးခေါင်မှတစ်ဆင့် လူကြုံပါးပြီး ဆာရလေသည်။

တူးခေါင်မှာ ဆင်စခန်းသို့ နေ့စဉ်ရောက်လာပြီး လပြည့်အား ကူညီစောင့်ရှောက် ကျွေးမွေးပြုစုပေးခြင်း၊ သစ်လုပ်ငန်းခွင်ထဲ၌ သစ်လုပ်သား ဆင်သမားအဖြစ် ကျရာ တာဝန်ကို ဝိုင်းဝန်းကူလုပ်ပေးခြင်းတို့ပြုကာ ညနေစောင်းမှ သိမ္မော်ခြံသို့ ပြန်လေ့ရှိရာ လစာထုတ်ရက်တွင် ဂျေနော်က သူ၏လစာငွေထဲမှ သူနှင့်လပြည့်အတွက် ဗာဟီရသုံးရန် ငွေအနည်းငယ် ဖယ်ထားပြီး ကျန်ငွေများကို တူးခေါင်နှင့် လူကြုံပါးကာ မိဘအိမ်သို့ ပို့ပေးလေ၏။

ထိုရောအခါ ဂျေနော်က သူ လုပ်ငန်းခွင်တွင် အဆင် ပြေကြောင်း၊ နေထိုင်ကောင်းကြောင်း သတင်းစကားကို မိသားစုထံ တူးခေါင်မှတစ်ဆင့် ပို့ပေးသကဲ့သို့ သူ့မိသားစု၏ သတင်းကိုလည်း တူးခေါင်မှတစ်ဆင့် ကြားနာရလေ့ရှိလေ၏။ ထိုသို့ နှစ်နှစ်ဆိုသော ကာလကို ကျော်ဖြတ်ခဲ့ပြီးနောက် နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် တူးခေါင်ထံမှ ထူးခြားသော သတင်းတစ်ခု
ကြားရလေ၏။

"ဂျနော် တနိုင်းခမြစ်ကမ်းခြေက ရွှေကျင်တဲတွေဆီ
ဇော်လူ လာ လာနေတယ်လို့ သတင်းကြားရတယ်ကွ . . .
ရွှေကျင်တဲတွေမှာ လုပ်တဲ့ လေးကောင်ဂျင်ဝိုင်း၊ အနီတော
ဝိုင်းတွေမှာ သူက၊ တပည့်တပန်းတွေနဲ့ အတူ လာကစားတ
တဲ့ကွ . . . အဲဒီဝိုင်းတွေမှာ မင်းရဲ့အဖေကိုလည်း အမြဲလို
တွေ့ရတယ်တဲ့ကွ"

ဟု တူးခေါင်က ပြောလိုက်ရာ ဂျနော်မှာ သက်ပြင်း
ရှိုက်လိုက်မိပြီး

"အင်း ခက်တယ်ကွာ . . . အဖေကတော့ သူအသက်
ရှင်နေသမျှ ကာလပတ်လုံး လောင်းကစားအလုပ်ကို
စွန့်တော့မယ်မထင်ဘူး . . . ငါပို့တဲ့ ငွေတွေကို အမေနဲ့ ညီမလေး
သုံးရရဲ့လားမသိဘူး"

ဟု ခပ်ညည်းညည်းပြောလိုက်ပြီးနောက်

"ခက်တာက ဇော်လူနဲ့ ငါ့အဖေ ဆက်နွယ်သွားမှာ
စိုးရတယ်ကွ . . . ဇော်လူက နှောင်းမီနဲ့ပတ်သက်ပြီး ငါ့အဖေ
သိပ်ကြည်လင်တာမဟုတ်ဘူး . . . တော်ကြာ ငါ့အဖေမှာ





သွားပြီး အဖေ့အပေါ် မဲမှာစိုးရတယ်ကွ"

ဟု ပြောလိုက်ရာ

"ဟုတ်တယ်ကွ . . . ငါလည်း အဲဒါကိုပဲ စိုးရိမ်ပြီး
မင်းကို ဒီသတင်းပြောရတာကွ . . . နှောင်းမီက မင်းအပေါ်
အရေးပေးဆက်ဆံတာကို ဇော်လူက လုံးဝမကျေနပ်ပါဘူး . .
သူက တစ်နေ့ကျရင် နှောင်းမီကို သိမ်းပိုက်နိုင်ဖို့ ရည်ရွယ်
ထားပုံရတယ်ကွ . . . ခက်တာက နှောင်းမီဟာ သူ့ကို ဖုတ်လေတဲ့
ငပိ ရှိတယ်လို့ကို မထင်ဘဲ မင်းကိုပဲ ဂရုစိုက်နေမှတော့
အဲဒီကောင် အတော်ခံစားနေရတယ်ကွ . . . သူ မင်းကို
မုန်းပြီးသိုထားပုံရတယ် . . . မင်းအပေါ်ထားတဲ့ သူ့ရဲ့ ဒေါသ
အမျက်တွေဟာ မင်းအဖေအပေါ် ပုံကျသွားမှာ စိုးရတယ်ကွ၊
နောက်ဆို သူက အဲဒီလောင်းကစားဝိုင်းတွေမှာ ကျင်လည်နေပြီး
လူမိုက်တပည့်တွေလည်း မွေးထားတယ်တဲ့ကွ"

ဟု တူးခေါင်က ပြောလိုက်ရာ ဂျနော်မှာ စိတ် ပိုမို
ရှုပ်ထွေးသွားပြီး ခေါင်းကို ခါရမ်းလိုက်ကာ မျက်လုံးများ
ဝေသွားလျက်မှ

"အေးကွာ ဘာပဲဖြစ်ဖြစ် ငါ အိမ်ကိုတော့ ပြန်ပြန်
သေးမှ ဖြစ်မယ် . . . ငါ့မိသားစုကို ပစ်ထားလို့မဖြစ်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကိုလည်း လောင်းကစားဝိုင်းတွေ မသွားဖို့ ဖျောင်းဖျ ကြည့်ရဦးမှာပဲ . . . ခုဆို လပြည့်ကလည်း အတော်ယဉ်နေပြီ လပြည့်ကိုပါ ခေါ်သွားရမယ် . . . အမေနဲ့ ညီမလေးကလည်း လပြည့်ကို တွေ့ဖူးချင်နေကြတယ်ဆို . . . ဒီလကုန် လစာ ထုတ်ရင် ငါ မင်းနဲ့အတူ လိုက်ခဲ့မယ်ကွာ သူငယ်ချင်း''

ဟု ပြောလိုက်လေ၏။ တူးခေါင်က ပြုံးလိုက်ပြီး

''ဒါထက် မင်းရဲ့လပြည့်က အတော်ဟုတ်နေပြီကွ အစွယ်တွေတောင် အတော်ရှည်လာပြီ . . . အရပ်လည်း ပိုမြင့်ပြီး ထွားလာတယ် . . . ငှက်ပျောအူတွေ ဝါးနုတွေလည်း ပိုပြီး စားလာတယ်ကွ . . . ဒီကောင် တော်တော်အတက်မြန်တယ်နော်''

ဟု ပြောလိုက်ရာ လပြည့်နှင့်ပတ်သက်လာလျှင် အမြဲ စိတ်ဓာတ်တက်ကြွပြီး မျှော်လင့်ချက်များစွာထားသော ဂျေနော်၏ မျက်လုံးများမှာ တောက်ပလာကာ

''ဟုတ်တယ်ကွ . . . နှစ်နှစ်အတွင်း ဒီကောင် သိပ်ထွား လာပြီး သန့်စွမ်းလာတယ်ကွ . . . မကြာခင် ဒီကောင် လုပ်ငန်းခွင် ဝင်နိုင်တော့မယ်ကွ . . . ဦးလေးလုံက ပြောတယ် . . . လပြည့်ဟာ ဆင်ကောင်းတို့ရဲ့ ကြန်အင်လက္ခဏာနဲ့ ပြည့်စုံတယ်တဲ့ကွ လပြည့်ရဲ့ ရှေ့ခြေနှစ်ဖက်မှာ ခြေသည်းဆယ်ချောင်းစီရှိပြီး





နောက်ခြေနှစ်ဖက်မှာ ခြေသည်းရှစ်ချောင်းစီရှိတယ် . . . မျှောတုန်းကလည်း ငှက်ပျောကိုင်းသဏ္ဌာန် ရှိတယ် . . . မျက်လုံးကလည်း ဘုတ်ငှက်ရဲ့မျက်စိအရောင်၊ အမြီးဆံအရှယ် သင့်ပြီး အမွေးနဲ့အရေခွံဟာ ဩဇာသီးခွံရောင်ရှိရုံမက နူးလည်း နူးညံ့တယ်တဲ့ . . . ဒါတွေဟာ ဆင်ကောင်းတို့ရဲ့ ကြန်အင် လက္ခဏာပဲလို့ ဆိုတယ်ကွ''

ဟု အားပါးတရပြောပြီး လပြည့်အတွက် ဂုဏ်ယူ အားနှပ်ဟန်ဖြင့် မျက်နှာတစ်ခုလုံး ပြုံးလျက်ရှိရာ လပြည့်အပေါ် သံယောဇဉ်ကြီးမားလှသော ဂျေနော့်မျက်နှာကို ငေးကြည့်ကာ တူးခေါင်မှာ ခေါင်းတညိတ်ညိတ်ဖြစ်လျက် ရှိတော့၏။

✧ ✧ ✧

တောတွင်းဆင်စခန်း၊ သစ်လုပ်ငန်းခွင်များမှာသာ မွေးကတည်းက ကျင်လည်ခဲ့ရသော လပြည့်မှာ လူသူ စည်ကားရာ ဟူးကောင်းမြို့ပေါ်သို့ ရောက်လာသည်တွင် တောသားမြို့ရောက်သည့်နှယ် သူ့ခမျာ မြင်တွေ့သမျှ လူသူ အဆောက်အဦတို့မှာ အထူးအဆန်းသဖွယ် ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟူးကောင်းမြို့လေးဝယ် ကောက်သစ်စားပွဲတော်ကြီး ခမ်းနားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်နေသောအချိန်နှင့် တိုက်ဆိုင်နေသောကြောင့်လည်း မြို့နီးချုပ်စပ် ကျေးရွာတို့မှ ညှိသည်များ၊ တောင်ပေါ်ယာခင်းများမှ မိသားစုများရော မြို့ခံလူများပါ ပျားပန်းခတ်မျှ ဥဒဟို သွားလာလျက်ရှိရာ ဟူးကောင်းမြို့လယ်ဈေးမှာသာမက တစ်မြို့လုံး နေရာအနှံ့ဝယ် လူသူတို့ ရှုပ်ထွေးများပြားလျက်ရှိလေ၏။

ဂျေနော်မှာ လပြည့်ကိုစီးကာ ဟူးကောင်းဈေးအနီးမှ ဖြတ်သန်းလာစဉ် ဈေးတန်းတစ်နေရာ၌ တောသုံးခါးများ ဝယ်ယူနေသူတစ်ဦးကို အမှတ်မထင် သတိပြုမိလိုက်ရာ စိတ်ဝယ် ထင့်ခနဲဖြစ်သွားပြီး ထိုလူ့ကို သေချာအောင် ထပ်ကြည့်လိုက်မိလေ၏။

ထိုလူကလည်း နန္ဒင်းရောင်ဝယ် ပြဒါးရောင်စွက်နေကာ ဝါဝင်းနီလွင်နေသည့် ခါးအိမ်လှလှခန့်ခန့်တို့နှင့် တောသုံးခါး တို့ကို စိတ်ကြိုက်ရွေးချယ်နေရာမှ ဦးခေါင်းအမော့လိုက်ဝယ် ဆင်ပေါ်မှ ဂျေနော့်ကိုတွေ့သွားပြီး သူ၏မျက်နှာက အတွန့်ချိုး သွားလေ၏။

ထိုသူသည်ကား ဂျေနော် မတွေ့ချင်သော ဇော်လှုပင်





ဖြစ်လေ၏။ ဇော်လှုသည် သူ၏နောက်လိုက်တပည့် သုံးလေးဦး နှင့်အတူ ခါးဝယ်ရန် ရွေးချယ်နေရင်းမှ မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင် လှမ်းတွေ့ရသော ဂျေနော့်ကို စူးစူးရဲရဲ ကြည့်နေလိုက်လေ၏။

သူတို့နှစ်ဦးမှာ လွန်ခဲ့သောနှစ်နှစ်ခန့် လပြည့်ကို ဖမ်းမိ ...စဉ်က စတင်ဆုံဖူးခဲ့ပြီး တစ်ဦးကိုတစ်ဦး ရန်ငြိုးသိုခဲ့ရာမှ ...င်ဝယ် ထိပ်တိုက်တွေ့ဆုံဖူးခြင်း မရှိခဲ့ချေ။ ဟူးကောင်း ...တွင်းဆင်စခန်းသို့ ဇော်လှု အလည်ရောက်ရှိလာသည့် ...များဝယ် ဂျေနော်မှာ တောတွင်း၌ သစ်ဆွဲထွက်နေရ ...ညသာ များလေ၏။

ယခုတော့ မမျှော်လင့်ဘဲ ဟူးကောင်းမြို့ပေါ်ဝယ် ...တိုက် လာဆုံနေရချေပြီတည်း။

ဂျေနော်က ဇော်လှုကို စူးခနဲ တစ်ချက်ကြည့်ပြီးနောက် ...နှာလွှဲကာ မြို့စွန်ဆီဦးတည်လျက် လပြည့်ကို စီးနင်း ...သော်လည်း ဇော်လှုကမူ ဂျေနော့်ထံမှ အကြည့်မလွှဲဘဲ ...မျက်ဝန်းများဖြင့် စူးစူးဝါးဝါး လိုက်ကြည့်နေပါတော့၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ နှောင်းမိရဲ့ဂျေနော် ❖

အိမ်ဝိုင်းလေးထဲသို့ လှပတင့်တယ်သည့် စွယ်စုံဆင်ပျိုတစ်ကောင်ကို စီးနင်းဝင်ရောက်လာသော ဂျေနော့်အား မျှော်လင့်ဘဲ တွေ့လိုက်ရရာ ဂျေနော်၏ မိခင်ကြီးသည်အယ်ဂျာဝါးနှင့် ညီမငယ် အယ်မရန်းတို့မှာ လွန်စွာ ဝမ်းသာသွားပြီး အိမ်ရှေ့လသာဆောင်ဝယ် ဂျပ်ခုတ်နေရာမှ ကပျာကသီထကာ ခြေတံရှည်အိမ်၏ လှေကားအတိုင်း အူလျားဖားလျားပြေးဆင်းလာကြလေ၏။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"သား ဂျေနော် . . . မင်းကွယ် ခုမှပဲ လာရတယ်လို့ ကြည့်စမ်းပါဦး အမေ့သားကြီး ထွားလိုက်တာ အသားတွေလည်း ညိုပြီး အရပ်ကြီးလည်း မြင့်လာလိုက်တာကွယ်"

ဟု နှစ်နှစ်တာမျှ ကွဲကွာနေသော သားကြီးကို အပြစ်တင်သလိုပြောရင်း ဒေါ်အယ်ဂျာဝါးမှာ ကြည့်မဝ ရှုမဆုံး တပြုံးပြုံး ဖြစ်နေတော့၏။

အယ်မရန်းမှာလည်း သူမ၏ အစ်ကိုကို ပြုံးပြုံးလေး စိုက်ကြည့်နေရင်းမှ နှုတ်ခမ်းဖူးဖူးလေးကို မဲ့လိုက်ပြီး

"အမယ် အမေ့သားက သမီးတို့မြို့မှာ အင်လုံအင်နန်ရှားပွဲတော် ကျင်းပမှာမို့ လာတာဖြစ်မှာပါနော် . . . သူ့ဘာသာဆို လော်ပန်ကြီးသမီးနဲ့ အကြည်ဆိုက်ပြီး ဆင်စခန်းကနေ မခွဲနိုင်မခွာရက် ဖြစ်နေလို့ သမီးတို့ကို မေ့ထားမှာ"

ဟု အစ်ကိုဖြစ်သူကို နှုတ်သီးကောင်းလျှာပါးဖြင့် စောင်းမြောင်းရန်တွေ့သလိုလေး ပြောလိုက်ရာ လပြည့်ပေါ်မှ ဆင်းလာသည့် ဂျေနော်မှာ မျက်လုံးအစုံ ပြူးသွားပြီး

"ဟဲ့ ဟဲ့ ညီမလေး မရန်း ဘယ်လိုပြောလိုက်တာလဲ ကြမ်းကြားလေကြားဟယ် . . . ဆင်စခန်းက လော်ပန်ကြီးရဲ့ လူတစ်ဦးဦး ကြားသွားပြီး ပြန်ပြောလို့ ငါ့အပေါ် လော်ပန်ကြီး





အထင်လွဲနေပါဦးမယ် . . . ဘယ့်နှယ် သူ့သမီးနဲ့ အကြည်ဆိုက်နေရမှာလဲ . . . နောင်းမီနဲ့ငါက ရိုးရိုးသူငယ်ချင်းလို ခင်ကြတာပါဟာ့"

ဟု ပျာပျာသလဲပြောလိုက်ရာ မိခင်ဖြစ်သူမှာ ရင်ဘတ်ကို လက်ဖြင့်ဖိရင်း

"အလိုလေး ငါ့သားရယ် . . . လော်ပန်ကြီးသမီးတော့ သွားမမှန်းနဲ့နော် . . . လော်ပန်ကြီးက အမေတို့ ဟူးကောင်းဒေသမှာ အချမ်းသာဆုံးကွယ့် . . . တော်ကြာ အမဲရိုးက ဘင်းအိုးမှအားမနာဆိုပြီး ငါ့သားလေးကို တစ်ခုခု အန္တရာယ်ပြုမှာ စိုးရတယ်ကွယ်"

ဟု အကယ်ပင် စိုးရိမ်သံလေးနှင့် ရင်ဘတ်စည်တီးပြောလိုက်ရာ ဂျေနော်မှာ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး ခေါင်းကိုကုပ်လျက်

"ဟာဗျာ အမေကလည်း သား ဘယ်သူ့ကိုမှ မမှန်းပါဘူးဗျာ . . . အဲဒီစိတ်တွေလည်း မရှိပါဘူး . . . သားမှာ ဆောဒီ လပြည့်ကို ဆင်လားမြောက်အောင် မွေးနေရတာနဲ့ပဲ အမေတို့ဆီ မရောက်ဖြစ်တာပါဗျာ"

ဟု ပျော့ကလဲချက်ပေးရင်း သူတို့၏နေအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ခြေတလှုပ်လှုပ် ခေါင်းတလှုပ်လှုပ် နားရွက်တလှုပ်လှုပ်ဖြင့် ယောင်ချာချာရပ်နေရှာသော လပြည့်၏ နှာမောင်းကို လက်တစ်ဖက်ဖြင့် ပွတ်သပ်ကာ ဂျေနော် ပြောလိုက်မှ ဂျေနော်၏မိခင်နှင့် ညီမဖြစ်သူတို့မှာ လပြည့်ကို သတိရသွားကြပြီး စေ့စေ့စူးစူး ကြည့်လိုက်ကြကာ

"ဟယ် လပြည့်ဆိုတာ သူလား . . . ကြည့်စမ်းပါဦး ငါ့သားကိုယ်တိုင် မွေးချစ်လုပ်ပြီး တောထဲကဖမ်းလာတဲ့ ဆင်ကလေးဆိုတာ သူကိုး . . . တော်တော်ထွားပြီး လှလိုက်တဲ့ ဆင်ချောလေးပဲ"

ဟု ဒေါ်အယ်ဂျာဝါးက အားပါးတရ ချီးကျူးလိုက်ရာ ဂျေနော်က သဘောကျစွာပြုံးလိုက်ရင်း လပြည့်ဘက်သို့ ခေါင်းငဲ့ကြည့်ကာ

"ကြားလား လပြည့် . . . မင်းကို ငါ့အမေက ချီးကျူးနေတယ် . . . မင်းကို သိပ်လှတဲ့ ဆင်ချောတဲ့ကွ"

ဟု ပြောလိုက်ရာ ဂျေနော်၏စကားကို နားလည်သည့်အလား ရွှန်းတောက်သောမျက်လုံးကျဉ်းကျဉ်းလေးများဖြင့် ဒေါ်အယ်ဂျာဝါးကို ကျေးဇူးတင်ဟန် ကြည့်လိုက်ကာ နှာမောင်းဝင့်၍ 'ဝူး'ခနဲ ကြည်နူးနှစ်သိမ့်စွာ အော်လိုက်လေ၏။

"ဟယ် ဆင်ကလေးက အစ်ကို့စကားကို နားလည်သလိုပဲနော်"

ဟု အယ်မရန်းမှာ အံ့ဩသလို မျက်လုံးဝိုင်းလေးနှင့် ပြောလိုက်ရာ ဂျေနော်က ပြုံးလိုက်ပြီး

"လပြည့်က လူနဲ့ သိပ်နီးတာဟ . . . ဒီကောင်က ထက်မြက်သလောက် မှတ်ဉာဏ်လည်းကောင်းတယ် . . . ဆင်သမျှကို ခဏလေးနဲ့တတ်တယ် . . . သူ့ကို အာသံစကား အပြင် ကချင်စကား၊ ကိုရှန်းဖော့စကား၊ မြန်မာစကားတွေပါ နားလည်အောင် ငါ လေ့ကျင့်ပေးထားတယ်ဟ . . . သူ ဆိုပြောတာ တော်တော်များများ နားလည်တာကို စခန်းက လူတွေတောင် အံ့ဩနေကြတယ်"

ဟု သူ့ဆင်ကို အမွှန်းတင်စကား ပြောလိုက်ပြီးနော်

"ဟော့ကောင် လပြည့် မှတ်ထား . . . ဒါ ငါ့ရဲ့ညီမ အရင်း အယ်မရန်းတဲ့ကွ . . . သူက အပျို . . . မင်း ညီမကို ကြိုက်လား"

ဟု လပြည့်ကို မေးလိုက်ရာ လပြည့် နားလည်သလား မလည်သလားတော့ မသိ၊ အပျိုစင်မလေး အယ်မရန်းကတော့ ရှက်စနိုးတို့ဝယ် ရှက်သွေးဖြာသွားပြီး







www.burmeseclassic.com

www.burmeseclassic.com



"အို အစ်ကိုကလည်း ဘာတွေလျှောက်ပြောမှန်းမသိ"

ဟု ရှက်ကိုးရှက်ကန်းနှင့်ပြောရင်း အစ်ကိုဖြစ်သူ၏ လက်မောင်းကို သူ့လက်ဖဝါးတစ်ဖက်ဖြင့် 'ရှက်ရမ်းရမ်းက' ပုတ်ခတ်လိုက်လေရာ ဂျေနော်က ညီမဖြစ်သူ၏ အမူပိုဟန် အတွက် သဘောကျစွာ တဟားဟား ရယ်လိုက်ပြီး ထပ် ချင်လာသဖြင့်

"ဟော့ကောင် လပြည့် မင်းကြည့်နေတာနဲ့ ငါ့ညီမ တောင် ရှက်သွားပြီ . . . မင်း သူ့ကို ကြိုက်တယ်ဆို သူ့ခေါင်းပေါ်ကပန်းကို ဆွတ်ယူပြလိုက်စမ်းကွာ"

ဟု ညီမဖြစ်သူ၏ခေါင်းမှ ပန်ထားသော အင်ကြင်း ပွင့်ကို လက်ညှိုးညွှန်ပြ ခိုင်းစေလိုက်ရာ လပြည့်သည် ဘာမပြော ညာမပြောနှင့် နှာမောင်းကို ဝေ့ခနဲရမ်းလိုက်ပြီး နှာမော အဖျားမှ (စာကောက်)နှုတ်သီးဖြင့် အယ်မရန်း၏ ဆံကေ ထက်မှ အင်ကြင်းပန်းကို လျှပ်တစ်ပြက်အတွင်း ဆွတ် လုမ်းလိုက်ရာ လပြည့်၏လှုပ်ရှားမှုက မြန်ဆန်တိကျလှသ အယ်မရန်းခမျာ အံ့အားသင့် ထိတ်လန့်သွားပြီး

"အို"ဟု နှုတ်ဖျားမှ အာမေဋိတ်သံလေးပြုကာ မျက် ဝိုင်းဝိုင်းလေးများ ပြူးသွားလေရာ ဂျေနော်မှာ ညီမဖြစ်





ထိတ်လန့်အံ့ဩသွားဟန်လေးကို သဘောကျစွာဖြင့် တဟားဟား အော်ရယ်လိုက်ပြီး

"ဟား ဟား ဟား တွေ့လား ညီမလေး . . အစ်ကိုရဲ့ လပြည့်က ငါ့ညီမကို တကယ်ကြိုက်နေပြီ ဟား ဟား"

ဟု ညီမ အပျိုစင်လေး ရှက်နေသည်ကို မသိသား ဆိုးဝါးစွာ ဟားတိုက်ရယ်နေသည့် ဂျေနော်အား အယ်မရန်းက ရှက်ကိုးရှက်ကန်းဖြစ်ကာ ရှက်ရမ်းရမ်းပြီး

"ကြည့် ညီမကို စဦး စဦး . . . တွေ့မယ် အစ်ကိုတော့"

ဟု ဆိုကာ လက်သီးဆုပ်လေးဖြင့် လိုက်ထုတော့ရာ ဂျေနော်မှာ လပြည့်ကို ပတ်ပြေးရင်း

"ဟား ဟား ဟား လပြည့်ရ ရွှေယောက်ဖ၊ မင်းရဲ့ ချစ်စား ငါ့ညီမကို ထိန်းပါဦးဟ . . . ကောင်မလေး ရှက်ရမ်း ရမ်းနေပြီ . . . ကယ်ပါဦး အမေရဲ့ ဟား ဟား ဟား"

ဟု သဘောကျစွာ ရယ်မောအော်ပြောလျက်ရှိရာ မောင်ဖြစ်သူမှာလည်း မောင်နှမနှစ်ယောက်ကိုကြည့်ရင်း မျက်ရည် ထွက်တတ် ရယ်လေတော့၏။

ဂျေနော်တို့မောင်နှမ၏ ဆူဆူညံညံ ရယ်မောသံ



www.burmeseclassic.com

www.burmeseclassic.com



များကြောင့် အိမ်နီးနားချင်းများလည်း ထွက်ကြည့်ကြကာ သူတို့ မောင်နှမ၏ ကလူကြည်စယ်မှုကို သဘောကျစွာဖြင့် သူတို့ပါ ရောယောင်ကာ ရယ်တပြုံးပြုံး ဖြစ်သွားကြလေ၏။

လပြည့်သည်လည်း ဈေးနော်တို့မိသားစုကို ကြည့်ပြီး ပျော်ရွှင်ကြည်နူးသွားဟန်ဖြင့် နှာမောင်းကိုပင့်၍ 'ဝူး'ခနဲ အော်ဟစ်လိုက်လေတော့သတည်း။

✧ ✧ ✧

အင်လုံအင်နန်ရှားပွဲတော် ( သို့ ) ကချင်ရိုးရာ ကောက်သစ်စားပွဲတော်ကား ဟူးကောင်းချိုင့်ဝှမ်းဒေသ ကချင်တို့ ဌာနေဝယ် တည်ရှိသည့် မြို့များစွာအနက် လမ်းပန်းဆက်သွယ် ရေးကောင်းသည့် မြို့များ၌ တစ်နှစ်လျှင်တစ်မြို့ နှစ်စဉ် အလှည့်ကျ ကျင်းပရသည်ဖြစ်ရာ ယခုနှစ်မှာ ဟူးကောင်းမြို့၌ ကျင်းပရန် အလှည့်ကျခြင်းဖြစ်လေ၏။





ထို့ကြောင့် မြို့ခံလူများမှာ ပွဲတော်ကျင်းပရန် လှုပ်ရှား ထက်ကြွ မြူးပျော်လျက်ရှိပြီး ရွာနီးချုပ်စပ်ဖြစ်သော ရှုထိုးဖွတ်ရွာ၊ ဆိန်ကောက်ရွာ၊ နမ်ဖျက်၊ နောင်းလုံ၊ ကောင်ရွာ စသည်တို့မှ တိုင်းရင်းသားညီရင်းမောင်နှမများသည် ဧည့်သည်များအဖြစ် ကောက်သစ်စားပွဲတော် ဆင်နွှဲရန် ရောက်ရှိလာလျက်ရှိလေ၏။

ဟူးကောင်းမြို့နှင့် မိုင်(၁၂၀)ခန့်ဝေးသော မြစ်ကြီးနားမှ ကချင်အမျိုးသား အကြီးအကဲများဖြစ်သော ဒူးဝါးကြီးများပါ ကြွရောက်လာကြရာ ယင်းပွဲတော်မှာ ကချင်ဒေသ၏ စုပေါင်း ပွဲတော်ဟု ဆိုရမည်ဖြစ်လေ၏။

ယင်းစုပေါင်းပွဲတော်ဝယ် စုပေါင်းအကဖြစ်သော 'ဆွတ်မနော'အကကို အဓိကထား ကကြမည်ဖြစ်ရာ ဆွတ်မနော အကကို ဦးဆောင်မည့်သူများ၊ ပါဝင်ကကြမည့်သူများဖြစ်သော သူလင်ပျို လုံမပျိုတို့မှာ သင့်ရာ သင့်ရာ ကျယ်ဝန်းသော အိမ်ကြီးများ၊ ခြံကြီးများအတွင်းဝယ် စည်သံ၊ မောင်းသံ အညံ့ညံ့ဖြင့် မနောအကကို ကြိုတင်တိုက်နေကြသည်မှာ တစ်မြို့လုံး အသက်ဝင်လျက် ပျော်ရွှင်ဖွယ်ဖြစ်နေလေ၏။

ဂျေနော်မှာ နှစ်နှစ်မှ သည်တစ်ခေါက်သာ အိမ်သို့ ပြန်ရခြင်းဖြစ်သဖြင့် လော်ပန်ကြီး ဦးခမ်းဝဏ္ဏထံ ရောက်ရှည်

www.burmeseclassic.com



ခွင့်ပန်လာရာ ကောက်သစ်စားပွဲတော်ပြီးမှ ဆင်စခန်းသို့ ပြန်မည် ဖြစ်၍ မိသားစုအိမ်ဝယ် စိတ်ကြိုက် အနားယူလျက်ရှိလေ၏။

ယင်းသို့ဖြင့် တစ်နေ့နံနက်ဝယ် အိမ်နံလေးမှ ခြံထဲ၌ ဂျေနော်သည် လပြည့်ကို ကြရှည်တစ်ချောင်း ကျွေးနေလေ၏။

လပြည့်သည် ဂျေနော်လှမ်းပေးနေသော ကြံချောင်းကို နှာမောင်းဖြင့် ရစ်ပတ်ဆွဲယူလိုက်ပြီး ယင်းကြံချောင်းကို ရှေ့ခြေဖြင့် တဖြန်းဖြန်း ရိုက်လိုက်လေ၏။ ကြံချောင်းဖွာထွက်သွားပြီးလျှင် ကြံချောင်း၌ ကပ်နေနိုင်သော ပိုးကောင်မွှားကောင်များ ကင်းစင်သွားအောင် ပြုလုပ်ခြင်းဖြစ်လေ၏။ ကြံချောင်းဖွာသွားမှ နှာမောင်းဖြင့် ပါးစပ်ထဲသို့ လိပ်သွင်းလိုက်ပြီး အရသာခံဝါးလျက် ရှိစဉ် ဈေးမှ ဟင်းစားဝယ်ကာ ပြန်လာသော အယ်မရန်းနှင့်အတူ လုလင်ပျို လုံမပျို သုံးလေးဦးတို့ ခြံဝသို့ ရောက်ရှိလာလေ၏။

"အစ်ကို ဒီမှာကြည့်စမ်း ဘယ်သူလဲလို့"

ဟု ခြံဝမှနေ၍ ညီမဖြစ်သူက အော်ပြောလိုက်သဖြင့် ဂျေနော်မှာ ခြံဝဆီ လှည့်ကြည့်လိုက်မိသည်တွင် သူ မမျှော်လင့်ထားသူလေးကို တွေ့လိုက်ရရာ ရင်ဒိန်းခနဲခုန်ပြီး ဖော်မပြတတ်အောင်ပင် ဝမ်းသာသွားကာ

"ဟာ နော်းမီ"





ဟု လွှတ်ခနဲ ရေရွတ်ခေါ်မြည်လိုက်မိလေ၏။

နော်းမီက သူ့ကို ချစ်စဖွယ် လှမ်းပြုံးပြပြီး ဟူးကောင်းမြို့ခံ လုံမပျိုနှစ်ဦး လုလင်ပျိုတစ်ဦးတို့နှင့်အတူ ခြံဝင်းထဲ ဝင်လာလေ၏။

"နော်းမီ နင်ဘယ်တုန်းက ပြန်လာတာလဲ"

ဟု ဂျေနော်က မေးလိုက်ရာ နော်းမီက ပြုံးရင်းမှ

"အဖေ့ဆီက လူကြုံနဲ့စာရလို့ဟ ... ငါတို့ ဟူးကောင်းမြို့မှာ ဒီနှစ် ကောက်သစ်စားပွဲ လုပ်မယ်ဆိုတာနဲ့ ငါ ကျောင်းကနေ ခွင့်ယူပြီး မနေ့ကပဲ ပြန်လာတာ ... ဟောဒီက ငါ့ရဲ့အစ်မဝမ်းကွဲ မုန်းလွယ်တို့ရဲ့အိမ်မှာပဲ တည်းတယ် ... ဒီမနက် ဈေးထဲမှာ ငါတို့မောင်နှမတွေ တို့ဟူးထွက်စားရင်း အယ်မရန်းနဲ့တွေ့လို့ နင် အိမ်ပြန်ရောက်နေတယ်ဆိုတာနဲ့ လိုက်လာတာဟ ... အတော်ပဲ၊ အင်လုံအင်နန်ရှားပွဲတော်မှာ နင်နဲ့ငါ မနောအတူဝင်ကရအောင်"

ဟု ရွှင်မြူးစွာပြောလိုက်ရာ ညီမဖြစ်သူ အယ်မရန်းက သူ့အိမ်သို့ ပြန်ရောက်သည့်နေ့မှစပြီး နော်းမီနှင့် တစတည်း နေသည့်အရှိန် ရှိသဖြင့် ဂျေနော်၏ မျက်နှာနုနုဝယ် ရှက်သွေးတို့ ဖြန်းခနဲ ဖြစ်သွားကာ ညီမဖြစ်သူကို မလုံမလဲ ကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုအခါ ညီမအယ်မရန်းက 'ဟီးခနဲ' ရယ်လိုက်ပြီး

"အမလေး နှောင်းမိရယ် ... ငါတို့အစ်ကိုက နင့်ကို မနေ့တွဲကချင်လွန်းလို့ ဆင်စခန်းကို မပြန်သေးဘဲ နင်ရောက်လာနိုး မျှော်ကိုးပြီး စောင့်နေတာဟဲ့ ... အခု နင်ရောက်လာတော့ ငါတို့အစ်ကို ရေငတ်တုန်းရေတွင်းထဲကျ ဖြစ်သွားတာပေါ့ ဟီး"

ဟု ရယ်ကျဲကျဲဖြင့် ပြောလိုက်ရာ ဂျေနော်မှာ မျက်နှာ ပိုရဲသွားပြီး

"အာ ဒီကောင်မလေး ဘာတွေ မဟုတ်ကဟုတ်က လျှောက်ပြောတာလဲ ငါရိုက်လိုက်ရ"

ဟု ရှက်ရမ်းရမ်းပြောကာ လက်ထဲမှ ကြံချောင်းရှည်ဖြင့် ရွယ်လိုက်ရာ အယ်မရန်းမှာ ဈေးခြင်းတောင်းကိုဆွဲလျက် လှေကားပေါ်သို့ ပြေးတက်ရင်း

"အို မနေ့တုန်းကတော့ ပွဲတော်ကျင်းပနေတုန်း နှောင်းမိ လာရင် သိပ်ကောင်းမှာပဲလို့ ဘာဖြစ်လို့ပြောသေးလဲ ဟီး"

ဟု ရယ်ကျဲကျဲဖြင့် ပြောဖြစ်အောင် ပြောသွားသေး၏။

နှောင်းမိက သဘောပေါက်စွာဖြင့် ပြုံးလိုက်ရင်း





သူမ၏ မောင်နှမများဘက်လှည့်ကာ

"အစ်မတို့ ပြန်နှင့်လေ ... နှောင်းမိ တအောင့်နေမှ ပြန်ခဲ့မယ် ... ဒီကောင် ဂျေနော့်ကို ပြောစရာရှိလို့ နှောင်းမိ နေခဲ့ဦးမယ်"

ဟု ပြောလိုက်ရာ နှောင်းမိ၏အစ်မ မှန်းလွယ်တို့လည်း ဂျေနော့်ကိုနှုတ်ဆက်ပြီး ပြန်သွားလေ၏။

ထို့နောက် နှောင်းမိက အနီးရှိ ကွပ်ပျစ်ပေါ်ဝယ် ထိုင်လိုက်ရာ ဂျေနော်ပါ အယောင်ယောင်အမှားမှားဖြင့် အတူ လိုက်ထိုင်မိတော့၏။

သူတို့နှစ်ဦးမှာ ကွပ်ပျစ်ပေါ် အတူထိုင်မိကြသော်လည်း ရုတ်တရက် တစ်ဦးကိုတစ်ဦး ဘာစကားမှ မဆိုမိကြ။

နှောင်းမိက ကိုယ်အထက်ပိုင်းတွင် ကချင်ရိုးရာ ရှပ်ခုတ်ထည် အင်္ကျီလက်ပြတ်နှင့် ခါးဝယ် ခတ်ခွေးလုံချည် ဝတ်ဆင်ထားသည့် ဂျေနော့်ကို စေ့စေ့ကြည့်ရင်း သဘောကျစွာ ပြုံးလိုက်မိလေ၏။

"ဂျေနော် နင်က ဒီလို ရိုးရာအဝတ်အစားနဲ့ သိပ်လိုက်တယ်ဟ ... ခါတိုင်း နင့်ကို ဆင်စခန်းမှာ တွေ့ရတဲ့ ဘောင်းဘီတိုနဲ့ ဝှစ်ကုတ်အင်္ကျီချိုင်းပြတ်နဲ့ချည်းပဲ ... ခုလို



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရပ်ရပ် ဝတ်လိုက်တော့လည်း နင်က စတိုင်လ်ကျသားပဲ ဟင်းဟင်း''

ဟု သဘောကျစွာပြောရင်း ပွင့်လင်းစွာ ရယ်လိုက်ရာ ဂျေနော်မှာ သူ၏ ဝတ်စားဆင်ယင်မှုအတွက် မည်သည့် မိန်းကလေးတစ်ဦးတစ်ယောက်၏ ချီးကျူးမှုမှ မခံရဘူးသဖြင့် နဂို ရှက်သလိုဖြစ်နေရသည့်အထဲ ပို၍ ရှက်ကိုးရှက်ကန်းဖြစ်ကာ မနေတတ်မထိုင်တတ် ဖြစ်သွားပြီး

''အဲ ဒါ အယ်မရန်း ရက်ပေးတာလေ ... အလုပ်ခွင်မှာတော့ လုပ်ငန်းနဲ့လိုက်ဖက်တဲ့ ဘောင်းဘီတို ဘောင်းဘီရှည်တွေပဲ ဝတ်ရတာပေါ့ဟာ ... အယ်မရန်းက မြို့မှာ ရိုးရာပွဲတော် ကျင်းပတော့မှာမို့ ကြုံကြိုက်တုန်း ရိုးရာအဝတ်အစား ဝတ်ပါဆိုတာနဲ့ ဝတ်ထားရတာ နှောင်းမီရဲ့''

ဟု ပြောလိုက်ရာ နှောင်းမီမှာ သူမကိုယ်သူမ ငုံ့ကြည့်မိပြီး မလုံမလဲလေး ဖြစ်သွားရှာ၏။ သူမမှာ ဘိုကျောင်းတက်နေရသူလေးမို့ ဘိုမတွေလို အမြဲလိုလို စကတ်၊ ဂါဝန်ရှည် ဘောင်းဘီရှည် ဝတ်ကျင့်ပါနေရာ ယခုလည်း ရိုးရာပွဲတော် ကျင်းပရန် တစ်မြို့လုံး ပြင်ဆင်နေကြစဉ် သူမက ဂါဝန်ရှည် ဖားဖားကြီးနှင့် လမ်းသလားမိနေသော အဖြစ်ကို သတိထားမိပြီး





ရှက်သလို ဖြစ်သွားရရှာလေ၏။

''အေးဟာ ဟုတ်ပါရဲ့ ... ငါလည်း နင့်လိုပဲ ဆံရှူးလုံချည်နဲ့ ဂျပ်ခုတ်ထည်အကျီ ဝတ်ဦးမှပါပဲ ... ဘောက်သစ်စားပွဲတော်ကျရင် ရိုးရာဝတ်စုံလေးနဲ့ပဲ ဝင်နွှဲမှဖြစ်မယ်ဟ ... အင်း ပြောသာပြောရတယ် အစ်မ မုန်းလွယ်ဆီမှာ ငါ့အတွက် ဝတ်စုံအသစ်မှ ရှိရဲ့လားမသိဘူး ... ငါ့ကြီးကြီးနားကပါလာတဲ့ အဝတ်အစားတွေကလည်း ဘိုမ အဝတ်အစားတွေချည်းပဲ ဖြစ်နေတယ်ဟ''

ဟု ညည်းညူသလိုပြောလိုက်ကာ သူမ၏ဦးခေါင်းကို ခါယိုက်ရာ ကျောလယ်အထိ ဝဲနေပြီဖြစ်သော သူမ၏ ရွှေဝါပျောင်းသော ဆံနွယ်တို့က လှပစွာ ယိမ်းနွဲ့လှုပ်ခါသွားလေ၏။

နှောင်းမီမှာ အရွယ်ရောက်လာကာ အပျိုဖားဖား ဖြစ်နေပြီမို့ ယခင်ကလို ဘော့ဟဲယားဆံပင်တိုတို ပုံစံလေး မထားတော့ဘဲ ကျောလယ်အထိဝဲနေသည့် ဆံပင်ရှည်လေး ဖြစ်သည်ဖြစ်ရာ သူမ၏ သွင်ပြင်ဟန်က လှပကျော့ရှင်းကာ ခွင်းကုန် ဖူးပွင့်နေသည့် ပန်းလေးတစ်ပွင့်နှယ် ဖြစ်နေလေ၏။

ဂျေနော်မှာ နှောင်းမီ၏အလှအား ကြည့်မဝ ရှုမဝ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရာမှ

"နှောင်းမိ ငါလည်း နင့်ကို ရိုးရာဝတ်စုံလေးနဲ့ လှနေတာ မြင်ချင်ပါတယ်ဟာ ... ငါ အယ်မရန်းကို နင့်အတွ ရိုးရာဝတ်စုံလေး ရက်လုပ်ခိုင်းထားတယ် ... ဒီကောက်သ စားပွဲတော်ကို နင်မလာဖြစ်ရင်တောင် နင်ကျောင်းပိတ်လို့ ပြန်လာတဲ့အခါ လက်ဆောင်ပေးဖို့ ငါသိမ်းထားမယ်လို့ ရည်ရွယ် ထားခဲ့တာဟာ ... ကောက်သစ်စားပွဲတော် ကျင်းပမယ့်နေ့ မနက်မှာ မှီအောင် အယ်မရန်းကို ငါ ရက်ခိုင်းမယ်ဟာ"

ဟု တက်ကြွစွာပြောကာ

"ပွဲတော်ကျရင် နင်ရောငါပါ ရိုးရာဝတ်စုံလေးဝတ် မနော့အက ကကြတာပေါ့ ဟုတ်လား"

ဟု ဂျေနော်က ဆက်ပြောရာ နှောင်းမိက သဘော ကျစွာ ပြုံးလိုက်ပြီး

"အေးပါ ငါလည်း ကောက်သစ်စားပွဲတော်မှာ ရိုး ဝတ်စုံ ဝတ်ချင်နေတာနဲ့ အတော်ပဲ ... ဪ ဒါထ နင့်ကို အရေးကြီးတာ ပြောရဦးမယ် ... ငါ အဲဒီတ ပြောချင်လို့ အယ်မရန်းနဲ့ လိုက်လာခဲ့တာ ဂျေနော်"

ဟု အလေးအနက်အသွင်ဖြင့် ပြောလိုက်ရာ ဂျေနော်





းမလည်ဟန်ဖြင့် သူမကို ငဲ့ကြည့်လိုက်ပြီး

"အရေးကြီးတဲ့စကား ဟုတ်လား ... ဘာများလဲ ပြောပါဦး နှောင်းမိ"

ဟု တောင်းဆိုလိုက်လေ၏။ နှောင်းမိက လပြည့်အား အကဲခတ်သလို စူးစူးလေး ကြည့်လိုက်ပြီးနောက်

"ဒီမှာ ဂျေနော် ... ကောက်သစ်စားပွဲတော် ကျင်းပတဲ့နေ့ ညနေကျရင် တနိုင်းခမြစ်ကမ်းနံဘေးက ခွင်ပြင်မှာ ဆင်အပြေးပြိုင်ပွဲ ကျင်းပမယ်လေဟာ ... ကောက်သစ်စားပွဲတော်ကျင်းပတဲ့ မြို့တိုင်းမှာ ဆင်အပြေး ပြိုင်ပွဲကို တွဲပြီး ကျင်းပခဲ့တာဆိုတော့ ငါတို့မြို့မှာ ပွဲတော် ကျင်းပတုန်း အဲဒီပြိုင်ပွဲကိုပါ ဒူးဝါးကြီးတို့က ထည့်ဖို့ စီစဉ် ကြတယ်တဲ့ဟာ ... အဲဒီပြိုင်ပွဲမှာ နင် ဝင်ပြိုင်ပါလား နော် ... နင့်ရဲ့လပြည့်လည်း တကယ့် အားကောင်း ကောင်းသန်ဆင် ဖြစ်နေပြီပဲ"

ဟု ပြောလိုက်ရာ ဂျေနော်မှာ လပြည့်ကို ငေးကြည့် လိုက်ရင်း

"အေးဟ နင်ပြောမှပဲ ငါသတိရတယ် ... ဟုတ်တယ် ပြည့်ကို အားစမ်းတဲ့အနေနဲ့ ဝင်ပြိုင်ခိုင်းရမယ် ... သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သစ်တော့ အစမ်းဆွဲကြည့်ပြီးပြီဟ ကျွန်းတုံးကြီးတွေကို မိုးယံ တို့လိုပဲ ဆွဲနိုင်နေပြီ . . . ဦးလေးလုံကမင်းဆင် ငယ်ပါ သေးတယ်ကွာ သိပ်မနိုင်းပါနဲ့ဦးလို့ တားတားထားလို့ လုပ်ငန်းသုံး ဆင် ( F.G ) အဖြစ် အလုပ်ခွင်ထဲ တကယ်မဝင်နိုင်းသေး တာဟ''

ဟု အားတက်ရွှင်လန်းဟန်ဖြင့် ပြောနေစဉ် ရာလေး စက်ဘီးလေးစီးပြီး တူးခေါင်တစ်ယောက် အိမ်ဝိုင်းထဲ ဝင်လာ သည်ကို တွေ့လိုက်ကြရလေ၏။

''ဟာ ဟော့ကောင် တူးခေါင် မင်းလာတာနဲ့ အတော်ပဲ ဒီမှာ နှောင်းမိလည်း ရောက်နေတယ် . . . ငါတို့နှစ်ယောက် လပြည့်နဲ့ ဆင်အပြေးပြိုင်ပွဲ ဝင်နွှဲမလို့ တိုင်ပင်နေကြတာကွ''

ဟု ဂျေနော်က ဆီးကြိုပြောလိုက်လေ၏။

တူးခေါင်က စက်ဘီးကို ဒေါက်ထောက်ရပ်လိုက် ပြီးနောက် လပြည့်၏နံဘေးအား လက်ဖဝါးဖြင့် ခပ်ဖွဖွ ပုတ်လိုက်ကာ

''သိပ်ကောင်းတဲ့အကြံအစည်ပေါ့ကွာ . . . ငါလည်း မင်းကို အဲဒီကိစ္စပြောမလို့ အခုလာတာကွ . . . ငါ မြို့ထဲမှာ ဘယ်သူ့ကိုတွေ့ခဲ့သလဲ သိလား''





ဟု တူးခေါင်က မေးလိုက်ရာ ဂျေနော်က မျက်မှောင် တွန့်လိုက်ပြီး

''အင်း ဆိုစမ်းပါဦးကွ . . . မင်းက အရေးထဲ ဟောင်ဇွတ်နေပြန်ပြီ . . . ငါ့ညီမက ဈေးထဲမှာ နှောင်းမိကို တွေ့ခဲ့တယ်၊ မင်းကရော ဘယ်သူ့ကို တွေ့ခဲ့လို့လဲကွ''

ဟု မေးလိုက်လေ၏။

တူးခေါင်က ကွပ်ပျစ်ဝယ် ဝင်ထိုင်လိုက်ပြီး

''နှောင်းမိကို မနက်က ဈေးထိပ်နားမှာ ငါတွေ့ခဲ့ ပြီးပါပြီကွ . . . ငါမနေ့ညနေတုန်းက မြို့ထဲမှာ ဓာတ်ခဲ သွားဝယ်ပြီး လိမ့်မှော်ခြံဆီ စက်ဘီးနဲ့အပြန် မြို့စွန်မှာရှိတဲ့ 'တို့ရိုးရာ' ခေါင်ရည်ဆိုင်ထဲက ထွက်လာတဲ့ ဇော်လူတို့လူစုနဲ့ ပက်ပင်း ဆုံးခဲ့ရတယ်ကွ''

ဟု တူးခေါင်က ပြောလိုက်ရာ နှောင်းမိမှာ မျက်မှောင်လေး အတွန့်ချိုးလိုက်ပြီး မေးလိုက်လေ၏။

''ဇော်လူနဲ့ တွေ့ခဲ့တယ် ဟုတ်လား တူးခေါင်''

''အေး ဟုတ်တယ် . . . အဲဒီကောင်က ငါ့ကိုတွေ့တော့ ငါ့စက်ဘီးကို ရပ်ခိုင်းပြီး ဟော့ကောင် ငါဟာ ဟောဒီ ဟူးကောင်း မြိုင်ဝှမ်းဒေသ တစ်ခွင်လုံးမှာ သရဖူးဆောင်းထားတဲ့ကောင်ကွ၊

www.burmeseclassic.com



မင်းတို့ရဲ့ ဟူးကောင်းမြို့က ဆင်ပြိုင်ပွဲမှာလည်း ငါပဲ ဗိုလ်စွဲစေရမယ်၊ ငါနဲ့ ငါရဲ့ စွယ်နက်ကို မင်းတို့ ဟူးကောင်းက ဘယ်သူမှ မယှဉ်နိုင်စေရဘူး၊ ငါနဲ့ယှဉ်ရဲတဲ့ကောင်ရှိရင် ခေါ်ခဲ့သွေးမရှိတဲ့ကောင်တွေဆိုပြီး ငါ့ကို စော်ကားမော်ကားပြောတယ်ကွ ... သူ့ရဲ့တပည့် လူမိုက်သုံးလေးယောက်လည်းပါတယ် ... အားလုံး စောစောစီးစီး ခေါင်ရည်အတော်မူးနေပုံရတယ်ကွ ... ငါလည်း စကားနည်းရန်စဲဆိုသလိုဘာမှမပြောဘဲ စက်ဘီးကို နင်းထွက်လာခဲ့တယ် ... ဒါတောင်အဲဒီကောင်က လှမ်းပြောလိုက်သေးတယ် ... ဟေ့ကောင်မင်းရဲ့ ကောက်ရိုးပုံစောင့်တဲ့ ခွေးကို ပြောလိုက်ဦး၊ ငါနဲ့ယှဉ်ရဲရင်ဆင်ပြိုင်ပွဲကို လာခဲ့တဲ့လေ ... မင်းကိုရည်ရွယ်ပြီး ပြောတာဂျေနော် ... ဒါကြောင့် မင်းဆီ ငါအခု လာပြောတာ ... မင်းနဲ့ လပြည့်ရဲ့ အစွမ်း အဲဒီကောင်ကို ပြသင့်ပြီ''

ဟု မခံချင်စိတ်အပြည့်ဖြင့် ပြောလိုက်ရာ ဂျေနော်မှာမျက်နှာကြီးနီသွားပြီး ရှူးရှူးရှဲရှဲဖြစ်ကာ

''အဲဒီကောင်က ငါ့ကို ဘာဖြစ်လို့ ကောက်ရိုးပုံစောင့်တဲ့ခွေးလို့ ပြောရတာလဲကွ''

ဟု ဒေါသသံဖြင့် မေးလိုက်လေ၏။



တူးခေါင်က နှောင်းမီကို မျက်လုံးဝေ့ကြည့်လိုက်ပြီး

''ဒီလိုကွာ ... ဇော်လူက နှောင်းမီကို ကြိုက်နေတယ်၊ နှောင်းမီကို သူက သိမ်းပိုက်ချင်နေတယ် ... ဒါပေမဲ့ ဒင်းက ကြားက ကန့်လန့်ခံနေလို့ နှောင်းမီရဲ့မေတ္တာကို သူ မရနိုင်ဘူးဖြစ်နေတာလို့ ထင်နေတယ်''

ဟု သူနားလည်ထားသရွေ့ ပြောပြလိုက်ရာ ဂျေနော်က သူ့ခေါင်းကို ဖြည်းလေးစွာ ခါရမ်းလိုက်ပြီး

''မဆိုင်ပါဘူးကွာ ... နှောင်းမီကို သူပိုးနေတဲ့ကိစ္စက ငါနဲ့ မဆိုင်ပါဘူး .. နှောင်းမီနဲ့ငါက ဟိုးငယ်ငယ်ကလေးတည်းက ငယ်အဖေနဲ့အတူ ဆင်စခန်းကို ငါလိုက်လိုက်သွားကတည်းက ဆင်စခန်းမှာတွေ့ပြီး ခင်လာခဲ့တဲ့ ငယ်သူငယ်ချင်းပါ ... နှောင်းမီက သူ့ကို ကြည်ဖြူရင် ငါဘာမှ နှောင့်ယှက်စရာ မလိုပါဘူး ... အေး နှောင်းမီ မကျေနပ်ဘဲ နှောင်းမီအပေါ် အဲဒီကောင် မတရားနိုင်ထက်စီးနင်း တစ်ခုခု လုပ်လာရင်တော့ ငါနဲ့အတွေ့ပဲ ... အဲဒီကောင်က သူ နှောင်းမီကို ပိုးပမ်းလို့ မရတိုင်း ငါ့ကို လာမဲနေတာပါကွာ''

ဟု ပြောလိုက်ရာ နှောင်းမီက သူမ၏နှုတ်ခမ်းဖူးဖူးလေးကို မဲ့လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့မေတ္တာကိုလည်း သူဘယ်တော့မှရမှာ မဟုတ်ပါဘူးဟာ . . . အလကား မိဘအရှိန်နဲ့ ဆောင့်ကြွားကြွားဖြစ်နေတဲ့ကောင် . . . သူ့ကိုယ်သူ လော်ပန်သား၊ သူဌေးသားဆိုပြီး အခြောက်တိုက် ဘဝင်မြင့်နေတဲ့ကောင်ပါ . . . သူ့လိုစိန်နားကပ်ရောင်ကြောင့် ပါးပြောင်နေတဲ့သူမျိုးကို နှောင်းမိတို့က အထင်မကြီးဘူး"

ဟု မဲ့ကာရွဲ့ကာ ပြောလိုက်ရင်းမှ

"တူးခေါင်ပြောတာ မှန်တယ် ဂျေနော် . . . ဒီ ဟူးကောင်းချို့ဝှမ်းဒေသမှာ သူ့ရဲ့ဆင်ကို ဘယ်သူမှ မယှဉ်နိုင်ဘူးလို့ ဘဝင်မြင့် လက်မထောင်နေတဲ့ ဖော်လူ့ကို နင် ယှဉ်ပြိုင်အနိုင်ယူပြလိုက်စမ်းပါဟာ . . . ငါတို့ နင့်ကို အပြတ်အသတ်အားပေးပါ့မယ် . . . သူက ငါတို့ဒေသက ဆင်သမားတွေကို သွေးမရှိဘူးလို့ ထင်နေတာ . . . ဂျေနော် နင့်ရဲ့သွေးဟာ ရဲရဲတောက်နီကြောင်း ပြလိုက်စမ်းပါဟာ"

ဟု ဆင်အပြေးပြိုင်ပွဲဝင်ကာ ဖော်လူ့ကိုယှဉ်ဖို့ အားပေးတိုက်တွန်းခြင်း ပြုလေ၏။

သို့ဖြင့် နှောင်းမိရော တူးခေါင်ပါ အထပ်ထပ် ပိုင်းဝန်းတိုက်တွန်းကြရာ နောက်ဆုံးဝယ် ဂျေနော်က ကောက်သစ်စားပွဲတော်နေ့ ညနေပိုင်းဝယ် ကျင်းပပြုလုပ်မည့် ဆင်အပြေးပြိုင်ပွဲသို့ သပြည့်နှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ရန် သဘောတူလိုက်လေ၏။

"ဝေး . . . ဒါမှ နှောင်းမိရဲ့ဂျေနော်ကွ"

ဟု နှောင်းမိက ဝမ်းမြောက်ဝမ်းသာသံလေးဖြင့် ကောင်းချီးပေးသလို တူးခေါင်ကလည်း ဂျေနော်၏ လက်ဖဝါးတစ်ဖက်ကို သူ့လက်ဖဝါးဖြင့် ခပ်တင်းတင်းကြီး ဆုပ်ကိုင်ရင်း

"ဂျေနော် . . . မင်း ငါတို့ဒေသကို ကိုယ်စားပြုပြီး ငါတို့ဒေသကို အသားလွှတ် စော်ကားလာတဲ့ ဖော်လူ့ကို ယှဉ်ပြိုင်အနိုင်ယူပြစမ်းပါကွာ . . . ငါတို့ မင်းကို လိုက်လိုက်လှဲလှဲကြီးကို အားပေးပါတယ်ကွာ . . . မင်း နိုင်ကိုနိုင်စေရမယ်"

ဟု အားတက်သရောပြောကာ ထောက်ခံခြင်းပြုလေ၏။

✧ ✧ ✧







www.burmeseclassic.com

www.burmeseclassic.com

## ❖ မနောအလှပန်း ❖

ဆန်ရေစပါး ဖြစ်ထွန်းအောင်မြင်သည့် အထိမ်းအမှတ်ပွဲတော်ကြီးဖြစ်သည့် အင်လုံအင်နန်ရှား (ခေါ်) ကချင်ရိုးရာကောက်သစ်စားပွဲတော်ကြီးကို ဟူးကောင်းမြို့လယ်ရှိ ဈေးအနီးမှဘောလုံးကွင်းကြီးထဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေသည်။

ညက မိုးနှင်းများ ဆွတ်ဖြန်းထားသဖြင့် ဖုံသိပ်နေသောကွင်းပြင်ကြီးထဲတွင် ရိုးရာအဝတ်အစားများ ဝတ်ဆင်ထား

www.burmeseclassic.com



ကြသည့် ရွှေပွဲလာ ပရိသတ်ကြီးသည် နံနက်ခင်းကတည်းက စုဝေးရောက်ရှိလာကြပြီး လူမျိုးစုအကြီးအကဲ ဒူးဝါးကြီးများ၏ နှုတ်ခွန်းဆက်သ ဩဝါဒစကားများကို နားဆင်ကြကာ အုတ်အုတ်ကျက်ကျက်ဖြင့် တစ်ခဲနက် စည်ကားလျက်ရှိတော့သည်။

ယင်းပွဲတော်ကို ကချင်တိုင်းရင်းသားများသာမက ညီရင်း အစ်ကို မောင်ရင်းနှမဖြစ်သည့် တိုင်းရင်းသားလူမျိုးစုံ တက်ရောက်ကြရာ လူထုပရိသတ်ကြီးမှာ အရောင်အသွေးစုံ ကာလာစုံ တောက်လက်လျက် ပွဲခင်းကြီးတစ်ခုလုံးမှာ လူရောင်စုံ ရှုခင်းကြီးဖြစ်နေလေ၏။

ဂျိန်းဖော့၊ မရူ၊ လရှီ၊ ရဝမ်၊ လီဆူး တိုင်းရင်းသား တို့အပြင် မြန်မာ၊ ရှမ်း၊ ချင်းနှင့် နာဂတို့ပါ တပျော်တပါးကြီး ပါဝင်ဆင်နွဲကြရာ ပြည်ထောင်စုပွဲတော်ကြီးသဖွယ် ရှိဘိ၏။

ဆွတ်မနောအကကို အခမ်းအနားပွဲတော်ကြီး ကျင်းပရာ ကွင်းပြင်မှာပဲ ကောက်သစ်ထမင်းထုပ်များ ဝေငှစားသောက် ကြပြီးသည့် နေ့ခင်း မွန်းလွဲပိုင်းမှာပင် မောင်းသံတဒူဒူ တီးခတ် လျက် ပျော်ရွှင်စွာ စတင်ကျင်းပလေတော့သည်။

ပွဲတော်သို့ တက်ရောက်လာသမျှ လူထုပရိသတ်အားလုံး





တစ်ယောက်မကျန် ကောက်သစ်ထမင်းထုပ် မရမရှိစေရ၊ ထိုလေသေးမရှိ ဝေငှပြီး ပျော်ပျော်ပါးပါး တစ်ဝ စားရစေခြင်း သည်ပင် ကချင်ရိုးရာ ကောက်သစ်စားပွဲတော် (ခေါ်) အင်လုံအင်နန်ရှား ပွဲတော်ကြီး၏ ထူးခြားသော ဝိသေသပင် ဖြစ်ပါ၏။

တဒူဒူ မြည်ဟီးလျက်ရှိသော မောင်းသံစည်းချက်နှင့် အညီ ကိုယ်ကို ယိမ်းနွဲ့၍ ခေါင်းကိုသာသာငဲ့၊ လက်ကလေး များကို လှုပပေါ့ပါးစွာ လှည့်ကာ လှည့်ကာဖြင့် ခြေကို နှိမ့်ချီချပြီး ညီညာလှပစွာ ကကြသော ဆွတ်မနောက သူတို့၏ သွင်ပြင်မှာ ရှုမငြီးနိုင်စရာပင် ဖြစ်တော့၏။

ဂျေနော်နှင့် နှောင်းမိတို့မှာ အခြားသော လုလင်ပျို ပုံပျိုတို့နည်းတူ ဆွတ်မနောပွဲဝယ် စိတ်ပါလက်ပါ ပျော်ရွှင် ထက်ကြွစွာ ဝင်ရောက်ကကြလေ၏။

ဂျေနော်ကား ဂျပ်ခုတ်ရက်ထည်ဖြစ်သည့် ကချင် အမျိုးသား ဝတ်စုံကို အကျအန ဝတ်ဆင်ပြီး ခေါင်းပတ် ခေါင်းပေါင်း,ပေါင်းထားလျက် ငွေဓားကို ဓားအိမ်နှင့်တကွ ခါးမှာ ချိတ်ကာ ဝင့်ကြွားလှပစွာ မနောအကကို ဝင်ရောက်ကလေ၏။

နှောင်းမိမှာလည်း သူမ၏ တစ်ကိုယ်လုံးကို ဝိဘိ



www.burmeseclassic.com

www.burmeseclassic.com



ကချင်လုံမပျိုတို့၏ ဆင်ယင်ထုံးဖွဲ့မှုဖြင့် ထုံမွှန်းဆင်ယင်ထားရာ သူမ၏ ရွှန်းလက်သောအလှမှာ တစ်မျိုးတစ်ဘာသာ ထူးခြားပေါ်လွင်လျက်ရှိလေ၏။

အယ်မရန်း၏လက်ရာ ဂျပ်ခုတ်ထည်ဖြစ်သော အနက်ရောင်ချည်ကို အတိုင်အဖောက် ပြုရက်လုပ်ထားသည့် ကတ္တီပါအင်္ကျီအနက်ပေါ်ဝယ် လှပဖြူဖွေးကာ လက်လက်ထနေသော ငွေသား၊ ငွေမောင်းတို့ကို ငွေနန်းပန်းပွားလေးတို့နှင့် လှပစွာ ချိတ်ဆွဲထားလေ၏။

ခါးဝယ် ချပ်ရပ်စွာဝတ်ဆင်ထားသည့် ခတ်ရှူးလုံချည်မှာလည်း အခြေခံအနက်ရောင်မှာ ခြောက်လက္ခအပြားဖြစ်လျက် အဝါ၊ ခရမ်း၊ ပန်း၊ အနီ၊ အစိမ်း စသည့် ရောင်စုံသိုးမွှေးချည်ကြောင်းတို့ကို အကြောင်းထိုးကလေးများအဖြစ် အပြန်ပြန် အလှန်လှန် ရက်လုပ်ထားရာ ရောင်စုံအစင်းကြားမှာ ဆယ်လက္ခခန့် ရှိလေ၏။

ယင်းအပြင် ခရမ်းရောင်အစင်းကြောင်းကြီးများဖြင့် ကန့်လန့်စင်းရက်လုပ်ပြီး အမြိတ်အဖြစ် ပုလဲမုန်ကွက်ကွက် နှစ်ထပ်ကွက်၊ သုံးထပ်ကွက်၊ လေးထပ်ကွက်ကို အပြန်ပြန် အလှန်လှန် အကွက်ငယ်အမြိတ် ထိုးထားလေရာ လွန်စွာ ခမ်းနားလှပသော ရက်ကန်းလက်ရာဖွင့်ဖြစ်တော့၏။

ယင်းဂျပ်ခုပ်ထဘီမှာ ကွင်းထည်မဟုတ်ချေ။ ခါးစည်းဖြင့် ခါးတွင် ချည်နှောင်ပတ်ထားရခြင်းသာ ဖြစ်လေ၏။ ခါးစည်းအပေါ်မှနေ၍ ငွေသားခါးပတ်ကို ပတ်ထားပြီး ခါးပုံအထက်နားဝယ် သစ်ခေါးဖြင့်စိမ်ထားသည့် ကြိမ်နန်းကြိုးခွေများကို လှပစွာ ချိတ်ဆွဲတပ်ဆင်ထားလေ၏။

ယင်းအပြင် နှောင်းမိ၏ လှပဖွေးနုသော လည်ပင်းရှည်သွယ်နုံ့ဝယ် ရဲရဲနီစွေးသော သန္တာစေ့ပုတီးလုံးလေးများနှင့် လှသည့် ပုတီးကုံးကို ဆင်မြန်းထားပြီး လက်ကောက်ဝတ်တို့၌ ငွေလက်ကောက်တို့ကို စွပ်ထားကာ ငွေကြယ်သီး၊ ငွေနားမောင်း၊ ငွေလက်စွပ်တို့ကိုလည်း လှပစွာ ဆင်ယင်ထားသေး၏။

သူမ၏ ဦးခေါင်း၌မူ အနက်ရောင်ချည်ကို တိုင်၍ သိုးမွှေးချည် ရဲဝါရောင်ကို အဖောက်အဖြစ် ရက်လုပ်ထားသည့် ခေါင်းပတ်ကို ပတ်ဆင်ထားတော့၏။

သူမ၏ ခြေစွပ်မှာလည်း အနက်ရောင်ချည်ကို အတိုင်ထားလျက် သိုးမွှေးချည် အနီရောင်ကို အဖောက်အဖြစ် ရက်လုပ်ထားသော လှပသည့် ခြေစွပ်တို့ပင် ဖြစ်ချေ၏။

နှောင်းမိ၏ တစ်ကိုယ်လုံးမှာလည်း ပီပီ ကချင်လုံမပျို







www.burmeseclassic.com

www.burmeseclassic.com



တို့၏ သွင်ပြင်လက္ခဏာ ဆင်ယင်ထုံးဖွဲ့မှုတို့ဖြင့် အတိပြီးကာ ဆန်းသစ်လတ်ဆတ်သော အလှတစ်မျိုးဖြင့် ပဏာတင့်လျက် ရှိလေရာ ဂျေနော်မှာ သူမ၏အလှကို ငေးရင်း နှစ်သက် မြတ်နိုးခြင်း စေတသိတ်တို့သည် ရင်တွင်းသို့ တနိုင်းခမြစ်ရေ အလျဉ်နှယ် အဆက်မပြတ် စီးဝင်လျက်ရှိလေ၏။

တကယ်တော့ ဘဝအလွှာချင်း မတူသဖြင့် မမိုသော ပန်းကို တုံးခုလှမ်းသည့်အဖြစ်မျိုး မရောက်ရအောင် နှောင်းမီ အပေါ် ထားရှိမိသော သမုဒယသံယောဇဉ်စိတ်တို့ကို ရင်ဝယ် နှစ်များစွာ သိုသိပ်ခဲ့ရသူမှာ ဂျေနော်သာဖြစ်ပါ၏။

ငယ်စဉ်ကတည်းက သံယောဇဉ်တွယ်ခဲ့ရသော သူငယ်ချင်းမလေးမှာ တော်ဝင်နန်းထိုက်သည့် ပန်းမကိုဋ်လေး ပေမို့ အနူလက်နှင့် ရွှေခွက်နိုက်သလို ဖြစ်မှာစိုးပြီး သူ၏ ပိုင်ဆိုင်လိုသော အချစ်စိတ်တို့ကို ရင်ထဲမှာပင် ခေါက်သိမ်းကာ ထားခဲ့ရပါ၏။

သို့သော် ချစ်သောနှောင်းမီလေး မနောအကကို လှပစွာ ကနေခြင်းအား နံဘေးလူအုပ်ကြားမှ လက်ကို မိန့်မိန့်ကြီး ပိုက်ကာ မျက်တောင်မခတ်စတမ်း ရှုစားနေသည့် ဇော်လူကို တွေ့ရသည်၌ ဂျေနော်၏ရင်ဝယ် မနာလိုတိုရှည်စိတ်တို့

ဖြစ်ပေါ်လာပြီး သဝန်ကြောင်စိတ်ဖြင့် အူနကို ကျွဲခတ်ခံရသည့်နှယ် ရင်၌ စူးရှနာကျင် စပ်ဖျဉ်းဖျဉ်းဖြစ်ရချေ၏။

ဇော်လူကလည်း သူ့ကိုတွေ့သွားရာ သူတို့နှစ်ဦးမှာ မျက်လုံးအကြည့်ချင်း ဆုံသွားပြီး တစ်ဦးအပေါ်တစ်ဦး ထားရှိသည့် အမျက်ဒေါသတို့သည် သူတို့၏ မျက်ဝန်းတို့ဝယ် အထင်းသား ပေါ်လွင်လာလျက် အမုန်းငွေ့တို့ ထောင်းထောင်းထလေသလား ထင်မှတ်ရလေ၏။

တကယ်တော့ သူတို့နှစ်ဦးကြားဝယ် အလိုအလျောက် ဖြစ်ပေါ်လာသည့် အာဃာတအမုန်းမီးလျှံများသည် လှပသော ပန်းလေးတစ်ပွင့်ဖြစ်သည့် နှောင်းမီကြောင့်လား၊ မိမိတို့ ပိုင်ဆိုင်မြတ်နိုးသော လက်စွဲဆင်တို့အတွက် တရိပ်ရိပ် တက်နေကြသည့် မာန်မာနတို့ကြောင့်လား ဝေခွဲမရနိုင်တော့ပြီ။

မည်သို့ဖြစ်စေ တစ်ဦးအပေါ်တစ်ဦး မဟာရန်သူလို သဘောထားမိကြသော သူတို့နှစ်ဦးသည် ယနေ့ညနေခင်း တွင်တော့ ဆင်အပြေးပြိုင်ပွဲကြီး ပြုလုပ်ရာ တနိုင်းခမြစ်နံဘေးမှ လွင်ပြင်ဝယ် ထိပ်တိုက်ဆုံဆည်းမိကြပေရော့မည်။

ဇော်လူကလည်း နှောင်းမီနှင့် ပဝါတစ်ကမ်း သက်တစ်ကမ်းဝယ် အတူယှဉ်တွဲလျက် မနောအက အတူ







www.burmeseclassic.com

www.burmeseclassic.com



ကနေသော ဂျေနော့်ကို စူးစူးရဲရဲကြည့်ကာ မနောလိုမရှုစိမ့်သည့် ဝန်တိုစိတ်တို့ မှန်တိုင်းနယ် ရင်ဝယ်ဖြစ်ပေါ်လျက် ဖြစ်နိုင်လျှင် ယခုချက်ချင်းပင် ဂျေနော့်ကို နောင်းမီ၏နံဘေးမှ ဖယ်ရှား ပစ်လိုက်ချင်လေ၏။

သို့သော် စည်းကမ်းတင်းကြပ်သည့် ဒူးဝါးကြီးများ ကိုယ်တိုင် ဦးစီးကျင်းပလျက်ရှိသော မနောကပွဲကြီးဝယ် သူ၏ စိတ်ဆင်ရိုင်းကို ချွန်းဖွင့်လွှတ်ခွင့်မသာသဖြင့် ဖော်လှူမှာ အံတကြိတ်ကြိတ်နှင့်သာ အဝေးမှ လှမ်းပြီး မျက်မာန်ပွားနေ ရလေ၏။

မနောကပွဲကြီးကား မောင်းသံ တဒူဒူဖြင့် · အရှိန် တက်ကာ ကကွက်တစ်ကွက်ပြီးတစ်ကွက် ကူးပြောင်းလျက် ရှိချေ၏။

ဆွတ်မနောအကကို ဦးဆောင်ကသူတို့မှာ ကကွက် အဆင့်ကျော်ခြင်း၊ မှားယွင်းခြင်းမရှိရအောင် လွန်စွာ သတိထား ကရလေ၏။ မှားယွင်းမှုရှိပါက ရှေးရိုးရာအယူအစွဲအရ အပြစ် ရှိသည်ဟု ဆိုကြလေ၏။

သို့ကြောင့်လည်း မနောအကကို ဦးဆောင်သူတို့မှာ မနောတိုင်ကိုကြည့်ပြီး မနောတိုင်က ညွှန်းဆိုသည့် ကကွက်များ





အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ကရလေ၏။

မနောတိုင်ဝယ် ဆေးရောင်စုံဖြင့် ရေးခြယ်ထားသော ပန်းနွယ်ပန်းခက် ပန်းချီကားတို့မှာ မနောအက၏ ကနည်း၊ အဟန်၊ ကကွက်များကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ညွှန်း ပြထားခြင်းဖြစ်ရာ ထိုမနောတိုင်မှ ဖော်ညွှန်းပြထားသည့် သင်္ကေတများအတိုင်း စည်းကမ်းတကျ ကကြရခြင်းဖြစ်ပေ၏။

ကကွက်တစ်ခုမှ တစ်ခုသို့ ပြောင်းတိုင်း နောင်းမီက ဂျေနော့်ကို အပြုံးမျက်နှာလေးဖြင့် လှမ်းလှမ်းကြည့်ရာ သူမ၏ မျက်ဝန်းလှလှလေးနှင့် အပြုံးလှလှလေးကို ငေးကြည့်ရင်း ဂျေနော်မှာ ရင်တသိမ့်သိမ့်ခုန်လျက် ကြည်နူးခြင်းဖြစ်ရချေ၏။

နောင်းမီသည်လည်း ဂျေနော်၏ သံယောဇဉ် ဝန်းယှက်သော မျက်လုံးညိုညိုတို့၏ အကြည့်ကို နားလည် နိုင်မိသဖြင့် ပြုံးမူမူလေး လှမ်းကြည့်ကာ တစ်ခါတစ်ရံ ခေါင်းလေး ငုံ့ကာစောင်းကာ ကရင်းမှ ရင်မှာ မနောကပွဲ၏ မောင်းသံ တဒူဒူနှင့်အပြိုင် တဒိန်းဒိန်း မြည်ဟိန်းခုန်လှုပ်လျက်ရှိလေ၏။

ကောက်သစ်စားပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက် သည်ကား တိုင်းရင်းသားညီအစ်ကိုမောင်နှမချင်း ရင်းနှီး ချစ်ကြည်စေရန်နှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရန်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချေ၏။

ယင်းကြောင့်လည်း နှစ်စဉ် တစ်မြို့တည်းမှာသာ ကျင်းပခြင်းမပြုဘဲ မြို့အသီးသီးသို့ တစ်နှစ်လျှင်တစ်မြို့ လှည့်လည်ကျင်းပခြင်းဖြစ်ချေ၏။

ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရ၏ လက်အောက်မှာ တစ်တိုင်းတစ်ပြည်လုံး ကျရောက်လျက်ရှိသော်လည်း ကချင် အမျိုးသားခေါင်းဆောင် ဒူးဝါးကြီးတို့မှာ မိမိတို့၏ တိုင်းရင်းသား ရိုးရာမပျက်စေရန် စည်းရုံးမှုကောင်းကောင်းနှင့် ဦးဆောင်ပြီး ဤပွဲတော်ကြီးကို အောင်မြင်သိုက်မြိုက်စွာ ကျင်းပကြခြင်း ဖြစ်ပေ၏။

မနောကပွဲသည်ကား ကချင်လူမျိုးတို့၏ ရိုးရာဝယ် ရေးအကျဆုံးဖြစ်ပြီး ခေတ်အဆက်ဆက် တည်တံ့လာခဲ့ခြင်းမှာ ကချင်အပါအဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ညီညွတ်စွာ ပေါင်းစည်းမှုနှင့် ရိုးရာဓလေ့ ထိန်းသိမ်းနိုင်မှု စွမ်းပကားတို့ကြောင့်ပင် ဖြစ်ချေ၏။

မနောကပွဲသို့ ကချင်လူမျိုးအပါအဝင် တိုင်းရင်းသား ပေါင်းစုံ လူကြီးလူငယ် ပျိုပျိုအိုအိုတို့ တစ်စုတစ်ဝေး တပျော်တပါး တက်ရောက်ကြသဖြင့်လည်း လွန်စွာ စည်ကားရခြင်းဖြစ်ချေ၏။





မနောအကကား ကကွက်စုံလင်လှချေ၏။ နတ်ခေါ်အကလည်း ပါ၏။ မြင်းစီးအကလည်း ပါ၏။

ကျောက်ဖရုံသီးကြိုးတက်ဆွဲအကသည်ကား မပါမဖြစ် သည့်ကြိုက်များသော အကပင်တည်း။

ကွန့်ပစ်ဟန်အကနှင့် ကျွဲနွားပျောက်ရှာဖွေဟန် အက တို့သည်ကား တောင်တန်းသားတို့၏ စီးပွားရေး၊ စားဝတ်နေရေး နှန်းကန်ရမှု ဘဝကို ထင်ဟပ်စေသည့် အကများဖြစ်လေ၏။

အောက်ချင်းငှက်အသွင် အကကိုတော့ လူငယ် မောင်မယ်တို့ လွန်စွာ နှစ်ခြိုက်ကြချေ၏။

ယင်းသို့လျှင် စည်သံ၊ မောင်းသံ တညံညံနှင့် တပျော် တပါး ဆင်နွှဲကြလေ့ရှိသော မနောကပွဲတို့ကို အကြမ်းအားဖြင့် (၆)မျိုး ခွဲခြားနိုင်ပါ၏။

- ✦ ပဒန်မနောကား စစ်အောင်ချိန်ဝယ် အောင်ပွဲခံကာ ကကြသော မနာကပွဲဖြစ်လေ၏။
- ✦ ဂျူမနောကား ဆွေမျိုးသားချင်း တစ်ဦး တစ်ယောက် နာမကျန်းဖြစ်လျှင် သို့မဟုတ် သက်ကြီးရွယ်အိုတို့ ကွယ်လွန်လျှင် ကျင်းပရသော ပွဲဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချေ၏။

ယင်းကြောင့်လည်း နှစ်စဉ် တစ်မြို့တည်းမှာသာ ကျင်းပခြင်းမပြုဘဲ မြို့အသီးသီးသို့ တစ်နှစ်လျှင်တစ်မြို့ လှည့်လည်ကျင်းပခြင်းဖြစ်ချေ၏။

ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရ၏ လက်အောက်မှာ တစ်တိုင်းတစ်ပြည်လုံး ကျရောက်လျက်ရှိသော်လည်း ကချင် အမျိုးသားခေါင်းဆောင် ဒူးဝါးကြီးတို့မှာ မိမိတို့၏ တိုင်းရင်းသား ရိုးရာမပျက်စေရန် စည်းရုံးမှုကောင်းကောင်းနှင့် ဦးဆောင်ပြီး ဤပွဲတော်ကြီးကို အောင်မြင်သိုက်မြိုက်စွာ ကျင်းပကြခြင်း ဖြစ်ပေ၏။

မနောကပွဲသည်ကား ကချင်လူမျိုးတို့၏ ရိုးရာဝယ် ရှေးအကျဆုံးဖြစ်ပြီး ခေတ်အဆက်ဆက် တည်တံ့လာခဲ့ခြင်းမှာ ကချင်အပါအဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ညီညွတ်စွာ ပေါင်းစည်းမှုနှင့် ရိုးရာဓလေ့ ထိန်းသိမ်းနိုင်မှု စွမ်းပကားတို့ကြောင့်ပင် ဖြစ်ချေ၏။

မနောကပွဲသို့ ကချင်လူမျိုးအပါအဝင် တိုင်းရင်းသား ပေါင်းစုံ လူကြီးလူငယ် ပျိုပျိုအိုအိုတို့ တစ်စုတစ်ဝေး တပျော်တပါး တက်ရောက်ကြသဖြင့်လည်း လွန်စွာ စည်ကားရခြင်းဖြစ်ချေ၏။





မနောအကကား ကကွက်စုံလင်လှချေ၏။ နတ်ခြောက် အကလည်း ပါ၏။ မြင်းစီးအကလည်း ပါ၏။

ကျောက်ဖရုံသီးကြီးတက်ဆွဲအကသည်ကား မပါမဖြစ် သွက်ကြိုက်များသော အကပင်တည်း။

ကွန်ပစ်ဟန်အကနှင့် ကျွဲနွားပျောက်ရှာဖွေဟန် အက တို့သည်ကား တောင်တန်းသားတို့၏ စီးပွားရေး၊ စားဝတ်နေရေး ချွန်းကန်ရမှု ဘဝကို ထင်ဟပ်စေသည့် အကများဖြစ်လေ၏။

အောက်ချင်းငှက်အသွင် အကကိုတော့ လူငယ် မောင်မယ်တို့ လွန်စွာ နှစ်ခြိုက်ကြချေ၏။

ယင်းသို့လျှင် စည်သံ၊ မောင်းသံ တညံညံနှင့် တပျော် တပါး ဆင်နွှဲကြလေ့ရှိသော မနောကပွဲတို့ကို အကြမ်းအားဖြင့် (၅)မျိုး ခွဲခြားနိုင်ပါ၏။

- ✦ ပဒန်မနောကား စစ်အောင်ချိန်ဝယ် အောင်ပွဲခံကာ ကကြသော မနာကပွဲဖြစ်လေ၏။
- ✦ ဂျူမနောကား ဆွေမျိုးသားချင်း တစ်ဦး တစ်ယောက် နာမကျန်းဖြစ်လျှင် သို့မဟုတ် သက်ကြီးရွယ်အိုတို့ ကွယ်လွန်လျှင် ကျင်းပရသော ပွဲဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



- ✦ ကွမ်ရန်မနောကား မိသားစုထဲမှ ညီအစ်ကို တစ်ယောက်ယောက် နယ်မြေသစ်တည်ထောင် နေထိုင်သောအခါ မဒိုင်နတ်ကို ဝေခြမ်းပင့်ဆောင်သည့် သဘောဖြင့် ကျင်းပပြုလုပ်ရခြင်းဖြစ်ပေ၏။
- ✦ ရှဒစ်ဖော့မနောမှာ နေရာဒေသအသစ်ကို မဒိုင်နတ်အား ပြသ၍ မကောင်းဆိုးဝါးများကို နှင်ခိုင်းရင်း ကျင်းပပြုလုပ်ရခြင်းဖြစ်ပေ၏။
- ✦ ဆွတ်မနောသည်ကား ဥစ္စာခနေတိုးတက်ကြွယ်ဝ ချိန်ဝယ် သွေးသစ်မျိုးသစ်များနှင့် တွေ့ဆုံ မိတ်ဖွဲ့ရင်း ပြုလုပ်ရသည့် ရိုးရာကပွဲပင် ဖြစ်ပေ၏။

သို့ကြောင့်လည်း အင်လုံအင်နန်ရှား (ခေါ်) ကောက်သစ်စားပွဲတော်ကြီးဝယ် ဆွတ်မနောကပွဲကို မပါမဖြစ် ထည့်သွင်းရခြင်း ဖြစ်ပါသတည်း။

✧ ✧ ✧



❖ ထူးခြားသောဆင်ပြိုင်ပွဲ ❖

ဟူးကောင်းမြို့လေးကား ထူးထူးခြားခြား ဆင်ပေါများသည့် မြို့လေးဖြစ်လေ၏။ ဟူးကောင်းမြို့၏ မြို့တွင်းရပ်ကွက်တို့ရှိ အိမ်ဝင်းအတော်များများ၌ ဆင်ထားရာနေရာ ဆင်တင်းကုတ်တဲကြီးများ ရှိလေ၏။

တစ်မြို့လုံးဝယ် ဆင်ကောင်ရေတစ်ရာခန့်ရှိကာ အချို့ဆင်များမှာ တောတွင်းရှိ ဆင်စခန်းများဝယ် လုပ်ငန်းခွင်ဝင်နေကြသဖြင့် မြို့တွင်း၌ [illegible]င်များဖြင့် ရှုပ်ယှက်ခတ်မနေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ခဲလေသည်။

ကား၊ မြင်းလှည်း စသည့် ယာဉ်များမရှိသေးသည့် ဤတောင်ပေါ်ချိုင့်ဝှမ်းလွင်ပြင်ဒေသမှ မြို့လေးဝယ် ခရီးတို ခရီးရှည်သွားလာခြင်း၊ ဝန်စည်စလွယ် သယ်ဆောင်ခြင်းတို့၌ ဆင်တို့ကိုသာ အားထားနေရပြီး ဆင်တို့မှာလည်း အိမ်မွေး တိရစ္ဆာန်များကဲ့သို့ ဖြစ်နေကာ လူတို့နှင့် လွန်စွာနီးစပ် ယဉ်ပါးမှု ရှိလှပေ၏။ ဟူးကောင်းမြို့သူမြို့သားတို့မှာလည်း ကလေးမှစ၍ လူကြီးသူမတွေအထိ ဆင်သတ္တဝါများကို ချစ်ကြသည်ဖြစ်ရာ ဆင်နှင့်လူတို့ လုံးထွေးနေသော ထူးခြားသည့်မြို့လေး ဖြစ်လေ၏။

ယင်းသို့ ထူးထူးခြားခြား ဆင်ပေါ်များသည့် မြို့လေး ဖြစ်သဖြင့်လည်း ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း တစ်ထောင်ကျော်ခန့်မြင့်သော ယင်းတောင်ပေါ်မြို့လေးဝယ် အခါအားလျော်စွာ ထူးထူးခြားခြား ဆင်အပြေးပြိုင်ပွဲကြီးကို ကျင်းပကြခြင်းဖြစ်လေ၏။

မြန်မာနိုင်ငံ၏ မည်သည့်အရပ်တွင်မှ ရှိမည် မဟုတ်သော ဆင်အပြေးပြိုင်ပွဲကြီးများကို ဤဟူးကောင်းမြို့၌ ချစ်စရာ့ဒေသပျော်ပွဲရွှင်ပွဲအဖြစ် ပြုလုပ်ကြကာ မြို့သူမြို့သား များက တခဲနက် အားပေးကြလေ့ရှိလေ၏။





ယနေ့ညနေခင်းဝယ် တနိုင်းခမြစ်ကမ်းနံဘေး၌ ပြုလုပ်မည့် ဆင်အပြေးပြိုင်ပွဲကြီးမှာ ကောက်သစ်စားပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ဒူးဝါးကြီးများ ကိုယ်တိုင် ဦးစီးကျင်းပကာ ပထမရသူကို ဆုကြေးငွေ များပြားစွာ ချီးမြှင့်မည်မို့ ဆင်ပြိုင်ပွဲဝင်မည့် ဆင်ဦးစီးများမှာ ...စွာ တက်ကြွလျက်ရှိလေ၏။

ယင်းဆင်ဦးစီးများထဲဝယ် ဇော်လူနှင့် ဂျေနော်တို့လည်း ပါဝင်ချေ၏။

ဇော်လူ၏ ဆင်ကြီးစွယ်နက်မှာ အမြင့်ကိုးပေရှိပြီး လွန်စွာ ...နိုင်ထွားကျိုင်းသော ဆင်ကြီးဖြစ်ကာ ငါးပေကျော် ခြောက်ပေခန့်ရှိသော ဆင်စွယ်ကြီးနှစ်ချောင်းကလည်း ကော့ပျံ့ကာ တခမ်းတနားရှိလှစွာ၏။

စွယ်နက်မှာ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသဝယ် ...နှံ့စွာကျော်ကြားလျက်ရှိသော ဆင်ကြီးဖြစ်ပြီး သူ၏သွင်ပြင်ဟန်က ...ဆင်နှင့်တူကာ အားကောင်းမောင်းသန်သလောက် ရက်စက် ကြမ်းကြုတ်သော ဆင်ကြီးလည်းဖြစ်၏။

စွယ်နက်မှာ ဆင်လားမြောက်သည့် ဆယ့်နှစ်နှစ်သားမှ ယနေ့အထိ ဇာတိတူအချင်းချင်း အစွယ်ဖြင့် ထိုးသတ်ခဲ့သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်သုံးကောင်ပင် ရှိပြီဟု သိရလေ၏။ စွယ်နက် ပထမဆုံး
ထိုးသတ်ခဲ့သောဆင်မှာ ဆင်ပျိုမတစ်ကောင်ဖြစ်ပြီး သူ
မိတ်လိုက်ရန် ကြိုးစားသည်ကို ငြင်းပယ်သဖြင့် ဆင်မက
တောင်ကမ်းပါးယံတစ်ခုဆီသို့ အောင်းပြီးမောင်းသွင်းသွားကာ
အစွယ်ဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုလေသည်။

စွယ်နက်ထိုးသတ်လိုက်သော ဆင်မမှာ စွယ်နက်
သခင် ဖော်လူတို့သားအဖပိုင်သည့် ဆင်မဖြစ်သဖြင့်သာ
လျော်ကြေးပေးစရာမလိုခဲ့ချေ။

နောက်ဆင်နှစ်ကောင်မှာ ဆင်ရိုင်းများဖြစ်ပြီး သူ
အရှင်သခင် ဖော်လူနှင့်အတူ ဆင်ရိုင်းဖမ်းထွက်စဉ်က မငွေ
နည်းဖြင့် ဖော်လူက ကြိုးကွင်းပစ်ဖမ်းသည်ကို ပါးနပ်သော
ဆင်ရိုင်းက လက်မခံဘဲ ကြိုးကွင်းကို နှာမောင်းဖြင့် ရိုက်ဖယ်ပြီး
ပြန်လည်ခုခံရန် ကြိုးစားစဉ် စွယ်နက်က အစွယ်ဖြင့် အတင်း
ဝင်ထိုးကာ ဖင်ထိုင်ကျသွားသော ဆင်ရိုင်းကြီးကို သူ၏အစွယ်
တို့ဖြင့် ရက်ရက်စက်စက် ဖိထိုးကာ သတ်ဖြတ်ပစ်ခဲ့လေ
တောဆင်ရိုင်းနှစ်ကောင်စလုံးမှာ ယင်းနည်းဖြင့်
သတ်ဖြတ်ခံရကာ စွယ်နက်မှာလည်း ယင်းအချိန်မှစ၍
ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသဝယ် လွန်စွာ နာမည်ကျော်ကြား





သွားပြီး စွယ်နက်၏အရှင်သခင် ဖော်လူမှာလည်း များစွာ ဂုဏ်တက်ကာ လမတစ်ထောင်ထောင် ဖြစ်သွားခဲ့ရလေ၏။ ထို့ကြောင့် စွယ်နက်မှာ သစ်တုံးတန်အထိ ဆွဲနိုင်သော ပထမတန်းစား ဆင်ဖြစ်သော်လည်း သစ်တိုက်လုပ်ငန်းဝယ် ဖော်လူက မခိုင်းဘဲ လက်သပ်မွေးထားလေ၏။ စွယ်နက်မှာ တိုက်ရည်ခိုက်ရည်ကောင်းသည်သာမက လွန်စွာခွန်အားကောင်းပြီး အပြေးလည်းသန်လှရာ ဆင်အပြေးပြိုင်ပွဲ ကျင်းပတိုင်း သရဖူဆောင်းရလေ့ရှိလေ၏။

သို့ကြောင့်လည်း ယနေ့ညနေခင်းဝယ် ကျင်းပမည့် ဆင်အပြေးပြိုင်ပွဲကြီးဝယ် စွယ်နက်ပင် ဗိုလ်စွဲလိမ့်မည်ဟု ရေပန်းစားလျက်ရှိလေ၏။

စွယ်နက်၏ စွမ်းဆောင်ရည်မြင့်မားသော သတင်းများကို ဂျေနော် ကြားသိပြီးဖြစ်ပါ၏။ သို့သော် ဂျေနော်ကလည်း သူ၏လပြည့်ကို သူယုံကြည်သည်လေ။

လပြည့်မှာ စွယ်နက်ထက် ဆယ်နှစ်ခန့်ငယ်ပြီး ယခုမှ အသက်တစ်ဆယ့်ခုနစ်နှစ်ကျော်ရုံ ရှိသေးသော်လည်း အရပ်က ရှစ်ပေအထိ မြင့်လာကာ ကိုယ်လုံးလည်းထွားလာ၏။ ဖြူဖွေး လှပသော အစွယ်များကလည်း ငါးပေခန့် ရှည်လျားကော့ပျံ



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကျဉ်းမြောင်းသော မျက်လုံးတို့မှာ အရောင်တဖိတ်ဖိတ် တောက်လက်လျက် ဆင်ကောင်းတို့၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံကာ ရဲစိတ်ရဲမာန်တဝင့်ဝင့်ဖြစ်နေသော ဆင်ရွယ် တစ်ကောင် ဖြစ်လာပြီဖြစ်၏။

လပြည့်ကို စမ်းသင်ပြီး သစ်ဆွဲခိုင်းစဉ်က အခြားဝါရင့် သစ်ဆွဲဆင်ကြီးများ သစ်ဆွဲသည်ကို နားရွက်တဖျပ်ဖျပ်ခတ်ရင်း စူးစမ်းလေ့လာသင်ယူသလို တွေကြည့်နေရာမှ သူ့ခန္ဓာကိုယ်မှ ရစ်သိုင်းကြိုးနှင့် ဆက်ထားသော ကျွန်းတုံးကြီးကို တောင်ကြော အတိုင်း ဝေါခနဲ ဆွဲချသွားခဲ့လေ၏။

လပြည့်မှာ အသက်ငယ်သော်လည်း မာနကြီးသော ဆင်တစ်ကောင်ဖြစ်ပြီး စိတ်ဓာတ်ကလည်း အံ့သြဖွယ်ကောင်း လောက်အောင် မာကျောရာ ဝါရင့်ပထမတန်းစား သစ်ဆွဲ ဆင်ကြီးများနှင့်အပြိုင် အလုပ်ချိန် ကုန်ဆုံးသည်အထိ မဓော စတမ်း မငြီးမငြူ သစ်ဆွဲပြခဲ့လေ၏။

သစ်လှောင်စခန်းတွင်လည်း ပြန့်ကျဲနေသော သစ်လုံး ကြီးတို့ကို နှာမောင်းနှင့်ထိန်းကာ ကောင်းကောင်းပြီးအောင် ပြုနိုင်ခဲ့၏။ ဝါရင့်လုပ်သက်ရင့် ဆင်ကြီးများကဲ့သို့ ဆင်ဦး ဖြစ်သူ ဂျေနော် ညွှန်ကြားသည့်အတိုင်း သစ်လုံးကြီးများ၏ ညီညီစီစီ စီပြနိုင်ခဲ့သူဖြစ်လေ၏။





လပြည့်ကား ဉာဏ်ရည်ထက်မြက်ပြီး သင်ကြားရ ခွယ်ကူသလောက် သတ္တိလည်းကောင်းလေ၏။ သူ့ကို ဖမ်းမိစ အမိနောက်လိုက်ဆင် ( CAH ) (ခေါ်) ( CALF AT HELL ) ဘဝကတည်းက မိုးကြိုးပစ်သံ၊ မိုးခြိမ်းသံတို့ကိုပင် ကြောက်ရွံ့ခြင်း မရှိခဲ့။

သူနှင့်ရွယ်တူ ဆင်စခန်းမှ ဆင်ပေါက်ကလေးများမှာ မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများ ကြားရပါက နေစရာမရှိအောင် ကြောက်ရွံ့တတ်လျက် ရောက်ရာအရပ်မှ သူတို့၏မိခင် ဆင်မကြီးတို့ရှိရာသို့ ဒုန်းစိုင်းပြေးလာပြီး မိခင်ဆင်မကြီးတို့၏ ဝမ်းခွင်အောက် တကျီကျီအော်မြည်ကာ တိုးဝင်ပုန်းခိုကြစမြဲ ဖြစ်၏။

လပြည့်ကမူ မိုးခြိမ်းလည်းမမှု မိုးကြိုးပစ်သံကြားလည်း ဂရုမစိုက်၊ လျှပ်ပြက်နေသော ကောင်းကင်ကိုပင် မော့ကြည့် နေပြီး မိုးရေထဲပြေးထွက်ကာ မိုးရေချိုးရန်သာ တာစူနေလေ့ ရှိလေ၏။

သူ့ထက်ကြီးသော ဆင်များကိုလည်း မကြောက်၊ ဆင်အုပ်ထဲ ရဲရဲတိုးဝံ့သူဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်မှာ ယဉ်ပါးသွားသည့်အချိန်မှစ၍ လူများကို အန္တရာယ်မပြုတော့သော်လည်း ဆင်စခန်းမှာ သူ့ကို မခံချင်အောင်ရသော ဆင်လုပ်သား လူပြောင် ကဲကောတို့ တာလန်းတို့ကို တွေ့ရာသစ်ကိုင်းခြောက်၊ ကြံချောင်း၊ ရေဖလား တို့နှင့် ကောက်ပေါက်ကာ တစ်ခါကဆိုလျှင် သူစားမည့် ငှက်ပျောအူကို စနောက်သည့်အနေဖြင့် ယူပြေးသည့် တာလန်းကို အမြီးတန်းသည်အထိ ပြေးလိုက်ကာ နှာမောင်းဖြင့်ရစ်ပတ်ပြီး စမ်းချောင်းထဲသို့ ပစ်ချဖူးလေ၏။

စခန်းမှ ဆင်သမားများ၊ ဆင်ခေါင်းများ၊ ဆင်ဦးစီး များမှာ လပြည့် နှာမောင်းဖြင့်ရစ်ပတ်ကာ ပစ်ချသဖြင့် စမ်းချောင်း ထဲသို့ ကိုယ့်ယို့ကားယား ပြုတ်ကျသွားသော တာလန်း၏အဖြစ်ကို ဝိုင်းရယ်ကြပြီး ဖျတ်လတ်သော သွက်လက်ရဲရင့်သော လပြည့်၏ အပြုအမူကို ဝိုင်းဝန်းချီးကျူး ထောပနာပြုကြရလေ၏။

လပြည့်မှာ ယခုဆို ဆင်လားကောင်းစွာမြောက်ပြီး အစမ်းသပ်လည်း အမျိုးမျိုးခံပြီးဖြစ်ရုံမက ဆင်အပြေးပြိုင်ပွဲ ဝင်ရန် စာရင်းသွင်းပြီးကတည်းက တနိုင်းခမြစ်၏ ကမ်းခြေ လွင်ပြင်ဝယ် နံနက်တိုင်း အခြားပြိုင်ပွဲဝင်မည့် ဆင်များနှင့်အတူ ဂျေနော်က အပြေးလေ့ကျင့်ထားခဲ့ပြီးဖြစ်လေ၏။





အခြားပြိုင်ဘက်ဆင်တို့၏ ဦးစီးတို့ကပင် လပြည့်၏ ဖျတ်လတ်မှု၊ ပြေးအားကောင်းမှု၊ သခင့်အမိန့်ကို ကောင်းစွာ နာခံတတ်မှုတို့ကို ငေးယူချီးကျူးရလေ၏။

ယနေ့ညနေစောင်းတွင်တော့ လပြည့်သည် ဟူးကောင်း ချိုင့်ဝှမ်းလွင်ပြင်ဒေသ၏ အကျော်ကြားဆုံး ဆင်ကြီးစွယ်နက်နှင့် အတူ သူတင်ကိုယ်တင် အစွမ်းပြ ယှဉ်ပြိုင်ရတော့မည် ဖြစ်ပါသတည်း။

✧ ✧ ✧

နေစွယ်ကျိုးစပြုပြီဖြစ်သော်လည်း ဟူးကောင်းမြို့လေး ပတ်ဝန်းကျင်၏ ညနေခင်းဆည်းဆာ ကောင်းကင်ဝယ် တိမ်ဖြူတို့ ရှင်းစင်လျက်ရှိလေသည်။

တနိုင်းခမြစ်ဘက်မှ တိုက်ခတ်လာသော လေပြည်ဝယ် အေးစိမ့်မှုတို့ ရောထွေးပါလာပြီး စိတ်ရောကိုယ်ပါ လန်းဆန်းမှုကို ဖြစ်စေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာနေခြည်အောက်ဝယ် တနိုင်းခ၏မြစ်ပြင်သည်
လှိုင်းကြက်ခွပ်လေးများထကာ ရွှေရောင် ငွေရောင် တဖိတ်ဖိတ်
တလက်လက် တောက်ပနေတော့၏။

သစ်ဖောင်တို့နှင့် လှေငယ်တို့မှာ တနိုင်းခမြစ်၏
အလျဉ်ဝယ် တငြိမ့်ငြိမ့် စုန်ဆင်းမျောပါလျက်။

ဟူးကောင်းမြို့၏အရှေ့ဘက် တနိုင်းခမြစ်ကမ်းခြေ
အနီးဝယ် ကျယ်ပြန့်ရှည်လျားသော ကွင်းပြင်ကျယ်ကြီးရှိကာ
အလျားအရှည်အားဖြင့် ကိုက်တစ်ထောင်ခန့်ရှိလေရာ ဆင်ပြေး
ပြိုင်ပွဲကျင်းပရန် လွန်စွာ သင့်လျော်လေ၏။

ပြိုင်ပွဲကို ဦးစီးကြီးကြပ်သည့် ဒူးဝါးကြီးတို့နှင့် ဒိုင်ချုပ်
လုပ်သူတို့သည် ကွက်လပ်ကွင်းပြင်ကျယ်ကြီး၏ နံဘေး
တောက်ကမူကုန်းမြင့်လေးပေါ်ဝယ် နေရာယူကာ ပြိုင်ပွဲ
အပေါ်စီးမှ ကြည့်ရှုကြမည်ဖြစ်ရာ လာရောက်အားပေးကြသော
မြို့လူထုကြီးမှာလည်း ယင်းတောင်ကုန်း၏ တစ်ဘက်တစ်ချက်
ဆင်ခြေလျောတို့၌ ထိုင်တချို့ ရပ်တချို့နှင့် စောင့်စားကြည့်ရှုလျက်
နေကြလေ၏။

တာလွှတ်မည့်နေရာဝယ် ဆင်ဦးစီးကြီးအဖွဲ့အ
နေရာယူပြီး တာလွှတ်ဒိုင်တစ်ဦးက ပြေးလမ်းမြေပြင်ပေါ်ဝယ်





တုတ်တစ်ချောင်းဖြင့် စည်းတားလျက်ရှိလေ၏။

ညက တစ်ညလုံး နှင်းမိုးကျထားသည့်အပြင် တစ်နေ့လုံး
နှင်းမြူတို့ဆိုင်းကာ မြေပြင်ပေါ်သို့ နှင်းမှုန်နှင်းစက်တို့ ဖြန်းထားပြီး
ဖြစ်သဖြင့် ဖုံသိပ်လျက်ရှိလေ၏။

ပြေးပွဲဝယ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဆင်ကြီး၊ ဆင်ရွယ်၊
ဆင်ပျိုတို့မှာ တာလွှတ်မည့်နေရာဝယ် နေရာယူရန် တလှုပ်လှုပ်
တရွရွ ဟိုသွားသည်သွားဖြစ်လျက် ရှိလေ၏။

သူတို့၏ ဦးကင်းနောက်မှ ဆင်ဦးစီးတို့ကလည်း
ဆင်တို့ကို အမိန့်ပေးညွှန်ကြားကာ နေရာယူစေလျက်ရှိလေ၏။

ယင်းအချိန်ဝယ် ပွဲကြည့်စင်ဖြစ်သော ကုန်းကမူလေး
အနီးဝယ် ရပ်နေသည့် နှောင်းမိရှိရာသို့ ဇော်လူက ခြေလှမ်း
ကျဲကြီးများဖြင့် လျှောက်လာကာ

"ဟေး နှောင်းမိ ဒီပွဲမှာ တို့ဗိုလ်စွဲရင် ဘာဆုချမလဲ"

ဟု မေးလိုက်ရာ နှောင်းမိက နှုတ်ခမ်းဖူးဖူးလေးကို
မဲ့လိုက်ပြီး

"နှောင်းမိက ဘာဖြစ်လို့ ဆုချရမှာလဲ . . . ဒူးဝါးကြီး
တို့က ဆုချဖို့ စီစဉ်ထားပြီးသားပဲရှင့်"

ဟု အငေါ်တူးပြောလိုက်ရာ ဇော်လူက နှောင်းမိ၏



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝယ် မှိုးခန့်အမူအရာဖြင့် ခါးထောက်ရပ်ရင်း ငြိတိတိ ကြည့်နေရာမှ

"ကိုယ်က ဒူးဝါးကြီးတို့ပေးတဲ့ ဆုလာဘ်ကို မလိုချင်ဘူး။ ကိုယ်လိုချင်တာက မင်းရဲ့ အချစ်ဆိုတဲ့ ဆုလာဘ်ပဲ သိလား။ ကိုယ် ဒီပြိုင်ပွဲမှာ ဗိုလ်စွဲရင် မင်းလေးရဲ့အချစ်ဆုလာဘ် ပေးမလား ပြော"

ဟု မျက်နှာပြောင်တိုက်လျက် ရိသဲ့သဲ့အမူအရာဖြင့် နှောင်းမီ၏မျက်နှာလေးကို ထော့ထော့ကြည့်ကာ မေးလိုက်ရာ နှောင်းမီ၏ရင်ဝယ် ဒေါသတို့ မီးတောက်နှယ် ပေါက်ကွဲသွားလေ၏။ ယင်းအချိန်ဝယ် တာလွှတ်မည့်နေရာဝယ် လပြည့်၏ ကျောထက်မှ သူတို့နှစ်ဦးကို လှမ်းကြည့်နေသော ဂျေနော့်ကို သတိပြုမိလိုက်ရာ ရင်ထဲဝယ် စိတ်ကူးတစ်ခု ဖျတ်ခနဲ ဖြစ်ပေါ် လာသဖြင့် မဲ့ပြုံးလေးပြုံးလိုက်ပြီး

"ကောင်းပြီလေ . . . ဒီပြိုင်ပွဲမှာ ဗိုလ်စွဲတဲ့သူကို ကျွန်မရဲ့အချစ်ဆုလာဘ်ကို ပေးမယ် . . . ဒါပေမဲ့ အဲဒီ ဆုလာဘ်ကိုတော့ ရှင်ရလိမ့်မယ် မထင်ဘူး"

ဟု ပြောလိုက်ရာ ဖော်လူမှာ ရှုံးရှုံးရှဲ့ရှဲ့ဖြစ်သွားပြီး

"ဘာ ဘာဖြစ်လို့ ကိုယ်မရ,ရမှာလဲ . . . ဒီပွဲမှာ





ကိုယ်ကလွဲပြီး ဘယ်သူဗိုလ်စွဲနိုင်ဦးမှာလဲ . . . မင်းသာ မင်းရဲ့ ကတိတည်ပါစေ . . . ဒီပွဲမှာ ကိုယ်ဗိုလ်စွဲတာနဲ့ မင်းဟာ ကိုယ့်ရဲ့ချစ်သူ ဖြစ်သွားပြီမှတ်"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်ရာ ထိုအခါမှ နှောင်းမီမှာ သူမစကားလွန်သွားပြီမှန်း သတိရလိုက်ပြီး တုန်လှုပ်သွားစဉ် ဖော်လူမှာ သူမ၏အပါးမှ လှည့်ထွက်ကာ ပြေးလမ်းအဝင်ဝယ် ဆင်အကူနှင့်အတူ ရပ်နေသည့် စွယ်နက်ထံ လျှောက်သွား လေ၏။

နှောင်းမီမှာ သူမ၏နံဘေးမှ အစ်မဝမ်းကွဲဖြစ်သူ မုန်းလွယ်နှင့် တူးခေါင်တို့ကို မျက်လုံးလေးအပြူးသားဖြင့် လှည့်ကြည့်လိုက်ပြီး

"ဟာ ငါတော့ စကားလွန်သွားပြီ တူးခေါင် . . . ဒီပွဲမှာ သူသာ အနိုင်ရသွားရင် ဒီပြိုင်ပွဲပြီးတာနဲ့ ငါဟာ သူ့ရဲ့ရည်းစား ဖြစ်သွားရတော့မှာပါလား"

ဟု ပြူးတူးပြဲတဲလေးပြောကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာတော့၏။ ထိုအခါ သူမ၏အစ်မဖြစ်သူ မုန်းလွယ်က အပြစ်တင်တော့၏။

"နင်က လျှာရှည်ပြီး ဘာဖြစ်လို့ ဗိုလ်စွဲရင် အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆုလာဘ် ပေးမယ်လို့ ပြောရတာလဲ . . . ဒီပွဲမှာ ဖော်လူ ကြိမ်းသေဗိုလ်စွဲမယ့်ဟာ နင်မသိဘူးလား ကောင်းတယ်''

ဟု ပြောလိုက်သည်တွင် နှောင်းမီမှာ ငိုမဲ့မဲ့ဖြစ်သွားပြီး

''သွားပြီ ငါတော့ ဒုက္ခပဲ . . . အဲဒီကောင်ရဲ့ ရည်းစား ဘဝ ရောက်သွားရရင် သူက ငါ့ကို အတင်း လက်ထပ် ယူတော့မှာဟ . . . ငါတော့ သူနဲ့သာ ညားရရင် စိတ်ဆင်းရဲပြီး သေမှာပဲ''

ဟု ငိုသံပါလေးဖြင့် ပြောလိုက်ရာ တူးခေါင်က ခေါင်းကုပ်လိုက်ကာ

''ဟုတ်တယ်ဟ . . . အဲဒီကောင်က တဖွတ်ထိုးရယ်၊ နင့်စကားကို သူက အတည်မှတ်ယူသွားပြီ . . . သူသာနိုင်ရင် နင် ငြင်းလို့ရမှာ မဟုတ်တော့ဘူး''

ဟု စိတ်ပျက်စွာ ပြောလိုက်ရာမှ

''တစ်ခုတော့ရှိတယ် . . . သူ့ရဲ့ဆင် စွယ်နက်ကို နိုင်,နိုင်မှာ လပြည့်ပဲရှိတယ် . . . လပြည့် အပြေးလေ့ကျင့် တာကို ငါကြည့်ဖူးတယ် . . . လပြည့်ပြေးတာ ဘယ်ဆင်နဲ့မှ မတူဘူး . . . မနေ့မနက်က အစမ်းပြိုင်ပွဲမှာ ပြေးတော့ လပြည့်က အခြားဆင်တွေကို နောက်မှ အပြတ်ချန်ထားနိုင်ခဲ့





တယ်ဟ . . . အဲဒီလို အစမ်းပြိုင်တုန်းက စွယ်နက်နဲ့ အခု ထန်းစီနေတဲ့ ဆင်ကြီးအချို့တော့ မပါဘူး . . . ငါတော့ လပြည့်နိုင်လိမ့်မယ် ထင်တယ်''

ဟု ပြောလိုက်ရာ ပြုံတော့မည့်မိုးလို ငိုမဲ့မဲ့ဖြစ်နေရှာသည့် နှောင်းမီ၏ မျက်နှာလေးဝယ် မျှော်လင့်ချက်ရောင်ခြည်များ ဖျတ်ခနဲသမ်းလာပြီး

''အေး နင်ပြောတာဖြစ်နိုင်တယ် . . . လပြည့်သာ ဗိုလ်စွဲရင် ဖော်လူ ဘာမှ မတတ်နိုင်တော့ဘူး . . . လပြည့် ဗိုလ်စွဲဖို့ အရေးကြီးတယ် . . . နင် နင် ဂျေနော့်ကို သွားပြေးပြီး ပြောပေးစမ်းပါဟာ . . . ဒီပွဲမှာ နိုင်အောင်ပြိုင်ပါလို့၊ သူသာ နိုင်ရင် ငါတော့ ဟိုအကောင်စုတ်ရဲ့ ရင်ခွင်ထဲမှာ အရှင် လတ်လတ် ငရဲကျရလိမ့်မယ်လို့ ပြောပေးပါဟယ် . . . တူးခေါင် သွား သွား မြန်မြန်သွားပြောစမ်းပါ . . . ဟိုမှာ တာလွှတ် တော့မယ်''

ဟု ခပ်မြန်မြန်လေး ပြောရင်း တူးခေါင်၏ကျောကို အတင်းတွန်းလွှတ်တော့ရာ တူးခေါင်လည်း ကွင်းပြင်ကို ဖြတ်လျက် တာလွှတ်အဲ့ဆဲဆဲ ဆင်များရှိရာသို့ တဟုန်ထိုး ပြေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တာလွှတ်မည့်နေရာသို့ တူးခေါင် ရောက်သွားသည့်တွင် တာလွှတ်ဒိုင်က ပြိုင်ပွဲဝင်ဆင်ဦးစီးတို့အား ပြိုင်ပွဲစည်းကမ်းများကို ပြောကြားလျက်ရှိလေ၏။

တာလွှတ်ဒိုင်မှ စည်းကမ်းချက်များ ပြောပြီးသည်နှင့် တူးခေါင်မှာ လပြည့်၏အနီးသို့ ချဉ်းကပ်သွားပြီး ဂျေနော့်ကို မော့ကြည့်ကာ

"ဟော့ကောင် ဂျေနော် . . . မင်း ဒီပွဲကို နိုင်အောင်ပြိုင်ပါကွဲ . . . နှောင်းမိက ပြောခိုင်းလိုက်တယ်ကွ သိလား မင်းသာမနိုင်ရင် သူ့ဘဝပျက်တော့မှာတဲ့ . . . မင်းနိုင်ကိုနိုင်မှဖြစ်မယ်တဲ့ ဂျေနော်"

ဟု ကမန်းကတမ်း အော်ပြောလိုက်စဉ်မှာပင် တာလွှတ်ဒိုင်က ဝီစီကို တရှိန်ရှိန်မှုတ်ပြီး ဆင်များ၏ရှေ့မှ တူးခေါင်ကို အတင်းဖယ်ရှားခိုင်းနေရာ တူးခေါင်မှာ ဂျေနော့်ကို သေချာစွာ မရှင်းပြနိုင်တော့ဘဲ ကွင်းပြင်ကွက်လပ်၏နံဘေးသို့ ပြေးထွက်သွားရလေ၏။

ဂျေနော်မှာ တူးခေါင် ရေးကြီးသုတ်ပြာ လာပြောသော စကားတို့ကို ကောင်းစွာကြားသော်လည်း ထိုစကားတို့၏ အဓိပ္ပာယ်ကို နားမရှင်းသဖြင့် မျက်မှောင်တွန့်ချိုးကာ တူးခေါင်





ပြောသွားသော စကားကို ပြန်စဉ်းစားနေမိလေ၏။

"ဒီကောင်က ငါနိုင်မှဖြစ်မယ်တဲ့ . . . ငါမနိုင်ရင် နှောင်းမိရဲ့ဘဝ ပျက်မယ်တဲ့ . . . အဲဒါ ဘာအဓိပ္ပာယ်ပါလိမ့်၊ ဒီပြိုင်ပွဲရဲ့အဖြေဟာ နှောင်းမိရဲ့ဘဝနဲ့ ဘယ်လို တိုက်ရိုက်ပတ်သက်နေလို့လဲ"

ဟု စဉ်းစားတွေးဝေနေရာမှ စောစောက နှောင်းမိအား ဖော်လူမှ တစ်စုံတစ်ရာ သွားပြောနေသည်ကို သတိရလိုက်ပြီး

"အင်း စောစောက ဖော်လူ ဘာသွားပြောတာလဲ မသိဘူး . . . တစ်ခုခုတော့ တစ်ခုခုပဲ . . . ဘာပဲဖြစ်ဖြစ် တောရုံအရေးမကြီးဘဲနဲ့တော့ နှောင်းမိက တူးခေါင်ကို ပြောခိုင်းမှာ မဟုတ်ဘူး . . . တစ်ခုခု ထူးခြားမှုရှိလို့ တာလွှတ်ခါနီးမှ ပြေးပြီး ပြောခိုင်းတာပဲဖြစ်မယ် . . . နိုင်ကိုနိုင်မှဖြစ်တော့မယ်၊ ငါ နှောင်းမိအတွက် နိုင်အောင်ကြိုးစားမှ ကြိုးစားမှ"

ဟု တွေးနေစဉ် တာလွှတ်ဒိုင်က သူ၏လက်တစ်ဖက်ဝယ် ကိုင်ထားသည့် အလံငယ်ကို ထောင်လိုက်လေတော့၏။ တာလွှတ်တော့မည်။

နှောင်းမိ ◌က် နိုင်ကိုနိုင်မှဖြစ်မည်ဟူသော အတွေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ဂျေနော်၏ ခန္ဓာကိုယ်မှ သွေးတို့ကို အရေးတကြီး ဆူပွက်စေပြီး အစကတော့ ဤပြိုင်ပွဲကို ဝင်ပြိုင်ခြင်းမှာ အပျော် သဘောဖြင့် လပြည့်၏စွမ်းရည်ကို စမ်းသပ်ရန် ပေါ့ပေါ့ပါးပါး စိတ်ဖြင့် ဝင်ပြိုင်လိုခဲ့ခြင်းဖြစ်လေ၏။

နောက်တော့ ဇော်လူ့အား မခံချင်စိတ်ဖြစ်ပြီး ဇော်လူ၏ စွယ်နက်ကို အနိုင်ယူပြလိုဓောဖြင့် လပြည့်ကို သေချာ လေ့ကျင့်ကာ ဝင်ပြိုင်ခြင်းဖြစ်၏။ ရှုံးသွားသည်ရှိသော် ဇော်လူ၏ လှောင်ပြောင်သရော်ခြင်းကို ခံရရုံကလွဲ၍ ဘာမှထူးပြီး နစ်နာစရာ အကြောင်းမရှိချေ။

ခုတော့ သည်ပြိုင်ပွဲဟာ ချစ်ရသော နှောင်းမီလေး၏ ဘဝနှင့်ယှဉ်၍ အရေးပါလာခဲ့ပြီ။ ထူးခေါင် ကမန်းကတမ်း ပြောသွားသော 'မင်းမနိုင်ရင် သူ့ဘဝပျက်တော့မှာ' ဟူသည့် စကားက ဂျေနော်၏ရင်ဝယ် စိုးရိမ်မှု သောကလှိုင်းတို့ ရိုက်ခတ်သွားစေပြီး တူးခေါင် ဘာကြောင့် ဤသို့လာပြောသွား သည်ကို သေချာမသိသော်လည်း သည်ပွဲဝယ် နိုင်ကိုနိုင်မှ ဖြစ်မည်ဆိုသော သတိပေးခေါင်းလောင်းက သူ့ခေါင်းထဲဝယ် တဒင်ဒင် တဒေါင်ဒေါင် ထိုးနှက်လျက်ရှိချေပြီ။

နှောင်းမီအတွက် သူ နိုင်အောင်ပြိုင်မည်ဟူ၍





စိတ်မာန်ကို တင်းလိုက်ကာ တာလွှတ်ဒိုင်၏ အချက်ပြမှုကို နှုတ်တောင်မခတ်စတမ်း အကဲခတ်ကြည့်နေစဉ် ရှိဟူသော ဒီစီမှတ်သံနှင့်အတူ တာလွှတ်ဒိုင်က သူ၏လက်ထဲဝယ် ကိုင်ထောင်ထားသည့် အလံနီရဲရဲလေးကို ဖျတ်ခနဲ အောက်သို့ ချလိုက်တော့၏။

တာလွှတ်လိုက်သည်ဆိုသည်နှင့် ဆယ်ကောင် ဆယ့်ငါးကောင်ခန့်ရှိသော ဆင်ကြီးတို့မှာ တဖြုန်းဖြုန်း ဒိုင်းဒိုင်းဖြင့် တဟုန်ထိုး စတင်ပြေးတော့၏။

ဆင်ဦးစီးတို့ကလည်း သူတို့၏ဆင်ကြီးများကို ချွန်းဖွင့်ကာ ပါးစပ်မှလည်း

"အဂစ်ဂျားဂျား အဂစ်ဂျားဂျား (မြန်မြန်ပြေး မြန်မြန် ပြေး)" ဟူ၍ ဟူးကောင်းဆင်တို့ နားလည်သည့် အာသံစကားဖြင့် အော်ဟစ်အားပေးလေတော့၏။

ဆင်တို့ ပြေးရမည့် တာအကွာအဝေးမှာ ပေပေါင်း သုံးထောင့်ငါးရာခန့် အတိုင်းအတာရှိရာ ဆင်ကြီးတို့မှာ နှာမောင်း တို့ကို တစ်ခါတစ်ရံ ရှေ့သို့ တစ်ဖြောင့်တည်းတန်း၍ တည်းကောင်း၊ လွှားခနဲ လွှားခနဲ ခြေလှမ်းကျဲကြီးများဖြင့် ပြေးကြသည်မှာ အဝေးကုန်းမြင့်ပေါ်မှ ပွဲကြည့်ပရိသတ်အဖို့



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ခနဲ ရိပ်ခနဲသာ တွေ့ရလျက်ရှိတော့၏။

နှင်းမိုးသိပ်သည်းသည့် မြေပြင်သည်လည်း ဆင်ကြီးတို့၏ ထောင်းလမောင်းကြဲအောင် ပြေးလွှားမှုကြောင့် ဖုန်တို့ ထောင်းထောင်းထအောင် ကျန်ခဲ့လျက် တနိုင်းခမြစ်ကမ်းနံဘေး မြေကွက်လပ်ကွင်းပြင်ကြီးမှာ လျှောင်တော်လဲသလို သိမ့်သိမ့် တုန်လျက် ရှိတော့၏။

ဆင်ကြီးတို့၏ ခြေချသံကလည်း မြေလွှာပြင်ကို စည်တီးသကဲ့သို့ တဖြုန်းဖြုန်း တဗုံးဗုံး မြည်ဟီးလျက်ရှိရာ တောင်ပြိုသည့်အသံလား ထင်မှတ်ရချေ၏။

ပွဲကြည့်ပရိသတ်ကြီး၏ 'အဂစ်ဂျားဂျား အဂစ်ဂျားဂျား (ပြန်မြန်ပြေး မြန်မြန်ပြေး)'ဟူသည့် အားပေးသံကြီးကလည်း ဘဝင်တိုင် ညံလေတော့သတည်း။

များပြားလှသည့် အားကောင်းမောင်းသန် ဆင်ကြီးတို့သည် ခဏအတွင်းမှာပင် ပြေးလမ်းလွင်ပြင်ကို ရိပ်ခနဲ ရိပ်ခနဲ ကျော်ဖြတ်လာလျက်ရှိရာ ရှေ့ဆုံးမှ ဦးဆောင်နေသော ဆင်မှာ စွယ်နက်ဖြစ်ကြောင်း တွေ့ရသည်တွင် နှောင်းမိမှာ အသက်ရှူရပ်မတတ် ထိတ်လန့်တုန်လှုပ်သွားရလေတော့၏။

"စွယ်နက်ကွ စွယ်နက် အဂစ်ဂျားဂျား အဂစ်ဂျားဂျား"ဟူသော အားပေးသံများလည်း ထွက်ပေါ်လာရာ နှောင်းမိ၏ မျက်နှာမှာ သွေးဆုတ်ဖြူလျော်သွားတော့၏။ တူးခေါင်နှင့် နန်းလွယ်တို့လည်း မျက်စေ့မျက်နှာအပျက်ပျက်ဖြင့် ပြိုင်ပွဲကြီးကို ငေးကြည့်နေမိလေ၏။

စွမ်းရည်မြင့်မားလှသော စွယ်နက်မှာ ဇော်လူ ကြားချင်လည်း ကြားလောက်စရာ အာဂဆင်ကြီးဖြစ်ချေ၏။ ခုသည် အရပ်မြင့်မားသလောက် ခြေလှမ်းကြီးတို့ ကျဲကား သွားခနဲ လွှားခနဲ တဟုန်ထိုး ပြေးသွားပုံမှာ မယုံနိုင်စရာ ကောင်းလောက်အောင် မြန်လှချေ၏။

တာတစ်ဝက်ကျိုးလာသည့်တိုင် စွယ်နက်က ဦးဆောင် လာရာ ဇော်လူ၏ ဘက်တော်သားတို့မှာ စွယ်နက်ကွ စွယ်နက်ကွဟူ၍ အသံကုန် အော်ဟစ်အားပေးလျက်ရှိပြီး ဆုကောင်းမြို့ခံ ပရိသတ်မှာမူ ဆိတ်ဆိတ်ငြိမ်လျက် အသံတိတ် နေရလေတော့၏။

နှောင်းမိကား ဆိုဖွယ်ရာမရှိတော့။ သူ မခံချင်စိတ်ဖြင့် ဒေါသပ်ဆော့မိသဖြင့် မကြာမီသော ကာလဝယ် သူမ စက်ဆုပ် ရွံရှာလှသော ဇော်လူ၏ရင်ခွင်ထဲ ရောက်ရတော့မည့်အရေး တွေးကာ မျက်ရည်လေးများ ဝဲလာပါတော့၏။







www.burmeseclassic.com

www.burmeseclassic.com



**သို့သော်** တာတစ်ဝက်ကျော်လာသည့်အခါတွင်မူ **ပြိုင်ပွဲ၏ အ**နေအထားက မထင်မှတ်ဘဲ ပြောင်းလဲလာတော့၏။

ရှေ့ဆုံးမှ တစ်ကောင်တည်း လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ပြေးနေသည့် စွယ်နက်၏နောက်မှ အရိပ်တစ်ရိပ် ကပ်ပါလာ၏။ ဦးစွာ စွယ်နက်၏နောက်မှ တန်းစီကာ မတိမ်းမယိမ်း ပြေးလိုက်နေကြသည့် ဆင်အုပ်စုတန်းကြီးထဲမှ ရိပ်ခနဲ ရိပ်ခနဲဖြင့် ဆင်တစ်ကောင်သည် အခြားဆင်များကို ဖြတ်ကျော်တက်လာကာ စွယ်နက်၏နောက်သို့ အရိပ်တစ်ရိပ်နှယ် ကပ်လိုက်လာတော့၏။

ယင်းသို့ လိုက်လာသော အရိပ်သည်ကား ဂျနော်၏ လပြည့်ပင်ဖြစ်ပါ၏။

"လပြည့် ပြေးထား ပြေးထား၊ စွယ်နက်ကိုမှီတော့မယ် ငါ့ညီလေး ပြေးထား ပြေးထား၊ မြန်မြန်ပြေး မြန်မြန်ပြေး အဂစ်ဂျားဂျား အဂစ်ဂျားဂျား"

ဟူ၍ ဂျနော်က လပြည့်၏နားနားကပ်ကာ အဆက်မပြတ် တိုက်တွန်းအားပေးရာ လပြည့်မှာ သူ၏ပြေးရှိန်ကို မြှင့်လိုက်ပြီး စွယ်နက်၏နောက်မှ လှွားခနဲ လှွားခနဲ တဟုန်ထိုး လိုက်တော့ရာ ကြိမ်းသေ မိုလ်စွဲတော့မည်ဟု သူ့ကိုယ်သူ





အပိုင်တွက်ထားပြီးဖြစ်သော ဇော်လူမှာ သူ့ဆင်ကိုကျော်တက်ရန် ကြိုးစားလာသော လပြည့်ကို မယုံနိုင်သလို တစ်ချက် လှည့်ကြည့်လိုက်ပြီးနောက် စွယ်နက်၏ဦးကင်းကို ပေါက်ချွန်းဖြင့် ဒေါသကြီးစွာ ပေါက်ကာ

"စွယ်နက် ပြေးစမ်း ပြေးစမ်း၊ မြန်မြန်ပြေးစမ်း၊ အဂစ်ဂျားဂျား အဂစ်ဂျားဂျား ငါလုပ်ရရင် သေတော့မယ် ပြေး ပြေး"

ဟု အသံကုန်ဟစ်ကာ ငေါက်ငမ်းဆဲဆိုရင်း ချွန်းဖြင့်လည်း ဦးကင်းကို အဆက်မပြတ် ဖျေါက်လေရာ စွယ်နက်၏ဦးကင်းမှာ ချွန်းဒဏ်ကြောင့် သွေးတို့ ဖြာခနဲ ဖြာခနဲ ထွက်လာလေတော့၏။

ဂျနော်သည်မူ ချွန်းလုံးဝမကိုင်ဘဲ လပြည့်၏ဦးကင်းကို လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ပြီး ကိုယ်ကိုဝပ်ကိုင်းကာ လပြည့်၏ နားနားကပ်လျက်

"လပြည့် ညီလေး ပြေးထား ပြေးထား ပြေးထားစမ်း၊ ငါ့ညီလေးကွ ဟုတ်ပြီ ပြေးကွ ဟုတ်ပြီ ဟုတ်ပြီ ဟွဲနဆယ် ဟွဲနဆယ်"

ဟု ချီးသာစွာ ဟစ်အော်အားပေးရာ လပြည့်မှာ

www.burmeseclassic.com

www.burmeseclassic.com



သခင်ဖြစ်သူ၏ အားပေးမှုကြောင့် စိတ်ခွန်အား တဟုန်ထိုး တိုးလာပြီးလျှင် တစ်ကိုယ်လုံး အားကုန်ညှစ်လျက် စွမ်းနိုင်သမျှ ကြိုးစားကာ တာဝင်ခါနီး ပေနှစ်ရာခန့်အလိုဝယ် စွယ်နက်ကို ဖြတ်ကျော်တက်ကာ ရှေ့မှ နှာမောင်းတစ်ဖျားအသာဖြင့် ပန်းဝင်သွားပါတော့သတည်း။

"ဝေး လပြည့်ကွ လပြည့် လပြည့် လပြည့်"

ဟူသော ပရိသတ်ကြီး၏ တခဲနက် အားပေးသံကြီးမှာ ဘဝဂ်တိုင် ညံသွားပြီး နှောင်းမီမှာလည်း မယုံနိုင်အောင် အံ့အားသင့် ဝေးကြောင်မိသွားရာမှ လှိုက်ခနဲ ဝမ်းသာသွားကာ

"ဟုတ်ပြီ လပြည့် လပြည့် ဒါမှလပြည့်ကွ"

ဟု သတိလက်လွတ်ဖြင့် ခုန်ပေါက်ကာ အသံစာစာလေးနှင့် အော်ဟစ်လေတော့၏။

မုန်းလွယ်သည်လည်း ဝမ်းသာလွန်းသဖြင့် ညီမဖြစ်သူ နှောင်းမီကို တအားပွေ့ဖက်ကာ

"လပြည့်နိုင်ပြီ လပြည့်နိုင်သွားပြီ ညီမလေး . . . ညီမလေးရဲ့လပြည့် နိုင်ပြီ"

ဟု အော်ဟစ်လျက် ညီမဖြစ်သူကို ဖက်ရင်း





နှာချလည်လှည့်ကာ ကနေတော့၏။

တူးခေါင်မှာမူ

"လပြည့်ကွ လပြည့် . . . ဂျေနော်ကွ ဂျေနော်"

ဟု အသံကုန်အော်ကာ တာဖမ်းသည့် ပန်းဝင်နေရာသို့ တဟုန်ထိုး ပြေးဆင်းသွားပါလေတော့၏။

ပန်းတိုင်သို့ တဝုန်းဝုန်း တပြုန်းပြုန်းပြေးရင်း ဝေါခနဲ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာသည့် ဆင်ကြီးတို့မှာ တာဖမ်းသည့်နေရာကို ကျော်လွန်သွားသော်လည်း ရုတ်တရက် အရှိန်သပ်၍မရဘဲ ဆင်ဦးစီးတို့၏

"အာစတေး အာစတေး (ဖြည်းဖြည်း ဖြည်းဖြည်း)"

ဟူသော သတိပေးသံကြောင့် သူတို့၏ ပြေးရှိန်ကို လျှော့ချနေရလေတော့၏။

"ဟိုးထား ဟိုးထား (ရပ်တော့ ရပ်တော့)"

ဟု ဆင်ဦးစီးတို့က အဆက်မပြတ် သတိပေး အော်ဟစ်သော့မှ ဆင်ကြီးတို့သည် အရှိန်ကို လုံးဝလျှော့ချပြီး တန့်ရပ်နိုင်ကြလေတော့၏။

ဆင်အပြေးပြိုင်ပွဲကြီးကား အောင်မြင်စွာ ပြီးဆုံးခဲ့ချေပြီ။ ထမဆုကို ဆွတ်ခူးဗိုလ်စွဲသူ ဆင်သူရဲကောင်းသည်ကား

www.burmeseclassic.com

www.burmeseclassic.com



လပြည့်ဖြစ်ပြီး သူ၏ ဆင်ဦးစီးကား ဂျေနော်ပင်ဖြစ်ပါသတည်း။

ဤပြိုင်ပွဲဝယ် ကြိမ်းသေဗိုလ်စွဲမည်ဟု အားလုံးက ထင်ကြေးပေးထားသည့် ဇော်လူ၏ စွယ်နက်မှာ လပြည့်၏ နောက်မှ နှာတစ်ဖျားအလျော့ဖြင့် ပန်းဝင်ကာ ဒုတိယဆိုသာ ချိတ်နိုင်တော့၏။

ပွဲတိုင်းကျော်စွယ်နက်ကား ဦးကင်းဝယ် သွေးတို့ အလိမ်းလိမ်းဖြင့် ငေးငေးငိုင်ငိုင် ငူငူကြီးဖြစ်လျက်ရှိပြီး ဇော်လူမှာမူ မမျှော်လင့်ဘဲ ဂျေနော့်ကို အရှုံးပေးလိုက်ရသဖြင့် မခံချိမခံသာဖြစ်ကာ ကြိတ်မနိုင်ခဲမရ 'တောက်'တခတ်ခတ် ဖြစ်နေရလေတော့၏။

''တောက် ပန်းဝင်ခါနီးမှ ဒီကောင်က ဖြတ်တက်သွားရတယ်လို့ကွာ . . . ဒီကောင့်ရဲ့ဆင်ကို ဆင်လေးဆင်မွှားဆိုပြီး ငါလျှော့တွက်မိတာ မှားတာပဲ . . . ဒီဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသမှာ ဘယ်ဆင်မှမယှဉ်နိုင်တဲ့ ငါ့ရဲ့စွယ်နက်ကို ဒီကောင့်ဆင်က နှာမောင်းတစ်ဖျားအသာနဲ့ ပွတ်ကာသီကာ အနိုင်ယူသွားတာကွ . . . ငါက ပထမဆုကြီးကိုရော နှောင်းမိန်းအချစ်ကိုပါ ရပြီမှတ်တာ . . . ပါးစပ်နားရောက်မှ ပုတ်အချခံရတယ်ကွာ''



''တောက် ဂျေနော် ဂျေနော် . . . ငါ့ကို တော်တော်ဒုက္ခပေးတဲ့ကောင်ပါလား . . . ဟင်းဟင်း သင်း တစ်နေ့ ဇော်လူ့အကြောင်း သိရသေးတာပေါ့ကွာ''

ဟု ကြိမ်းဝါးမဆုံး ဖြစ်နေပါတော့သတည်း။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## ❖ လပြည့်၏အောင်ပွဲ ❖

ဂျေနော်က ဆင်အပြေးပြိုင်ပွဲမှ ရရှိခဲ့သော ဆုကြေးငွေများအားလုံးကို မိခင်ကြီး၏လက်ထဲသို့ အပ်ကာ

"အမေ ကျွန်တော် ဆင်စခန်းကို ပြန်ဦးမယ် . . . ဒီမှာ ပွဲတော်လည်း ပြီးသွားပြီ . . . လော်ပန်ကြီးဆီမှာ ကျွန်တော် ခွင့်တောင်းလာတဲ့ခွင့်ရက်လည်း စေ့သွားပြီ"

ဟု ပြောလိုက်ရာ မိခင်ဖြစ်သူ ဒေါ်အယ်ဂျာဝါးက မျက်ရည်ဝေသီသော မျက်ဝန်းတို့ဖြင့် သားဖြစ်သူကို ကျေးဇူးကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း

"အေးပါ သားရယ် . . . လုပ်ငန်းခွင်ရှိရာကို သား ပြန်ရမှာပဲပေါ့ . . . မိဘကို လုပ်ကျွေးနေတဲ့ ငါ့သားလေး ဘေးမသီရန်မခပါစေနဲ့ကွယ် . . . လုပ်ငန်းများလည်း အဆင်ပြေပါစေ . . . တောထဲတောင်ထဲမှာ အသက်နဲ့ရင်းပြီး လုပ်ရတဲ့ အလုပ်တွေကို သတိဝီရိယထားပြီး လုပ်ပါ သားရယ် . . . အလုပ်ကိစ္စအတွက်မို့သာ ငါ့သားကို ဆင်စခန်းဆီ ပြန်လွှတ် ရမှာ . . . အမေတော့ ငါ့သားအတွက် သိပ်စိတ်ပူတာပဲ"

ဟု ပြောရင်း ဂျေနော်၏ ဦးခေါင်းမှ ဆံပင်တို့ကို လက်ဖြင့် ယုယစွာသပ်နေရာမှ ဂျေနော်က အိမ်ရှေ့စရန်တာကို မှီထိုင်ရင်း ဝါးဆေးတံဖွာနေသော ဖခင်ကြီး ဦးမဂေါင်နော်အား ကြည့်လိုက်လျက်မှ

"သားအတွက်တော့ မပူပါနဲ့ အမေ . . . သားက အမေ့အတွက်ပဲ ပူတာပါ"

ဟု ပြောရင်းမှ ဖခင်ကြီးဘက်သို့ လှည့်လိုက်ကာ

"အဖေ ရွှေကျင်တဲတွေဆီ အဖေ မသွားပါနဲ့တော့ အဲဒီတဲတွေမှာလုပ်တဲ့ လောင်းကစားဝိုင်းတွေမှာ သားရဲ့ရန်သူ ဖော်လူက ကြီးစိုးနေတာဆိုတော့ အဖေ့ကို သားရဲ့အဖေမှန်း



သိသွားပြီး တစ်ခုခု အန္တရာယ်ပြုမှာစိုးလို့ပါ"

ဟု တောင်းပန်ပြောကြားလိုက်ရာ ဦးမဂေါင်နော်က ဝါးဆေးတံဖွာလျက်မှ ဂျေနော့်ကို မျက်လုံးစွေကြည့်ရင်း

"အေးပါကွာ . . . ငါ ခါတိုင်းလို ခဏခဏ မသွားတော့ ပါဘူး . . . ပြီးတော့ ငါဟာ မင်းရဲ့အဖေမှန်း ဖော်လူလည်း မသိပါဘူး . . . ငါ့အတွက် ဘာမှ မစိုးရိမ်ပါနဲ့"

ဟု လေသံပြတ်ပြတ်ဖြင့်ပြောကာ အိမ်ရှေ့လမ်းမ ဘက်သို့ လှည့်ပြီး ဆေးတံဆက်ဖွာနေတော့၏။

ဒေါ်အယ်ဂျာဝါးက ခင်ပွန်းဖြစ်သူ ဦးမဂေါင်နော်ရှိရာသို့ နှုတ်ခမ်းမဲ့ပြလိုက်ပြီး

"သား မင်းရဲ့အဖေကိုတော့ သွားပြောမနေနဲ့ . . . သူက အဲဒီလောင်းကစားဝိုင်းတွေဆီ မသွားဘဲ နေနိုင်တဲ့သူ မဟုတ်ဘူး . . . လက်ထဲ ငွေစလေးရှိတာနဲ့ ပြေးတော့တာ၊ ခုတစ်လော သူ့မှာ ငွေပြတ်နေလို့ အိမ်မြဲနေတယ်မှတ်ပါ . . သူလုပ်လို့ ရှိသမျှပစ္စည်းတွေလည်း ကုန်ပြီ . . . သူ့ရဲ့ လောင်းကစားကြွေးမြီးတွေ ဆပ်ရတာနဲ့ ငါ့သား တောတောင် ထဲမှာ သက်စွန့်ကြိုးပမ်း ပင်ပင်ပန်းပန်း ရှာဖွေပြီး လစဉ် ပို့ပေးတဲ့ပိုက်ဆံနဲ့ မလောက်လို့ အမေတို့မှာ မြစ်ကြီးနားကပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂျပ်ခုတ်ထည့်တွေရက်ပြီး အပိုဝင်ငွေ ရှာနေရတာ ကြည့်တော့"

ဟု စိတ်မချမ်းမြေ့သံကြီးဖြင့် ပြောလိုက်သော်လည်း ဦးမငေါ်င်နော်မှာ ပြန်မပြော နားမထောင်ဘဲ လူပေလူတေတို့၏ ထုံးစံအတိုင်း မကြားဟန်ပြုကာ ဆေးတံကိုသာ တွင်တွင် ဖွာရင်း သားဖြစ်သူ ပေးအပ်ခဲ့သည့် ငွေများကို ဖနီးထဲမှ မည်သို့ လှည့်ပတ်တောင်းရပါ့မလဲဟုသာ အကြံထုတ်လျက် ရှိလေ၏။

"ဘာပဲဖြစ်ဖြစ်အမေ အဖေ့ကို ရွှေကျင်တဲတွေရှိရာ မြစ်ကမ်းခြေဘက် မသွားအောင် ထိန်းပေးထားပါ . . . အဲဒီမှာ ရှိတဲ့ ဇော်လူဟာ သားကို မဲပြီး အဖေ့ကို တစ်နေ့နေ့မှာ ဒုက္ခ ပေးလိမ့်မယ် . . . အဖေဟာ သားရဲ့အဖေမှန်း ဇော်လူ တစ်နေ့နေ့မှာ သိသွားမှာပဲ . . . သား အဖေ့အတွက် စိုးရိမ် လို့ပါ အမေ"

ဟု စိတ်မချသံဖြင့် ပြောလိုက်ပြီး ညီမဖြစ်သူ အယ်မရှုန်း ဘက်သို့ပါ လှည့်ကာ

"ညီမလေး အဖေ့ကို ဝိုင်းဖျောင်းဖျထားပါဟာ ဒီအရွယ်ကြီးနဲ့ အမူးသမား၊ လောင်းကစားသမားတွေရှိရာ သွားသွားနေတာ မသင့်တော်ပါဘူး . . . ကော်ကြာ အင်မတန် ဆောက်ကျစ်စဉ်းလဲတဲ့ ဇော်လူရဲ့ ယုတ်မာမှုခံရမှာ စိုးရတယ်ဟာ"

ဟု ညီမဖြစ်သူကို စစ်ကူတောင်းလိုက်လေ၏။

"စိတ်ချပါ အစ်ကို . . . ညီမရော အမေပါ အဖေ့ကို ထိန်းထားပါ့မယ် . . . ဇော်လူကတော့ ဆင်ပြိုင်ပွဲမှာ အစ်ကို့ကို အရှုံးပေးလိုက်ရကတည်းက ကျားနာကြီးလိုဖြစ်သွားပြီ . . . ခုလည်း မိုင်းခွန်းကိုမပြန်ဘဲ မြစ်ကမ်းနားမှာပဲ စတည်းချ နေနေတယ်တဲ့"

ဟု ပြောလိုက်ရင်းမှ

"သြော် ဒါထက် မနက်က အစောကြီး နော်ငးမိ ရောက်လာသွားတယ် အစ်ကို . . . အစ်ကို အိပ်ရာက မနိုးသေး ဘာနဲ့ သူ မစောင့်တော့ဘဲ စာတစ်စောင် ရေးပေးသွားခဲ့တယ်၊ ရော့ ရော့"

ဟုဆိုကာ ဝရန်တာပေါ်မှ အိမ်အမိုးတစ်နေရာဝယ် ထိုးထားသော စာရွက်ခေါက်လေးကို ထယူပေးလေ၏။ အေးနော်က စာရွက်ခေါက်လေးကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်ပြီး

"ကဲ အမေ သားသွားတော့မယ် . . . သားလည်း ကြာကြာခဏ လာဦးမှာပါ . . . သားမှာတာလည်း မမေ့နဲ့နော်"







www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုနှုတ်ဆက်ပြီးနောက် အိမ်ပေါ်မှဆင်းကာ လပြည့်ပေါ် တက်ရောက်စီးနင်းပြီး ခြံဝိုင်းထဲမှ ထွက်ခွာသွားတော့သည်ရွှေ မိခင်ကြီးနှင့် ညီမဖြစ်သူတို့မှာ လက်ပြနှုတ်ဆက်ကာသာ စိတ်မကောင်းစွာ ကျန်ရစ်ခဲ့ရပါတော့သတည်း။

✧ ✧ ✧

ညနေစောင်းကာလမျှသာ ရှိသေးသော်လည်း တောမိုးတောင်ရိပ်နှင့် မိုးအေးတစိမ့်စိမ့် ဖြစ်နေချေပြီ။

တစ်နေ့တာ လုပ်ငန်းသိမ်းပြီးနောက် လပြည့်ကို ရေတံခွန်စမ်းချောင်းဝယ် ရေချထားကာ စမ်းချောင်းနံဘေး ကျောက်တုံးကြီးတစ်တုံးပေါ်၌ ဂျေနော် ထိုင်ကာ လပြည့်နှင့် အခြားဆင်များ စမ်းချောင်းထဲ ရေစိမ်ရေချိုးနေကြသည်





ဆောင့်ကြည့်နေရင်းမှ ဘောင်းဘီအိတ်ထဲမှ စာရွက်ခေါက်လေးကို ထုတ်ကာ ထပ်မံဖတ်လိုက်မိပြန်၏။ ဤစာကို ဖတ်မိသည်မှာ အကြိမ်ကြိမ်ရှိပြီး စာထဲမှပါသော အကြောင်းအရာထက် ဝိုင်းစက်သော နှောင်းမိ၏ ချစ်စဖွယ်လက်ရေးစာလုံးလေးတို့ကို မြတ်နိုးစွာ ကြည့်ငေးလိုသဖြင့် ခဏခဏ ထုတ်မိနေခြင်း ဖြစ်လေ၏။

သူက စာရွက်အသားကို လက်မဖြင့် ပွတ်နေမိရာက စာကို ထပ်ဖတ်လိုက်မိပြန်သည်။

*ဂျေနော်*

*မြစ်ကြီးနားကိုပြန်မယ့် ဒူးဝါးကြီးတို့ရဲ့ ကုန်တင်ကားကြီးနဲ့ပဲ ငါ ဒီမနက် လိုက်သွားပြီ။*

*ဆင်အပြေးပြိုင်ပွဲမှာ နင် ငါ့ဘဝကို ကယ်တင်လိုက်တဲ့ ကျေးဇူးကို မမေ့ပါဘူး။ အသေးစိပ်သိချင်ရင်တော့ တူးခေါင်ကိုသာ မေးကြည့်တော့။*

*အတန်းတင်စာမေးပွဲကြီး ဖြေပြီးမှ ငါ ပြန်လာမယ်။*

*အဲဒီတော့မှ နင်နဲ့ငါ ပြန်တွေ့ကြတာပေါ့။*

*နှောင်းမိ*



www.burmeseclassic.com

www.burmeseclassic.com



ယင်းစာကို ဖတ်ကြည့်ရင်း သူ့စိတ်ဝယ် ဇဝေဇဝါ ဖြစ်နေဆဲဖြစ်၏။ ဆင်အပြေးပြိုင်ပွဲဝယ် သူနိုင်အောင် ပြေးနိုင်ခဲ့ခြင်းမှာ နှောင်းမိ၏ ဘဝကို ကယ်တင်ခြင်းပင်ဖြစ်သည်ဟု နှောင်းမိက ဘာကြောင့်ဆိုသနည်း။ သူ သဲကွဲစွာ နားမလည်ပါ။ ခက်သည်က ပြိုင်ပွဲပြီးကတည်းက နှောင်းမိနှင့်သူ တွေ့ဆုံနိုင်ခြင်း မရှိတော့။ ပြိုင်ပွဲပြီး၍ သူ့ဆုယူအပြီးဝယ် မိုးစုတ်စုတ်ချုပ်လာသဖြင့် လူအားလုံးလိုလို မြို့ထဲပြန်ဝင်ခဲ့ရာ နှောင်းမိတို့ညီအစ်မတွေနှဲ့ တူးခေါင်တို့ ဘယ်အချိန်ပြန်သွားကြသည်မသိ။ နောက်နေ့ နံနက်ရောက်တော့ နှောင်းမိက ကားကြုံ လူကြုံဖြင့် မြစ်ကြီးနားသို့ ပြန်သွားခဲ့ရာ တွေ့ဆုံနိုင်ခြင်းမရှိတော့။

တူးခေါင်ကလည်း လီမွှော်ခြံပြန်သွားရာ သူနှင့် ထပ်မဆုံတော့သည်မှာ သူ ဆင်စခန်းသို့ ပြန်ရောက်ပြီး ယခု အချိန်အထိ တူးခေါင်ကို မတွေ့ရသေး။ သူ့ကိုတွေ့မှ နှောင်းမိ၏ စာထဲကအတိုင်း အသေးစိပ်မေးကြည့်ရဦးမည်။

တွေးနေရင်း လော်ပန့်ကြီး၏အိမ်ရှိရာ တောင်ကုန်း ထက်မှ ဆင်းလာနေသော တူးခေါင်ကို လှမ်းတွေ့လိုက်ရာ သူက လက်ယပ်ပြီးခေါ်လိုက်လေ၏။

ခဏအကြာဝယ် သူ့အပါးသို့ တူးခေါင်ရောက်လာပြီး





ှန့်ဘေးမှ ကျောက်တုံးပေါ် ဝင်ထိုင်လိုက်ကာ

"လော်ပန့်ကြီးခိုင်းလို့ 'တရို'ရွာဘက် သွားနေတာကွာ၊ ှစ်ရက်လုံးလုံး အချိန်ကိုကုန်ရော"

ဟု ငြီးငြူသလို ပြောလိုက်စဉ် ဂျနော်က သူ့ဘက်သို့ ည့်တည့်လှည့်ကြည့်လိုက်ရင်း

"တူးခေါင်း ဆင်ပြိုင်ပွဲနေ့တုန်းက တာလွှတ်ခါနီးမှာ င်း ငါ့ဆီပြေးလာပြီး မင်းနိုင်အောင်ပြိုင်၊ မင်းမနိုင်ရင် နှောင်းမိရဲ့ ဘဝ ပျက်လိမ့်မယ်လို့ မင်း ကမန်းကတမ်း လာပြောတာ ာအဓိပ္ပာယ်လဲကွ . . . အဲဒါ ငါ ခုအထိ မရှင်းသေးဘူး၊ င်အပြေးပြိုင်ပွဲနဲ့ နှောင်းမိရဲ့ဘဝ ဘယ်လိုပတ်သက်လို့လဲ၊ ဲဒါ ငါသိချင်တယ် . . . ဟောဒီ နှောင်းမိရဲ့စာထဲမှာလည်း င်းကိုမေးကြည့်ဖို့ ရေးထားတယ် . . . ကဲ မင်းက ငါ့ကို ာချာရှင်းပြစမ်းပါဦးကွ"

ဟု တိုက်တွန်းလိုက်ရာ တူးခေါင်က နှောင်းမိ၏ စာကို တ်လိုက်ပြီးနောက်

"ဒီလိုကွာ . . အဲဒီနေ့က ပြိုင်ပွဲစလုလုမှာ နှောင်းမိရယ်၊ ှအစ်မဝမ်းကွဲ မုန်းလွှယ်ရယ်၊ ငါရယ် ရပ်ကြည့်နေတဲ့ဆီ ာ်လူ ရောက်လာပြီး သူ ပထမရရင် ဘာဆုပေးမလဲ၊

www.burmeseclassic.com

www.burmeseclassic.com



နှင့်ရဲ့အချစ်ဆုလာဘ်ကို လိုချင်တယ်လို့ တဲ့တိုးကြီး ပြောလာတယ်ကွာ . . . အဲဒီမှာ နှောင်းမီက ဆတ်ဆတ်ထိမခံဆိုတော့ သူ့ကို အငေါ်တူးပြီး ပြိုင်ပွဲမှာ ပထမပန်းဝင်နိုင်သူကို သူ့ရဲ့ အချစ်ဆုလာဘ် ပေးမယ်၊ ဒါပေမဲ့ ရှင် ပထမ မရနိုင်ပါဘူးလို့ ပြောလိုက်တော့ ဇော်လူ ဒေါကန်ပြီး ထွက်သွားတယ်ကွာ အဲဒီလိုထွက်မသွားခင်မှာ သူနိုင်တာနဲ့ နှောင်းမီဟာ ကတိစကားအတိုင်း သူ့ရဲ့ ချစ်သူရည်စား ဖြစ်သွားပြီမှတ်လို့ ပြောသွားတယ်ကွ''

''အဲဒီမှာ နှောင်းမီလည်း သူ့စကားကျွံသွားပြီဆိုပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တော့တာပဲကွာ . . . ဇော်လူကလည်း ဒီပွဲမှာ ကြိမ်းသေ ပထမ ဗိုလ်စွဲမယ်လို့ သူ့ကိုယ်သူယုံကြည်ပြီးသား . . . အားလုံးကလည်း အဲဒီလိုပဲ တွက်ထားကြတော့ နှောင်းမီဟာ သူ လုံးဝမနှစ်သက်တဲ့ ဇော်လူရဲ့လက်အတွင်း ကျရောက်ရတော့မယ်လို့ တွေးပူပြီး အရမ်းချောက်ချားတုန်လှုပ်သွားတယ်ကွ . . . ဒါကြောင့် ဇော်လူ ဗိုလ်စွဲနိုင်ခြင်းမရှိရအောင် မင်းကို နိုင်အောင်လုပ်ဖို့ ငါ့ ပြောခိုင်းတာနဲ့ လာပြောတာကွ''

ဟု ရှည်လျားစွာ ရှင်းပြလေ၏။



''အော် ဟော် ဒါကြောင့်ကိုး . . . အေး ခုမှပဲ ရှင်းသွားတော့တယ်ကွ . . . တော်ပါသေးရဲ့ အဲဒီပွဲမှာ ငါ ပထမရသွားလို့ . . . နို့မို့ဆို နှောင်းမီတော့ ဒုက္ခပဲ''

ဟု စိုးရိမ်သံဖြင့် ပြောလိုက်ရာ တူးခေါင်က သူ့မျက်နှာကို ပြုံးဖြီးဖြီးဖြင့်ကြည့်ရင်း

''ဟင်း ဟင်း အဲဒီပြိုင်ပွဲမှာ မင်းက ဗိုလ်စွဲသွားတော့ မင်းက အလိုအလျောက် နှောင်းမီရဲ့ အချစ်ကို ရလိုက်ပြီပေါ့ကွာ . . မင်းတော့ သားရွှေအိုးထမ်းလာတဲ့ကိန်းပဲ ဟင်းဟင်း''

ဟု ရယ်သွမ်းသွေးကာ ပြောလိုက်ရာ ဂျေနော်က သူ၏ဦးခေါင်းကို ဖြည်းလေးစွာ ခါရမ်းလိုက်ပြီး

''မဖြစ်နိုင်ပါဘူးကွာ၊ မဖြစ်သင့်ပါဘူး . . . နှောင်းမီနဲ့ ငါ့ရဲ့ဘဝက အလွှာချင်း ကွာခြားလွန်းပါတယ်ကွာ . . . ငါ သူ့ကို စိတ်ကူးတောင် မယဉ်ဝံ့ပါဘူး . . . ငါဗိုလ်စွဲအောင် ကြိုးစားခဲ့တာက သူ့ရဲ့အချစ်ကို ရယူနိုင်စေဖို့ မဟုတ်ဘူး၊ သူ့ကို ဇော်လူရဲ့အန္တရာယ်စက်ကွင်းကနေ လွတ်အောင် လုပ်ပေးဖို့သာဖြစ်တယ် တူးခေါင်''

ဟု လေသံလေးတွဲ့တွဲ့ဖြင့် ပြောလိုက်ရာ တူးခေါင်က သူ့ကို အားမလိုအားမရသလို ကြည့်ရင်း

---



www.burmeseclassic.com

www.burmeseclassic.com



"ဂျေနော် နှောင်းမိကလည်း မင်းအပေါ် သံယောဇဉ် အတော်ရှိနေပုံရတယ်ကွ ... ခုတော့ သူ့ရဲ့ကတိစကားနဲ့သူ မင်းကို သူ့ရဲ့အချစ်ဆုလာဘ် ပေးရတော့မယ် ... ဒါကို မင်းက ငြင်းချင်သေးလို့လား"

ဟု ကရုဏာဒေါသဖြင့် မေးလိုက်ရာ ဂျေနော်က သက်ပြင်းရှိုက်ပြီး

"အေးပါကွာ ... သူ့ဘာသာ ငါ့အပေါ် တကယ် သံယောဇဉ်ရှိလို့ သူ့ရဲ့အချစ်ဆုလာဘ် ပေးလာရင်လည်း ငါ့အတွက် ကုသိုလ်ထူးတာပဲပေါ့ ... ငါကတော့ ငါ့ရဲ့ ကျေးဇူးရှင် အလုပ်ရှင် လော်ပန်ကြီးရဲ့မျက်နှာထောက်ပြီး နှောင်းမိကို မမှန်းရဲပါဘူးကွာ"

ဟု ပြောလိုက်ပြီးနောက် ထိုင်ရာမှ ထရပ်လိုက်ကာ

"ဒီညလသာတယ် တူးခေါင် ... ငါ လပြည့်နဲ့ ဆင်ဖမ်းထွက်မယ်လို့ စိတ်ကူးထားတယ် ... မင်းလိုက်ခဲ့ကွာ"

ဟု ပြောလိုက်ရာ တူးခေါင်မှာ ထိုင်နေရာမှ ခုန်ထလိုက်ပြီး

"ကောင်းပြီ ... ငါ ဆင်နောက်လိုက်လုပ်မယ် လပြည့်နဲ့အတူ ငါတို့ တစ်ပွဲတစ်လမ်း အကဲစမ်းကြည့်ကြ





သေးတာပေါ့ ဂျေနော်"

ဟု တက်ကြွစွာ ပြောလိုက်ပါတော့သတည်း။

✧ ✧ ✧

ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသရှိ အမြဲစိမ်းသစ်တောကြီးများအတွင်းဝယ် ဆင်ရိုင်းကောင်ရေများစွာရှိရာ ဆင်ဖမ်းရာသီချိန်ဖြစ်သော နိုဝင်ဘာလ (၁၅)ရက်မှ ဧပြီလ (၁၅)ရက် အတွင်းဝယ် 'မဂ္ဂဂျစ်'ဆင်ဖမ်းသမားတို့မှာ တောနက်ထဲသို့ သွားပြီး ဆင်ဖမ်းလေ့ရှိကြလေ၏။

ချင်းတွင်းမြစ်ဖျားပိုင်းဖြစ်သော တနိုင်းခမြစ်ဝှမ်းဒေသဝယ် ပေါက်ရောက်နိုင်လှသည့် သဘာဝသစ်တောကြီးများ ထူထပ်သိပ်သည်းစွာ ရှိပြီး ယင်းသစ်တောကြီးများ အတွင်းဝယ် ငန်းဖြူ၊ ငန်းနက် သည့် ရေပျော်ငှက်ကြီးများသာမက အောက်ချင်း၊ ချိုး၊ ကျီး သလိကာ၊ ဒေါင်း၊ ငှက်မင်း စသည့် ငှက်မျိုးစုံအပြင်



www.burmeseclassic.com

www.burmeseclassic.com



မျောက်လွဲကျော်၊ မျောက်မြီးရှည်များ စသည့် မျောက်မျိုးစုံလည်း ရှိချေ၏။

ယင်းအပြင် တောရိုင်းတိရစ္ဆာန်များဖြစ်သော တောခွေး ဝံပုလွေ၊ ချေ၊ ဒရယ်၊ စိုင်၊ ဆတ်၊ တောဝက်၊ ဝက်ဝံ ပြောင်တို့သာမက တောဘုရင် ကျားကြီးများ၊ ကြံ့ကြီးများလည်း ကျက်စားလျက်ရှိကာ ငှက်ပျောရိုင်းတောကြီးများ၊ ဝါးနှများ ဆားတွင်းများ ပေါများသဖြင့် တောဆင်ရိုင်းတို့မှာလည်း အုပ်လိုက်အုပ်လိုက် ရှိလေ၏။

ဆင်များကို ဝန်တင်ရန်အတွက်နှင့် အထူးသဖြင့် သစ်လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိရာ ဆင်ဖမ်း သမားတို့မှာ မငွေဂျစ်နည်းဖြင့် ဆင်ရိုင်းများကို ဖမ်းဆီးကြလေ့ ရှိလေ၏။

ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသဝယ် မငွေဂျစ် (ခေါ်) ကြိုးကွင်းပစ်ပြီး ဆင်ဖမ်းသည့်နည်း တစ်နည်းဖြင့်သာ ဆင်ရိုင်း များကို ဖမ်းဆီးလေ့ရှိရာ ယင်းနည်းမှာ ခန္တီးရှမ်းများမှတစ်ဆင့် အာသံဘက်မှ နည်းယူခဲ့သော ဆင်ဖမ်းနည်းဟု ဆိုကြ၏။ ယင်းကြိုးကွင်းပစ်ဆင်ဖမ်းနည်းကို (၁၉၂၇)ခုနှစ်ခန့်လောက်မှ စတင်အသုံးပြုခဲ့ကြသည်ဟု ဆို၏။ မြန်မာနိုင်ငံအောက်ပိုင်း





ဒေသတို့ဝယ် ယင်းနည်းကို မီလာရှိကာနည်းဟု ခေါ်ဆိုကြ လေ၏။

ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသဝယ် ဆင်ရိုင်းများကို မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းခြင်း၊ ကျုံးသွင်းဖမ်းခြင်းတို့ ပြုလုပ်လေ့မရှိသေးချေ။

သို့ကြောင့်လည်း ဂျနော်တို့မှာ လပြည့်နှင့်အတူ လသာ ဆောင်းညများဝယ် တောနက်ထဲသို့ လှို့ဝှက်စွာဝင်ရောက်ပြီး မငွေဂျစ်နည်းကို သုံးကာ ဆင်ရိုင်းများကို ဖမ်းဆီးခဲ့ကြရာ ဆင်ဖမ်းရာသီတစ်ခုလုံးဝယ် တောဆင်ရိုင်းငါးကောင်ကို အောင်မြင်စွာ ဖမ်းဆီးရမိနိုင်ခဲ့လေ၏။

ယခုဆို ဂျနော်မှာ မငွေဂျစ်ကောင်း ဆင်ဦးစီးကောင်း တစ်ယောက်အဖြစ် ဟူးကောင်းသစ်တာဒေသဝန်းကျင်၌ နာမည် သတင်း ကျော်ကြားလာသလို လပြည့်မှာလည်း ဆင်ကောင်း တစ်ကောင်အဖြစ် ထင်ရှားလာလေ၏။

ဂျနော်မှာ ဖမ်းမိသည့် ဆင်ရိုင်းများကို ယဉ်အောင် လေ့ကျင့်ပေးပြီးနောက် ဆင်နှစ်ကောင်ကို လော်ပန်ကြီး ဦးခမ်းဝဏ္ဏအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလိုက်ကာ ကျန်ဆင်သုံးကောင်ကို သူပိုင်ဆင်အဖြစ် မွေးမြူထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဆင်များကို လော်ပန်ကြီး ဦးခမ်းဝဏ္ဏ၏ ဟူးကောင်းဆင်စခန်းမှာပင် ထားရှိပြီး လော်ပန်ကြီး၏ သစ်ခွဲ၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းခွင်မှာပင် အလုပ်ဝင်စေခဲ့သည်။

ယခုအခါ တူးခေါင်မှာလည်း ဆင်ဦးစီးတစ်ယောက်ဖြစ်လာပြီဖြစ်ရာ သူ့ကို ဂျေနော်၏ ဆင်တစ်ကောင်အား ဦးစီးစေခဲ့၏။ ကျန်ဆင်နှစ်ကောင်အား အခြားဆင်ဦးစီးများကို ကိုင်နိုင်းကာ ဂျေနော်မှာ လပြည့်ကိုသာ လက်စွဲဆင်အဖြစ် ဦးစီးခဲ့လေ၏။

ဂျေနော်မှာ လပြည့်ကို လွန်စွာချစ်ရာ ဆင်တင်းကုတ်သီးခြားထားရှိပြီး လပြည့်၏ စားသောက်ရေးမှအစ ကျန်းမာရေးသန့်ရှင်းရေးတို့ကို ကိုယ်တိုင် ပြုလုပ်ပေးကာ မျက်ခြည်မပြတ်စောင့်ကြည့်ဂရုစိုက်ခဲ့လေ၏။

လပြည့်သည်ကား တောင်ငှက်ပျောအူ၊ ဝါးနုနု၊ တောငှက်ပျောသီး စသည့် စားကောင်းများကို စိတ်ကြိုက်စားသုံးရသည့်အပြင် ကျန်းမာရေးလည်း သခင်ဖြစ်သူ ဂျေနော်၏ အထူးဂရုစိုက်မှုကြောင့် ဒေါင်ဒေါင်မြည်လျက်ရှိချေ၏။

လပြည့်၏ အရပ်သည်ကား ရှစ်ပေကျော် ကိုးပေနီးပါးမြင့်လာကာ သစ်သုံးတန်ကို သာသာလေး ဆွဲနိုင်လောက်အောင်





ခွန်အားလည်းကောင်းလာခဲ့၏။ အထူးသဖြင့် သူ၏ ဖြူဖွေးလှသော အစွယ်နှစ်ဖက်မှာ ခြောက်ပေကျော်မျှရှိပြီး ကော့ပျံကာ လွန်စွာလှပလေ၏။

ကိုယ်အလေးချိန်သည်လည်း (၄)တန်ကျော် (၅)တန်ခန့်ရှိလာကာ ထွားကျိုင်းသော ပထမတန်းစား အာရှဆင်တစ်ကောင်ဖြစ်လာသော်လည်း လွန်စွာ ဖျတ်လတ်ခြင်း၊ အကင်းပါးခြင်းလည်း ရှိလေရကာ သူသည် ဟူးကောင်းဆင်စခန်းရှိဆင်အားလုံးအနက် အကောင်းဆုံးဆင်တစ်ကောင်အဖြစ် တစ်နေ့တစ်ခြား ကျော်ကြားထင်ရှားလာလေ၏။

လပြည့်၏ ရဲစွမ်းသတ္တိနှင့် ထူးခြားသော စွမ်းရည်ကို တစ်နေ့ဝယ် လော်ပန်ကြီးနှင့် ဟူးကောင်းဆင်စခန်းရှိ ဆင်သမားအားလုံး မျက်ဝါးထင်ထင် တွေ့မြင်ကြရလေ၏။

ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။

ဟူးကောင်းဆင်စခန်းဝယ် ဗွေဆိုးဟု အမည်တွင်နေသည့် အရပ်အမြင့် ကိုးပေခန့်ရှိသော လွန်စွာထွားကြိုင်းကြီးမားသည့် စွယ်စုံဆင်ကြီးတစ်ကောင်ရှိ၏။ ယင်းဆင်ကြီးမှာ ဗွေဆိုးပါသော ဆင်ကြီးဖြစ်ပြီး မကြာခဏ တောစိတ်ဝင်ကာ သူ၏ဆင်ဦးစီးကိုပင် စိတ်မထင်လျှင် မထင်သလို ရန်ရှာတတ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဦးစီးဖြစ်သူမှာ အတော်သတိထား ကိုင်တွယ်ရလေ၏။ သူ၏ ညှဉ်ဆိုးအဏ်ကို မခံနိုင်သဖြင့် ဆင်ဦးစီး တစ်ယောက်ပြီး တစ်ယောက် ပြောင်းသွားရာ ယခု စတုတ္ထမြောက် ဆင်ဦးစီးမှာ ထွန်းဘဆိုသူ ဖြစ်ချေ၏။

ထွန်းဘမှာ ခပ်ရွတ်ရွတ် လူပေလူတေတစ်ဦး ဖြစ်ပြီး ကချင်မီးတောက်အရက်ကို အမြဲလိုလို မှီဝဲကာ အလုပ်ခွင်ထဲမှာပင် မူးရူးနေတတ်သဖြင့် လော်ပန်ကြီး၏ အဆူအကြိမ်း ခဏခဏ ခံရသူဖြစ်၏။ လော်ပန်ကြီးမှာ ထွန်းဘအား သူ၏ ဆင်စခန်းဝယ် မထားချင်တော့သော်လည်း ထွန်းဘ၏ ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီးမှာ ဝါရင့်ဆင်ခေါင်းကြီးတစ်ဦးဖြစ်ကာ လော်ပန်ကြီး၏ လက်ရင်းတပည့် မိတ်ဆွေကောင်းဖြစ်သဖြင့် ဖအေ့မျက်နှာထောက်ကာ ထွန်းဘကို လက်ခံထားခြင်းဖြစ်သည်။ အပြင် မည်သည့်ဆင်ဦးစီးမှ ကိုင်တွယ်ဦးစီးလိုခြင်းမရှိသည့် ဆင်ကြီးဗွေဆိုးကို ထွန်းဘက ဦးစီးပေးနေသဖြင့် လော်ပန်ကြီးမှာ ထွန်းဘအား နောက်ပိုင်းဝယ် အပြစ်သိပ်မပြောတော့ဘဲ လျစ်လျူရှုထားလိုက်ရလေတော့၏။

တစ်နေ့သောနံနက်ဝယ် ထွန်းဘသည် သစ်လုပ်ကွက်သို့ သွားရန်အတွက် ဗွေဆိုးကို ထူးကြိုးမှဖြုတ်ကာ ဆင်တင်းကုပ်





ထဲမှ စီးနင်းထွက်လာလေ၏။

ထွန်းဘမှာ စောစောစီးစီး မူးရူးနေသဖြင့် သူ၏ ဆင်ကြီးဗေဆိုး၏ နှာအတွင်းမှ မှန်ရည်များ ယိုစီးကျလျက် ရှိသည်ကို သတိမမူမိခဲ့ချေ။

ဖြစ်ချင်တော့ ယင်းအချိန်မှာ နှောင်းမီတစ်ယောက် စာမေးပွဲကြီးဖြေပြီး ကျောင်းရက်ရှည်ပိတ်သဖြင့် မြစ်ကြီးနားမှ နေ၍ ဟူးကောင်းဆင်စခန်းသို့ ရောက်ရှိနေချိန်ဖြစ်လေ၏။

နှောင်းမီမှာ ဆွယ်တာအကျီပန်းရောင်ပွပွလေးနှင့် သက္ကလပ်ဘောင်းဘီရှည်အနက်တို့ကို လှပစွာဝတ်ထားကာ ဦးခေါင်းဝယ် သိုးမွှေးခေါင်းစွပ်နီနီလေး ဆောင်းထားသဖြင့် နံနက်ခင်းမြူနှင်းမှုံမှုံတို့အကြားဝယ် နှင်းဆီတပ်ပန်းကလေး တစ်ပွင့်နှယ် လွန်စွာ လှပလျက်ရှိလေ၏။

နှောင်းမီမှာ စကားတပြောပြောနှင့် သူမ၏ဖခင် လော်ပန်ကြီးနှင့်အတူ ခြေတံရှည်အိမ်ကြီးရှိရာ ကုန်းမြင့်လေးပေါ်မှ ဆင်းလာလေ၏။ ဂျေနော်ကလည်း လပြည့်ကို စီးနင်းလျက် သစ်လုပ်ကွက်သို့ သွားရန်ထွက်အလာနှင့် ဆုံစဉ် လော်ပန်ကြီးက ဂျေနော်ကို လက်လှမ်းပြတားလိုက်ကာ

"ဟေ့ ဂျေနော် ခဏနေဦးကွ . . . မင်းကို ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



ဦး-ဒုံ

ဟု လှမ်းပြောလိုက်သဖြင့် ဂျေနော်က လပြည့်ပေါ်မှ ဆင်းရန်အတွက် လပြည့်ကို ရပ်ပြီး ဝပ်ခိုင်းလိုက်လေ၏။

"လပြည့် ဝပ် ဝပ် ဘတ်ဆမ်း ဘတ်ဆမ်း"

ဟု ဆိုလိုက်ရာ လပြည့်က အသာဝပ်ပေးလိုက်သည်တွင် ဂျေနော်က ဦးကင်းပေါ်မှ လျှောဆင်းလိုက်ပြီး

"လပြည့် မင်းသွားနှင့် ... ငါ နောက်ကလိုက်ခဲ့မယ် အဂစ် အဂစ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် ဂျေနော်မှာ လော်ပန်ကြီးတို့ရှိရာသို့ လျှောက်လာစဉ် ဆင်တင်းကုတ်များရှိရာဘက်မှ ဆူညံသံများ ရုတ်တရက် ကြားလိုက်ရသဖြင့် အံ့အားသင့်ပြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ဆင်ကြီးဗွေဆိုးမှာ ဆင်ရိုင်းတစ်ကောင်ကို ချုပ်နှောင်ထားသော ဆင်တင်းကုတ်မှ တိုင်တစ်တိုင်အား နှာမောင်းဖြင့်ရစ်ပတ်ကာ ဝုန်းခနဲ ဆောင့်ဆွဲလိုက်ပြီးနောက် ယိုင်သွားသောတိုင်ကို သူ၏ဦးကင်းဖြင့် ဒုံးခနဲ ပစ်တိုက်လိုက်ရာ သစ်သားတိုင်ကြီးမှာ ဖြောင်းခနဲကျိုးသွားပြီး တင်းကုတ်ထဲမှ ဆင်ရိုင်း၏အော်သံ ကျီခနဲ ထွက်ပေါ်လာလေ၏။

"ဗွေဆိုး ဗွေဆိုး မလုပ်နဲ့ ... အာ ဒီကောင်"



ဟူသော ထွန်းဘ၏ မောင်းမဲအော်ဟစ်သံ ကြားလိုက်ရပြီးနောက် ဗွေဆိုးမှာ ဖယိုဖရဲဖြစ်သွားသော ဆင်တင်းကုတ်မှ ဆင်ဖက်အမိုးတို့ကို နှာမောင်းဖြင့် အတင်းဆွဲချကာ နောက်ထပ်တိုင်တစ်တိုင်ကိုပါ ဦးကင်းဖြင့် တရှိန်ထိုး ပြေးအောင်းလိုက်ပြန်၏။

တဝုန်းဝုန်း တဒိုင်းဒိုင်း တဖြောင်းဖြောင်းအသံများနှင့်အတူ ဆင်တင်းကုတ်ကြီးမှာ ပြိုကျသွားသည်တွင် ဗွေဆိုးမှာ အားရကျေနပ်ခြင်းမရှိသေးဘဲ တင်းကုတ်ထဲဝယ် ဝမ်းဗိုက်အောက်၌ သစ်လုံးတန်းခံထားပြီး ရှေ့ခြေနှစ်ချောင်းကို ထုံးကြိုးဖြင့် ဆော်ထားခြင်းခံရသည့် အရပ်ခြောက်ပေခန့်ရှိသော တောဆင်ရိုင်းအား အစွယ်ဖြင့်ပြေးထိုးလိုက်ရာ ဗွေဆိုး၏ အစွယ်တစ်ဖက်မှာ ဆင်ရိုင်း၏ပခုံးကို ထိုးစိုက်မိသွားတော့၏။

ဆင်ရိုင်းမှာ ပခုံးမှသွေးများ ဖြာခနဲစီးကျလာကာ အနှစ်စွာ နာကျင်လေသဖြင့် ကျီခနဲ ကျယ်လောင်စွာ အော်ဟစ်လိုက်လေ၏။

"ဟာ ဗွေဆိုး ဗွေဆိုး မှန်ယိုနေပြီဟေ့ မှန်ယိုနေပြီ"

"ထွန်းဘ သတိထား သတိထား ... မင်းရဲ့ဆင် နင်းသောက်တော့မယ်၊ နင်းသတ်တော့မယ်"

www.burmeseclassic.com



"ပြေးဟေ့ ပြေးဟေ့ . . . ဇွဲဆိုး ဒီဘက်လှည့်လာပြီ ပြေး ပြေး"

ဆင်စခန်းတစ်ခုလုံး ထိတ်လန့်တကြား အော်ဟစ်သံများ ဆူညံသွားပြီး ဆင်ဦးစီးများ၊ ဆင်သမားများသာမက ဆင်စခန်းအတွင်း တဲတို့တွင် နေထိုင်ကြသည့် ဆင်သမားမိသားစုများပါ သေွးရူးသွေးတန်းဖြင့် အော်ဟစ်ပြေးလွှား ရှောင်ရှားကြရာ အားလုံး ဝရုန်းသုံးကား ဖြစ်ကုန်တော့၏။

ဇွဲဆိုးကား မုန်သောက်မိချေပြီ။ မုန်ယိုသော ဆင်၏ နားမှ စီးကျလာသော မုန်ရည်တို့ ဆင်၏ ပါး နားထင်တို့ကို ဖြတ်သန်းစီးဆင်းပြီး ပါးစပ်ထဲသို့ ဝင်သွားခြင်းကို မုန်သောက်ခြင်းဟု ခေါ်ဆိုကာ မုန်သောက်မိသွားသော ဆင်မှာ သွက်သွက်လည် ရူးသလိုဖြစ်ကာ လုံးဝ ထိန်းသိမ်းမရတော့ဘဲ တွေ့ရာမြင်ရာ မြင်မြင်သမျှကို နှာမောင်းဖြင့် ရစ်ပတ်ဆွဲမြှောက် ကိုင်ပေါက်ခြင်း၊ ဦးကင်းဖြင့် ပြေးတိုက်ခြင်း၊ ကိုယ်လုံးဖြင့် ဖိတိုက်ခြင်း၊ ခြေဖြင့် ရက်ရက်စက်စက် နင်းချေခြင်းတို့ကို ပရမ်းပတာ ပြုလုပ်တော့၏။

ဇွဲဆိုးသည် ဦးစွာ သူ၏ကျောထက်မှ ဆင်ဦးစီး ထွန်းဘကို နှာမောင်းဖြင့် ရစ်ပတ်ကာ မြေပြင်သို့ ကိုင်ပေါက်





ပစ်လိုက်ပြီး ရှေ့ခြေနှစ်ချောင်းဖြင့် ရက်ရက်စက်စက် နင်းချေလိုက်ရာ ထွန်းဘမှာ သွေးသံရဲရဲဖြင့် ဦးခေါင်းပြားချပ်ပြီး ချက်ချင်း သေဆုံးသွားရတော့၏။

"ဟာ ဇွဲဆိုး ထွန်းဘကို သတ်လိုက်ပြီဟေ့ . . . သတ်လိုက်ပြီ လုပ်ပါဦး"

ဇွဲဆိုးသည် သူ၏ဆိုးရှိန်ကို မြှင့်လိုက်ပြီး ဆင်စခန်း အလယ်မှ မြေလွှတ်အတိုင်း တဟုန်ထိုး ပြေးလာကာ ဆင်သမား မိသားစုတို့၏ တဲများကို တစ်တဲပြီးတစ်တဲ ဖြိုဖျက်ပစ်တော့၏။

ထို့နောက် သူ့အား ကြောက်ရွံ့သဖြင့် ထွက်ပြေးသူများ နောက်သို့ တဟုန်ထိုးလိုက်ကာ နှာမောင်းဖြင့် ရိုက်ခြင်း၊ ရှေ့ခြေဖြင့် နင်းချေရန် ကြိုးစားခြင်းတို့ပြုရာ စခန်းတစ်ခုလုံး ထိတ်လန့်တကြား ယောက်ယက်ခတ် အော်ဟစ်ပြေးလွှား ကုန်ကြကာ ကမ္ဘာပျက်သကဲ့သို့ ဖြစ်ကုန်တော့၏။

"သမီး လာ လာ ဇွဲဆိုး ဒီဘက်ကိုပြေးလာနေပြီ လာ လာ"

လော်ပန်ကြီး ဦးခမ်းဝဏ္ဏမှာ နှောင်းမီ၏လက်ကို ဆွဲလျက် တောင်ကုန်းလေးထက်သို့ ပြေးတက်ရာ နှောင်းမီမှာလည်း ထိုအထဲမတွင် ထိတ်လန့်ကြောက်ရွံ့ကာ ကြောင်နေရာမှ သတိ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပြီး ဖခင်နှင့်အတူ ပြေးတက်စဉ် ခဲလုံးတစ်လုံးကို နင်းမိသဖြင့် တောင်ကုန်းအလယ်ရောက်မှ ခြေချော်ကာ လဲကျ သွားတော့၏။

ထိုအခါ ဖခင်ကြီးဆွဲထားသော လက်မှာလည်း လွတ်သွားပြီဖြစ်သဖြင့် နော်ခမီမှာ တောင်ကုန်းအောက်ဖက်သို့ လိမ့်ကာလိမ့်ကာ ကျလာတော့၏။

"အမလေး လုပ်ကြပါဦး"

ဂျနော်မှာ ဆင်ကြီးဖွေဆိုး တဟုန်ထိုးပြေးလာသည်ကို မြင်သဖြင့် ယမနေပင်ကြီးတစ်ပင်၏ နောက်သို့ ပြေးကပ်ကာ ဖွေဆိုး၏ပြေးလမ်းမှ လွတ်အောင် ရှောင်ရှားလိုက်စဉ် နော်ခမီတို့ သားအဖ အိမ်ရှိရာတောင်ကုန်းပေါ်သို့ ပြေးတက်သွားကြသည်ကို တွေ့ပြီးဖြစ်၏။

နော်ခမီတို့ ဖွေဆိုး၏ ပြေးလမ်းမှ လွတ်သွားပြီဟု ယူဆကာ နော်ခမီတို့သားအဖအတွက် သူ စိတ်အေးသွားစဉ် မှာပင် နော်ခမီ ခြေချော်လဲကာ တောင်ကုန်းလေး၏ ဆင်ခြေလျှောထက်မှာ ဒလိမ့်ခေါက်ကွေး လိမ့်ကျလာသည်ကို တွေ့လိုက်ရာ ဂျနော်မှာ လွန်စွာ စိုးရိမ်သွားပြီး နော်ခမီ လိမ့်ကျလာရာသို့ ပြေးသွားကာ ဖမ်းထိန်းလိုက်လေ၏။





ယင်းအချိန်မှာပင် ဆင်ကြီးဖွေဆိုးမှာ သူတို့နှစ်ဦး ရှိရာသို့ ဝေါခနဲ ရောက်ရှိလာရာ

"နော်ခမီ ပြေး ပြေး"

ဟု ပါးစပ်မှအော်ရင်း ဂျနော်မှာ နော်ခမီ၏ လက်မောင်းအိုးတစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ ယမနေ ပင်ကြီးဘက်သို့ ကမန်းကတမ်း ပြေးသွားရန် ကြိုးစားလိုက် သော်လည်း ဖွေဆိုးမှာ အနီးသို့ရောက်လာလျက် သူ၏ နှာမောင်းကြီးဖြင့် ဂျနော်ကို ရိုက်ချလိုက်လေ၏။

ဂျနော်မှာ ဖွေဆိုး၏ နှာမောင်းရိုက်ချက်ကို ဖျတ်ခနဲ ရှောင်ရှားကာ နော်ခမီကိုပါ အတင်းဆွဲလျက် ဖွေဆိုး၏ တိုက်ကွင်းမှ ရုန်းထွက်ရန် ကြိုးစားလိုက်စဉ်မှာပင် ဖွေဆိုးမှာ သူတို့ရှောင်ရာဘက်သို့ ချာခနဲလှည့်ပြီး ရှေ့ခြေဖြင့် နင်းချေရန် ကြွက်လိုက်စဉ် လွန်စွာလျင်မြန်သော အရိပ်တစ်ခုသည် သူတို့အနီးသို့ လျှပ်ပြက်သလို ဝေါခနဲ ရောက်လာပြီး ဖွေဆိုး၏ ခေါင်းကိုယ်ကြီးကို တဟုန်ထိုး တိုက်ချလိုက်လေ၏။

'ဝုန်း'ဟူသော အသံကြီးနှင့်အတူ ဖွေဆိုး၏ ခန္ဓာ ကိုယ်မှာ မယုံနိုင်ဖွယ် ဘေးသို့ ပစ်လဲကျသွားတော့၏။

လပြည့်က သူ၏ဦးကင်းဖြင့် ဖွေဆိုးကို တဟုန်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ပြေးထိုးလိုက်ခြင်းပင်ဖြစ်ပါ၏။

"ဟာ လပြည့်"

ဂျေနော်မှာ သူတို့နှစ်ဦး၏အသက်ကို ကယ်လိုက်သော လပြည့်ကို အံ့သြဝမ်းသာစွာ ကြည့်လိုက်စဉ် လပြည့်၏ တစောင်း လဲကျသွားသော မုန်ယိုဆင်ကြီး ဗွေဆိုး၏ ညာတာခြင်းမပြုတော့ဘဲ ဗွေဆိုး၏နံစောင်းကို သူ၏ ချွန် နေသော အစွယ်နှစ်ချောင်းဖြင့် အားကုန် ပြေးစိုက်လိုက်လေ တော့၏။

"ကျွီ ဂူး"

ဟူသော ငယ်သံပါအောင် အော်လိုက်သည့် ဗွေဆိုး၏ အသံနက်ကြီးကား တစ်တောလုံးဟိန်းမျှ ဆူညံမြည်ဟီးသွားကာ ဗွေဆိုးမှာ လပြည့်၏ အစွယ်များဝယ် အသက်ပါသွားလေ တော့၏။

လပြည့်သည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေရ တဖြည်းဖြည်း ငြိမ်ကျသွားသော ဗွေဆိုး၏ကိုယ်ထဲမှ သွေ သွေးသံရဲရဲဖြစ်နေသော အစွယ်ကြီးနှစ်ချောင်းကို ပြန်ဆွဲနုတ်လိုက် သည်တွင် ဂျေနော်မှာ လပြည့်၏နှာမောင်းကို ပြေးဖက်လိုက်

"လပြည့် လပြည့် ညီလေး . . . မင်း မင်း ငါ ...ယောက်ရဲ့ အသက်ကို ကယ်လိုက်တာပါလားကွာ . . . ...ပြည့် မင်းကို အစ်ကို ကျေးဇူးတင်လိုက်တာကွာ . . . ...ရကျေးဇူးနှပ်ပါပေရဲ့ လပြည့်ရယ် . . . ညီလေး ဂေါ်ဘိုင်လေး ...ာ ဂေါ်ဘိုင်"

ဟု တဖွဖွပြောလိုက်စဉ် လပြည့်သည် ဂျေနော်၏ ...ယ်ကို သူ၏နှာမောင်းကြီးဖြင့် ပွေ့ယူကာ မြှောက်လိုက်ပြီး ...ဦးကင်းနောက်သို့ တင်ပေးလိုက်လေ၏။

ထို့နောက် လပြည့်သည် သူ၏နှာမောင်းကို ...ောင်းကင်သို့မြှောက်ကာ 'ဝူး'ခနဲ ကျေနပ်ပီတိဖြစ်စွာ အသံကုန် ...ကြွေးကြော်ရင်း အောင်ပွဲခံလိုက်လေတော့သတည်း။

ထိုစဉ် စခန်းတစ်ခုလုံးမှ လူများသည်လည်း လပြည့်တို့ ...သို့ အပြေးအလွှား ရောက်ရှိလာကြပြီး

"လပြည့်ကွ လပြည့် . . . ဒါမှ ငါတို့ရဲ့လပြည့်"

ဟု ဝမ်းသာလိုက်လှဲစွာ ချီးကျူးအော်ဟစ်လိုက်ကြရာ ...တောလုံး ဆူညံသွားသလား ထင်မှတ်ရလေ၏။

လော်ပန်ကြီးသည်လည်း တောင်ကုန်းထက်မှ ပြေးဆင်း ...ပြီး သမီးဖြစ်သူ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ

"သမီး သမီး တော်ပါသေးရဲ့ သမီးရယ် . . သမီးရဲ့







www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ဂျေနော်နဲ့ လပြည့်တို့က ကယ်လိုက်နိုင်ဖို့ တော်ပါသေးရဲ့ကွယ် . . . အမေဖြင့် သွားပြီထင်တာ"

ဟု အသံတုန်တုန်ဖြင့် ပြောရင်း လပြည့်နှင့် ဂျေနော် ရှိရာသို့ ကျေးဇူးတင်စွာ လှမ်းကြည့်လိုက်ရာ လပြည့်မှာ ဂျေနော်၏ ကျောပေါ်တင်ရင်း သူ့အား ပိုင်းဝန်းချီးကျူး ထောပနာပြုနေသည့် ဆင်သမားလူအုပ်ကြီးအလယ်၌ အောင်ပွဲခံလျက်ရှိကြောင်း တွေ့ရလေ၏။

၉။ ယင်းအချိန်မှစ၍ လပြည့်၏သတင်းသည် ဟူးကောင်း ဆင်စခန်းမှသာမက တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသတစ်ခုလုံးသို့ ပျံ့နှံ့ကျော်ကြား သွားပါတော့သတည်း။

✧ ✧ ✧

ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသအနှံ့ ကျော်ကြား လာသော လပြည့်နှင့် ဂျေနော်တို့၏ သတင်းကို ဖော်လူ နားမဆန့်အောင် ကြားနေရရာ ယင်းသတင်းတို့သည် ဖော်လူ၏ ရင်မှ အမုန်းအာဃာတမီးကို မီးလောင်ရာလေပင့်သလို





ဖြစ်စေတော့၏။

"အင်း ခုတော့ ဂျေနော်ဆိုတဲ့ကောင်ဟာ ဟူးကောင်း ဆင်စခန်းရဲ့ သူရဲကောင်းဖြစ်နေပြီပေါ့ . . . သင်းက လော်ပန်ကြီးရဲ့သမီး နှောင်းမိရဲ့အသက်ကို ကယ်ခဲ့သူဆိုပြီး လော်ပန်ကြီးရဲ့ ယုံကြည်အားကိုးမြှောက်စားခြင်း ခံနေရတယ်တဲ့"

"အဲဒီကောင်နဲ့ နှောင်းမိဟာ နဂိုကတည်းက လက်ပွန်း တတီး နေပြီး ငြိတိတိဖြစ်ချင်နေတာ . . . ခုတော့ ဒီကောင်က နှောင်းမိရဲ့ ကယ်တင်ရှင်ဆိုပြီး အမှတ်တွေ စွတ်ရနေပြီပေါ့"

"ဂျေနော် ဂျေနော် မင်းဟာ ဆင်ပြိုင်ပွဲမှာတုန်း ကတည်းက ငါ့ကိုအရှက်ခွဲပြီး ဒုက္ခလှလှပေးခဲ့တဲ့ကောင်၊ ခုလည်း နှောင်းမိရဲ့မေတ္တာကို လက်ဦးမှုယူပြီး ငါ့ရဲ့မျှော်လင့်ချက်တွေကို ချိုးဖျက်ပစ်တော့မယ်ပေါ့"

"မင်းနဲ့ငါ တစ်နေ့ တွေ့ကြဦးမှာပေါ့ကွာ . . . ငါ လျှောက်လှမ်းလိုတဲ့ လမ်းမှာ အနှောင့်အယှက်ဖြစ်နေတာ မင်းပဲ၊ ငါဟာ ငါ့ဘဝရဲ့ အနှောင့်အယှက်မှန်သမျှကို ရှင်းပစ်ဖို့ နည်းနည်းမှ လက်တွန့်တဲ့ကောင် မဟုတ်ဘူး"

"မင်း မကြာခင် ငါ့ရဲ့အကြောင်း သိစေရမယ်"

ဖော်လူသည် ကချင်မီးတောက်အရက်ကို သောက်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆတ်သားခြောက်ကြော်ကို မြည်းလိုက် လုပ်နေရင်းမှ ဂျေနော့်ကို စိတ်ထဲမှ ကြုံးဝါးနေမိတော့၏။

တကယ်တော့ ဖော်လူသည် အကြံကြီးသူဖြစ်၏။ သူက ဟူးကောင်းဆင်စခန်းပိုင်ရှင် လော်ပန်ကြီး ဦးခမ်းဝဏ္ဏအား အပိုင်စည်းရုံးကာ နှောင်းမီကို တစ်နေ့ဝယ် သိမ်းပိုက်ရန် ရည်ရွယ်ထားသူဖြစ်လေ၏။

လော်ပန်ကြီး ဦးခမ်းဝဏ္ဏ ၏ တစ်ဦးတည်းသောသမီး နှောင်းမီအား သိမ်းပိုက်ရရှိပါက လှပသော နှောင်းမီနဲ့အတူ များစွာသော စည်းစိမ်ဥစ္စာများနှင့် ဟူကောင်းဆင်စခန်းကြီး တစ်ခုလုံးကိုပါ အပိုင်စားရရှိမည်ဖြစ်လေ၏။

သို့ဆိုပါလျှင် သူ့အနေဖြင့် သူ၏ဖခင် လော်ပန်ကြီး ဦးခမ်းဖော်ထံမှ အမွေအနှစ်အားလုံးနှင့် မိုင်းခွန်းဆင်စခန်းကြီး ကိုရော၊ ယောက္ခမဖြစ်သူ လော်ပန်ကြီး ဦးခမ်းဝဏ္ဏထံမှ စည်းစိမ် ဥစ္စာများနှင့် ဟူးကောင်းဆင်စခန်းကြီးပါ ပိုင်စိုးရရှိမည်ဖြစ်ရာ ဤဟူကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသဝယ် အချမ်းသာဆုံး ဆင်စခန်းကြီးနှစ်ခုပိုင်သည့် ရောမလော်ပန်ကြီး ဖြစ်လာပေ ရော့မည်။

ဖော်လူက ယင်းသို့ စိတ်ကူးယဉ်ပြီး အပိုင်တွက်ထား





ူဖြစ်၏။ ထို့ကြောင့်လည်း ဟူးကောင်းဆင်စခန်းသို့ အခါ းလျှော်စွာသွားပြီး ယောက္ခမလောင်းဖြစ်သော ဦးခမ်းဝဏ္ဏအား ည်းဖြည်းချင်း စည်းရုံးယူနေခြင်းဖြစ်လေ၏။

ယခုတော့ သူ့အနေဖြင့် အတော်ခရီးပေါက်နေမှ ဂျေနော် သော အဖျက် ဝင်ရောက်ခြင်းခံရချေပြီတည်း။

သူ့ဘဝ၏ ရည်မှန်းချက်ဖြစ်သော ဟူးကောင်းချိုင့်ဝှမ်း င်ပြင်ဒေသ၏ အချမ်းသာဆုံး လော်ပန်ကြီးတစ်ဦး၊ ဆင်စခန်း းစွာကို ပိုင်ဆိုင်သော လော်ပန်ကြီးတစ်ဦး ဖြစ်ရေးအတွက် နော့်ကို ဤလောကကြီးထဲမှ တစ်နည်းနည်းဖြင့် ဖယ်ရှား င်မှ ဖြစ်မည်ဖြစ်ကြောင်း အခိုင်အမာ တွေးဆလာမိတော့၏။

သို့သော် သူသည် သူ့တပည့်လူမိုက်များအား လွှတ်ပြီး ဂျေနော့်ကို သုတ်သင်ပစ်ခြင်းမျိုး မပြုလိုချေ။

သူကိုယ်တိုင် ဂျေနော်နှင့် ယှဉ်ပြိုင်ရင်ဆိုင်မှုတစ်ခုခု ပ်ရင်း အနိုင်ယူပြီးမှ သုတ်သင်ပစ်လိုသောဆန္ဒသာ သူ့မှာ လ၏။

ဆင်ပြိုင်ပွဲဝယ် သူ ဂျေနော့်ကို ရှုံးခဲ့ခြင်းအား လုံးဝ ချနပ်ခြင်းမရှိဘဲ ယင်းအရှုံးအတွက် ရင်ဝယ် တနုံ့နုံ့ ခံစား နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် နှောင်းမိ၏ရှေ့ဝယ် သူရှုံးခဲ့ရခြင်းကြော
သူမှာ မဟာအရှက်တော် ကွဲခဲ့ရလေ၏။ သိက္ခာများစွာ ကျ
ရလေ၏။ ယင်းအရှုံးကြောင့်ပင် သူ နှောင်းမိကို သွားမတွေ့
ဖြစ်နေခဲ့ရလေ၏။

သည်တော့ တစ်နည်းနည်းယှဉ်ပြိုင်ပြီး သူ ဂျေနော့်
အနိုင်လိုချင်သည်။ ဖြစ်နိုင်လျှင် နှောင်းမိ၏ မျက်စေ့ရှေ့
အနိုင်လိုချင်သည်။

သူသာမဟုတ် သူ၏လက်စွဲဆင်ကြီး စွယ်နက်၏
နိုင်ပွဲကိုလည်း လိုချင်သည်။ အပြေးပြိုင်ပွဲဝယ် သူဆင်ကြီး
စွယ်နက်မှာ ဂျေနော်၏ဆင် လပြည့်ကို ရှုံးခဲ့ရသည်။

သူ အရှက်ကွဲခဲ့ရသလို သူ့ဆင်ကြီး စွယ်နက်သည်လည်း
လပြည့်ကို အရှုံးပေးခဲ့ရသဖြင့် အရှက်ကွဲခဲ့ရသည်သာဖြစ်၏

ယခုတလော ဆင်သမားတို့၏ လောကဝယ် လပြည့်၏
နာမည်က အတော် ရေပန်းစားနေသည်။ သူ့ဆင်ကြီး စွယ်နက်
သည်ပင် လပြည့်၏ ဂုဏ်သတင်း လွှမ်းမိုးမှုကြောင့် မှေးမှိန်
နေရသည်။ ယင်းကိစ္စကိုလည်း သူ မကျေနပ်ချေ။ စွယ်နက်
အတွက် သူ့ရင်မှာ တနုံ့နုံ့ ဖြစ်နေခဲ့ရသည်။

သည်တော့ သူ့အတွက်ရော စွယ်နက်အတွက်ပါ





အောင်ပွဲရရှိဖို့ လိုသည်။ သူနှင့် စွယ်နက်တို့သည် ဂျေနော်နှင့်
လပြည့်တို့အပေါ် ပြန်လည်လက်စားချေရန် အနိုင်ရဖို့လိုသည်။

သူသည် စွယ်နက်နှင့်အတူ အောင်ပွဲခံပြီး နှောင်းမိ၏
အချစ်ကိုပါ သိမ်းပိုက်နိုင်လျက် မိုင်းခွန်းနှင့် ဟူးကောင်း
ဆင်စခန်းကြီးနှစ်ခုစလုံးပါ ပိုင်ကာ ဤဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်
ဒေသ၏ ဂုဏ်သရေအရှိဆုံး၊ အကျော်ကြားဆုံး၊ အချမ်းသာဆုံး
လော်ပန်ကြီးဖြစ်ရသော မည်မျှ ကောင်းမည်နည်း။

သည်တော့ ယင်းသို့ဖြစ်နိုင်မည့် နည်းလမ်းကို
ရှာကြံရန်သာ ရှိတော့သည်ဟု ဆင်ခြင်သုံးသပ်မိကာ အမျိုးမျိုး
တွေးခေါ်ကြံဆလျက် ရှိပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ အချစ်ဟောဝန် ❖

နံနက်စောစောမှာပင် လော်ပန်ကြီးခေါ်နေတယ်ဟု ဆင်သမားလေးတစ်ဦးက လာပြောသဖြင့် ဂျေနော်မှာ သစ်လုပ်ကွက်သို့သွားရန် လပြည့်ကိုစီးလျက် ဆင်တင်းကုတ်တို့ဘက်မှ ထွက်လာခဲ့ပြီး လော်ပန်ကြီးတို့အိမ်ရှိရာ တောင်ကုန်းမြင့်လေး အနီး ရောက်သည်တွင် ဆင်ပေါ်မှဆင်းလိုက်ကာ

"လပြည့်ရေ မင်း ဒီကပဲ ငါ့ကိုစောင့်နေ၊ ငါ လော်ပန်ကြီးနဲ့ သွားတွေ့လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု လပြည့်ကို မှာခဲ့ကာ တောင်ကုန်းမြင့်လေး၏ ဆင်ခြေလျှောအတိုင်း တက်လာခဲ့လေ၏။ ဂျေနော်မှာ ခြေတံရှည် အိမ်၏ အိမ်ရှေ့လှေကားအရင်းသို့ အရောက်ဝယ် အိမ်ပေါ်မှ ဆင်းလာသော နှောင်းမိနှင့် ဆုံတော့သည်။

နှောင်းမိမှာ အပြာရောင်ဂါဝန်ရှည် ဖားဖားကြီးကို ဝတ်ဆင်ကာ နက်မှောင်ပျော့နွဲ့သော ဆံကေသာတို့ကို အပြာရောင်ဖဲပြားလေးဖြင့် စုချည်ကာ ဆံနွယ်စုကို ကျောနောက်ဝယ် ချထားသည်ဖြစ်ရကား သူမ၏ နဖူးဝင်းဝင်းလေးမှာ ပြောင်တင်းပေါ်လွင်လျက် မျက်နှာပြင်က ဝိုမို ရှင်းလင်းလျက်ရှိပြီး နှုတ်ခမ်းထင်းထင်းလေးလည်း ထူးထူးခြားခြား ပေါ်လွင်ကာ ဖင်ယော်တောင်မျက်ခုံးတို့အောက်မှ မျက်ဝန်းအိမ် တို့မှာ ရွှန်းလဲ့နေလေ၏။

သူမက ဂျေနော့်ကိုမြင်သည်နှင့် လှပသော နှုတ်ခမ်း ဖူးဖူးလေးကို ပြုံးပြလိုက်ပြီး

"ဟာ ဂျေနော်တောင် ရောက်လာပြီပဲ ... အဖေက ဂျေနော့်ကို ပြောစရာရှိလို့တဲ့ ... အိမ်ပေါ်တက်သွားလိုက်ဦး နင် အဖေနဲ့တွေ့ပြီး ဆင်းလာမှပဲ နင့်ကိုလည်း ငါ ပြောစရာ ရှိတယ် ... ငါ နင့်ကို စောင့်နေမယ် ကဲ သွား သွား"





ဟု တိုက်တွန်းကာ လှေကားမှ လမ်းဖယ်ပေးလိုက်ရာ ...နော်မှာ ဘာမှ ထွေထွေထူးထူး မပြောတော့ဘဲ အိမ်ပေါ်သို့ ...က်လာခဲ့တော့၏။

ညောင်ခန်းကြီးထဲဝယ် ကြိမ်ကုလားထိုင်ကြီးတစ်လုံးပေါ်၌ ...ဦးမိန့်ကြီးထိုင်ကာ ဝါးဆေးတံကြီးကို ဖိမ်ခံဖွာနေသော ...ာ်ပန်ကြီးမှာ

"လာဟေ့ ဂျေနော် ထိုင်ကွာ"

ဟု လက်တစ်ဖက်ဖြင့် ကြိမ်ဆက်တီကုလားထိုင် ...စ်လုံးကို ညွှန်ပြရာ ဂျေနော်မှာ လော်ပန်ကြီးအား ရိုကျိုးစွာ ...ညွှတ်လျက် ဂါရဝပြု နှုတ်ဆက်လိုက်ပြီးနောက် လော်ပန်ကြီး၏ ...တည့်တည့်မှ ကြိမ်ဆက်တီကုလားထိုင်ကြီးပေါ်၌ ခပ်ယို့ယို့ ...ိုင်လိုက်ရလေ၏။

လော်ပန်ကြီး ဦးခမ်းဝဏ္ဏမှာ ဝါးဆေးတံကြီးကို နှုတ်ခမ်းမှ ...ာ်လိုက်ပြီးနောက် ဂျေနော်၏မျက်နှာကို သေချာစွာ ...ကြည့်ကာ

"ဂျေနော် ငါ ဟိုနေ့ကတည်းက မင်းဆင်စီးပြီး ...ာ်အလာမှာ ပြောဖို့ မင်းကို လှမ်းခေါ်လိုက်ပေမယ့် ဗွေဆိုး ...ိုတာနဲ့တိုးပြီး အားလုံး ကသောင်းကနင်းဖြစ်ကုန်တော့နဲ့



www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်လိုက်ဘူးကွာ ... ဒါကြောင့် ခုမှ ခေါ်ပြောရတာပါ
"အေး ငါပြောစရာရှိတာ မပြောခင် ငါသိပ်ပြောချင်
စကားကို အရင်ပြောမယ်ကွာ ... အဲဒီစကားကတော့ မင်း
ကျေးဇူးတင်တယ်ဆိုတဲ့ စကားပါပဲ ... ငါ အရိပ်တကြည့်ကြည့်
မွေးမြူလာရတဲ့ ငါ့ရဲ့ တစ်ဦးတည်းသောသမီးလေး နှောင်းမိ
အသက်ကို မင်းနဲ့ မင်းရဲ့ဆင်ကြီး လပြည့်တို့က လက်မတင်
ကယ်လိုက်တာ ငါ့အနေနဲ့ တစ်သက်လုံး မေ့နိုင်တော့မှာ မဟုတ်
သလို မင်းတို့ကိုလည်း ကျေးဇူးတင်လို့ မဆုံးပါဘူးကွာ"

ဟု လော်ပန်ကြီးက ပြောလိုက်ရာ ဂျေနော်
ပြုံးလိုက်ပြီး

"ကျေးဇူးအထူးတင်ဖို့ မလိုပါဘူး လော်ပန်ကြီးခင်
အဲဒီနေရာမှာ နှောင်းမိမဟုတ်ဘဲ အခြားလူတစ်ဦးဦး ဖြစ်
ရင်လည်း ကျွန်တော် ကူညီမိမှာပါပဲ ခင်ဗျာ"

ဟု ချိုသာယဉ်ကျေးစွာ ပြောလိုက်ရာ လော်ပန်ကြီး
သူ့ကို သေချာစွာ စိုက်ကြည့်လိုက်ပြီးမှ

"ဘာပဲဖြစ်ဖြစ်ပေါ့ ဂျေနော်ရယ် ... ငါ့သမီးလေး
မင်းနဲ့ လပြည့်ပေးတဲ့ အသက်ပဲ ရှိပါတော့တယ် ... ဒီတော့
မင်းက ကျေးဇူးတင်ဖို့ မလိုပါဘူးဆိုပေမယ့် ငါက





ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ရမှာပဲဟေ့"

ဟု ပြုံးပြုံးကြီး ပြောလိုက်ပြီးမှ

"ဂျေနော် မင်းရဲ့ ရိုးသားမှုနဲ့ ကြိုးစားမှုတွေကို ငါ
အသိအမှတ်ပြုပါတယ်ကွာ ... ဒါကြောင့် ရိုးသားကြိုးစားတဲ့
မင်းကို အားပေးချီးမြှောက်တဲ့အနေနဲ့ ဒီဆင်စခန်းတစ်ခုလုံးရဲ့
အုပ်ချုပ်ရေးမှူးအဖြစ် မင်းကို ဒီနေ့ကစပြီး ခန့်ထားလိုက်ပြီ
မင်း ဒီနေ့ကစပြီး သစ်ဆွဲစရာ မလိုတော့ဘူး"

ဟု ပြောလိုက်ရာ ဂျေနော်မှာ မမျှော်လင့်သော
စကားကို ကြားလိုက်ရသဖြင့် သူ့နားကိုပင် သူမယုံနိုင် ဖြစ်သွား
သေး၏။ တကယ်တော့ ဆင်စခန်းကို အုပ်ချုပ်သူမှာ ဆင်စခန်း
ပိုင်ရှင် (သို့မဟုတ်) ပိုင်ရှင်၏သား၊ ညီ၊ တူ စသည့် ဆွေမျိုး
ရင်းချာများထဲမှသာဖြစ်နိုင်ပြီး လော်ပန်ကြီးနှင့် မည်သို့မျှ
သွေးသားမတော်စပ်ဘဲ သူ့ကို ဆင်စခန်းကြီး၏ အုပ်ချုပ်ရေးမှူး
အဖြစ် တာဝန်ပေးအပ်သည်ဆိုသည်မှာ အံ့ဩဖွယ် မယုံနိုင်ဖွယ်
ဖြစ်နေတော့၏။ ဂျေနော် အံ့အားသင့် ဝမ်းမြောက်လျက်ရှိစဉ်
လော်ပန်ကြီးက ဆက်ပြောလေ၏။

"ငါက အသက်ကြီးပြီကွာ ... ပြီးတော့ ဒူးတွေက
ကိုက်လို့ထလို့၊ လမ်းလျှောက်လို့ သိပ်မကောင်းတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖို့မှာလည်း အားကိုးအားထားပြုစရာ တူသားရင်းချာ မရှိ လေတော့ မင်းကိုပဲ တူသားအရင်းလို သဘောထားပြီး ငါ့ရဲ့ ကိုယ်စား ဒီဆင်စခန်းကြီးကို အုပ်ချုပ်ကြီးကြပ်ဖို့ တာဝန်ပေး တာပါပဲ . . . အစကတော့ ဒီဆင်စခန်းကြီးမှာ ငါပဲပိုင်ရှင် ငါပဲ မန်နေဂျာ၊ ငါပဲ အုပ်ချုပ်သူပေါ့ကွာ . . . ခုတော့ မင်းဟာ ငါ့ဆီက မန်နေဂျာ၊ အုပ်ချုပ်သူတာဝန်တွေကို လွှဲယူ လိုက်ပေတော့ . . . ထိုက်တန်တဲ့လစာလည်း မင်းကိုငါပေးမယ်"

"မင်းရဲ့တာဝန်က ဆင်ဦးစီးတွေ၊ ဆင်ခေါင်းတွေ ဆင်သမားတွေကို ကြီးကြပ်အုပ်ချုပ်ပြီး လုပ်ငန်းကို ဦးဆောင် ပေးဖို့ပဲ . . . လုပ်ငန်းခွင်ထဲမှာဖြစ်ဖြစ်၊ ဒီစခန်းကြီးထဲမှာဖြစ်ဖြစ် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ပြောဆိုနေထိုင် လုပ်ကိုင်မှုတွေ ခွင့်မပြုပါနဲ့ . . . ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပါ မင်းကို ငါက အာဏာကုန်လွှဲလိုက်ပြီမို့ ဒီစခန်းကြီးထဲက ဆင်တွေ၊ ဆင်ဦးစီးတွေ၊ ဆင်ခေါင်းတွေ စည်းကမ်းရှိဖို့ လုပ်ငန်း တာဝန် ကျေပွန်ဖို့နဲ့ သူတို့ရဲ့ စားဝတ်နေရေးကအစ အဆင်ပြေအောင် တာဝန်ယူ စီမံပေးရမယ် . . . သူတို့အားလုံး ကလည်း မင်းရဲ့စကားကို နာခံရမယ် . . . မင်းရဲ့စကားကို မနာခံသူကို ဆင်ဦးစီး၊ ဆင်ခေါင်းအဖြစ်ကနေ ဖြုတ်ပစ်မယ်"





ဟု ပြောလိုက်ပြီးနောက် ခဏနားလိုက်ကာ အဖန် အိုးကို ငှဲ့လျက် ရေနွေးကြမ်းတစ်ခွက် သောက်လိုက်လေ၏။ ပြီးမှ သူ၏စကားကို ဆက်လိုက်လေ၏။

"ဟိုတစ်နေ့က မင်းကိုငါပြောဖို့ ခေါ်တာကတော့ ခုတလော ရှာဒူးစွပ်တို့၊ တရိုးတို့ဘက်မှာ ဆင်တွေ အသတ်ခံ နေရတယ်ဆိုတဲ့ သတင်းကြားရလို့ပဲကွ . . . ဒေသခံတွေကတော့ ဆင်ချစ်သူတွေမို့ ဆင်တွေကို သတ်ကြမှာ မဟုတ်ဘူး . . . အဲဒီဆင်မုဆိုးတွေ ရောက်လာပြီး တောထဲဝင် ပစ်ခတ် သတ်ဖြတ်ကြမှန်း မသိဘူးလို့ ဆိုကြတယ်"

"အဲဒီဆင်မုဆိုးတွေက တောထဲဝင်ပြီး ဆင်ရိုင်းတွေကို အဆိပ်လူးသေနတ်နဲ့ ပစ်ကြတယ်တဲ့ . . . ဆင် ဒဏ်ရာကြီးကြီး ရသွားပြီး မလှုပ်မယှက်နိုင် ဖြစ်သွားတဲ့အခါ၊ ဒါမှမဟုတ် သေသွားတဲ့အခါကျရင် အစွယ်ကိုဖြတ်ယူပြီး မျက်နှာဖြူ ကုန်သည်တွေကို ပြန်ရောင်းစားကြတာတဲ့"

"နောက်ပိုင်းမှာ ဆင်မုဆိုးတွေဟာ တောထဲက ဆင်ရိုင်းတွေသာမက တောထဲ လွှတ်ကြောင်းထားတဲ့ ဆင်ယဉ် တွေကိုပါ စွယ်စုံဆင်ဆို အလွတ်မပေးဘဲ သတ်ဖြတ်ကြတော့ တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် အစွယ်အဖြတ်ခံရပြီး အစွယ်အရင်းမှာ သွေးတွေစို့လျက် သေဆုံးနေကြတဲ့ ဆင်ကြီးတွေကို တောတောင် တွေထဲမှာ တွေ့ရလေ့ရှိတယ်တဲ့ ဂျေနော်"

"ဒီတော့ ငါတို့ကလည်း ငါတို့စခန်းက စွယ်စုံဆင်တွေရဲ့ လုံခြုံရေးကို ဂရုစိုက်ဖို့ လိုတယ်ကွ . . . အဲဒီစကားကို ပြောစရာရှိလို့ မင်းကို ဟိုနေ့က ခေါ်လိုက်တာကွ"

"ခုဆို မင်းဟာ ဒီစခန်းကြီးရဲ့ အုပ်ချုပ်ရေးမှူး ဖြစ်သွားပြီဆိုတော့ စွယ်စုံသင်တွေရဲ့ လုံခြုံရေးအတွက် အစွမ်းကုန် ကာကွယ်ပေးပါကွာ"

ဟု ပြောလိုက်ရာ ဂျေနော်က ဦးခေါင်းကိုညိတ်လိုက်ကာ

"စိတ်ချပါ လော်ပန်ကြီးခင်ဗျာ . . . ကျွန်တော်လည်း ဆင်ကိုသတ်ပြီး အစွယ်ဖြတ်ယူတယ်ဆိုတဲ့ လူယုတ်မာတွေကို သိပ်မုန်းတာပါပဲ . . . ကျွန်တော်တို့ရဲ့ဆင်တွေ သင်းတို့ရဲ့ မသမာသူလက်ထဲ မကျရောက်ရအောင် ကျွန်တော် အစွမ်းကုန် ကာကွယ်ပါ့မယ် ခင်ဗျာ"

ဟု ပြောလိုက်ရာ လော်ပန်ကြီးမှာ ပြုံးလျက် ခေါင်းကို ညိတ်ပြလိုက်ပြီး

"အေး အေး မင်းကို ငါ အားကိုးမိတယ် ဂျေနော်





တဲ့ ကဲ မင်း လုပ်စရာရှိတာလုပ်၊ သွားစရာရှိတာ သွားပါ။ မင်းကို ဒီဆင်စခန်းရဲ့ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်လိုက်ပြီး ဖြစ်ကြောင်း ညနေလူစုံမှ အားလုံးကို ငါ ခေါ်ပြောလိုက်မယ်"

ဟု ပြောရာ ဂျေနော်မှာ ထိုင်ရာမှထကာ လော်ပန်ကြီး အား ဦးညွှတ်ဂါရဝပြုပြီးနောက် အိမ်ကြီးပေါ်မှ ဆင်းလာတော့၏။

နှောင်းမီကား သူမ၏စကားအတိုင်း လှေကား အရင်းဝယ် သူ့ကို ထိုင်စောင့်နေလေ၏။

ဂျေနော် လှေကားပေါ်မှဆင်းလာမှ ထိုင်ရာကထပြီး ဂျေနော့်အား ပြုံးကြည့်ကာ

"ဂျေနော် ငါနင့်ကို ပြောစရာရှိလို့ စောင့်နေတာ"

ဟု ပြောလိုက်ရာ ဂျေနော်က သူမ၏ မျက်နှာလှလှ လေးကို တချက်မက်မက် ငေးကြည့်လိုက်ရင်း

"ဘာပြောမလို့လဲ နှောင်းမီ ပြောလေ"

ဟု ဆိုလိုက်ရာ သူမက ပြုံးလိုက်ပြီး

"ဆင်ပေါ်ကျမှပြောမယ်"

ဟု ပြောလိုက်ရာ ဂျေနော်မှာ နားမလည်နိုင် ဖြစ်သွားပြီး နှောင်းမီကို လှည့်ကြည့်လိုက်ကာ

"ဘာပြောတယ် . . . နင် ဘာပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရတော့၏။

"ဒီလိုဟာ . . . ငါ ဒီမနက် နင်နဲ့အတူ လပြည့်ရဲ့ လိုက်စီးပြီး တောထဲက သစ်ထုတ်လုပ်ရေးလုပ်ငန်းခွင်ကို လိုက်ခဲ့ မလို့ . . . ဒါကြောင့် ဆင်ပေါ်ကျမှ ပြောမယ်လို့ ပြောတာ"

ဟု ပြုံးမှုမှုလေး ပြောလိုက်ရာ ဂျေနော်က ခြေတံရှည် အိမ်ကြီးကို မော့ကြည့်လိုက်ရင်း

"ဖြစ်ပါ့မလား နှောင်းမိ . . . တော်ကြာ လော်ပန်ကြီး ဆူနေပါဦးမယ်ဟာ"

ဟု စိုးရိမ်သံဖြင့် ပြောလိုက်လေ၏။

"ငါ အဖေ့ကို ပြောပြီးပါပြီဟ . . . သစ်ထုတ်လုပ်ရေး လုပ်ငန်းခွင်ကို ငါမရောက်ဖူးလို့ နင်နဲ့ လိုက်သွားကြည့်ချင် တယ်လို့ အဖေ့ကိုပြောတော့ အဖေက လျှောလျှောလျှလျှ ခွင့်ပြုတယ်ဟ . . . ဒါကြောင့် ငါ နင်နဲ့လိုက်ခဲ့မယ်"

ဟု ပြောကာ လပြည့်ရှိရာသို့ လျှောက်သွားရာ ဂျေနော်မှာ သူမ၏နောက်မှ လိုက်ပါသွားရချေတော့၏။

ခဏအကြာဝယ် လပြည့်၏ကျောပေါ်သို့ သူတို့နှစ်ဦး စလုံး ရောက်ရှိသွားပြီး လပြည့်က သစ်ထုတ်လုပ်ရေး လုပ်ငန်းခွင်ရှိရာ တောနက်ထဲသို့ တစ်လှမ်းချင်းလှမ်းကာ





ထိုးဝင်ခဲ့ပါတော့သတည်း။

နှောင်းမိမှာ သာယာလှသော ရှုခင်းကြီးထဲမှ ရှုခင်း နွှက်တို့ကို ငေးမောရင်း လိုက်ပါလာရာ

'တောမြိုင်ဟေမဝါ၊ ဂနိုင်စမ်းအိုင်၊ နန်းရွှေဂူမှာ၊ ကြိုင်ကြိုင်ကြူမွှေး၊ မြတ်လေးစွယ်တော်ပါ၊ ပုလဲသန္တာ ကျောက်နီလာ၊ ပတ္တမြားရောင်ဝါ မြအဆင်း၊ ပဝင်းထိန်ဖြာ၊ သွမ်းဖွယ့်သာမော၊ ဟေဝန်ကြော၊ သည်တောမြိုင်ဂန္ဓမာ' ဆိုသည့် အတိုင်း လွမ်းဖွယ်ကောင်းလောက်အောင် ညို့ညို့မှိုင်းမှိုင်းနှင့် သာရကာကျေးငှက်မြည်သံတို့ စီစီညံသော တောမြိုင်ဂန္ဓမာကြီး ထဲမှ သဘာဝအလှသည် ကြည့်မဝရှုမဆုံးနိုင်ကြောင်း တွေ့ရ လေ၏။

ပင်မြင့်ယံထက်မှ သရဖီ၊ အင်ကြင်း၊ သဖန်၊ သစ်ခွ စသော ပန်းပေါင်းစုံ၏ အလှကလည်း စိတ်နှလုံးကို ညွတ်နူး သန်းဆန်း အပန်းဖြေစရာ ရှိလှစွာ၏။

ဂျေနော်မှာ သူ၏နောက်ဝယ် တိတ်ဆိတ်စွာ လိုက်ပါ လာသည့် နှောင်းမိအား လှည့်ပြန်ငဲ့ကြည့်လိုက်ကာ

"နှောင်းမိ နင်ငါ့ကိုပြောစရာရှိလို့ဆို ဘာပြောမလို့လဲ ပြောလေ"

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်ရာ နှောင်းမိက လက်လှမ်းမမီနိုင်လောက်အောင် ဝေသီမြင့်မားသော ပင်ယံထက်မှ ရောင်စုံသစ်ခွပန်းတို့ကို ငေးမောနေရာမှ သူမ၏အကြည့်ကို ဂျေနော်၏ မျက်ဝန်းညိုညိုတို့ဆီသို့ လွှဲကာ

"ဒီလိုဟာ . . . ငါလေ နင့်အပေါ် တစ်ခုခု တာဝန်မကျေသလို ခံစားနေရလို့ အဲဒါကို ပြောချင်လို့ပါ"

ဟု ခပ်တိုးတိုး ဆိုလိုက်လေ၏။

"ဘာများတုန်းဟ ပြောစမ်းပါဦး . . . ငါ့အပေါ် ဘာတာဝန်မကျေရတာလဲ . . . ငါ နားမရှင်းလိုက်တာ နှောင်းမိ"

"ဒီလိုပါ ဂျေနော် . . . နင်တို့ တနိုင်းခမြစ်နံဘေးမှာ ဆင်ပြေးပြိုင်ပွဲလုပ်တုန်းက ပြိုင်ပွဲမစမီမှာ ဖော်လူက ငါ့ဆီလာပြီး သူ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲရင် ငါ့ရဲ့အချစ်ဆုလာဘ် သူ့ကို ပေးမလားလို့ ရိုတိုတိုနဲ့ မေးလာတယ် . . . သူက သူ့ကိုယ်သူ အဲဒီပွဲမှာ ကျိန်းသေဗိုလ်စွဲမယ်လို့ ထင်ထားတာကိုး . . . ငါကလည်း သူ့ကို ချဉ်နေတာနဲ့ အရွဲ့တိုက်ပြီး ဗိုလ်စွဲတဲ့သူဆိုရင် ငါ့ရဲ့ အချစ်ဆုလာဘ် ပေးမယ်လို့ ပြောလိုက်မိတယ်"

"ဒါပေမဲ့ ဗိုလ်စွဲမယ့်သူဟာ ရှင်တော့ ဖြစ်မယ် မထင်ဘူးလို့ သူ့ကို မခံချိမခံသာဖြစ်အောင် ကလိပြီး ပြောလိုက်တယ်ဟ"

"အဲဒီမှာ သူဟာ ရှုံးရှုံးရှဲရှဲဖြစ်ပြီး သူကလွဲရင် ဗိုလ်စွဲမယ့်သူဟာ ဘယ်သူမှမဖြစ်နိုင်ဘူး . . . သူဗိုလ်စွဲပြီးရင်တော့ ပြောထားတဲ့စကားကတိကို တည်ပါစေလို့ ငါ့ကိုပြောပြီး သူ ဆင်ကြီးစွယ်နက်ရဲ့ကျောပေါ် တက်သွားတော့တယ်"

"ဒီလိုနဲ့ ပြိုင်ပွဲစတော့ သူနိုင်မလိုဖြစ်သေးတယ်၊ ငါဖြင့် ရင်ထိတ်သွားတာပဲ . . . သူ့ကိုယ်သူ အထင်ကြီးပြီး ဆောင့်ကြွားကြွားနိုင်နေပုံကို မြင်ပြင်းကပ်လို့သာ ငါ ရွဲ့ပြောလိုက်မိတာ မှားပြီလို့ ငါ့ကိုယ်ငါ အပြစ်တင်ပြီး ယူကျုံးမရဖြစ်နေတုန်း နင်က သူ့ကို ကျော်တက်ပန်းဝင်သွားခဲ့တယ်လေ"

ဟု ပြောလိုက်ပြီးနောက် နှောင်းမိမှာ စကားကို ရှေ့မဆက်တော့ဘဲ ရပ်ထားလိုက်တော့၏။

"အေးလေ အဲဒီတော့ ဘာဖြစ်လဲ"

ဟု ဂျေနော်က စကားထောက်မေးလိုက်ရာ

"ဘာဖြစ်ရမှာလဲဟ . . . ငါက ဗိုလ်စွဲသူကို ငါ့ရဲ့ အချစ်ဆုလာဘ် ပေးမယ်လို့ ပြောမိခဲ့တယ်လေ . . . ဗိုလ်စွဲသူဟာ နင်ဖြစ်နေတော့ ငါက ဘယ်လိုလုပ်ရမလဲ"

ဟု နှုတ်ခမ်းဖူးဖူးလေးကို စူသလိုလို မူသလိုလိုပြုရင်း







www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ရာ ဂျေနော်က သူမကို မချိုမချဉ် မျက်နှာပေးနှင့် လှည့်ကြည့်ရင်း

"နင်က ဘယ်လိုလုပ်ချင်လို့လဲ"

ဟု မေးလိုက်သည်တွင် အင်္ဂလိပ်ကျောင်းသူလေးမို့ ခေတ်မီရဲတင်း ပွင့်လင်းတတ်သူလေးဖြစ်သော်လည်း သူမမှာ ယင်ဖိုမျှ မသမ်းဖူးသော အပျိုစင်လေးမို့ ပါးမို့မို့ဝယ် ရှက်သွေးလေးစို့သွားရာမှ

"အေး ဘာလုပ်ရမှန်းမသိလို့ပေါ့ . . . ဘာမှမလုပ်ဘဲ ဝဲထားရင်လည်း ငါက ကတိစကားဆိုထားပြီးမှ ကတိပျက်သလို ဖြစ်နေပြီလား၊ တာဝန်မကျေသလို ဖြစ်နေပြီလားလို့ စိတ်ထဲမှာ မလုံမလဲ ခံစားနေရလို့ဟ"

ဟု စိတ်မရှည်လေသံဖြင့် ပြောလိုက်ရာ ဂျေနော်က သူမ၏ ရှက်သွေးစို့နေသော မျက်နှာဖူးဖူးလေးကို ငုံ့ကြည့်ကာ ထပ်စပြီး ကလိချင်လာသဖြင့်

"အဲဒီတော့လဲ နင့်ဘက်က တာဝန်ကျေလိုက်ပေါ့ဟာ၊ နင့်ဆီက အဲဒီလို အဖိုးအနဂ္ဃထိုက်တန်လှတဲ့ ဆုလာဘ်မျိုး ပေးလို့ကတော့ ဗိုလ်စွဲသူ ငါက မငြင်းပါဘူးဟာ မငြင်းပါဘူး"

ဟု ပြုံးဖြီးဖြီးပြောလိုက်ရာ နှောင်းမိက မျက်စောင်း





လှလှလေး ထိုးလိုက်ပြီး

"ဒါမျိုးတော့ သူသိပ်တတ်"

ဟု ဆိုကာ သူမ၏ လက်သီးဆုပ်ဖြူဖြူနုနုလေးဖြင့် ဂျေနော်၏ကျောကို တဘုံးဘုံး ထုလိုက်ပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ သွေးစွန်းတိုက်ပွဲ ❖

"ဘာကွ မင်းပြောတာ တကယ်လား ထန်းသီး"

ဟူ၍ မိုးခြိမ်းသံကြီးကဲ့သို့ ဖော်လူ အော်ဟစ်မေးလိုက်ရာ သူ၏တပည့် ထန်းသီးက

"ဟုတ်တယ် အာစရိ . . . နှောင်းမီဟာ ဂျေနော်ရဲ့ ချစ်သူဖြစ်သွားပြီ . . . သူတို့နှစ်ယောက်တွဲပြီး ဟူးကောင်း တောနက်ထဲက သစ်လုပ်ကွက်တွေဆီလာတာ လေးငါး ကြိမ်လောက် ရှိပြီတဲ့ . . . ဘုံဘေဘားမားကုမ္ပဏီက မန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေးဗစ်ကလည်း ပြောတယ်''

''ခုဆို ဂျေနော်က ဟူးကောင်းဆင်စခန်းရဲ့ အုပ်ချုပ်ရေးမှူး ဖြစ်သွားပြီတဲ့ . . . လော်ပန်ကြီး ဦးခမ်းဝဏ္ဏကလည်း သူ့သမီးကို ဂျေနော်နဲ့ပေးစားဖို့ သဘောတူထားပြီတဲ့ . . . သူ့သမီးနဲ့ ရည်းစားမဖြစ်ခင်ကတည်းက လော်ပန်ကြီး ဦးခမ်းဝဏ္ဏက ဂျေနော့်ကို ဆင်ဖမ်းလိုင်စင်ရအောင်လည်း လုပ်ဆောင်ပေးခဲ့တယ် . . . ဂျေနော်ဖမ်းမိတဲ့ ဆင်တွေကို ဂျေနော်ရဲ့ ကိုယ်ပိုင်ဆင်တွေအဖြစ်လည်း မွေးခွင့်ပေးထားလို့ ခုဆို ဂျေနော့်မှာ ဆင်ကိုးကောင်တိတိ ပိုင်နေပြီတဲ့ အာစရိရဲ့''

''ဒီတော့ လော်ပန်လေးဖြစ်လာတဲ့ ဂျေနော့်ကို ရဲစွမ်းသတ္တိရှိသူ၊ ရိုးသားသူ၊ ကြိုးစားသူ၊ ထက်မြက်ပြီး အားကိုးလောက်သူလို့ ယုံကြည်ကိုးစား အထင်ကြီးလာပြီး သူ့သမီးနဲ့ ထိုက်တန်သူလို့ လော်ပန်ကြီး ဦးခမ်းဝဏ္ဏက သတ်မှတ်လိုက်တာလို့ သူတို့ဆင်စခန်းက ဆင်ခေါင်းကြီး ဦးတာလုံက ပြောတာပဲဗျာ''

ဟု ပြောလိုက်ရာ ဖော်လူမှာ ကြားရသော သတင်းတို့အတွက် လွန်စွာ နားကြားပြင်းကပ်ကာ ဒေါသအိုး ပေါက်ကွဲသွားပြီး လက်ထဲမှ ခေါင်ရည်အိုးကို မြေပေါ်သို့ 'ခွမ်း'ခနဲ ပေါက်ခွဲလိုက်ကာ

''တောက် အနူလက်က ရွှေခွက်ဝင်နှိုက်ရတယ်လို့ကွာ၊ အဲဒီ ဂျေနော်ဆိုတဲ့ကောင်က ဘာမှ ကျောထောက်နောက်ခံ မရှိတဲ့ ဆင်းရဲသား၊ ဆင်းရဲသား အစုတ်အနုတ်လေးကွ၊ ဒီလိုကောင်ကများ လော်ပန်ပေါက်စ၊ လော်ပန်ကြီးရဲ့သမက်တက်ဖြစ်ရတယ်လို့ကွာ''

''တောက် ရာဇဝင်ရိုင်းလိုက်လေ''

''တွေ့မယ် တွေ့မယ် . . . သင်း တွေ့မယ်''

''ဒီမှာ ထန်းသီး . . . ဟော့ကောင် မင်းကြည့်ထားလိုက်၊ အဲဒီ ဂျေနော်ဆိုတဲ့ကောင်က နှောင်းမိကို ဘယ်တော့မှ မရစေရဘူး . . . ဟူးကောင်းရဲ့ လော်ပန်လည်း ဘယ်တော့မှ ဖြစ်မလာစေရဘူး . . . တစ်နေ့ကျရင် အဲဒီ ဟူးကောင်းဆင်စခန်းကြီးဟာ ငါ့ရဲ့လက်ထဲ ရောက်လာစေရမယ် . . . လော်ပန်ကြီးသမီး နှောင်းမိဟာလည်း ငါ့မယား ဖြစ်လာစေရမယ် . . . မင်းတို့ကြည့်ထား . . . မင်းတို့ကြည့်ထား''

ဟု ငှက်ဆိုးထိုးသံကြီးဖြင့် ကြိမ်းဝါးကာ ဖော်လူမှာ မျက်နှာရှုံ့ရှုံ့ ဖြစ်နေလေတော့၏။

✧ ✧ ✧







www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောနံနက်ဝယ် ဖော်လူသည် သူ၏လက်စွဲတော် ဆင်ကြီးစွယ်နက်ကိုစီးကာ သူ၏တပည့်တပန်းများဖြစ်သော ထန်းသီး၊ ဆန်ခါ၊ လယ်နိုတို့ခြံရံလျက် မိုင်းခွန်းဘက်မှနေ၍ ဟူးကောင်းသစ်တောကြီးဆီ ဦးတည်ကာ အပြင်းချီတက်လာလေ၏။

သူတို့သည် စွယ်နက်အပါအဝင် ဆင်သုံးစီးဖြင့် မိုင်းခွန်းတောကိုဖြတ်ကာ ဟူးကောင်းဒေသ သစ်တောအုပ်ကြီးထဲသို့ တိုးဝင်လာခဲ့ကြလေ၏။ သစ်တောမြေကေ တစ်ဆယ့်ရှစ်သိန်းကျော် ရှိသော ဟူးကောင်းမြို့အနီးမှ အမြဲစိမ်းသစ်တောကြီး





ရှိ တောနက်ထဲမှ သစ်လုပ်ကွက်ဆီသို့ ဦးတည်ကာ ဖော်လူက နှင်နေခြင်းဖြစ်လေ၏။

ယင်းလုပ်ကွက်သို့ မကြာခဏ ရောက်ဖူးသူမှာ သူ၏ ပည့် ထန်းသီးဖြစ်ရာ ယခုလည်း ထန်းသီးကိုပင် လမ်းပြ ပြီး ဟူးကောင်းတောထဲ တိုးလာရခြင်းဖြစ်လေ၏။

ထန်းသီးမှာ ဘုံဘေဘားမား သစ်ကုမ္ပဏီမှ ကိုယ်စား ယ် မန်နေဂျာ ကိုဒေးဗစ်နှင့်အတူ မကြာခဏ အဖော် က်ဖူးသဖြင့် ဟူးကောင်းတောကို ကျွမ်းနေခြင်းဖြစ်လေ၏။

"ထန်းသီး ဂျေနော်တို့ ကျိန်းသေပြန်မယ့်လမ်းကို းနော်"

ဟု ဖော်လူက သတိထပ်ပေးလိုက်ရာ ထန်းသီးက င်းညိတ်လိုက်ပြီး

"စိတ်ချပါ အာစရိရဲ့ . . . ဒီကောင်တွေရဲ့ ဆင်သွား မ်းတွေကို ကျွန်တော် ကောင်းကောင်းသိပါတယ် . . . ဘက်တောင်ကြောမှာ ချောက်ကမ်းပါးတွေ မိုးတွင်းတုန်းက ထားလို့ ဒီကောင်တွေ ဒီဘက် ထမသိုင်းတောစပ်ကပဲ သွားဖြစ်လာ လုပ်ကြတော့တယ် အာစရိရဲ့"

"ဒီနေ့ ဂျေနော်နဲ့ နောင်းမီတို့ ဟူးကောင်း



www.burmeseclassic.com

www.burmeseclassic.com



သစ်လုပ်ကွက်ဆီ လာမှာရော ကျိန်းသေတယ်နော် ထန်းသီး"

"ဟာ ကျိန်းသေပါတယ် အာစရိရဲ့ . . . ကျွန်တော်တို့ရဲ့ အထောက်တော် ဆင်သမား မြသာက သေချာသတင်းပို့ထားတာပါ . . ဒီအပတ် ဗုဒ္ဓဟူးနေ့မှာ သစ်လုပ်ကွက်ဆီ ဂျေနော်နဲ့ နှောင်းမီ လာမယ်လို့ သတင်းအတိအကျ ရထားပြီးသားပါ အာစရိရဲ့ . . . ပြီးတော့ သူတို့လာရင်လည်း မနက်ပိုင်းကတည်းက လာပြီး မွန်းလွဲပိုင်းကျမှ ပြန်တတ်တယ်ဆိုလို့ ကျွန်တော်တို့ လမ်းကနေ ဖြတ်စောင့်ဖို့ ခုလိုလာခဲ့တာမဟုတ်လား အာစရိရဲ့"

"ဟောဟိုက ခင်တန်းအလွန် လွင်ပြင်ဟာ ကျွန်တော် ရွေးချယ်ထားတဲ့ နေရာပဲ အာစရိ"

ဟု ဆိုကာ ထန်းသီးက ပေနှစ်ဆယ်ခန့်မြင့်သော ကမ်းပါးယံနံဘေးမှ မြေပြင်ကွက်လပ်ကို လက်ညှိုးညွှန်ပြလိုက်လေ၏။

ယင်းမြေကွက်လပ်သည်ကား မြက်ပင်ငယ်များသာ ရှိသည့် ညီညာမာကျောသော မြေပြင်ဖြစ်ပြီး ဧရိယာအားဖြင့် ကိုက်ငါးဆယ်ပတ်လည်ခန့်ရှိကာ လွင်ပြင်၏တစ်ဘက်တွင် ဘီးစပ်ချုံများနှင့် ဝါးနွယ်တောတို့ရှိပြီး တစ်ဘက်တွင်မူ





တောင်ကမ်းပါးယံ ကာဆီးလျက်ရှိလေ၏။

ဆင်သွားလမ်းမှာ ယင်းမြေကွက်လပ်၏ အလယ်မှ ဖြတ်သန်းသွားလျက်ရှိရာ ဂျေနော်တို့လာမည်ဖြစ်သဖြင့် ဘီးစပ်တောနောက်ဝယ် ဇော်လှုတို့ နေရာယူကာ စောင့်စားလျက် နေကြလေ၏။

မွန်းလွဲတစ်နာရီခန့်မှ စ၍ စောင့်ဆိုင်းလျက်ရှိရာ နှစ်နာရီ ကျော်တွင် တောနက်ထဲရှိ ဆင်သွားလမ်းအတိုင်း ဆင်တစ်ကောင် လာလျက်ရှိသည်ကို လှမ်းတွေ့ရလေ၏။

"ဟော လာပြီ လာပြီ အာစရိ"

ဟု ထန်းသီးက သတိပေးလိုက်ရာ ဇော်လှုမှာ ချုံနက်၏ ကျောပေါ်မှနေ၍ ထမသိုင်းတောကြီးဆီသို့ ကဲကြည့် လိုက်လေ၏။

ဟုတ်ပါသည်။ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသဝယ် အမည်ဂုဏ်သတင်းကျော်ဇောလျက်ရှိသော လပြည့်ဟူသည့် ကြီးမားသီးခွဲရောင် အဆင်အသွေးရှိသော စွယ်စုံဆင်ပျိုသည် ဆင်သွားလမ်းအတိုင်း တစ်လှမ်းချင်းလာလျက် ရှိချေပြီ။

သို့သော် လပြည့်၏ကျောပေါ်တွင် ဂျေနော်တစ်ဦးတည်း ကိုသာ တွေ့ရပြီး နှောင်းမီကိုမူ မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ထန်းသီး ... ဂျေနော်တစ်ယောက်တည်း ပါလားကွ ... နှောင်းမီလည်း မပါပါလား"

ဟု ဖော်လူက မေးလိုက်ရာ ထန်းသီးက ခေါင်းကုတ်လိုက်ပြီး

"ဟုတ်ပါရဲ့ ... မြသာပြောတော့ နှောင်းမီလည်း ခါတိုင်းလို လိုက်လာမယ်လို့ ပြောတာပဲ အာစရိရဲ့ ... ဘာဖြစ်လို့ မပါလာတာလဲ မသိဘူး"

ဟု ပြောလိုက်ရာ

"အေး နှောင်းမီမပါတော့လည်း တစ်မျိုးကောင်းတာပေါ့ကွာ ... ငါက အဲဒီဂျေနော်ဆိုတဲ့ကောင်ကို ဆင်ချင်းတိုက်ခိုက်ယှဉ်ပြိုင် အနိုင်ယူချင်ရုံမကဘူး တစ်ခါတည်း စွယ်နက်ရဲ့ ခြေနဲ့နင်းပြီး စိစိညက်ညက်ကြေအောင် သတ်ပစ်လိုက်ချင်တာကွ ... ဒီတော့ မင်းတို့ ချုံကွယ်ကနေသာ စောင့်ကြည့်ကြ ... ငါ ဒီကောင်နဲ့ စီးချင်းတိုက်မယ်"

ဟု ပြောကာ စွယ်နက်ကို ချွန်းဖွင့်ပြီး ဘီးစပ်ချုံတော ကြီးထဲမှ ထွက်လိုက်လေတော့၏။

ဆောင်းဦးလေပြေသည် တသုန်သုန် တိုက်ခတ်လျက် ရှိကာ ဆင်သွားလမ်းနံဘေးမှ ကိုင်းပင်ရှည်ရှည်တို့မှာ





ယိမ်းနွဲ့လျက်ရှိချေ၏။

ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ကညင်၊ ဘန့်ဘွေး၊ ယမနေ၊ နဘဲ စသည့် သစ်ကြီးဝါးကြီးများဖြင့် စိမ်းညို့လျက်ရှိသော တောနက်ကြီးထဲမှ ဆင်သွားလမ်းအတိုင်း တိုးထွက်လာခဲ့သော ဂျေနော်၏ လပြည့်မှာ ကိုင်းတောနှင့် ထမသိုင်းတောစပ်ကို ဖြတ်ထွက်လိုက်သည့်အခါမှာတော့ ညီညာပြန့်ပြူးသော မြင်ခင်းကွင်းပြင်ငယ်သို့ ရောက်ရှိလာတော့၏။

လပြည့်၏ကျောပေါ်မှ ဂျေနော်မှာ မြက်ခင်းလွင်ပြင်ကို ဖြတ်တိုက်လာသည့် လေပြေအေးအေးကို တစ်ဝကြီး ရှူရှိုက်လိုက်သည့်အခိုက်မှာပင် စိတ်ကြည်လင်လန်းဆန်းသွားပြီး သူ၏ စိတ်အာရုံဝယ် ချစ်သော နှောင်းမီကို သတိတရရှိလိုက်လေ၏။

အခါတိုင်း ဤသစ်တောကြီးထဲမှ သစ်လုပ်ကွက်သို့ သာလျှင် နှောင်းမီ ပါလာလေ့ရှိရာ သူ့အဖို့ သစ်တောကြီး အတွင်း ဖြတ်လာရသည်ကို ပျင်းရိခြင်း စိုးစဉ်းမျှမဖြစ်မိချေ။

ယခုတော့ တစ်ကိုယ်တည်း ဆင်စီး၍ လှုပ်လီလှုပ်လဲ့ ဖြတ်သန်းပြန်လာခဲ့ရပြီး နှောင်းမီမှာ အတူလိုက်မည်ဟု ပြောပြီးမှ ကိုယ်လက်မအီမသာဖြစ်၍ဟုဆိုကာ နံနက်ကတည်းက လိုက်ပါလာခြင်း မရှိချေ။ သို့တိုင် တောနက်ထဲမှ သစ်ခွပန်းတို့



www.burmeseclassic.com

www.burmeseclassic.com



ခူးလာပါရန် အမှာတော်ပါးလိုက်သေးသည်။

သို့မို့ကြောင့်လည်း ဂျေနော်မှာ ချစ်သူမှာသော သစ်ခွ ရောင်စုံပန်းခက်တို့ကို တောနက်ထဲရှိ ပင်ယံမြင့်တို့ပေါ်တက်ကာ ခူးဆွတ်ပြီးမှ သစ်ခွပန်း တစ်ပွေ့တစ်ပိုက်နှင့် ပြန်လာနိုင်ခြင်း ဖြစ်လေ၏။

တောတွင်းရှိ သစ်လုပ်ကွက်ဝယ် သွားရောက်စစ်ဆေးပြီး အပြန်ခရီး ဆင်စခန်းသို့ ပြန်ရောက်ပါက ချစ်သူလေးအား ပန်တော်ဆက်ရပေဦးမည်။

သစ်ခွပန်းကို မြတ်နိုးနှစ်သက်လှသော နှောင်းမီ တစ်ယောက် ရောင်စုံပန်း၊ ပန်းခိုင်တို့ကို ပွေ့ပိုက်လျက် ကြည်နူးစွာ ပြုံးပျော်နေမည်ကို မြင်ယောင်ကာ သူ့ရင်ဘတ် ခုကတည်းက ကြိုတင်ချမ်းမြေ့နေရပါ၏။

ချစ်သူလေး၏ အပြုံးမျက်နှာလှလှလေးကို မြင်ယောင်ရင်း ကြည်နူးနေမိသည့် ဂျေနော်မှာ ရှေ့ဆီမှ မမျှော်လင့်သော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် အံ့သြသလိုဖြစ်သွားကာ စိတ်ထဲ ထင့်ခနဲဖြစ်သွားရချေ၏။

လေပြေနုနု တိုက်ခတ်လျက်ရှိသော ကွက်လပ်ကွင်းပြင် ကျယ်၏ နံဘေးရှိ ချုံတောကြီးအတွင်းမှ မည်းမည်းသဏ္ဍာန်ကြီး





တစ်ခု ရုတ်တရက် တိုးထွက်လာသည်ကို တွေ့ရရာ ဂျေနော် အံ့အားသင့်သွားရသလို လပြည့်သည်လည်း လှမ်းလက်စ ခြေလှမ်းတို့ကို တုံ့ခနဲရပ်ပြီး ရှေ့ဆီမှ မိုမိုမည်းမည်း သဏ္ဍာန် ကြီးကို မျက်စေ့ကျဉ်းကျဉ်းလေးများဖြင့် စူးစိုက်ကြည့်ကာ အကဲခတ်လျက်ရှိလေသည်။

အရပ်မြင့်မားထွားကျိုင်းကာ ကိုယ်လုံးကိုယ်ထည် ကြီးမားလှသော စွယ်စုံဆင်ကြီး စွယ်နက်မှာ နားရွက်ကို တဖျတ်ဖျတ်ခတ်ရင်း ကွက်လပ်လွင်ပြင်သို့ တစ်လှမ်းချင်း ထွက်လာနေပါ၏။

စွယ်နက်၏ ဦးကင်းနောက်မှ ချွန်းကိုကိုင်ကာ ဖော်လူမှာ ထိုင်စပ်မှ "ဟိုင်း ဟိုင်း အဂစ် အဂစ် (သွား သွား)"ဟူ၍ စွယ်နက်ကို အတင်းချွန်းဖြင့် မောင်းလာပုံမှာ ဂျေနော်အတွက် သံသယဝင်စရာ ဖြစ်သွားလေ၏။

မျက်နှာပြင်ဝယ် အမုန်းရိပ်တို့ လွှမ်းထကာ မျက်လုံး အစုံဝယ် မီးဝင်းဝင်းတောက်လျက်ရှိသော ဖော်လူ၏ဟန်ပန်က ရန်လိုသောအသွင် အကြည့်ဆောင်နေကြောင်း ရိပ်မိလိုက်သည့် အဆုံမှာပင် ဂျေနော်သည် လပြည့်၏နားရွက်နားကပ်ကာ

"လပြည့် သတိထား၊ ဒီကောင်တွေ ရန်ပြုနိုင်တယ်

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သတိထား''

ဟု ခပ်တိုးတိုးသတိပေးကာ သူ၏ မျက်လုံးအကြည့်တို့ကလည်း ဇော်လူနှင့် စွယ်နက်တို့ကို အလစ်မပေးစတမ်း စူးစိုက်ကြည့်ရှု အကဲခတ်လျက်ရှိချေ၏။

လပြည့်သည်လည်း အကင်းပါးသော ဆင်ဖြစ်သည့်နှင့် အညီ လမ်းခုလပ်ဝယ် ရုတ်တရက် ရင်ဆိုင်တွေ့လိုက်ရသော ထွားကျိုင်းမြင့်မားလှသည့် စွယ်စုံဆင်မည်းမည်းကြီးမှာ ရန်သူ ဖြစ်နိုင်ကြောင်း တွက်ဆမိသွားကာ သူ၏မျက်လုံးအကြည့်တို့ဖြင့် ဆင်မည်းကြီး၏ လှုပ်ရှားမှုမှန်သမျှကို အလစ်မပေးဘဲ မမှိတ်မသုန် စူးစိုက်အကဲခတ်ကြည့်လျက်ရှိလေ၏။

စွယ်နက်သည်လည်း တောအတွင်းဝယ် ဆင်ရိုင်းကြီးများနှင့်ပင် ရင်ဆိုင်တိုက်ပွဲဝင်ပြီး အပြတ်အသတ် အောင်ပွဲ ထူခဲ့သော တိုက်ပွဲဝင်ဆင်ကြီး ဖြစ်သည်နှင့်အညီ သူ့အရှင်သခင် ဦးတည်ပေးလိုက်သော လပြည့်ကို သူ ချေမှုန်းရမည့် ရန်သူဟု သိပြီးဖြစ်၍ စူးရဲသော မျက်လုံးများဖြင့် လပြည့်ကို စိုက်ကြည့်ကာ ဦးခေါင်းကြီးကို အတန်ငယ် အောက်စိုက်လျက် အစွယ်ချွန်ချွန်ကြီးတို့ကို ဦးကင်း၏ရှေ့ဝယ် ထားကာ ရှေ့ညာခြေထောက်ဖြင့် မြေကြီးကိုရပ်လျက် ရှိလေ၏။





ဆောင်းဦးလေပြေ တသုန်သုန် တဝေ့ဝေ့ တိုက်ခတ်လျက်ရှိသော လူသူမနီး တောလမ်းခရီးအလယ်မှ မြေကွက်လပ်ဝယ် ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသ၏ နာမည်အကျော်ကြားဆုံး ဆင်ကြီးနှစ်ကောင် ထိပ်တိုက်ရင်ဆိုင်တွေ့ချေပြီ။

ဇော်လူသည် လက်ထဲမှချွန်းကို မြှောက်လိုက်လျက်

“ဟေ့ကောင် ဂျေနော် . . . မင်းဟာ တစ်ချိန်က လူစွာလုပ်ပြီး လူပုံအလယ်မှာ ငါ့ကို အနိုင်ယူ အရှက်ခွဲခဲ့တယ်၊ ပြီးတော့ ငါ့ရဲ့ အသည်းနှလုံးဖြစ်တဲ့ နှောင်းမိကို နည်းမျိုးစုံနဲ့ ဖြားယောင်းသွေးဆောင်ပြီး မင်းရဲ့ညွှတ်ကွင်းထဲ ဝင်စေခဲ့တယ်၊ မင်းလို ငမွဲတေက လော်ပန်ကြီးတစ်ယောက်ရဲ့ သမီးကို အပိုင်ကိုင်ခဲ့တယ် . . . တကယ်တော့ မင်းဟာ အရှက်မရှိတဲ့ ယောကျ်ားပိုင်းလုံးပဲကွဟေ့''

“ငါ့အပေါ်ကြောခဲ့တဲ့ နှောင်းမိကို မာယာနဲ့ လှည့်ဖြား သိမ်းသွင်းဖို့ ကြိုးစားတဲ့ မင်းလိုငမိုက်သားကို လက်စားချေ တုံ့ပြန်ဖို့ ငါ ဒီက စောင့်နေတာပဲကွ သိရဲ့လား''

“ဒီနေ့ ဒီနေရာမှာပဲ မင်းကို ငါပြန်ပြီး အနိုင်ယူပြမယ်၊ ငါ့ရဲ့လက်စွဲတော် စွယ်နက်ကလည်း မင်းရဲ့လပြည့်ကို

www.burmeseclassic.com

www.burmeseclassic.com



ပက်ပက်စက်စက်ကြီး အနိုင်ယူပြမယ်ကွ သိရဲ့လား . . . ဒါကြောင့် မင်းတို့လာမယ့်လမ်းကနေ မင်းတို့ရဲ့သေမင်းတွေ အဖြစ် ငါတို့ လာစောင့်နေတာပဲ ဟား ဟား ဟား''

ဟု အော်ရယ်လိုက်ရာ ဈေးနော်တ မျက်မှောင် အတွန့်ချိုးကာ ဇော်လူကို စိုက်ကြည့်လိုက်ပြီး

''ဒီမှာ ဇော်လူ . . . မင်းမှားနေပြီ . . . မင်းကို ငါ အနိုင်ယူခဲ့တယ်ဆိုတာက ဆင်အပြေးပြိုင်ပွဲမှာပဲကွ . . . ဆင် အပြေးပြိုင်ပွဲဆိုတာ ဆင်အချင်းချင်း ဆင်ဦးစီးအချင်းချင်း ရင်နှီးချစ်ခင် ကျွမ်းဝင်မှုရအောင် ပြုလုပ်တဲ့ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲတစ်မျိုးပဲကွ''

''အခု မင်းရည်ရွယ်တဲ့ပွဲက စီးချင်းတိုက်ပွဲဖြစ်နေပြီ စီးချင်းတိုက်ပွဲဆိုတာ အားကစားပြိုင်တာမဟုတ်ဘူး . . . ရန်ဖြစ်သလို စစ်ဖြစ်သလို တိုက်တာမျိုးပဲ . . . အဲဒီလိုပွဲမျိုး ငါမလုပ်ချင်ဘူး ဇော်လူ . . . မင်းနဲ့ငါဟာ ရန်သူလဲမဟုတ်ဘူး စီးပွားပြိုင်ဘက်လည်းမဟုတ်ဘူး . . . ငါ့ရဲ့ဆင်ဟာ မင်းရဲ့ ဆင်နဲ့ ရန်သူမဟုတ်ဘူး''

ဟု ပြောလိုက်ရာ ဇော်လူက လက်နှစ်ဖက်ဖြင့် ခါးကို ဟန်ပါပါထောက်ပြီး အော်ရယ်လိုက်လေ၏။





''ဟား ဟား ဟား မင်းသွေးကြောင်ပြီး ဆင်စေ့ ရန်ရှောင်စကား မပြောနဲ့ ဈေးနော် . . . မင်းဟာ ငါ့ရဲ့ရန်သူမှ ရန်သူစစ်စစ် . . . မင်းနဲ့ငါဟာ စီးပွားပြိုင်ဘက် မဟုတ်ပေမယ့် ရည်းစားလုဘက်ကွ သိရဲ့လား . . . မင်းဟာ ငါလိုချင်တဲ့ နှောင်းမိကို အပိုင်သိမ်းပိုက်ပြီး ငါ့ရဲ့မျှော်လင့်ချက်တွေကို ဖျက်ဆီး ခဲ့တဲ့ကောင် . . . မင်းကို ငါ ဘယ်တော့မှမကျေဘူး . . . မင်းနဲ့ မင်းရဲ့ ဆင်စုတ်ဆင်ပဲ့ကို အမှုန့်ချေရမှ ငါကျေနပ် နိုင်မယ် . . . သေဖို့သာပြင်ထားပေရော့''

''ဟိုင်း ဟိုင်း အဂစ် အဂစ်''

ဟူ၍ စွယ်နက်အား တပ်လှန့်နှိုး အော်ဟစ်အမိန့်ပေးကာ ချွန်းဖွင့်ပြီး တဟုန်ထိုး ပြေးတိုက်လေတော့ရာ စွယ်နက်မှာ လပြည့်အား သူ၏အစွယ်ကြီးများဖြင့် ချိန်ကာ တဟုန်ထိုး ပြေးလာလေတော့၏။

လပြည့်သည် သူ့ထံသို့ တရှူးထိုး ပြေးဝင်လာသော စွယ်နက်ကို ရဲဝံ့စွာရင်ဆိုင်ကာ သူ၏ချွန်မြသော အစွယ်တို့ဖြင့် ဆီးခံလေ၏။

'အုံး'ခနဲ မြည်သံကြီး ထွက်ပေါ်သွားကာ ဆင်ကြီး နှစ်ကောင်၏ ဦးကင်းချင်း အရှိန်ပြင်းစွာ ဝင်ဆောင့်ရာ



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်သည်ပင် သိမ့်သိမ့်တုန်သွားပြီး အစွယ်ချင်း ခတ်မိသံသည်လည်း ဖြောင်းခနဲ မြည်ဟီးသွားလေ၏။

အားအင်ကြီးမားလှသော စွယ်နက်နှင့် ကြံခိုင်တောင့်တင်းလှသည့် လပြည့်တို့သည် တစ်ချီတစ်မောင်း ရင်ဆိုင်အပြီးဝယ် နှစ်ကောင်စလုံး ပြန်ခွာလိုက်ရာ လပြည့်မှာ ခြေလေးချောင်းပေါ်ဝယ် မတ်မတ်ရပ်ရင်း နားရွက်တို့ကို တဖျတ်ဖျတ်ခတ်လျက် ရှိသော်လည်း စွယ်နက်မှာမူ နောက်သို့ အဆုတ်ဝယ် ခြေလှမ်းယိုင်သွားကာ သူ့ကိုယ်သူ မနည်း ပြန်မတ်လိုက်ရလေ၏။

ဖော်လူမှာ သူမှန်းဆသလို မဖြစ်လာသဖြင့် ဒေါသအိုးပေါက်ကွဲသွားပြီး

"ဟေ့ကောင် စွယ်နက် . . . ဘာဖြစ်လို့ နောက်ပြန်ဆုတ်ရတာလဲ . . . တိုက် တိုက် ပြန်တိုက်"

ဟု အော်ဟစ်ကာ စွယ်နက်၏ ဦးကင်းကို ချွန်းဖြင့် ဆင့်ကာဆင့်ကာ ပေါက်ပြီး ထပ်မံတိုက်ခိုင်းတော့ရာ စွယ်နက်မှာ 'ဝူး'ခနဲ တစ်ချက်အော်ပြီး မာန်သွင်းလိုက်ကာ လပြည့်ဆီသို့ တရှူးထိုးပြေးလာလျက် သူ၏ ချွန်စူးသော အစွယ်ကြီးနှစ်ချောင်းဖြင့် အားကုန်ပြေးထိုးတော့၏။





သို့သော် လပြည့်သည် ဘယ်ဘက်သို့ ဖျတ်ခနဲ တိမ်းကာ စွယ်နက်၏ အစွယ်ရန်မှ လွတ်အောင် ရှောင်လိုက်ပြီးလျှင် စွယ်နက်၏ကိုယ်ကို သူ၏ကိုယ်လုံးဖြင့် တိုက်ထုတ်လိုက်လေ၏။

ဒေါသကြီးလျက်ရှိသော စွယ်နက်မှာ သူ၏တိုက်ကွက်လွဲချော်သွားပြီး စွယ်နက်၏ကျောပေါ်မှ ဖော်လူမှာလည်း သူ့ဆင်ကြီးစွယ်နက်၏ တိုက်ခိုက်မှုကို အားမလိုအားမရဖြစ်ကာ ဒေါသပြင်းစွာထွက်လာပြီး

"ဟဲ့ကောင် စွယ်နက် . . . ဒီလောက်ပဲ ညံ့ရသလား။ အဲဒီ လပြည့်ဆိုတဲ့ကောင်ကို ရအောင် အစွယ်နဲ့ဆောင့်ထိုးစမ်း။ ပြန်လှည့်ပြီး တိုက် တိုက်"

ဖော်လူမှာ ပါးစပ်မှလည်း အဆက်မပြတ်အော်ဟစ်ရင်း စွယ်နက်၏ ဦးကင်းကို ချွန်းဖြင့် အဆက်မပြတ်ပေါက်တော့ရာ စွယ်နက်၏ဦးကင်းမှ သွေးတို့ စီးကျလာပြီးလျှင် စွယ်နက်မှာ 'ဝူး'ခနဲ စူးစူးဝါးဝါး တစ်ချက်အော်လိုက်ပြီး လပြည့်ကို နောက်ထပ် အစွယ်ဖြင့် ဆောင့်ထိုးရန် ပြေးလာပြန်ရာ သည်တစ်ခါမူ လပြည့်မှာ လက်ျာဘက်နံဘေးသို့ ဖျတ်ခနဲ ရှောင်တိမ်းလိုက်ပြန်သဖြင့် စွယ်နက်မှာ ရှေ့သို့ ကျွံဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။

ထိုအခါမှ လပြည့်က သူ၏ကိုယ်လုံးကြီးဖြင့် ဝေါခနဲ လှည့်ကာ ခွာလိုက်ပြီး စွယ်နက်၏နံဘေးကို အစွယ်ဖြင့် ပြေးဆောင့်ထိုးလိုက်လေ၏။

စွယ်နက်၏နံဘေးသို့ လပြည့်၏ ချွန်စူးသော အစွယ်နှစ်ချောင်း စိုက်ဝင်သွားပြီးနောက် လပြည့်က သူ၏ဦးခေါင်းကို မော့လေရာ စွယ်နက်မှာ လပြည့်၏အစွယ်ဖြင့် ချိတ်ကာ ဘေးတစ်ခြမ်းစောင်း မြောက်ပါလာလျက် နာကျင်လွန်းသဖြင့် ကျီခနဲ ငယ်သံပါအောင် အော်လိုက်လေတော့၏။

ထိုအခါ သူ့ဆင်ကြီး အခြေမလှဖြစ်သွားသည်ကို တွေ့လိုက်ရသည့် ဖော်လူမှာ ဒေါသပြင်းစွာ ထွက်သွားပြီး တစ်ဘက်ဆင်ပေါ်မှ ဂျေနော့်ကို ချွန်းဖြင့်ရိုက်ချလိုက်လေတော့၏။

ဂျေနော်မှာ သတိကြီးစွာထားနေသူမို့ သူ့ဦးခေါင်းဆီသို့ ဝဲခနဲဝင်လာသော ချွန်းကို ဖျတ်ခနဲ ငုံ့ရှောင်လိုက်ရာ ချွန်းမှာ သူ့ဦးခေါင်းအနီးမှ ဝီးခနဲ ဖြတ်ထွက်သွားလေ၏။

ဖော်လူမှာလည်း ဟန်ချက်ပျက်သွားပြီး တစောင်း ဖြစ်လျက်ရှိသော စွယ်နက်၏ကိုယ်ပေါ်မှ လိမ့်လျှောကာ မြေပြင် ပေါ်သို့ ပြုတ်ကျသွားတော့၏။





သို့သော် သူသည် ဆင်ဦးစီးကောင်းတစ်ယောက် ဖြစ်သည်နှင့်အညီ သတိကြီးစွာရှိသူမို့ မြေပြင်ပေါ်ကျကျချင်း ဆင်နှစ်ကောင်၏နောက်မှ လျှင်မြန်စွာ လိမ့်ထွက်လိုက်ရာ ရှုန်းခနဲ သူ့ကိုယ်ပေးသို့ ပစ်ကျလာသည့် စွယ်နက်၏ နောက်ခြေ တစ်ဖက် အနင်းခံရမည့်ဘေးမှ သီသီလေး လွတ်သွားလေ တော့၏။

အသည်းခိုက်အောင် နာကျင်လျက်ရှိသော စွယ်နက်မှာ လပြည့်၏ အစွယ်နှစ်ချောင်းအထဲမှ လွတ်ရန် အတင်း ရုန်းထွက်ဖို့ ကြိုးစားရာ အစွယ်ထိပ်ဖျားချွန်စူးစူးတို့က လှုပ်လေနစ်ဝင်လေ ဖြစ်ကာ မချိမဆန့် နာကျင်ခြင်းဝေဒနာကို ခံစားနေရလျက် တကျိုကျို အော်ဟစ်နေရှာလေ၏။

ယင်းအချိန်ဝယ် ဆင်တို့ကိုချစ်သော ဂျေနော်၏ရင်ဝယ် စွယ်နက်အပေါ် သနားကြင်နာစိတ်ဖြစ်ပေါ်လာပြီး

"လပြည့် လပြည့် အာစတေး အာစတေး (ဖြည်းဖြည်း ဖြည်းဖြည်း) ဟိုးထား ဟိုးထား (ရပ် ရပ်)"

ဟု ရှေ့ဆက်မတိုးရန် တားဆီးလိုက်ပြီးနောက်

"ဗရျူး ဗရျူး နောက်ဆုတ် နောက်ဆုတ်"

ဟူ၍ အမိန့်ပေးလိုက်ရာ လပြည့်မှာ သခင်၏ အမိန့်ကို



www.burmeseclassic.com

www.burmeseclassic.com



သိသူမို့ နောက်သို့ ခြေလှမ်းဆုတ်ပြီး စွယ်နက်၏ ကိုယ်ထဲသို့ စူးဝင်နေသော သူ၏အစွယ်တို့ကို ဆွဲနှုတ်လိုက်တော့၏။ လပြည့်၏ အစွယ်နှစ်ချောင်းမှာ သွေးသံရဲရဲ လိမ်းကျံနေလျက် ရှိပြီး စွယ်နက်၏ ခန္ဓာကိုယ်ရှိ ဒဏ်ရာအပေါက်တို့မှ သွေးတို့ ပွက်ခနဲ ထွက်လာကာ စွယ်နက်၏ ခန္ဓာကိုယ်ကြီးသည်လည်း စောင်းနေရာမှ ပြန်တည့်သွားလျက် ခြေလေးချောင်းစလုံး မြေပြင်ပေါ် ကျသွားလေ၏။

ထိုအခါ စွယ်နက်မှာ လွန်စွာ ကြောက်ရွံ့ထိတ်လန့် သွေးပျက်သွားပြီဖြစ်၍ လပြည့်ကို ရင်မဆိုင်ဝံ့တော့ဘဲ ကျီခနဲ ငယ်သံပါအောင်အော်ကာ တောနက်ကြီးထဲသို့ သွေးရူး သွေးတမ်းဖြင့် ထွက်ပြေးလေတော့၏။

ဇော်လူမှာ လပြည့်နှင့် ဆယ်ပေခန့်အကွာဝယ် ယောင်ချာချာ ကြောင်စီစီ ရပ်လျက်ရှိရာမှ သူ၏အဖြစ်ကိုရော သူ့ဆင်ကြီး စွယ်နက်၏အဖြစ်ကိုပါ မယုံနိုင်အောင်ဖြစ်ကာ သူ၏တစ်ကိုယ်လုံးမှာလည်း ရှက်စိတ်၊ ကြောက်စိတ်၊ ယူကျုံးမရစိတ်တို့ဖြင့် တဆတ်ဆတ် တုန်ကာ ရှိလေတော့၏။

ဂျေနော်သည် ဇော်လူအား လှမ်းကြည့်လိုက်ပြီးနောက်

"လပြည့် ငါတို့သွားမယ် . . . ချွေးခုံး ချွေးခုံး





လှည့် လှည့်) အဂစ် အဂစ် (သွား သွား)"

ဟူ၍ ချိုသာစွာ အမိန့်ပေးလိုက်ရာ လပြည့်မှာ ဇော်လူအား ရန်မူခြင်းမရှိတော့ဘဲ သူ၏ခန္ဓာကိုယ်ကြီးကို ပြန်လှည့်လိုက်ပြီး ဆင်သွားလမ်းကြောင်းအတိုင်း ဆင်စခန်း ရှိရာသို့ ဦးတည်ကာ တစ်လှမ်းချင်း ဣန္ဒြေရစွာ လျှောက်လှမ်း သွားပါတော့သတည်း။

တစ်ကိုယ်လုံး တုန်ယင်ကာ ကျန်ရစ်ခဲ့သည့် ဇော်လူမှာ ရှက်ခြင်း၊ တုန်လှုပ်ခြင်း၊ ယူကျုံးမရခြင်း၊ ဒေါသဖြစ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း ဝေဒနာတို့ ဟုန်းဟုန်းတောက် ခံစားရကာ သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အရုပ်ကြိုးပြတ်ဖြစ်လျက် ဒူးတို့ပင် မခိုင်တော့သဖြင့် မြေပြင်ပေါ်သို့ တဖြည်းဖြည်း ဒူးညွှတ်ကျသွား တော့၏။

ထို့နောက် သူသည် မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ရင်း ဒူးထောက်လျက်မှ ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါ တော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ ကြေကွဲနိဂုံး ❖

နံနက်လင်းလုလုအချိန်သမယ၌ မိုးနှင်းတို့ တဖြောဖြော
ချလျက်ရှိသည့် ဒေါင့်ဒလောင်တောကြီးအတွင်းဝယ် စွယ်စုံ
င်ကြီးတစ်ကောင်သည် ဒယီးဒယိုင်ဖြင့် တစ်ကောင်တည်း
ထီးလျှောက်သွားလျက်ရှိလေ၏။

သူ၏လက်ျာနံပါးဝယ် ဒဏ်ရာအပေါက်ကြီးနှစ်ခု ရှိကာ
င်းဒဏ်ရာအပေါက်တို့မှ သွေးစိမ်းရှင်ရှင်တို့ အဆက်မပြတ်
ကျလျက်ရှိရာ ဆင်ကြီးမှာ သွေးထွက်လွန်ပြီး အားနည်းလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလေ၏။

ယင်းစွယ်စုံဆင်ကြီးသည်ကား ဇော်လူ၏ ဆင်ကြီး 'စွယ်နက်'ပင် ဖြစ်ပါ၏။

စွယ်နက်မှာ လပြည့်နှင့် စီးချင်းတိုက်ပြီးနောက် အကြီးအကျယ် အထိနာခဲ့သဖြင့် သွေးပျက်ချောက်ချားကာ ခြေဦးတည့်ရာ ပြေးခဲ့ရာမှ ဒေါင့်ဒလောင်၊ ကြွက်နွယ်၊ နဘူးတောထဲ ရောက်လာပြီး ဒယီးဒယိုင်ဖြင့် ဦးတည်ရာမဲ့ လျှောက်သွားနေခြင်း ဖြစ်လေ၏။

စွယ်နက်သည်ကား ဇော်လူ၏ လက်သပ်မွေးခြင်းခံရပြီး ကောင်းကောင်းစား၊ ကောင်းကောင်းအနားယူကာ ကောင်းကောင်းအားမွေးထားခြင်း ခံရသော ဆင်ကြီးဖြစ်သည်နှင့် အညီ ဤဟူးကောင်းချိုင့်ဝှမ်းဒေသ တစ်ခွင်ဝယ် ပြိုင်စံရှားသည့် ဆင်ကြီးအဖြစ် ကျော်ကြားခဲ့သူဖြစ်၏။

ရိုင်းစိုင်းကြမ်းတမ်း ကြောက်မက်ဖွယ်ကောင်းပါသည် ဆိုသော တောဆင်ရိုင်းကြီးနှစ်ကောင်ကိုပင် သူ၏အစွယ်ဖျား၌ အသက်ပါအောင် တိုက်ခိုက်နိုင်စွမ်းခဲ့သူဖြစ်၏။

ယခုတော့ စွယ်နက်မှာ ဝဋ်လည်ချေပြီ။ သူ့လိုင် အားကောင်းမောင်းသန် ဆင်ကောင်းတစ်ကောင်ဖြစ်သော





လပြည့်၏ ပါးနပ်လျင်မြန် ပညာသားပါသည့် ပရိယာယ်ကြွယ်ဝသော တိုက်ခိုက်မှုကို ခံရကာ ကံကောင်းသဖြင့်သာ နေရာတွင်ပင် ပွဲချင်းပြီး အသက်မထွက်ခြင်းဖြစ်ပေ၏။

သို့သော် နေရာတွင်ပင် အသက်မသေခဲ့သော သူ့အဖြစ်က သေသည်ထက် ဆိုးဝါးပါသည်။

ကြောက်ရွံ့ထိတ်လန့် သွေးပျက်စိတ်ဖြင့် တစ်ညနေခင်းလုံး တောထဲ ဦးတည်ရာမဲ့ လျှောက်ပြေးခဲ့ရာမှ ယခုလိုနောက်တစ်နေ့နံနက်လင်းလုလုဝယ် နှင်းမိုးဖြိုင်ဖြိုင်ရွာချခြင်းနှင့်တိုးကာ နှင်းမိုးသည်းသည်းအောက်ဝယ် ယောင်ချာချာဖြစ်လျက် ရှိချေ၏။

သူ၏တစ်ကိုယ်လုံးမှာလည်း ခိုက်ခိုက်တုန်ကာ အားနည်းလျက်ရှိရာ ခြေလှမ်းတို့မှာ ဟိုယိုင်ထိုး သည်ယိုင်ထိုး ဖြစ်နေတော့သည်။

သူ၏တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်လျက်ရှိသော်လည်း တစ်နေရာရာဝယ် ရပ်တည်နားခြင်း မပြုဝံ့။ ဒူးတုပ်ဝပ်ဆင်း အိပ်ဆင်းခြင်း မပြုဝံ့ချေ။ သူ၏စိတ်အာရုံဝယ် ကြောက်စိတ်တရားက စိုးမိုးလျက်ရှိလေသည်။

သူ့ခန္ဓာကိုယ်ထဲသို့ ချွန်ရှူးသော အစွယ်နှစ်ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



အားကုန်ထိုးစိုက် တိုက်ခိုက်လိုက်သော လပြည့်၏ သွင်ဟန်ကို မြင်ယောင်မိတိုင်း သွေးပျက်ချောက်ချားပြီး သူ့အား အနိုင်ယူ လိုက်သည့် ရန်သူက သူ့နောက်သို့ ထပ်ကြပ်မကွာ လိုက်နေ သည်ဟု ယူဆကာ အချောက်ချားကြီး ချောက်ချားလျက်ရှိလေ၏။

အမြဲတမ်း အနိုင်ရကာ သွေးကြွခဲ့သည့် စွယ်နက်မှာ အရှုံးကို ကြုံဖူးသူမဟုတ်ပေ။ အရှုံးကို မကြုံဖူးသော စွယ်နက်မှာ နင့်နင့်သည်းသည်း နာကျင်ခံစားရလျက် အသက်ဆုံးရှုံးလုနီးပါး ကြောက်မက်ဖွယ်အရှုံးကို တွေ့ကြုံရသောအခါ သည်းခြေ ပျက်သွားခဲ့ရချေပြီ။

နောက်ဆုံး ကုန်ကုန်ပြောရလျှင် သူ့ခြေသံကိုပင် သူ ပြန်လန့်နေမိတော့၏။

တကယ် သူ့အရှုံးနှင့် ရင်ဆိုင်ရတော့ သူ့ဝယ် ကူသူ ကယ်သူ မဲ့လျက်ရှိပြီး သူ့ခန္ဓာကိုယ်အနှံ့ကို ပွတ်သပ်ကာ သူ၏ နှာမောင်းကို ပွေ့ဖက်ကာ သူ၏အောင်မြင်မှုများကို ဂုဏ်ယူပြီး သူ့ကို တဖွဖွ ချီးကျူးခဲ့သော သူ့ကို ယုယခဲ့သော သူ၏ အရှင်သခင်မှာ သူ့အား ကယ်တင်ဖေးမရန် လိုက်ပါလာခြင်း မရှိ။ သူ့အား ကြင်နာစွာ ထွေးဖက်နှစ်သိမ့်ခြင်း မရှိ။ ကြီးမား လှစွာသော ဒဏ်ရာတို့နှင့် သူ့ကို ပေလယျံခံ ပစ်ထားရက်သည်။





စွက်နက်မှာ သွေးထွက်လွန်ဒဏ်ရာကြီးနှင့် တစ်ညလုံး ယောင်ချာချာ လျှောက်သွားနေရာမှ နံနက်လင်းချိန် မိုးနှင်းတို့ စဲ၍ ဝေဝါးလျက်ရှိသော သူ၏ မျက်လုံးအကြည့်တို့ဝယ် တောင်ကြားတစ်ခုထဲမှ တရွေ့ရွေ့ထွက်ကာ သူ့ဆီ တစ်လှမ်းချင်း ချဉ်းကပ်လာသော လူသားတစ်ဦးကို တွေ့ရချေ၏။

စွယ်နက်က အားစိုက်ပြီး ထိုလူသားကို ကြည့်လိုက်ရာ သူ၏သခင် ဖော်လူဖြစ်နေကြောင်း တွေ့ရသဖြင့် ရုတ်ချည်း ဝမ်းသာအားတက်သွားကာ သူ၏နှာမောင်းကို မြှောက်လျက် ဝမ်းသာအားရ ဝူးခနဲ ကျီခနဲ အော်ဟစ်ရန် အားယူလိုက်၏။

သို့သော် သူ့ဝယ် နှာမောင်းမြှောက်ရန်ပင် အားမရှိ တော့။ ကျီခနဲအော်ဟစ်ရန်ပင် အားမရှိတော့။ သူ့နှာမောင်းသည် မြှောက်တက်မလာတော့။ သူ့နှုတ်ဖျားမှ ဘာသံမှ မထွက်တော့။ သူ၏ခန္ဓာကိုယ်သည်သာ ဒယီးဒယိုင် ယိမ်းထိုးလျက်ရှိလေ၏။

သို့ပေမယ့် သူ မမှု။ သူ့ဆီသို့ သူ့သခင် လာနေပြီပဲ။ သူ ဘာကိုမှုစရာ လိုသေးသနည်း။ အားငယ်စိုးရွံ့နေသော သူ့ကို ဖေးကူအားပေးဖို့ သူ့အရှင်သခင် လိုက်လာခဲ့ချေပြီ။

စွယ်နက်သည် သခင်ဖြစ်သူကို အားကိုးစိတ်ဖြင့် ဝမ်းသာအားတက်စွာ သခင်ရှိရာ လှမ်းလာဖို့ ဟန်ပြင်ရုံမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ဖော်လူ၏ လက်နှစ်ဖက်က မြောက်တက်လာ၏။ သူ၏လက်
တွင်တော့ အမဲပစ်သေနတ်ကြီးကို စွဲကိုင်လျက်။

သေနတ်ပြောင်းဝ၏ ဦးတည်ရာကား စွယ်နက်
ဦးကင်းဆီသို့။

စွယ်နက်မှာ သူသခင်၏ လုပ်ရပ်ကို နားမလည်နိုင်
ဟန်ဖြင့် ငေးကြောင်ကြည့်နေစဉ်မှာပင် သေနတ်ပြောင်း
မီးပွင့်သွားပြီး 'ဒိုင်း'ခနဲ ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံ
မြည်ဟီးသွားပြီးနောက် စွယ်နက်၏ ခန္ဓာကိုယ်ကြီး နောက်
ယိုင်းသွားပြီး ဦးကင်းဝယ် အပေါက်ငယ်လေးတစ်ပေါက်
ဖြစ်ပေါ်သွားကာ ခဏချင်းမှာပင် ထိုအပေါ်မှ သွေးစီးကြောင်း
စီးကျလာခဲ့သည်။

စွယ်နက်သည် လောကကြီး၏ သဘောကို မယုံနိုင်ခြင်း
ကြီးစွာဖြင့် သူ၏ ကျဉ်းမြောင်းသေးငယ်သော မျက်ဝန်းတို့
အံ့အားသင့်ခြင်းအသွင်ဆောင်လျက် ရှိချေ၏။

နောက်ဆုံးမှာတော့ စွယ်နက်သည် ရင်မှာ နာကျင်
ထိခိုက် ကြေကွဲလွန်းသဖြင့် ရှိသမျှအားကို ဖျစ်ညှစ်ပြီး 'ကျွီ'ခနဲ
အော်ကာ ဒူးညွှတ်ပြိုလဲကျသွားပါတော့သတည်း။

ပြောင်းဝမှ ယမ်းငွေ့ဝေလျက်ရှိသော အမဲပစ်သေနတ်





ကိုင်ကာ ငူငူကြီးရပ်နေသည့် ဖော်လူ၏အနီးသို့ သူ၏တပည့်များ
ဖြစ်ကြသော ထန်းသီး၊ ဆန်ခါးနှင့် လယ်ခိုတို့ ချဉ်းကပ်
ရောက်ရှိလာခဲ့ပြီး သူတို့သုံးယောက်ကလည်း ဖော်လူနှင့်အတူ
သွေးအိုင်ထဲဝယ် ငြိမ်သက်လျက်ရှိသော စွယ်နက်ကို ငေးကြည့်
နေကြလေ၏။

ထို့နောက် စတင်လှုပ်ရှားသူက ဖော်လူဖြစ်သည်။

"ဟော့ကောင်တွေ ဘာငေးနေတာလဲ . . . မင်းတို့ရဲ့
အမေ့လင်က သေပြီ . . . သွား လုပ်စရာရှိတာလုပ်"

ဟု အမိန့်ပေးကာ ထိုနေရာမှ လှည့်ထွက်သွားလေ၏။

ထိုအခါမှ ထန်းသီးတို့လူစုသည် သံမဏိလှောင်အိမ်တစ်စင်းကို
ကိုင်ကာ စွယ်နက်၏အနီးသို့ ချဉ်းကပ်လာပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ မရဏာရှာပုံတော် ❖

ယခုတလော ဟူးကောင်းဆင်စခန်းမှ စွယ်စုံဆင်ကြီးများ တစ်ကောင်ပြီးတစ်ကောင် ပျောက်ဆုံးနေသဖြင့် လော်ပန်ကြီး ဦးခမ်းဝဏ္ဏရော ဂျေနော်ပါ ခေါင်းမီးတောက်လျက်ရှိလေသည်။

"ညဘက် တောထဲမှာ လွှတ်ကြောင်းထားတဲ့ ဆင်တွေ အနက်က စွယ်စုံဆင်တွေချည်း ရွေးပျောက်ပျော်နေတယ်၊ ဟိုင်းဆင်တွေနဲ့ ဆင်မတွေကျတော့ မပျောက်ဘူး"

ဂျေနော် ခေါင်းမီးတောက်လျက်ရှိနေရာမှ ဆင်ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး သုံးဦးကို ခေါ်ပြီး ဟူးကောင်းတောနက် နေရာအနှံ့သို့ တောနင်းကာ ပျောက်သွားသော စွယ်စုံဆင်တို့ကို ရှာဖွေတော့၏။

သို့သော် ဟူးကောင်းဒေသ တောအနှံ့ဝယ် ပျောက်သွားသော စွယ်စုံဆင်တို့၏ အစအန သဲလွန်စကိုပင် မတွေ့ရချေ။

သို့ဖြင့် ရက်သတ္တပတ်အကြာဝယ် ရှာဖွေရေးကို လက်လျှော့ရပြီး မည်သည့်ဆင်မှ တောထဲသို့ ညဘက် လွှတ်ကြောင်းခြင်းမပြုရန် စည်းကမ်းသတ်မှတ် ထားမြဲလိုက်ရတော့၏။

"ဂျေနော် မင်းဘယ်လိုထင်သလဲ ... စွယ်စုံဆင်တွေ ပျောက်တာနဲ့ပတ်သက်လို့ မင်းရဲ့အမြင်ကို ပြောပါဦး"

ဟု လော်ပန်ကြီးက သူ့သဘောထားကို မေးလာသောအခါ ဂျော်နော်မှာ မေ့ကြောကြီးများ ထောင်ထလာအောင် အံကြိတ်လိုက်ပြီး

"ဆင်မုဆိုး အတ္တလောဘသမားတွေရဲ့ လက်ချက်ပဲ ဖြစ်မှာပေါ့ လော်ပန်ကြီးခင်ဗျာ ... ဒီကောင်တွေ အစွယ်လိုချင်လို့ ကျွန်တော်တို့ရဲ့ ဆင်တွေကို ဖမ်းသွားတာဖြစ်မယ်"

ဟု ပြောလိုက်ရာ လော်ပန်ကြီးက ခေါင်းညိတ်လိုက်ပြီး





"ဟုတ်တယ်ကွ ... အခုဆို ဆင်စွယ်က သိပ်ဈေးကောင်းနေတယ်တဲ့ ... နိုင်ငံခြားသားကုန်သည်အချို့က ဆင်စွယ်ကို ဈေးကြီးပေးပြီး ဝယ်တော့ ဆင်သတ် အစွယ်ဖြတ်ယူတဲ့ ဆင်မုဆိုးတွေ ပေါ်ပေါက်လာပြီး သောင်းကျန်းတော့တာပေါ့ကွာ"

"ဒါပေမဲ့ ဒီကောင်တွေဟာ ငါတို့ရဲ့ ဟူးကောင်းဒေသ တောနက်တွေထဲမှာ ငါတို့ရဲ့ဆင်တွေကို သတ်ဖြတ်ပုံမရဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့လည်း နေရာအနှံ့ ရှာဖွေပြီးပြီပဲ၊ ဘယ်ဆင်တစ်ကောင်ရဲ့ အလောင်းမှ မတွေ့ရဘူး မဟုတ်လား။ မသကာ အရိုးစုတော့ တွေ့ရမှာပေါ့ကွာ"

"ဒီတော့ ဒီကောင်တွေဟာ ငါတို့ရဲ့ဆင်တွေကို အခြားဒေသဆီ ဖမ်းဆီးပြီးမှ သတ်ဖြတ် အစွယ်ယူတာ ဖြစ်ရမယ်ကွ"

ဟု သူ၏ထင်မြင်ချက်ကို ပြောလေ၏။

"ဟုတ်ပါလိမ့်မယ် လော်ပန်ကြီး ... ကျွန်တော်လည်း အဲဒီလိုပဲ ယူဆထားပါတယ် ... ဒါကြောင့် ကျွန်တော် ဒီလို စီစဉ်ထားပါတယ်"

"ဘယ်လိုများလဲ ဂျေနော်ရဲ့ ပြောပါဦး"

"ဆင်စခန်းကို ကျွန်တော့်ကိုယ်စား အခြားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို အုပ်ချုပ်ဖို့ တာဝန်ခွေတ္တ ပေးထားပြီး ကျွန်တော်က တနိုင်းခမြစ်ဖျားပိုင်း တောနက်ကြီးတွေထဲအထိ သွားရှာချင်ပါတယ် လော်ပန်ကြီး . . . ရက်ရှည် ခရီးထွက်ပြီး ရှာဖွေ ထောက်လှမ်းချင်တာပါ''

ဟု ပြောလိုက်ရာ လော်ပန်ကြီးက ခေါင်းကို ဖြည်းလေးစွာ ရမ်းလိုက်ပြီး

''မသမာသူ လူယုတ်မာတွေရဲ့ လုပ်ရပ်နဲ့သတင်းကို ကျုပ်လည်း သိချင်တာပါပဲ . . . ဒါပေမဲ့ သူတို့ကို အတင့်ရဲရဲ လိုက်ရှာရတာကတော့ အန္တရာယ်များလွန်းတယ်နော် . . . ကျုပ်ကတော့ ဆုံးရှုံးပြီးတာတွေကို မေ့ပစ်လိုက်ပြီး ထပ်မဆုံးရှုံး ရအောင်သာ ကိုယ့်ရဲ့ဆင်တွေကို ကိုယ် ဂရုစိုက်သင့်တယ် ထင်တယ် ဂျေနော်''

ဟု ဖျောင်းဖျသလို ပြောလိုက်ရာ

''ဒီလိုရှိပါတယ် လော်ပန်ကြီးခင်ဗျာ . . . မသမာတဲ့ မကောင်းမှု ကျူးလွန်သူဟာ သူ့ကို အရေးမယူမချင်း အတင့် ရဲပြီး ပြစ်မှုတွေကို ထပ်ခါထပ်ခါ ကျူးလွန်တတ်စမြဲပါ''

''ပြစ်မှုကျူးလွန်ခြင်း ခံရသူက နောက်ဒီလိုမကျူးလွန် ဖြစ်ရင် ပြီးရောဆိုပြီး ခွင့်လွှတ်လို့ကတော့ ပြစ်မှုကျူးလွန်သူဟာ





နောင်တရစရာအကြောင်း မရှိတော့ဘဲ အခွင့်သာတဲ့အချိန်၊ အခွင့်သာတဲ့ နေရာမှာ ပြစ်မှုတွေ ဆက်ကာဆက်ကာ ကျူးလွန် နေဦးမှာပါပဲ''

''အကောင်းဆုံးက သူတို့ရဲ့မကောင်းမှုကို ဖော်ထုတ် အမိဖမ်း အပြစ်ပေးနိုင်မှ သူတို့ မဟုတ်တာလုပ်ရင် အရေးယူ အပြစ်ပေးခြင်း ခံရပါလားလို့ အသိတရားရသွားပြီး နောင်တို ကျူးလွန်ဖို့ တွန့်ဆုတ်သွားမှာပေါ့ လော်ပန်ကြီး''

''ဒါကြောင့် ကျွန်တော်ကတော့ ကျွန်တော်တို့ရဲ့ စခန်းပိုင် ဆင်တွေကို ခိုးယူသွားတဲ့သူတွေ၊ ခိုးယူပြီး သတ်ဖြတ်တဲ့ သူတွေကို ခွင့်မလွှတ်နိုင်ဘူး။ သင်းတို့ရဲ့လုပ်ရပ်တွေကို ဖော်ထုတ်ပြီး ဖမ်းဆီး အရေးယူနိုင်တဲ့အထိ ဆောင်ရွက်ချင်ပါတယ် လော်ပန်ကြီး''

ဟု သူ၏ဆန္ဒကို ထပ်ခါတလဲလဲ ဖော်ထုတ်တင်ပြပြီး ဆင်ခိုးဖမ်းသူ၊ သတ်သူတို့ကို ရှာဖွေခွင့်ပြုရန် ခွင့်ပန်ရာ နောက်ဆုံး လော်ပန်ကြီးက ခွင့်ပြုလိုက်ရလေတော့၏။

''ကဲပါ ဂျေနော် မင်း သိပ်ဆန္ဒရှိနေရင်လည်း ဆင်ခိုး ခမ်းတဲ့ကောင်တွေ၊ ခိုးသတ်တဲ့ကောင်တွေကို ရှာဖွေဖို့ ကျုပ် ခွင့်ပြုပါတယ် . . . အရှာအဖွေထွက်ဖို့ လိုအပ်တာမှန်သမျှ သခင်းနဲ့တိုင်ပင်ပြီး စီစဉ်ဆောင်ရွက်ပါ . . . အဖော်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုသူနှစ်ယောက်ကို ခေါ်သွားပါ . . . အန္တရာယ်မရှိအောင် ဂရုစိုက်ပေါ့”

“တကယ်ဆို ဆင်ခိုးဖမ်းသမားတွေကို တွေ့ရင် လက်လွှတ်စပယ် ခြေလွန်လက်လွန် မပြုမိပါစေနဲ့ ရာဇဝတ်ဘေး သင့်နေပါဦးမယ် . . . သက်ဆိုင်ရာနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပါ”

“ဟုတ် ဟုတ်ကဲ့ပါ လော်ပန်ကြီး”

✧ ✧ ✧

လော်ပန်ကြီး၏ ခွင့်ပြုချက်ရသည်နှင့် ဂျေနော်မှာ ပျောက်သွားသော စွယ်စုံဆင်ငါးကောင်၏ သတင်းကို ထောက်လှမ်းစုံစမ်းရန် ခရီးရှည်ထွက်ဖို့ စီစဉ်တော့၏။

သူက အဖော်အဖြစ် တူးခေါင်နှင့် ထောင်ပ ဆင်ဦးစီး နှစ်ယောက်ကိုခေါ်ဖို့ စီစဉ်ရာ တူးခေါင်နှင့် ထောင်ပကလည်း ဂျေနော်နှင့်အတူ လိုက်ရန် သဘောတူလေ၏။





“ငါတို့လည်းလိုက်မယ် ဂျေနော် . . . အဲဒီလူယုတ်မာ ကောင်တွေကို ငါတို့လည်း မရ,ရအောင် ရှာဖွေထောက်လှမ်းပြီး အရေးယူနိုင်တဲ့အထိ ဆောင်ရွက်ချင်တယ်”

“ဟုတ်တယ် . . ကျုပ်လည်း ဆင်တွေကို ဖမ်းသတ်ပြီး အစွယ်ယူတဲ့ကောင်တွေကို သိပ်မုန်းတာပဲ . . . ကျုပ်ရဲ့အသက် သေချင်သေပါစေ အဲဒီကောင်တွေကို ဖော်ထုတ်ပြီး မိအောင် ဖမ်းချင်တယ်”

သို့နှယ် တူးခေါင်နှင့် ထောင်ပပါ အားတက်သရော ပြောသဖြင့် ဂျေနော်မှာ ပိုမိုအားရှိသွားပြီး ခရီးထွက်ရန် ချက်ချင်း ပြင်ဆင်တော့၏။

သူတို့မှာ ရက်ရှည်ခရီးတွက်ရမည်မို့ ဆင်များဝယ် ရင်သိုင်းကြိုး၊ ပခက်တို့ဆင်ကာ ရိက္ခာခြောက်၊ ဆေးဝါးနှင့် အုးလေး၊ မြားကျည်တောက်၊ တောလိုက်ဓားမြှောင်၊ လက်နှိပ် ဓာတ်မီး၊ စတွန်းကင်းမီးအိမ်၊ ရွက်ဖျဉ်တဲတို့ကို ပက်ခက်များပေါ် တင်ဆောင်ခဲ့လေ၏။

နှောင်းမိမှာ ဂျေနော်တို့ခရီးထွက်ရန် ပြင်ဆင်နေသည်ကို ဝိုင်းဝန်းကူညီမှု ပေးလေ၏။

“ဂျေနော်ရယ် ဖြစ်နိုင်ရင် ငါပါ နင်တို့နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တယ်ဟာ"

ဟု နှောင်းမိကပြောရာ

"နှောင်းမိကလည်း မဟုတ်တာ . . . စခန်းမှာသာ နေရစ်ပြီး ကျန်တဲ့ဆင်တွေကိုပဲ ကြီးကြပ်ထိန်းသိမ်းထားပါ ပြီးတော့ လော်ပန်ကြီးရဲ့ ကျန်းမာရေးကိုလည်း ဂရုစိုက်ဦး"

ဟု ဂျေနော်က နှစ်သိမ့်လိုက်ရလေ၏။

"ဂျေနော် နင်လည်း သွားတာလာတာ ဂရုစိုက်ဦးနော် အဲဒီ ဆင်မုဆိုးဆိုတဲ့ လူတွေမှာ သေနတ်တွေပါတယ် . . . နင်တို့က ဘာသေနတ်မှာ ပါတာမဟုတ်ဘူး . . . ငါတော့ နင်တို့အတွက် စိတ်ပူတယ်ဟာ"

ဟု နှောင်းမိက စိတ်ပူပန်ဟန်လေးဖြင့် ပြောရာလေ၏။

သို့ဖြင့် နောက်သုံးရက်အကြာဝယ် နှောင်းမိကို နှုတ်ဆက်ပြီး ဂျေနော်တို့ ခရီးထွက်ခဲ့ပါတော့၏။

✧ ✧ ✧



## ❖ လှို့ဝှက်ဂူ နှင့် လှို့ဝှက်လူ ❖

မိုင်းခွန်းနှင့် တာရှိအကြားရှိ တောနက်ကြီးထဲမှ ကူမွန် တောင်တန်း၏ တောင်စွယ်တစ်ခုဖြစ်သော ခူးတန်းတောင်ကြီး၏ နံရံဝယ် ကြီးမားသော ဂူပေါက်ကြီးတစ်ခုရှိပြီး ယင်းဂူကြီး သည်ကား လူသူအရောက်အပေါက် လွန်စွာနည်းသည့် အနက် ရှိုင်းဆုံးသော တောထဲမှ သဘာဝလိုဏ်ဂူကြီးဖြစ်လေ၏။

ဂူကြီး၏အဝသည် နွယ်ငန်းပင်ကြီးများ၊ ဝါးကော တော၊ ဝါးဖယောင်းတောကြီးများ၏ အရိပ်မိုးထားခြင်းခံရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တော်ရုံ တောမုဆိုးတို့ပင် အမှောင်ရိပ်ထဲမှ ဂူအဝကို သတိမပြု မိကြချေ။

ယခုတော့ ယင်းဂူကြီး၏အတွင်းဝယ် မီးလင်းဖိုကြီး တစ်ဖို ဖိုထားပြီး မီးလင်းဖိုကို လူလေးဦးက ဝိုင်းထိုင်လျက် ရှိလေ၏။

ထိုလူလေးဦးမှာ ဖော်လူနှင့် သူ၏တပည့် ထန်းသီး ဆန်ခါ၊ လယ်နီတို့ပင်ဖြစ်ချေ၏။

သူတို့သည် ဝါးကျည်တောက်များနှင့် ထည့်ထားသော ကချင်မီးတောက်အရက်ခွက် ကိုယ်စီကိုင်ကာ ဟောင်ဖွာ ဟောင်ဖွာ စကားများပြောရင်း သူတို့၏ရှေ့ရှိ သံပန်းကန်ပြား ထဲမှ မြေပဲကြော်ကို နှိုက်စားလိုက်၊ မီးတောက်အရက်ကို မော့လိုက်ဖြင့် ဇရက်မင်းစည်းစိမ်ယူလျက်ရှိလေ၏။

သူတို့သည် ဂူကြီး၏အလယ်တွင် မီးဖိုကာ ဝိုင်းထိုင်လျက် သောက်စားနေကြခြင်းဖြစ်ပြီး သူတို့၏နံဘေးမှ ဂူနံရံဝယ် အမဲလိုက် ရိုင်ဖယ်နှစ်လက်နှင့် ချွန်းတစ်ခု၊ တောလိုက်ဓားနှစ်ချောင်းတို့ကို မှေးထောင်ထားလေ၏။

ဂူကြီး၏အတွင်းပိုင်းနံရံတွင်မူ အရှည်ငါးပေ ခြောက်ပေခန့် ရှိသော ဆင်စွယ်ကြီးများကို နံရံကိုမှီလျက်





ထောင်ထားရာ မီးလင်းဖိုမှ မီးရောင်က လှပသော ဆင်စွယ် ကြီးများအပေါ်သို့ ဟတ်လျက်ရှိလေ၏။

"ဟော့ကောင်တွေ ကြည့်စမ်း . . . ငါတို့ရထားတဲ့ ဆင်စွယ်တွေအထဲမှာ စွယ်နက်ရဲ့အစွယ်တွေက အလှဆုံးပဲကွ၊ တွေ့လား . . . အဲဒီအစွယ်တွေမှ ဈေးကောင်းရမှာ ဈေးကောင်း ရမှာ ဟား ဟား ဟား"

ဟု ပြောရင်း ဖော်လူက ရယ်လျက်ရှိရာ ထန်းသီး တို့လည်း သူတို့ဆရာနှင့်အတူ ရောယောင်ရယ်ရင်း

"ဟုတ်ပ အာစရိရာ . . . ဒါတောင် ကျွန်တော်တို့ ဖြတ်တာ အရင်းသိပ်မကပ်လိုက်ဘူး"

ဟု ထန်းသီးကပြောနေစဉ် အသက်ငါးဆယ်ကျော်ရှိ လူကြီးတစ်ဦးသည် မှိန်းဖြင့်ထိုးထားသော ငါးကြီးတစ်ကောင်ကို ဂူအတွင်းသို့ ယူလာကာ ငါးကြီးကို မှိန်းမှဖြုတ်လျက် ဝါးတံရှိုဖြင့် ထိုးလိုက်ပြီး မီးလင်းဖိုမှမီးနှင့် ကင်လေတော့၏။

"ဟာ ငါးကင်နဲ့ မြည်းရလို့ကတော့ နတ်စည်းစိမ် ဆယ်သက် တစ်ကယ်မမက်ပါ ဖြစ်သွားမယ်ဟေ့"

ဟု ဖော်လူက အားရကျေနပ်စွာ ပြောလိုက်ပြီး အရက် ခွက်ကို မော့သောက်လိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"စရေကြောင်းကရလာတာလား ဦးမငေါ်ဝင်နော် . . . ခင်များကတော့ အားကိုးရပါပေရဲ့ဗျာ"

ဟု ဇော်လူက ငါးကင်နေသော လူကြီးကို ချီးကျူး ပြောဆိုလိုက်လေ၏။ အနီ ဦးမငေါ်ဝင်နော်သည်ကား ဂျေနော်၏ ဖခင်ကြီးဖြစ်ပြီး မိုင်းခွန်းရွာသား ဇော်လူတို့က ဦးမငေါ်ဝင်နော်အား ဂျေနော်၏ဖခင်မှန်း မသိချေ။

သူတို့သည် ဦးမငေါ်ဝင်နော်ကို တနိုင်းခမြစ်နံဘေးရှိ ရွှေကျင်သောတဲတန်းတို့ဝယ် ပြုလုပ်သည့် လောင်းကစားဝိုင်း၌ တွေ့သိရင်းနှီးခဲ့ရခြင်းဖြစ်ပြီး ဦးမငေါ်ဝင်နော်မှာလည်း ယင်းတဲတန်းမှာသာ အမြဲလိုလို ရှိနေသဖြင့် သူ့ကို ရွှေကျင်လာသူ လူအုပ်စုထဲမှဟုပင် ဇော်လူတို့ ထင်မှတ်ခဲ့ကြ၏။

ဦးမငေါ်ဝင်နော်ကလည်း သားဖြစ်သူ ဂျေနော်က သတိပေးထားသဖြင့် သူသည် ဂျေနော်၏ ဖခင်ဖြစ်ကြောင်း ဇော်လူတို့လူစု မသိစေရန် သိုသိုသိပ်သိပ် နေခဲ့လေ၏။

ဦးမငေါ်ဝင်နော်မှာ လောင်းကစားကို လွန်စွာ ဝါသနာပါသူဖြစ်ပြီး လောင်းကစားဝိုင်းမထိုင်ရလျှင် မနေတတ်သူဖြစ်၏။ သို့သော် သူသည် လောင်းကစားမှုပြုသည်လည်း မည်သည့်အခါမှ နိုင်သည်မရှိဘဲ စ,ကစားစဝယ် နိုင်မလိုလိုဖြစ်ပြီး





နောက်ဆုံးဝယ် အရှုံးဖြင့်သာ ဇာတ်သိမ်းရစမြဲဖြစ်လေ၏။

သို့သော် သူသည် အခြားသော လောင်းကစားဝါသနာအိုးများကဲ့သို့ ပါသမျှကုန်ကာရှုံးလျှင် ဝိုင်းနံဘေး၌ ခွေအိပ်နေတတ်သူမဟုတ်။ ဝိုင်းမှ ဖုတ်ဖက်ခါထကာ အိမ်ပြန်တတ်သူလည်း မဟုတ်ချေ။

သူ ရှုံးပြီး ဖြူကာပြာကာကျသွားပါက မည်သည့်စားသမားဆီကမှ ဒိုင်ဆီကမှ မုန့်ဖိုးပဲဖိုး လမ်းစရိတ် တောင်းတတ်သူမဟုတ်။

သူရှုံးသွားပါက အခြားသူများ ကစားနိုင်ရန် ဖယ်ပေးပြီး ကစားနေသူများ၏ ဝေယျာဝစ္စကို ကူညီလုပ်ကိုင်ပေးတတ်သူသာ ဖြစ်ချေ၏။

ကစားနေသူများက ကစားနေကြရင်းမှ ဆေးလိပ်လိုလျှင် ဆေးလိပ်၊ ကွမ်းလိုလျှင် ကွမ်း၊ သူက ပြေး ပြေးဝယ်ခြမ်း ပေးတတ်သူဖြစ်၏။

ရွှေကျင်တဲတန်းတို့ဝယ် အိမ်ဆိုင်လေးများ ရှိတတ်ပြီး ဆိုင်းဆိုင်လေးများဝယ် အရက်မျိုးစုံလည်း ရတတ်ရာ ကစားနေသူများက ခိုင်းလျှင် ဦးမငေါ်ဝင်နော်မှာ အရက်၊ အမြည်းသည်တို့ကို ပြေးဝယ်ပေးကာ အရက်ကို ငှဲ့ပင်ငှဲ့ပေးတတ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏

ဦးမဂေါင်နော်မှာ ယင်းသို့ လောင်းကစားဝိုင်းနှင့် ပတ်သက်လျှင် အနွံအတာ ခံတတ်သူဖြစ်သဖြင့် ဖော်လူက သဘောကျပြီး သူတို့လာကစားတိုင်း ဦးမဂေါင်နော်ကိုသာ လက်စွဲအဖြစ် နိုင်းစေလေ့ရှိပြီး မုန့်ဖိုးပဲဖိုးလည်း ရက်ရောစွာ ပေးတတ်လေ၏။

ဦးမဂေါင်နော်မှာ လောင်းကစားခြင်းကိုသာ ဝါသနာပါပြီး အရက်ကိုမူ ကြိုက်သူမဟုတ်ချေ။ ရံဖန်ရံခါမှသာ ခေါင်ရည် သောက်တတ်သူဖြစ်၏။

သို့သော် သူသည် အရက်နှင့်တွဲဖက်မြည်းရသော အမြည်းမျိုးစုံကို အရသာရှိအောင် ချက်ပြုတ်ကြော်လှော်တတ်သူ ဖြစ်ချေ၏။

ဖော်လူတို့ ရွှေကျင်တဲများရှိရာသို့ လာပြီး စတည်းချလျှင် တစ်ပတ် ဆယ်ရက်ခန့် ကြာတတ်ရာ သူတို့စတည်းချရာတဲသို့ ဦးမဂေါင်နော်ကို ခေါ်ယူလျက် သူတို့အတွက် အမြည်း စသည်တို့ ချက်ပြုတ်နိုင်းလေ့ရှိလေ၏။

ယင်းသို့ဖြင့် တစ်ညဝယ် ဖော်လူတို့၏ တဲအနောက် ဘက်၌ အမြည်းအလို့ငှာ ဆတ်သားခြောက်ကို ကင်လျက်ရှိစဉ်





တဲပေါ်၌ အရက်ဝိုင်းဖွဲ့နေကြသည့် ဖော်လူတို့ ဆရာတပည့် လေးဦး တစ်စုံတစ်ရာ ပြောဆိုဆွေးနွေးသံကို သဲ့သဲ့ကြားရရာ သူတို့ပြောသောစကားတို့အထဲဝယ် လပြည့်၊ ဂျေနော် စသည့် စကားလုံးတို့ကို ကြားလိုက်ရလေ၏။

သို့ကြောင့် ဦးမဂေါင်နော်မှာ စိတ်ဝင်စားသွားပြီး တဲထရံ နားသို့ အသာကပ်ကာ နားစွင့်ကြည့်ရာ ဖော်လူက ဂျေနော် တာဝန်ယူထားသည့် ဆင်စခန်းမှ ဆင်များကို ရွေးပြီး ဒက္ခပေးရန်၊ နောက်ဆုံး ဂျေနော်၏ ဆင်ကြီးလပြည့်ကိုရော ဂျေနော်ကိုပါ သုတ်သင်ပစ်ရန် တိုင်ပင်နေကြခြင်းဖြစ်ကြောင်း ကြားသိလိုက်ရလေ၏။

ထိုသို့ ကြားသိလိုက်ရသည့်အခါ သားဖြစ်သူအတွက် ဦးမဂေါင်နော်မှာ လွန်စွာ စိုးရိမ်သွားပြီး ဖော်လူမှာ ပြောလျှင် ပြောသည့်အတိုင်း လုပ်တတ်သူဖြစ်ရာ တစ်နေ့မဟုတ်တစ်နေ့ သားဖြစ်သူဂျေနော်အား ဒုက္ခပေးမှာ သေချာနေပေ၏။

ယင်းကြောင့် သားဖြစ်သူကို ဖော်လူမှ ဒုက္ခပေးသည့် အခါ မိမိမှ သားဖြစ်သူကို ကူညီနိုင်ရန်နှင့် ဖော်လူတို့၏ အကြံအစည်ကို ကြိုတင်သိနိုင်ရန်အတွက် ဖော်လူတို့ကို အတွင်းလူအဖြစ် ကပ်ပေါင်းရန် ဆုံးဖြတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်္ဂေါင်နေ်မှာ ထိုသို့ ဆုံးဖြတ်လိုက်ပြီးသည့်နောက်ပိုင်းတွင် ဇော်လှုတို့ စတည်းချရာတဲမှ မသွားတော့ဘဲ သူတို့၏ စားရေးသောက်ရေးသာမက ဝေယျာဝစ္စဟူသမျှကို ကျုံးရှုန်းလုပ်ပေးလေတော့၏။ လောင်းကစားရာသို့ပင် ဇော်လှုတို့ သွားမှ သူပါ လိုက်သွားလေ၏။

ယင်းသို့ နေလာခဲ့ရာမှ ဇော်လှုတို့ ပြန်မည်ဆိုသောအခါ သူပါ လိုက်ပါရစေဟု ခွင့်တောင်းတော့၏။

ဇော်လှုတို့က မိမိတို့မှာ မိုင်းခွန်းသို့လည်း မသွား၊ မိုင်းခွန်းဆင်စခန်းသို့လည်း မပြန်ဘဲ တောတွင်းတစ်နေရာသို့သာ သွားမည်ဖြစ်ကြောင်း ပြောရာ မည်သည့်နေရာဖြစ်ဖြစ် လိုက်ပါရစေ၊ သူဝယ် သွားစရာ လာစရာ မှီခိုစရာမရှိသဖြင့် ဇော်လှုတို့၏ ဝေယျာဝစ္စတို့ကို ကူညီလုပ်ကိုင်ပေးရင်း မှီခိုပါရစေဟု အသနားခံလေတော့၏။

ဇော်လှုတို့ကလည်း နိုင်းလိုရာနိုင်း၍ရသည့် တစ်ကိုယ်တည်း ခြေသလုံးအိမ်တိုင်သမားကြီးဟု ယူဆကာ ဦးမင်္ဂေါင်နေ်ကို သူတို့နှင့်အတူ လိုက်ခွင့်ပြုခဲ့သဖြင့် ဤတောနက်ကြီးထဲမှ ဇော်လှုတို့၏ လျှို့ဝှက်ဂူကြီးသို့ လိုက်ပါနိုင်ခဲ့ခြင်း ဖြစ်လေ၏။





"ဦးမင်္ဂေါင်နေ် ငါးကင်မရသေးဘူးလားဗျ . . . ကျုပ်တို့မှာ ငါးကင်နံ့ကြောင်း သွားရည်ယိုနေရပြီဗျ"

ဟု ထန်းသီးက အော်မေးလိုက်ရာ

"ရပြီ ဆရာတို့ရေ ရပြီ ရပြီ"

ဟု ပျာပျာသလဲပြောရင်း ငါးကင်ကို မီးတောက်ပေါ်မှ ဖယ်ရှားလိုက်ကာ တုတ်ငယ်တစ်ချောင်းဖြင့် ငါးကင်ပေါ်မှ ချိုးများကို ဖယ်ရှားခြစ်ထုတ်ပစ်လိုက်ပြီးနောက် ငါးကင်ကို တံစို့မှဖြုတ်လျက် တန်းလန်းနှင့်ပင် သံပန်းကန်ပြားထဲ ထည့်ပေးလိုက်လေ၏။

ဇော်လှုက တံစို့ကိုယူလိုက်ပြီး ပူလောင်လျက်ရှိသော ငါးကင်ကို အေးသွားစေရန် ပါးစပ်မှ လေဖြင့်မှုတ်ပြီးနောက် မွှေးကြိုင်သင်းပျံ့နေသော ငါးကင်ကို ကိုက်ဖဲ့စားသောက်လိုက်လေ၏။

"အားပါး အရသာရှိလိုက်တာကွာ . . . ငါတို့ ဦးမင်္ဂေါင်နေ်ကို ခေါ်လာခဲ့မိတာ မှန်သွားပြီကွ . . . စားရိက္ခာနဲ့ ချည်းစရာအတွက်တော့ ပူစရာမလိုတော့ဘူးပေါ့ကွာ ဟား ဟား"

ဟု အော်ရယ်ပြီးနောက် မီးတောက်အရက်ကို တရှိန်ထိုး မော့လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဦးမဂေါင်နော် ခင်ဗျားကိုတော့ ကျုပ်တို့ရဲ့ အာစရိက သိပ်သဘောကျသွားပြီ . . . မထူးပါဘူး ကျုပ်တို့ရဲ့ လျှို့ဝှက်လုပ်ငန်းနဲ့ ဒီလျှို့ဝှက်စခန်းဂူကြီးကိုလည်း ခင်ဗျား သိနေပြီဆိုတော့ ခင်ဗျားဟာ ကျုပ်တို့ရဲ့လူ ကျုပ်တို့ရဲ့ အဖွဲ့ဝင် ဖြစ်သွားပြီ . . . ကျုပ်တို့လုပ်ငန်းကရတဲ့ အကျိုးအမြတ်ကို ခင်ဗျားလည်း သင့်လျော်သလို ခံစားရအောင် ကျုပ်တို့ရဲ့ အာစရိက စီစဉ်ပေးလိမ့်မယ် . . . အေး သစ္စာတော့ ဖောက်မယ် မကြံနဲ့နော် . . . သစ္စာဖောက်လို့ကတော့ ခင်ဗျားရဲ့ခန္ဓာကိုယ်မှာ ဇကာပေါက်ဖြစ်သွားမယ်"

ဟု ထန်းသီးက ခြိမ်းခြောက်လိုက်ရာ ဦးမဂေါင်နော်က လက်ကားယား ခြေကားယားဖြင့် ပျာပျာသလဲ ကတိပေးရှာလေ၏။

"ဟာ စိတ်ချပါ . . . ကျုပ် သစ္စာမဖောက်ရဲပါဘူးဗျာ မဖောက်ရဲပါဘူး . . . ကျုပ်ကိုစိတ်ချပါဗျာ . . . စိတ်ချပါ"

✧ ✧ ✧



## ❖ မိစ္ဆာသဲလွန်စ ❖

တနိုင်းခမြစ်ဖျားပိုင်း အမြစ်မိမ်းသစ်တောကြီးအတွင်းမှ တောင်ကြောတစ်ခုပေါ်ဝယ် စွယ်စုံဆင်ကြီးသုံးကောင်မှာ တစ်ကောင်နှင့်တစ်ကောင် ကိုက်နှစ်ဆယ်ခန့်ခွာပြီး ချိတက်လျှက် ရှိလေ၏။

ရှေ့ဆုံးမှ လပြည့်ပေါ်ဝယ် လိုက်ပါလာသော ဂျေနော်မှာ တောဝန်းကျင်ကို မျက်စေ့ဖွင့် နားစွင့်ကာ မျက်ခြေမပြတ် အကဲခတ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



**သူတို့** ခရီးထွက်လာခဲ့သည်မှာ နှစ်ရက်တိတိရှိခဲ့ပြီ။ **သူတို့က** စိမ့်မြေတောကြီးအနှံ့ စေ့စေ့စပ်စပ် လှည့်ပတ်ရှာရင်း လာခဲ့ကြခြင်းဖြစ်၏။ တောတောင်ထဲဝယ် ဆင်သွားလမ်းအချို့၊ ဆင်ချေးခြောက်အချို့၊ ဆင်ခြေရာအချို့ကို တွေ့ရသော်လည်း ဆင်များကိုသတ်ဖြတ်ပြီး အစွယ်ဖြတ်ယူထားသည့် မည်သည့် သဲလွန်စကိုမျှ မတွေ့ရသေးချေ။

ဆင်ခိုးဖမ်းသူများ၏ လုပ်ရပ်က ပိရိလွန်းလှသည်။ အထူးသဖြင့် ဂျေနော်တို့၏ ဟူးကောင်းဆင်စခန်းမှ ပျောက်ဆုံးလျက်ရှိသော စွယ်စုံဆင်ငါးကောင်၏ အရိပ်အယောင်မှ မတွေ့ရခြင်းအတွက် ဂျေနော်တို့ အံ့သြလျက်ရှိလေသည်။

ဖြစ်နိုင်သည်မှာ ဆင်ခိုးဖမ်းသော အဖွဲ့ဝယ် ဆင်နှင့် ပတ်သက်ပြီး လွန်စွာ ကျွမ်းကျင်သည့် ဆင်ဦးစီးတစ်ဦး ပါရှိရသည်။ ယင်းဆင်ဦးစီးသည်ကား မည်သည့်ဆင်ကိုမဆို ကျွမ်းကျင်စွာ ကိုယ်တွယ်ဦးစီးနိုင်ပုံရ၏။

ထိုထူးချွန်ထက်မြက်သည့် အရည်အသွေးပြည့် ဆင်ဦးစီးသည် ဖမ်းလိုသောဆင်၏ ကျောပေါ်ရောက်အောင် တက်ပြီး ချွန်းကိုကိုင်ကာ ဆင်ကို ပိုင်နိုင်စွာဦးစီးလျက် ချော့တစ်လှည့် ခြောက်တစ်လှည့်ဖြင့် မိမိလိုရာရောက်အောင်





မောင်းယူသွားပုံရ၏။

ဆင်ဦးစီးကောင်း၏ စီးနင်းကိုင်တွယ်ခြင်းခံရသော စွယ်စုံဆင်ကြီးမှာ ဆင်ဦးစီးဖြစ်သူ၏ စကားကို မပယ်ရှားဝံ့၊ မပယ်ရှားသာဘဲ ညွှန်ကြားသမျှ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှယ် လိုက်နာရကာ သူ့အား သတ်ဖြတ်သုတ်သင်မည့် ဒေသ ရောက်အောင် သူ့ခမျှာ သွားခဲ့ရပုံပေါ်လေ၏။

ထိုရောအခါ ဆင်သတ်သမား ဆင်ဦးစီးသည် မိမိလိုရာ အရောက် ဆင်ကို မောင်းနှင်သွားပြီး ပိပိရိရိ သတ်ဖြတ် ဖျောက်ဖျက်ပစ်လိုက်ပုံရ၏။ သို့ကြောင့်လည်း ပျောက်ဆုံး သွားသော ဆင်တို့နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ လက်စလက်န သဲစွန်စ မကျန်ခဲ့ခြင်း ဖြစ်ပုံရလေ၏။

ဤသို့ဖြင့် ဂျေနော်တို့၏ ဆင်စခန်းမှ ဆင်ငါးကောင် ပျောက်ဆုံးသွားပုံရလေ၏။

“အင်း အတော်ပါးနပ်ပိရိတဲ့ ဆင်သူခိုးတွေပဲ၊ ခုအထိ သဲလွန်စတစ်စုံတစ်ရာ ထိထိမိမိ မတွေ့ရသေးဘူး . . . ငါတို့ ရှာဖွေပြီးတဲ့ ဒေသအတွင်းမှာတော့ သူတို့ ဆင်တွေကို သတ်ဖြတ်ခဲ့တာ သေချာတယ်”

ယင်းသို့တွေးရင်း ဂျေနော်တို့မှာ ရှာပုံတော်ခရီးကို



www.burmeseclassic.com

www.burmeseclassic.com



နွားကြီးကြီးဖြင့် ဆက်ခဲ့ရပါ၏။

ဂျေနော်တို့သည် ပေတစ်ထောင်ကျော်မြင့်မားသော တောင်နှစ်တောင်၏ အကြားရှိ ကြွက်နွယ်တောင်ကို ဖြတ်လာခဲ့သည်တွင် သင်္ဂဒူပင်ကြီးတစ်ပင်၏ အနီးဝယ် ယင်မည်းရိုင်းတို့ အုံခဲလျက်ရှိသော ဆင်သေကြီးတစ်ကောင်ကို တွေ့လိုက်ရရာ အံ့ဩဝမ်းသာသွားတော့၏။

မမျှော်လင့်ဘဲ ဆင်သတ်သမားတို့၏ ခြေစလက်နကို တွေ့ရပြီမို့ အားတက်ဝမ်းသာသွားရခြင်းဖြစ်ပေ၏။

"ဆင်သေကောင်တော့ တွေ့ပြီဟေ့"

သူတို့ ဆင်ဦးစီးသုံးဦးမှာ မိမိတို့၏ ဆင်များအပေါ်မှ ဆင်းသက်လိုက်ကြ၏။

သူတို့ အနီးသို့ ချဉ်းကပ်သွားတော့ ဆင်သေကောင်ကြီးအပေါ်ဝယ် အုံခဲနေသော ယင်းမမည်းကြီးတို့မှာ ဝုန်းခနဲ ထပြန်သွားကြတော့၏။

ဆင်သေကောင်ကြီးမှာ တစ်ကိုယ်လုံး အသားများပင် ကောင်းစွာမရှိတော့။ ကြီးမားလှသည့် ဦးခေါင်းရိုးကြီးနှင့် နံရိုးကိုင်းကိုင်းကြီးများက ပုပ်ပွရှိရွဲနေသော အသားစတို့အကြားဝယ် ဖွေးဖွေးဖြူဖြူ ပေါ်လျက်ရှိလေ၏။





"ဟာ ဒီဆင်ကြီးရဲ့အစွယ်တွေ အဖြတ်ခံထားရပါလား"

ဟုတ်ပါသည်။ အစွယ်ငုတ်တို့ လွှဖြတ်ရာတို့ကို တွေ့ရ၏။ ဤရောမကြီးမားလှသည့် ဆင်ကြီး၏ အစွယ်တို့ မရှိတော့ချေ။

"ဆင်ကြီးက အတော်ကြီးတာပဲ . . . ငါတို့ခန့်မှန်းပျောက်သွားတဲ့ဆင်တွေက အရပ်အမြင့် ခြောက်ပေကျော် ခုနစ်ပေလောက်ပဲ ရှိကြတာ . . . ဒီကောင်ကြီးက ကိုးပေလောက်မြင့်မယ့် ရောမဆင်ကြီးပဲကွ"

ဟု ဂျေနော်က ပြောရင်း လွှဖြင့်တိုက်ဖြတ်ထားခြင်းခံရသော အစွယ်ငုတ်တိုတို့ကို သေချာကြည့်မိရာ လွန်စွာအံ့ဩသွားလေ၏။

"ဟာ အစွယ်ငုတ်တိုက အနက်ရောင်ပါလား . . . ကေနွှ ဒီဆင်ကြီးဟာ ဖော်လူရဲ့ စွယ်နက်ကြီးပဲဖြစ်မယ်ကွ"

ဟု မှတ်ချက်ချလိုက်ရာ တူးခေါင်နှင့် ထောင်လတို့ပါ အစွယ်ငုတ်များကို လာကြည့်ကြပြီး

"အေး ဟုတ်တယ်ကွ၊ အစွယ်အရင်းက အနက်ရောင်ပဲ၊ ဒီလိုဆင်မျိုး မရှိသလောက် ရှားတယ်ဟ၊ ဆင်ကြီးကထွားလည်းထွား မြင့်လည်းမြင့်တယ်ကွ၊ စွယ်နက်ကြီးပဲဖြစ်ရမယ်"

ဟု တူးခေါင်က မှတ်ချက်ပြုသလို ထောင်လကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်သသကြီး၏ တစ်ကိုယ်လုံးအနှံ့ကို အကဲခတ်ဆန်းစစ်လိုက်ပြီး

"စွယ်နက်ကို လပြည့် တိုက်ခိုက်တုန်းက စွယ်နက်ရဲ့ ညာဘက်နံ့ပါးထဲ လပြည့်ရဲ့အစွယ်တွေ တစ်ဝက်လောက်အထိ စိုက်ဝင်သွားခဲ့တယ်ဆို . . . ဒီမှာကြည့်စမ်း ဒီဆင်ကြီးရဲ့ ညာဘက်က နံရိုးတစ်ချောင်း ကျိုးနေတယ် တွေ့လား . . . ဒါဟာ လပြည့်ရဲ့အစွယ်ကြောင့် ကျိုးသွားရတာ ဖြစ်မယ် . . ဒီကောင်ကြီးဟာ စွယ်နက်ဆိုတာ သေချာပါတယ်"

ဟု ကောက်ချက်ချလိုက်လေ၏။

ဂျေနော်က ဆင်ကြီး၏ ကြီးမားလှစွာသော ဦးခေါင်းခွံကြီးမှ ဦးကင်းရှိ အပေါက်ငယ်တစ်ပေါက်ကို လက်ညှိုးညွှန်ပြလိုက်ပြီး

"စွယ်နက်ဟာ လပြည့်ရဲ့အစွယ်ဒဏ်ကြောင့် သေရတာမဟုတ်ဘူးကွ . . . ဒီကောင်ကြီးကို ဆင်မုဆိုးတစ်ယောက်ယောက်က ဆင်ပစ်သေနတ်နဲ့ ရက်ရက်စက်စက် ပစ်သတ်ခဲ့တာကွ . . . အဲဒီလိုသတ်ပြီးမှ သူ့ရဲ့အစွယ်တွေ ဖြတ်ယူသွားပြီး အလောင်းကောင်ကို ဒီအတိုင်း ပစ်ထားခဲ့တာ . . . အသားတွေကတော့ တောကောင်တွေ ဖဲ့ပြုစားထားနဲ့ ပုပ်ပွပြီး ကြွေကျတာနဲ့ မရှိသလောက် ဖြစ်သွားရတာပဲကွ"





"ဘာပဲဖြစ်ဖြစ် ဒီတောနဲ့ အနီးတစ်ဝိုက်မှာ ဆင်မုဆိုးတွေ ရှိနိုင်တယ် . . . ငါတို့ သတိဝီရိယနဲ့ သင်းတို့ကို ဆက်ပြီး ခြေရာခံရမယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက် ဂျေနော်တို့သည် ဆင်များပေါ်သို့ အသီးသီး တက်ပြီး စိမ့်မြေကြီးအတွင်းဝယ် ဆင်မုဆိုးတို့၏ ခြေရာကို ဆက်လက်ခံလာခဲ့ကြလေ၏။

✧ ✧ ✧

ဂျေနော်တို့မှာ တပင်တိုင်၊ ကြသောင်း၊ ဝါးသပွတ်တောတို့ကို ဖြတ်လာအပြီး ကျောက်တောင်ကြီးတစ်တောင်ကို ကွေ့ပတ်ထွက်လာပြီးနောက် ဒမငယ်၊ နဘူး၊ ဘီးစပ်ချုံတောများသာရှိသည့် ဖုန်းဆိုးမြေကွက်လပ်ကို ဖြတ်လာကြရစဉ် သူတို့၏ လှုပ်ရှားမှုကို ဟိုးအဝေးတောင်ကြောပေါ်ရှိ သံရောင်ကျောက်တုံးကြီးတစ်တုံးပေါ်မှ တစ်စုံတစ်ဦးက အဝေးကြည့်မှန်ပြောင်း (TELESCOPE) ဖြင့် သေချာစွာကြည့်နေကြောင်းကို မရိပ်မိကြချေ။



www.burmeseclassic.com

မှန်ပြောင်းဖြင့် သေချာစွာ ကြည့်နေသူက ရှေ့ဆုံး ဆင်ကြီး၏ ဦးကင်းနောက်မှ ဝေ့စ်ကုတ်သားရေအင်္ကျီလက်ပြတ်ကို ဝတ်ကာ ရိုးရာဘောင်းဘီရှည် ဝတ်ဆင်ထားသူ ဆံပင်ရှည်ရှည် အသားဖြူဝင်းဝင်းနှင့် လူငယ်ချောချော၏ မျက်နှာကို ( FOCUS ) ဆွဲကာ အနီးကပ် ကြည့်ရှုလိုက်ရာ အံ့အားသင့် သွားတော့၏။

"ဟာ ဂျေ ဂျေနော်ပါလား။ ဒီ ဒီကောင်တွေ ဒီအထိ တောင် လိုက်လာပါလား . . အတော်အတင့်ရဲတဲ့ ကောင်တွေပဲ"

သူ စောင့်ကြည့်နေစဉ်မှာပင် ဂျေနော်တို့သည် ပေနှစ်ဆယ်ခန့် မြင့်မားသည့် ကိုင်းတောကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပါတော့သတည်း။

✧ ✧ ✧

"အာစရိ အာစရိ ဂျေနော်နဲ့ လူနှစ်ယောက် ဆင်သုံးစီးနဲ့ လိုက်လာတယ် . . . . လပြည့်လည်းပါတယ်"

လျှို့ဝှက်စခန်းဂူကြီးထဲဝယ် ဆင်စွယ်များကို ပေတိုင်းလျက်ရှိသော ဇော်လူ၊ ဆန်ခါးနှင့် လယ်နီတို့မှာ ဂူဝမှ





အော်ဟစ်ပြေးလွှားလာသော ထန်းသီး၏ သတင်းစကားကို ကြားလိုက်ရာ လွန်စွာ အံ့အားသင့် တုန်လှုပ်သွားကြသည်။

"ဂျေနော်တို့ ဟုတ်လား။ ဒီကောင်တွေ ငါတို့ကို ခြေရာခံ မိသွားပြီထင်တယ် . . . ဒီဂူဘက်ကို လာနေတာလား ထန်းသီး"

ဟု ဇော်လူက ပျာပျာသလဲ မေးလိုက်ရင်း လက်ထဲမှ ဆင်စွယ်ကြီးကို ဂူကြမ်းပြင်ထက်သို့ ချလိုက်ပြီးနောက် ဂူနံရံ တစ်ဖက်ဝယ် ထောင်ထားသည့် အမဲပစ်သေနတ်ကို သွားယူ လိုက်လေ၏။

"ဒီကောင်တွေ ကိုင်းတောထဲဝင်သွားတယ် အာစရိ မကြာခင် ဒီဂူဘက် ရောက်လာနိုင်တယ် . . . ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဟား ဟား ဟား ဘယ်လိုလုပ်ရမှာလဲကွ။ အဲဒီ ကောင်တွေကို ဖမ်းပြီး သတ်ပစ်ရမှာပေါ့၊ ဂျေနော်ဆိုတဲ့ကောင်ကို အမှန်ချေပြီး သတ်ပစ်ချင်နေတာနဲ့ အတော်ပဲ၊ ဒီကောင်တွေဟာ ငါတို့ရဲ့သတ်ကွင်းထဲ ရောက်လာပြီပေါ့ကွာ ဟား ဟား ဟား"

ဟု အော်ရယ်လိုက်ရာမှ ပြောင်းရှည်သေနတ်ကြီး၏ ခါးကိုချိုးလိုက်ပြီး ကျည်တောင့်ကို ပြောင်းအရင်းသို့ ထိုးသွင်း လိုက်ကာ ဖက်ကိုစေ့၍ မောင်းထိန်းခလုတ်ကို ရှေ့သို့ တွန်းပို့

www.burmeseclassic.com



လိုက်လေ၏။

ထို့နောက် သေနတ်ကို ထမ်းလိုက်ပြီး

"ကဲ ငါတို့ အဲဒီကောင်တွေကို စောင့်ဖမ်းမယ် ... သူတို့ကို ငါ အရှင်လိုချင်တယ် ... အဲဒီကောင်တွေကို ဒီဂူကြီးထဲ ဖမ်းခေါ်လာပြီး သူတို့ဆင်စခန်းက ဆင်ငါးကောင်ရဲ့ အစွယ်တွေပြပြီးမှ စိမ်ပြေနပြေ သတ်ချင်တယ် ... ကဲ သွားမယ်"

ဟု အမိန့်ပေးကာ ဂူကြီးထဲမှ ဦးဆောင်ထွက်သွားရာ ကျန်လူများလည်း သေနတ်ကိုယ်စီကိုင်ဆွဲလျက် ဂူကြီးထဲမှ လိုက်ထွက်သွားကြလေတော့၏

ဂူအဝနှင့် ခပ်လှမ်းလှမ်းဝယ် ထင်းမီးဖိုနှင့် ထမင်းချက်နေသော ဦးမဂေါင်နော်မှာ ဇော်လူတို့ပြောသော စကားများကို အားလုံးကြားပြီးဖြစ်ရာ သူ၏ရင်ထဲဝယ် သားဖြစ်သူ ဂျေနော်အတွက် လွန်စွာ ပူပန်သွားတော့၏။

"အင်း ငါထင်မှတ်ထားတဲ့နေ့ကိုတော့ ရောက်လာပြီပဲ ... သားလေး ဘေးရန်ကင်းပါစေ ... ဇော်လူရဲ့ဘေးက ကင်းပါစေ ... ကင်းပါစေ"

✧ ✧ ✧



❖ ရှုန်းမလွတ်သာ ❖

ပေနှစ်ဆယ်ခန့်မြင့်မားသည့် ကိုင်းတောကြီးအတွင်းသို့ တိုးဝင်လာလျက်ရှိသည့် ဂျေနော်တို့မှာ ကိုင်းတောကြီး၏အလယ်မှ ကိုက်နှစ်ဆယ်ပတ်လည်ခန့်ရှိသော ကွင်းပြင်ငယ်သို့အရောက်ဝယ် တစ်ဖက်ကိုင်းတောထဲမှ အမဲပစ်သေနတ်များ ချိန်လျက် ထွက်လာသော ဇော်လူတို့လူစုကို မထင်မှတ်ဘဲ တွေ့လိုက်ရရာ လွန်စွာ အံ့အားသင့်သွားကြတော့၏။

"ဟာ ဇော်လူတို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဇော်လူက လပြည့်၏ကျောပေါ်မှ ဂျေနော့်ကို စိန်းစိန်း ကြည့်လိုက်လျက် မဲ့ပြုံးပြုံးလိုက်ပြီး

"ဟင်း ဟင်း ဟင်း ငါ့ရဲ့ရန်သူတော်ကြီးက ဒီအထိ တောင် လိုက်လာပါလားကွ ဟေ"

"အတော်ပဲပေါ့ကွာ၊ မင်းနဲ့အတူ လပြည့်လည်း ပါလာတယ်၊ ပြီးတော့ ဟောဟို စွယ်စုံဆင်ကြီးနှစ်ကောင်လည်း ပါလာတယ်"

"ငါက မင်းရဲ့လပြည့်ကို အမှုန့်ချေပစ်ချင်နေတာနဲ့ အတော်ပဲ၊ လပြည့်ရဲ့အစွယ်တွေကလည်း မစ္စတာဂျော့ဖို့ အကြိုက်ပဲ၊ ဟဲ ဟဲ ဟဲ ဈေးကောင်းတော့ ရဦးမှာပေါ့ကွာ ဟား ဟား ဟား"

ဟု သဘောကျစွာ လှောင်ပြောင်ရယ်မောလိုက်ရာ ဂျေနော်မှာ မျက်လုံးအပြူးသားဖြင့် စိုက်ကြည့်ပြီး

"ဇော် ဇော်လူ မင်း မင်းတို့က ဆင်စွယ်တွေဖို့ ဖြတ်ခိုးနေတဲ့ ဆင်မုဆိုးတွေလား"

ဟု အံ့သြတုန်လှုပ်စွာ မေးလိုက်လေ၏။

"ဟား ဟား ဟား သိပ်ဟုတ်တာပေါ့ကွာ . . . မင်းတို့ရဲ့ ဆင်စခန်းက ဆင်ငါးကောင်ကို တစ်ကောင်ချင်း





ဒီအထိရောက်အောင် မောင်းယူလာပြီး သတ်ပစ်ခဲ့တာလည်း ငါပဲကွ . . . မယုံရင် မင်းတို့ဆင်တွေရဲ့ အစွယ်တွေကို လိုက်ကြည့်ပေတော့ ဟား ဟား ဟား"

ဟု သူလုပ်ရပ်သူ သဘောကျ ဂုဏ်ယူစွာပြောရင်း အော်ဟစ်ရယ်မောလျက်ရှိလေ၏

ဂျေနော်၏ရင်ဝယ် ကျင်ခနဲဖြစ်သွားပြီး

"ဖြစ်ရလေကွာ၊မင်းလို ဆင်စခန်းပိုင်ရှင် လော်ပန်ကြီးရဲ့ သားက ဆင်တွေကိုသတ်ပြီး အစွယ်ဖြတ်ယူတဲ့ ဆင်မုဆိုး ဖြစ်ရတယ်လို့၊ ဆင်တွေဟာ မင်းတို့လူဖြစ်လာဖို့ လုပ်ကျွေးခဲ့ကြတဲ့ သတ္တဝါတွေပါကွာ၊ အခြားသူတွေထက်စာရင် ဆင်တွေရဲ့ ကျေးဇူးဟာ မင်းတို့အပေါ်မှာ ပိုများပါတယ်၊ မင်းတို့ လော်ပန် မိသားစုတွေ ကြီးပွားချမ်းသာတယ်ဆိုတာလည်း ဆင်တွေကြောင့် ပါပဲ၊ ဒီလို မင်းတို့အပေါ် ကျေးဇူးတရား ကြီးမားတဲ့ ဆင်တွေကို မင်းတို့ကိုယ်တိုင် သတ်ဖြတ်ပြီး အစွယ်တွေကို တိုင်းတစ်ပါးသား ကုန်သည်တွေဆီ ရောင်းစားတဲ့ အလုပ်ကို မင်းတို့မို့ လုပ်ရက်တယ်ကွာ၊ တကယ်ဆို မင်း ဒီအလုပ်မျိုးမလုပ်သင့်ဘူး"

ဟု မချိတင်ကဲ ကြေကွဲထိခိုက်စွာ ပြောလိုက်ရာ ဇော်လူက သူ၏ မလှပသော နှုတ်ခမ်းကို မဲ့ရွဲ့လိုက်ပြီး



www.burmeseclassic.com

"ထို့ သွားစမ်းပါကွာ၊ ငါ့ကို တရားလာချမနေစမ်းပါနဲ့ ငါဆိုတဲ့ကောင်က ငါ့ရဲ့အကျိုးစီးပွားအတွက်ဆို ဘာပဲလုပ်ရ လုပ်ရ လုပ်မယ့်ကောင်ကွ သိလား၊ ဘနုဖူးလည်း သိုက်တူးသင့် တူးရမှာပဲ"

"ငါ့အဖေရဲ့ဆင်တွေအတွက် လုပ်အားခငွေတွေကို ဘုံဘေဘားမား သစ်ကုမ္ပဏီက မိုင်းခွန်းမှာ လာရှင်းပေးတယ် လေကွာ . . . အဲဒီအချိန်မှာ ငါ့ရဲ့အဖေက တောထဲက ဆင်စခန်းမှာ ရောက်နေတော့ ကုမ္ပဏီကရှင်းပေးတဲ့ ငွေတွေကို ငါ့အဖေရဲ့ကိုယ်စား ငါက လက်ခံရယူလိုက်တယ် . . . ပြီးတော့ အဲဒီငွေတွေကို တနိုင်းခမြစ်ကမ်းပါးက ရွှေကျင်တဲ့တဲစခန်းမှာ လေးကောင်ဂျင်ကစားရင်း ငါက ဖြုန်းပစ်လိုက်မိတယ်၊ အဲဒီအချိန်ကစပြီး ငါ့ရဲ့အဖေက ငါ့ကို ငွေလုံးဝမကိုင်ခိုင်းတော့ဘူး၊ သူ့ရဲ့ငွေတွေအစား ပြန်ရှာပေးရင်ပေး၊ မပေးရင် ပုလိပ်တိုင်မယ် လို့လည်း ခြိမ်းခြောက်လာတယ်"

"ဒါနဲ့ ငါလည်း ငွေလွယ်လွယ်ရနိုင်မယ့်နည်းကို ရှာရ တော့တာပေါ့ကွာ . . . ဟဲ ဟဲ ဟဲ ငါက ဆင်နဲ့ပတ်သက်ပြီး ကျွမ်းတယ်လေကွာ . . . ဘယ်လိုဆင်ပဲဖြစ်ဖြစ် ငါ့ရဲ့ လက်အောက်မှာဆို ဝပ်နေရမယ် . . . ဒါကြောင့် ငါဟာ





ငါ့ရဲ့ပညာစွမ်းကို အသုံးချပြီး ဆင်ရိုင်းတွေရော ဆင်ယဉ်တွေပါ ဖမ်း၊ ဘယ်သူမှ သဲလွန်စရပြီး ခြေရာခံမိသွားတာမျိုး မဖြစ် ရအောင် ဆင်တွေကို ဖမ်းမိတဲ့နေရာမှာ မသတ်ဘဲ လူသူ အရောက်အပေါက် လုံးဝမရှိသလောက် နက်ရှိုင်းခေါင်းသိတဲ့ ဟောဒီတောနက်ကြီးထဲ မောင်းလာပြီးမှ သတ်ဖြတ်ခဲ့တာတွေ ပြီးတော့မှ အစွယ်တွေကို စိတ်တိုင်းကျ ဖြတ်ယူခဲ့တာပဲ ဟား ဟား ဟား ငါ့ရဲ့လုပ်ရပ် မပိုင်ဘူးလားကွ ဟား ဟား ဟား"

ဟု သူ့ဖြစ်စဉ်နှင့် လုပ်ရပ်ကို ရှင်းပြပြီး သူ့စကားအဆုံး သဘောအကျကြီးကျကာ အားပါးတရ အောက်ကလီအော သံကြီးဖြင့် ရယ်မောလိုက်ပြီးနောက်

"ကဲ မင်းတို့အားလုံး အသာတကြည် အဖမ်းခံပေတော့ ရုတ်ရုတ်ရုတ်ရုတ် လုပ်ရင်တော့ ငါက လုံးဝညှာမှာ မဟုတ်ဘူး ဆင်တွေပေါ်က ဆင်းကြစမ်း"

ဟု သေနတ်တရမ်းရမ်းဖြင့် အမိန့်ပေးလိုက်ရာ ဂျေနော် တို့လည်း ဆင်တို့ကို ဝပ်ခိုင်းပြီးနောက် မြေပြင်ပေါ်သို့ ဆင်းသက် လိုက်ရလေ၏။

ယင်းသို့ ဆင်တို့ထက်မှ ဆင်းသက်စဉ် ဂျေနော်က လပြည့်၏ နားရွက်နားသို့ကပ်ပြီး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"မိုင်း မိုင်း ( ထ ထ ) . . . အဂစ်ဂျားဂျား အဂစ်ဂျားဂျား ( ပြေး ပြေး )"

ဟု ခပ်တိုးတိုး အမိန့်ပေးလိုက်ရာ အကင်းပါးလှသော လပြည့်မှာ သူ၏ဦးကင်းထက်မှ ဂျေနော်ဆင်းပြီးသည်နှင့် ဝပ်နေရာမှ ရုတ်တရက်ထရပ်ကာ နောက်ဘက်သို့ ချာခနဲ လှည့်ပြီး ကိုင်းတောကြီးထဲသို့ တရှိန်ထိုး ဝင်ပြေးတော့၏။

"ဟော လပြည့်ပြေးပြီ ပြေးပြီ"

ထန်းသီးက မြူးတူးပြတဲ့ အော်ဟစ်လိုက်စဉ်မှာပင် ကျန်ဆင်နှစ်ကောင်သည်လည်း လပြည့်၏အတုကိုယူလျက် ကိုင်းတောကြီးထဲသို့ တဟုန်ထိုး ဝင်ပြေးလေတော့၏။

"ဟာ ဆင်တွေပြေးကုန်ပြီ အာစရိ"

"နေ နေ ပြေးစမ်းပါစေကွာ၊ ငါတို့က သူတို့ရဲ့ ဦးစီးတွေကို ဖမ်းမိထားပြီပဲ၊ သူတို့ရဲ့ဦးစီးတွေမပါဘဲ အဲဒီကောင်တွေ ဝေးဝေးမပြေးပါဘူး မပူနဲ့၊ ဒီကောင်တွေ ဒီနားမှာ တဝဲလည်လည် ဖြစ်နေကြမှာ . . ဒီတော့ ဂျေနော်တို့ကို ငါတို့ကြိုးဆီ ဖမ်းခေါ်သွားမယ် . . ဂျေနော်တို့ကို သေချာချည်နှောင်ပြီးမှ အဲဒီဆင်တွေကို တစ်ကောင်ချင်း လိုက်ရှင်းကြတာပေါ့ကွာ"

"ကဲ ဂျေနော်တို့ကို ကြိုးနဲ့တုပ်လိုက်ကြ"





ဇော်လူက အမိန့်ပေးလိုက်ရာ ထန်းသီးတို့က ဂျေနော်၊ တူးခေါင်နှင့် ထောင်လတ်တို့ကို သူတို့ အသင့်ယူဆောင်လာသော လျှော်ကြိုးများဖြင့် လက်ပြန်ကြိုးတုပ်လိုက်ကြလေ၏။

ထို့နောက်မှာတော့ ဂျေနော်တို့မှာ ဇော်လူတို့၏ အကျဉ်းသားများအဖြစ် ဇော်လူတို့ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ ငြိမ်းချမ်းမြေ ❖

ဇော်လုတို့၏ လှိုဏ်စခန်းဂူကြီးအတွင်းသို့ ရောက်သွားသောအခါ ဂျေနော်တို့မှာ အရွယ်အစားအမျိုးမျိုး ရှိနေသည့် ဆင်စွယ်တို့ကို စိတ်မချမ်းမြေ့စွာ တွေ့ရလေ၏။

"ဟောဒီအစွန်က အစွယ်ကြီးတွေကတော့ ငါ့ရဲ့ဆင်စွယ်နက်ရဲ့ အစွယ်တွေပဲကွာ . . . ဒီကောင်ကြီးဟာ မင်းရဲ့ သပြည့်ကြောင့် ဒဏ်ရာရပြီးပြေးတော့ ငါ သူ့နောက်က လိုက်လာပြီး သူ့ကိုဆေးကုလို့ မရတော့မှန်းသိလို့ ငါကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပစ်သတ်ခဲ့တာမဲကွ"

"ပြီးမှ သူ့ရဲ့အစွယ်တွေကို ထန်းသီးတို့က ဖြတ်ယူလာခဲ့တာပဲ"

"ဟောဒီဆင်စွယ် ဆယ်ချောင်းကတော့ မင်းတို့ဟူးကောင်းဆင်စခန်းက ဆင်ငါးကောင်ရဲ့ အစွယ်တွေပဲ၊ အဲဒီဆင်တွေကိုလည်း မင်းတို့ ညဘက် တောထဲလွှတ်ကြောင်းထားတုန်း ငါက တစ်ကောင်ချင်းတက်စီးပြီး ဒီအထိ မောင်းယူလာခဲ့တယ် . . . ပြီးမှ သတ်ပြီး အစွယ်ကိုယူခဲ့တယ် . . . ပိုင်တယ်နော် ဟဲ ဟဲ ဟဲ"

ဟု ရှင်းပြပြီး ရယ်သွမ်းသွေးလျှက်ရှိရာ ဂျေနော်မှာ သူတို့ဆင်စခန်းမှ ဆင်ငါးကောင်၏ ဆင်စွယ်များကို ငေးကြည့်ရင်း ရင်ဝယ် ဖော်မပြတတ်အောင် စိတ်ထိခိုက်ခြင်းဖြစ်ရလေ၏။

"ကဲ ထန်းသီး ဒီကောင်သုံးကောင်ကို ငါတို့ဂူရဲ့ ရှေ့နားမှာ တိုင်တွေစိုက်ပြီး ကြိုးတုပ်ထားလိုက်ကြကွာ . . . သူတို့ကိုလှမ်းမြင်မှ သူတို့ရဲ့ဆင်တွေ ငါတို့ဂူနား လပ်လာကြမှာ . . . အဲဒီတော့မှ တစ်ကောင်ချင်း ချွေပစ်ကြတာပေါ့"

ဟု ဇော်လူက အမိန့်ပေးလိုက်ရာ ထန်းသီးတို့မှာ ဂျေနော်တို့ကို ဂူကြီး၏ အပြင်သို့ ပြန်ခေါ်ထုတ်သွားပြီး ဂူအဝနှင့်





ခပ်လှမ်းလှမ်းဝယ် သစ်လုံးတိုင်သုံးတိုင်ကို မြေကြီးတူးပြီးစိုက်ကာ ယင်းသစ်လုံးတိုင်တို့ဝယ ဂျေနော်တို့ကို ကြိုးကပ်တုပ်တားလိုက်ကြလေတော့၏။

ပြီးနောက် ထန်းသီးသည် လယ်မိုအား သေနတ်တစ်လက်ဖြင့် အစောင့်ချထားလိုက်ကာ ဂူကြီးထဲသို့ ဆန်ခါးနှင့်အတူ ပြန်ဝင်သွားလေတော့၏။

သူတို့သည် နောက်နေ့၌ စုဆောင်းမိထားသော ဆင်စွယ်များကို တာလပတ်တို့နှင့် လုံခြုံစွာ ထုပ်ပိုးစည်းနှောင်ပြီး တနိုင်းခမြစ်ကြောင်းအတိုင်း ဝါးဖောင်နှင့်မျှောချကြမည်ဖြစ်၏။

ယင်းသို့ ဝါးဖောင်နှင့် မျှောချလိုက်ပါသွားကြပြီးနောက် ခန္တီးမြို့သို့ရောက်မှ ဗြိတိသျှကုန်သည် မစ္စတာဂျော့သို့ သက်သိပ်ထိုး ရောင်းချရမည်ဖြစ်လေ၏။

ယင်းသို့လျှင် ဆင်စွယ်များ စုဆောင်းကာ ခန္တီးသို့ နှစ်ကြိမ်သုံးကြိမ်ခန့် သွားရောက်ရောင်းချခဲ့ပြီးဖြစ်၏။

ဆင်စွယ်များရောင်းချပြီး ရသောငွေတို့ကို ခန္တီး၌ပင် အတော်များများ သောက်စားမူးယစ် အပျော်ကျူးသုံးဖြုန်းပစ်ပြီးနောက် တနိုင်းခမြစ်ကြောင်းအတိုင်း ပြန်ဆန်တက်လာကာ နိုင်းခွန်း၊ ဟူးကောင်းဒေသသို့ ပြန်ရောက်မှ မြစ်ကမ်းပါးအ



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျင်တဲတန်းတို့ရှိ လေးကောင်ဂျင်၊ ခြောက်ကောင်ဂျင်၊ အနီဆောင်ဝိုင်းတို့၌ လောင်းကစားသုံးဖြုန်းပစ်ကြလေ၏။

နောက်ဆုံး လက်ကျန်ငွေပြတ်လုလု ဖြစ်သွားလျှင် ဆင်များကို ခိုးဖမ်းပြန်ပြီး သတ်ဖြတ်ကာ အစွယ်ယူကြပြန်လေ၏။

သူတို့သည် ယင်းသို့သော မသမာမှု၌ အပျော်ကြီးပျော်မွေ့နေခဲ့ရာ ယခုတော့ ဖော်လူအဖို့ ကျည်တစ်တောင့်တည်းနှင့် ငှက်နှစ်ကောင်ရကိန်း ဆိုက်ချေပြီဖြစ်၏။

သူ အမှုန့်ချေချင်လောက်အောင် မုန်းတည်းနာကျည်းနေသော ဂျေနော်နှင့် လပြည့်တို့ကို သတ်ဖြတ်သုတ်သင် အနိုင်ယူနိုင်မည့်အပြင် လပြည့်၏ လှပသော အစွယ်နှင့် ကျန်စွယ်စုံဆင်နှစ်ကောင်၏ အစွယ်တို့ကိုပါ ရရှိမည်ဖြစ်ရာ သူ့အတွက် သားရွှေအိုးထမ်းတာမြင်ရကိန်းဟု ဆိုရမည်လားမသိ။

သို့ဖြင့် ဖော်လူ၊ ထန်းသီးနှင့် ဆန်ခါးတို့ ဂူကြီးအတွင်းဝယ် ဆင်စွယ်တို့ကို ပေတိုင်းပြီး မှတ်သူမှတ်ကြီးဖြင့် ချည်နှောင်စည်းတုပ်သူ့တုပ် လုပ်နေကြစဉ် လယ်နိုကသေနတ်ကြီးတစ်လက်ကိုင်ကာ ဂူဝအနီးမှ ကျောက်တုံးတစ်တုံးပေါ် ထိုင်လျက် အကျဉ်းသားများကို စောင့်ကြပ်လျက်ရှိလေ၏။





ဂျေနော်မှာ တူးခေါင်း၊ ထောင်လတို့နှင့်အတူ သစ်လုံးတိုင်၌ လက်ပြန်ကြိုးတုပ်ခံနေရရာမှ ဆင်မှုဆိုး လူယုတ်မာဖော်လူတို့၏ လျှို့ဝှက်ဂူကြီးဝန်းကျင်ကို မျက်စေ့ဒွေ့ အကဲခတ်ကြည့်လျက်ရှိလေ၏။

ဖော်လူနှင့် လူဆိုးနှစ်ဦးမှာ ဂူကြီးထဲဝယ် ရှိနေပြီး နှုတ်ခမ်းမွေး ပါးပြိုင်းမွေးများရှိသော အရုပ်ဆိုးဆိုး လူဆိုးတစ်ဦးက ပြောင်းရှည်သေနတ်တစ်လက်ကိုင်ကာ ဂူဝနှင့် မလှမ်းမကမ်းမှ ကျောက်တုံးတစ်တုံးပေါ် ထိုင်ရင်း သူတို့ရှိရာသို့ မျက်ခြေမပြတ် စောင့်ကြည့်နေကြောင်း တွေ့ရလေ၏။

နောက် ပုဆိုးတစ်ထည်ကို ခေါင်းပေါင်းပေါင်းထားသော လူကြီးတစ်ဦးက သူတို့ရှိရာသို့ ကျောခိုင်းလျက် ဂူအဝ၏ ဝဲဘက် ခပ်လှမ်းလှမ်းဝယ် ထင်းမီးဖိုကာ မြေအိုးတစ်လုံးဖြင့် တစ်စုံတစ်ရာ တည်နေသည်ကို တွေ့ရလေ၏။

နက်ရှိုင်းလှသော တောနက်ကြီးထဲဝယ် ခပ်ဝေးဝေးဆီသာတွင်းတစ်နေရာဆီမှ ဆတ်တစ်သံ 'တရိန် တရိန်'ကို ထည်းကောင်း၊ တစ်တီတူးမောင်နှံ၏ 'တစ်တီတူး တစ်တီတူး' ဟူသည့် အော်မြည်ဟစ်ကြွေးသံကိုလည်းကောင်း ခပ်သဲ့သဲ့ ကြားနေရသော်လည်း သစ်တောကြီးထဲ၌ ပုန်းခိုရှောင်ရှားလျက်



www.burmeseclassic.com

www.burmeseclassic.com



မှိုသော လပြည့်နှင့် စွယ်စုံဆင်နှစ်ကောင်၏ အသံဗလံ တစ်စုံတစ်ရာကိုမှ လုံးဝ မကြားရချေ။ ပါးနပ်သော ဆင်သုံးကောင်မှာ သူတို့အတွက်ရော သူတို့၏အရှင်သခင် ဆင်ဦးစီးတို့အတွက်ပါ ကြောက်မက်ဖွယ်အန္တရာယ်များ ဤတောကြီးအတွင်း ရှိနေကြောင်း သိသဖြင့် ပိရိစွာ ငြိမ်ဝပ် ပုန်းခိုလျက် အခြေအနေကို စောင့်ကြည့်နေကြပုံရလေ၏။

ဂျေနော်မှာ လပြည့်တို့၏ အသံတစ်စုံတစ်ရာကို ကြားရလိုကြားရငြား နားစွင့်လျက်ရှိစဉ် ခုတန်ကျောက်တောင်ကြီး အနီးရှိ မလှမ်းပင်ကြီးတစ်ပင်ပေါ်မှ ပြည့်ကျိုးငှက်ငယ်တစ်ကောင်၏ 'ရှေ့ကြည့် ရှေ့ကြည့်'ဟူသော အော်မြည်သံ ကြားလိုက်ရ သည်တွင် ဂျေနော်မှာ သူ၏ရှေ့တည့်တည့်သို့ ယောင်ယမ်း၍ ကြည့်လိုက်စဉ် ထူးဆန်းသော မြင်ကွင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ အံ့အားသင့်လွန်းသဖြင့် သူတစ်ကိုယ်လုံး အေးခဲ သွားသလားဟု ထင်ရလေ၏။

ဂျေနော်မြင်ရသော မြင်ကွင်းမှာ ပုဆိုးကို ခေါင်းပေါင်း ထားသော လူကြီးသည် ထင်းမီးဖိုငယ် အိုးတစ်လုံးကို တည်နေ ရာမှ အသာထပြီး ကျောက်တုံးငယ်တစ်လုံးကို ကျောက်တောင် ခြေမှ သွားရောက်ကောက်ယူလိုက်လေ၏။





ထိုလူကြီးမှာ မျက်နှာအုပ်လုမတတ် ခေါင်းပေါင်းထား သဖြင့် သူ၏မျက်နှာကိုမှ မမြင်ရချေ။ ထိုလူကြီး၏ လှုပ်ရှား ဟန်မှာကား သိုသိပ်လွန်းပြီး ခြေသံ လုံးဝမကြားရချေ။

ဂူဝအနီးမှ သေနတ်သမားမှာ ဂျေနော်တို့ဘက်သို့ လှည့်ထိုင်နေသဖြင့် ထိုလူကြီးကို ကျောခိုင်းနေရကား ထိုလူကြီး၏ လှုပ်ရှားမှုကို မတွေ့မြင်နိုင်ချေ။

ထိုခေါင်းပေါင်းနှင့်လူကြီးသည် ကျောက်ခဲကြီးကို ကိုင်လျက် ကင်းသမားလူဆိုး၏ နောက်နားဆီသို့ လျှို့ဝှက်စွာ ခြေသံလုံလုံဖြင့် တစ်လှမ်းချင်း ချဉ်းကပ်လာလျက်ရှိရာ သူ၏ အပြုအမူကို လှမ်းကြည့်နေမိသည့် ဂျေနော်မှာ နားမလည် နိုင်အောင် ဖြစ်သွားမိတော့၏။

ခေါင်းပေါင်းနှင့်လူကြီးမှာ ကင်းသမားလူဆိုး၏ နောက်နားသို့ ရောက်ရှိသွားသည်တွင် လူဆိုး၏နောက်စေ့ကို ကျောက်တုံးဖြင့် တစ်ချက်တည်း ထုချလိုက်လေ၏။

'ခွပ်'ခနဲ မြည်သံနှင့်အတူ လူဆိုးမှာ ပါးစပ်မှ အသံပင် မထွက်နိုင်ဘဲ လဲကျသွားတော့၏။

ထိုအခါမှ လူကြီးမှာ ဂူဝရှေ့မှနေ၍ ဂူကြီးအတွင်းရှိ အခြေအနေကို အသာ အကဲခတ်ကြည့်လိုက်ပြီးနောက် ဂူဝကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်မြန်မြန်ဖြတ်ကျော်ကာ ဂျေနော်တို့ရှိရာသို့ ခပ်သုတ်သုတ် လှမ်းလာတော့၏။

အနီးသို့ရောက်လေလျှင် ခေါင်းပေါင်းနှင့်လူကြီးသည် သူ၏ခါးကြား၌ ဝှက်ယူလာသော တောလိုက်ဓားမြှောင်အား ထုတ်လိုက်ပြီး ဂျေနော့်ကို မော့ကြည့်လိုက်သည်နှင့် ဂျေနော်မှာ ထိုလူကြီး၏မျက်နှာကို သေချာမြင်ရသည်တွင် 'ဟိုက်'ခနဲ အံ့အားသင့်သွားရလေ၏။

"ဟာ အဖေ အဖေပါလား"

ဦးမဂေါင်နော်က သူ့နှုတ်ခမ်းရှေ့ဝယ် လက်ညှိုးထောင်ကပ်ကာ တိတ်တိတ်နေရန် အချက်ပြလိုက်ပြီး ဂျေနော်၏ လက်များဝယ် ချည်တုပ်ထားသည့် ကြိုးတို့ကို အမဲလိုက်ဓားမြှောင်ဖြင့် လျင်မြန်စွာ လှီးဖြတ်လိုက်လေ၏။ ယင်းသို့ ကြိုးများကို ဖြတ်တောက်ရင်းမှ တိုးတိုးပြောလေ၏။

"ငါ့သားကို တစ်ချိန်မှာ ဖော်လူ ဒုက္ခပေးမယ်ဆိုတာ သိလို့ အဖေဟာ ဖော်လူတို့ ယုံကြည်လာအောင် အတွင်းလူ အဖြစ် ပေါင်းပြီး သူတို့ရဲ့ ဒီလျှို့ဝှက်ဂူကြီးအထိ လိုက်လာနိုင်ခဲ့တာပဲ သား . . . အဖေ့ရဲ့ရည်ရွယ်ချက်ကတော့ ခုလို ငါ့သား ဒုက္ခရောက်တဲ့အခါ ကူညီဖို့ပါပဲ"





ဟု ဦးမဂေါင်နော်က ခပ်တိုးတိုး ရှင်းပြပြီးလျှင် အမဲလိုက်ဓားမြှောင်ဖြင့် တူးခေါင်၊ ထောင်ပတို့အား တုပ်နှောင်ထားသော ကြိုးတို့ကိုပါ လျင်မြန်စွာ ဖြတ်ပေးလိုက်လေ၏။

"ကဲ အဖေ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပေတော့ . . . ဒီကောင်တွေ အဖေ့ကို ဒုက္ခပေးလိမ့်မယ် . . . ဒီကောင်တွေရဲ့ စခန်းကို ကျွန်တော်တို့ သိပြီဆိုတော့ သက်ဆိုင်ရာဆီ အမြန်ဆုံး သတင်းသွားပေးပြီး ဒီကောင်တွေကို သက်သေခံပစ္စည်း ဆင်စွယ်တွေနဲ့အတူ လက်ရဖမ်းကြမယ်"

ဟု ဂျေနော်ကပြောပြီး တောထဲဝင်ပြေးမည်ပြုစဉ် ဂူထဲမှ ထန်းသီး ရုတ်တရက်ထွက်လာရာ ဂျေနော်တို့ကို မြင်သွားတော့၏။

"ဟာ ဟို ဟိုကောင်တွေ လွတ်ကုန်ပြီ အာစရိ"

ထန်းသီးမှာ ကျယ်လောင်စွာ အော်ပြောလိုက်ရင်း လက်ထဲမှ သေနတ်ဖြင့် ဂျေနော်တို့အုပ်စုဆီ ထိုးချိန်ကာ လျှပ်တစ်ပြက် ပစ်ချလိုက်စဉ်

"ဒိုင်း"

ဦးမဂေါင်နော်မှာ သားဖြစ်သူ ဂျေနော်အတွက် စိုးရိမ်သွားပြီး ဂျေနော်၏ရှေ့မှ သူ့ကိုယ်ကို လျင်မြန်စွာကွယ်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



"ဖောက်"

ကျည်ဆံမှာ ဦးမငေါင်နော်၏ ကိုယ်ထဲသို့ ဖောက်ဝင်သွားပါတော့၏။ ဦးမငေါင်နော်မှာ အားခနဲအော်ကာ လဲကျသွားရာ ဂျေနော်က သူ့ဖခင်ကြီး၏ ခန္ဓာကိုယ်ကို ဆီးဖွေ့လိုက်ရလေ၏။

"ဟာ အဖေ အဖေ"

ဟု ဂျေနော် စိုးရိမ်စွာ အော်ခေါ်လိုက်စဉ်မှာပင် သူ့ဖခင် ဦးမငေါင်နော်၏ ရင်ဝမှ သွေးတို့ ပွက်ခနဲ ပွက်ခနဲ ထွက်လာတော့၏။

"အဖေ အဖေ ဖြစ်ရလေ အဖေရယ်"

ဂျေနော်က ယူကျုံးမရစွာ ငိုသံပါကြီးဖြင့် ပြောလိုက်စဉ် ဦးမငေါင်နော်က အားတင်းလိုက်ပြီး

"သား ပြေး ပြေးတော့ . . . အဖေ့ကိုထားပြီး ပြေး ပြေး"

ယင်းအချိန်ဝယ် ထန်းသီးက သေနတ်ဖြင့် ထပ်ပစ်လျက်ရှိရာ ကျည်ဆံတို့မှာ ဂျေနော်၏အပါးမှ ရှိုခနဲ ရှိုခနဲ ဖြတ်သန်းနေသဖြင့် ဂျေနော်မှာ အသက်ထွက်သွားပြီဖြစ်သော ဖခင်ကြီး၏အလောင်းကို မချချင်ချချင်ဖြင့် မြေပြင်ပေါ် အသာ





ချလိုက်ရပြီး ခပ်လှမ်းလှမ်းရှိ ဘန့်ဘွေးပင်ကြီးနောက်သို့ ကိုယ်ကို လျင်မြန်စွာ လိမ့်ဆင်းသွားရလေ၏။

ဇော်လူနှင့် ဆန်ခါးတို့မှာလည်း ဂူကြီးဝ၏အဝမှ သေနတ်ကိုယ်စီဖြင့် ပြေးထွက်လာရာ

"အာစရိ ဦးမငေါင်နော် သစွာဖောက်တာပဲဗျ၊ ဟိုကောင်တွေအားလုံး ပြေးကုန်ပြီ"

ဟု ထန်းသီးက ပြောလိုက်ရာ ဇော်လူမှာ ထောက်တစ်ချက် ပြင်းစွာခေါက်ပြီး

"တောက် အဲဒီကောင်တွေရဲ့နောက်ကို လူခွဲပြီး လိုက်ကြ၊ တွေ့တဲ့နေရာမှာ ပစ်သာသတ်"

ဟု ပြတ်သားစွာ အမိန့်ပေးလိုက်ပြီးလျှင် သူကိုယ်တိုင်ကလည်း လျှို့ဝှက်ဂူကြီးရှေ့ရှိ နွယ်ငန်းပင်ကြီးများအကြားသို့ သတိဖြင့် ပြေးဝင်ခဲ့ပြီး ဂျေနော်တို့ကို အသည်းအသန် ရှာဖွေနေလေတော့၏။

ဇော်လူတို့သည် သတိကြီးစွာထားလျက် [illegible] ရှာဖွေလျက်ရှိရာမှ မကြာမီ ကိုင်းတောကြီးထဲသို့ [illegible] လာတော့သည်။ ယင်းကိုင်းတောကြီးမှာ ဝေး[illegible] ကျယ်ဝန်းသလောက် ကိုင်းပင်တို့မှာလည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



မြင့်ရာ ကိုင်းတောကြီးထဲသို့ လူမပြောနှင့် ဆင်ဝင်သွားလျှင်သော်မှ ရုတ်တရက် မြင်နိုင်ရန် မလွယ်ချေ။

ဂျေနော်၊ တူးခေါင်နှင့် ထောင်လတို့မှာ ဖော်လူတို့၏ ရန်ကို ရှောင်ရှားရင်းမှ သူတို့၏ ဆင်သုံးကောင်ကိုပါ တွေ့အောင် ရှာဖွေလျက်ရှိရာ သူတို့သည် ရှေ့နောက်ဝဲယာသို့ ကိုးကြည့် ကြောင်ကြည့်ဖြင့် လှည့်ပတ်ကြည့်ရင်း ကိုင်းတောကြီးထဲသို့ ရောက်ရှိလာတော့၏။

ယင်းကိုင်းတောကြီးမှာ ဧရိယာကျယ်ဝန်းပြီး ကြီးမားသော်လည်း အချို့နေရာများဝယ် ကိုင်းပင်များ ကျဲပါးသွားပြီး မြေကွက်လပ်ငယ်တို့ ဖြစ်ပေါ်လျက်ရှိလေ၏။

သူတို့သုံးဦးမှာ အဆိုပါမြေကွက်လပ်တစ်ခုသို့ ရောက်ရှိသွားစဉ် သူတို့ရှေ့ရှိ ကိုင်းပင်များ ရုတ်တရက် လှုပ်သွားပြီး ကိုင်းတောထဲမှ သေနတ်ကို အသင့်ချိန်ကာ ရှေ့တိုးလာသည့် ဖော်လူကို တွေ့ရချေ၏။

"ဟား ဟား ဟား ငါ့ရဲ့လက်က လွတ်နိုင်ရိုးလားကွား ကဲ ဂျေနော် သေပေတော့"

ဟု ကြိမ်းဝါးရင်း ဖော်လူက ဂျေနော်အားချိန်ထားသည့် သေနတ်မောင်းခလုတ်ကို ဆွဲညှစ်ရန် ဟန်ပြင်လိုက်စဉ် သူ၏





ဘယ်ဘက်နံဘေး ကိုင်းပင်များကြားမှ လပြည့် ရုတ်တရက် ပေါ်လာကာ သူ၏နှာမောင်းကြီးဖြင့် ဖော်လူကို ရိုက်ထည့်လိုက်လေ၏။

'ဖောင်း'ခနဲအသံနှင့်အတူ ဖော်လူမှာ သေနတ်တစ်ခြား လူတစ်ခြား လွင့်စင်သွားလေတော့၏။

ယင်းအချိန်မှာပင် ဂျေနော်သည် ဖော်လူ လွင့်ကျသွားရာသို့ ပြေးသွားပြီး ခုန်အုပ်လိုက်ရာ သူတို့နှစ်ဦးမှာ အားချင်းပြိုင်လျက် လုံးထွေးသတ်ပုတ်နေလေ၏။

ယင်းအခိုက် သေနတ်ပစ်ဖောက်သံများနှင့်အတူ ထန်းသီးနှင့် ဆန်ခါးတို့ပါ ပြေးလာရာ တူးခေါင်တို့၏ စွယ်စုံဆင်နှစ်ကောင်က သူတို့ကို ဝင်ရောက်တားဆီးလိုက်ပြီး သူတို့၏ လက်ထဲမှ သေနတ်တို့ကို နှာမောင်းဖြင့် ရိုက်ဖယ်လိုက်ပြီးနောက် ခြေထောက်ဖြင့်နင်းချေရန် ကြိုးစားစဉ် ထန်းသီးတို့က နောက်ဆုတ်ပြေးကြလေ၏။ သို့သော် သူတို့မှာ တူးခေါင်၊ ထောင်လတို့နှင့် ရင်ဆိုင်တိုးမိပြီး တူးခေါင်တို့၏ တိုက်ခိုက်ခြင်းခံရကာ ခဏအတွင်းမှာပင် နှစ်ဦးစလုံး သွေးသံရဲရဲဖြင့် မြေပြင်ပေါ်ဝယ် ငြိမ်ကျသွားကြရလေ၏။

ဖော်လူမှာ ဂျေနော်နှင့် လုံးထွေးနေရာမှ သူ၏ခါးကြားရှိ



www.burmeseclassic.com

www.burmeseclassic.com



တောလိုက်ဓားမြှောင်ကို အသာထုတ်ကာ ဂျေနော်၏နံဘေးကို ထိုးစိုက်ချလိုက်သည်။

သူ၏ လှုပ်ရှားလိုက်သောလက်ကို ဂျေနော်က လက်တစ်ဖက်ဖြင့် တားလိုက်ပြီး ဖမ်းဆုပ်ကာ မြေပြင်နှင့် သုံးလေးချက် ဆောင့်ရိုက်လိုက်လေ၏။

ထိုအခါမှ ဓားလွတ်ကျသွားရာ ဂျေနော်က ဖော်လူ၏ ရင်ဝကို ဒူးဖြင့်ပင် တိုက်လိုက်ပြီး ဖော်လူ၏ နားအုံနှစ်ဖက်ကိုလည်း လက်ဖဝါးနှစ်ဖက်ဖြင့် ဖောင်းခနဲ ရိုက်ချလိုက်သည်တွင် ဖော်လူမှာ တအင်းအင်းငြီးတွားရင်း မြေပြင်ပေါ် လဲကျငြိမ်သက်သွားလေတော့၏။

ဂျေနော်တို့က ဖော်လူ၊ ထန်းသီး၊ ဆန်ခါ၊ လယ်ရီတို့ကို လက်ပြန်ကြိုးများ တုပ်ကာ ဖမ်းဆီးလိုက်ပြီး ဆင်တစ်ကောင်၏ကျောပေါ်သို့ တက်စေလိုက်၏။

ပြီးနောက် ဖော်လူတို့၏ လျှို့ဝှက်စခန်း လှိုဏ်ဂူကြီးထဲမှ ဆင်စွယ်များကို စုစည်းကာ ဆင်တစ်ကောင်ပေါ်သို့ တင်လေ၏။

ဂျေနော်မှာ ကျေးဇူးရှင်ဖခင်ကြီး၏ ရုပ်အလောင်းကို လျှို့ဝှက်လှိုဏ်ဂူကြီးထဲမှာပင် မြေတူးကာ ကောင်းမွန်စွာ မြှုပ်နှံ





သင်္ဂြိုဟ်လိုက်လေ၏။

ထို့နောက် နောက်တစ်နေ့နံနက်မှာပင် တရားခံများ သက်သေခံပစ္စည်းများကို သယ်ဆောင်လျက် ဂျေနော်တို့၏ ဆင်ကြီးသုံးစီးမှာ ဟူးကောင်းဒေသဘက်ဆီသို့ တန်းစီချီတက် ပြန်လာခဲ့ကြလေတော့၏။

"အင်း ခုမှပဲ ငါတို့ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသမှာ သောင်းကျန်းနေတဲ့ ဆင်စွယ်ခိုးဂိုဏ်းကို လက်ရဖမ်းမိတော့တယ်၊ သင်းတို့ကို သက်သေခံပစ္စည်း ဆင်စွယ်တွေနဲ့အတူ သက်ဆိုင်ရာရဲ့လက် အပ်ရမယ်"

"နောက်ဆိုရင်တော့ ငါတို့ဟူးကောင်းချိုင့်ဝှမ်းဒေသက ငါတို့ရဲ့မဟာမိတ် ဆင်တွေအတွက် ဆင်မုဆိုး လူယုတ်မာတွေလက်က ထာဝရလွတ်မြောက်ငြိမ်းချမ်းသွားပါပြီ"

ဟု တွေးကာ ဂျေနော်မှာ ပီတိဖြာကျေနပ်လျက် ရှိပါတော့၏။

✧ ✧ ✧

ဆောင်းလေပြေသည် တောငှက်ပျောပင်များကို ညင်ညင်သာသာ ဖြတ်သန်းတိုက်ခတ်လျက်ရှိလေရာ စိမ်းမြ



www.burmeseclassic.com

www.burmeseclassic.com



နေသော ငှက်ပျောရွက်ဖားဖားကြီးတို့မှာ ဘယ်ညာလှုပ်ယမ်းလျက် ရှိလေသည်။

လပြည့်နှင့်အတူ ဟူးကောင်းဆင်စခန်းမှ ဆင်ကလေး တချို့သည် သူတို့နှစ်သက်လှသော တောငှက်ပျောသီးတို့ကို နှာမောင်းများဖြင့် ဆွတ်ချူစားလျက်ရှိလေ၏။

ငှက်ပျောတောနံဘေးရှိ ကျောက်တုံးကြီးတစ်တုံးပေါ်ဝယ် စိတ်အေးလက်အေးထိုင်လျက်ရှိသော ဂျေနော်နှင့် နှောင်းမိတို့ ချစ်သူနှစ်ဦးမှာ လပြည့်နှင့် ဆင်ကလေးများကို သဘောကျ ကြည်နူးစွာ ငေးကြည့်လျက်ရှိလေ၏။

"ဂျေနော် နောက်ဆို နှောင်းမိတို့ လူသားတွေရဲ့ မိတ်ဆွေ၊ ဆင်တွေအတွက် အန္တရာယ်ကြီးမားလှတဲ့ ဆင်စွယ် သူခိုးတွေ ဒီကမ္ဘာမြေပေါ်မှာ ပေါ်ပေါက်မလာအောင် နှောင်းမိတို့ ကြိုးစားကြရအောင်နော်"

ဟု ချစ်စဖွယ်ပြုံး၍ ပြောလိုက်ရာ ဂျေနော်က နှောင်းမိကို မြတ်နိုးစွာ ထွေးဖက်ထားရင်း

"ဟုတ်တာပေါ့ နှောင်းမိ ... လူသားတွေကို အကျိုးပြု နေတဲ့ သူတို့အပေါ်ကျရောက်လာမယ့် အန္တရာယ်တွေကို တို့များ လူသားတွေကပဲ ဖယ်ရှားကာကွယ်ပေးရမှာပေါ့ ... ဘာပဲဖြစ်ဖြစ်





ခုလို ကိုယ်တို့ရဲ့ဒေသမှာ ဆင်စွယ်သူခိုးတွေရဲ့ရန် ငြိမ်းချမ်း သွားတာကိုပဲ စိတ်ချမ်းမြေ့လှပါပြီ နှောင်းမိရယ်"

ဟု တိုးလျစွာ ပြောလိုက်စဉ် ဆင်ငယ်ကလေးများနှင့် အတူ တောငှက်ပျောသီးတို့ကို ပျော်ရွှင်စွာ လုယက်စားသောက် ရင်းမှ လပြည့်၏ ပျော်ရွှင်စွာ ဟစ်ကြွေးလိုက်သော 'ကျီ'ခနဲ အသံကို ကြည်နူးချမ်းမြေ့ဖွယ် ကြားလိုက်ရပါတော့သတည်း။

✧ ✧ ✧

ပြီးပါပြီ

အစဉ်အမြဲကြိုးစားလျက်

စိတြအာဏ



www.burmeseclassic.com